

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြု
ဆရာတော်ကြီး

# ဦးဥတ္တမသာရ

# ရဟန်းဘဝချမ်းသာ

ကိုယ် စိတ် ချမ်းသာအောင်နေနည်းကို ညွှန်ပြသည်။

ဒုတိယတွဲ

၂၀၉၁၁

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ရ

တောင်တန်းသာသနာပြု

ဆရာတော်ကြီး

# ဦးဥတ္တမသာရ

[illegible]

[illegible]

# ဂုဏ်ဘဝချမ်းသာ

ကိုယ်စိတ်ချမ်းသာစေကောင်းသောနည်းကိုညွှန်ပြသည်။

ဒုတိယတွဲ

ရွှေလဝင်းစာပေ

အမှတ်-၁၄၄၊ ၅၀-လမ်း၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း ၉၁၂၁၃။

သမဏသုခ (ခေါ်)

# ရဟန်းဘဝချမ်းသာ (ဒုတိယတွဲ)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၁၀၀/၁၂ (၉၂)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် ၁၁/၉၃ (၄)

၁၉၉၃-ခုနှစ်၊ ဇွန်လ

ပထမအကြိမ်

အုပ်ရေ—၁၀၀၀

တန်ဖိုး (၆၀) ကျပ်

စီစဉ်သူ
ဦးသိန်းဇော်အောင် (ရွှေလမင်းစာပေ)

စာပြင်-ဝသဘည်း
ရွှေညာ-မောင်ဟဉ်စိုး

မျက်နှာဖုံးပန်းချီ
ဂိုးစိုးလှိုင်

အဖုံးဖော်သင်ခွဲ
အဝင်း (၂၈) လမ်း

မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်နှင်းရီ (၀၄၅၆၀)၊ သဇင်အော့ဖ်ဆက်
အမှတ် ၁၃၉၊ ၅၀-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဒေါ်စန်းစန်းလွင် (၀၃၁၆၇)၊ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်
အမှတ် ၄၃၊ ပုဇဝိကုဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြသန်း (၀၁၀၅၀)၊ အသိုင်းအဝိုင်းစာပေ၊
အမှတ် ၃၅၊ ဇွဲစုံရပ်၊ ကမ္ဘာ့အေး၊ ရန်ကုန်မြို့။

ရဟန်းဘ၀ချမ်းသာ

ဒုတိယတွဲ

# ရွှေလ၀င်း စာပေ၏ အမှာနိဒါန်း

တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ-၏ ဩ၀ါဒကို ခံယူလျက် 'ရဟန်းဘ၀ ချမ်းသာ (ပထမတွဲ) ကို ကျွန်ုပ်တို့ ရွှေလ၀င်းစာပေမှ စီစဥ် ဖြန့်ဝေခဲ့ပါသည်၊ ယခု ဒုတိယတွဲကို ဖြန့်ဝေလိုက်ပါသည်။

ပထမတွဲ၌ ပထမပိုင်းမှ ဆဌမပိုင်းအထိ အပိုင်း (၆) ပိုင်းကို တင်ပြနိုင်ခဲ့ပြီး ယခုဤဒုတိယတွဲ၌မူ သတ္တမပိုင်းမှ ဒသမပိုင်းအထိ တင်ပြထားပါသည်။

ဤ ဒုတိယတွဲ နောက်ဆုံး၌ ဆရာတော်ကြီး၏ နိဂုံးအကြောင်းပြစကား ပါရှိပါသည်။ အဆိုပါနိဂုံး၌ ဤရဟန်းဘ၀ချမ်းသာ စာအုပ်ကြီး ရေးသားရခြင်း အကြောင်းကို ဖတ်ရှုရမည် ဖြစ်ပါသည်၊ ဆရာတော်ကြီး၏ ဆုတောင်းပုံများကိုလည်း စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပါမည်။

ဤဒုတိယတွဲ စာအုပ်တွင် ပထမတွဲတုန်းက ဖော်ပြပါရှိခဲ့သည့်အတိုင်း ဆရာတော်ကြီး၏ အမှာနိဒါန်းကို ဆက်လက် ထည့်သွင်းဖော်ပြလိုက်ပါသည်။

လူရှင် ရဟန်း အားလုံးအတွက် ကိုယ်စိတ် ချမ်းသာနည်းကို ဖော်ပြသော ရဟန်းဘ၀ချမ်းသာ စာအုပ်ကြီးကို ဖတ်ရှုကြရပြီးနောက် ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာစွာဖြင့် ကောင်းမြတ်သော ဘ၀ခရီးလမ်းသို့ လျှောက်လှမ်းနိုင်ကြပါစေသတည်း။

ဦးသိန်းအောင်
ရွှေလ၀င်းစာပေ
အမှတ်-၁၄၄၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၉၁၂၁၃။

# မာတိကာ


– ဆရာတော်ကြီး၏ အမှာနိဒါန်း ၁–၁၀


## သစ္စာမပိုင်း


၇။ ရဟန်းဟူသည် သမဏသုခ တရားဖြင့် ချမ်းမြေ့စွာ နေထိုင်လေ့ရှိကြသော ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည် ၁၃

(၁) သမဏသုခ တရားငါးပါး ၁၄

(၂) ဂန္ဓာရနှင့် ဝေဒေဟ ရသေ့ကြီး (၂) ပါး ဝတ္ထု ၂၂

(၃) နိဂမဝါသီ တိဿမထေရ်ဝတ္ထု ၃၁

(၄) ချမ်းသာအောင်နေနည်း ၃၆

– အရှင်ဘဒ္ဒိယ၏ ကိုယ်တွေ့ချမ်းသာ ၄၄

– ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ၅၅

– သက်ရှည်ရင့် ဆရာတော်ကြီး ဦးနရိန္ဒ၏ နည်းကောင်း ၅၆

– လူ့လောက၌ ထည်ဝါစွာ နေထိုင်နည်း ၅၇

– မကောင်းသော ဝါသနာ ဖျောက်နည်း ၆၅

– ဘာဝနာပါရမီ ထုံစေနည်း ၇၃

– ဂိဇ္ဈကုဋ်တောင်မှ ပြိတ္တာမျိုး မဖြစ်ကြစေရန် ၈၀

– အမြင်နိမိတ်– အသံတဘောင် ၈၅

– ခြောက်ထပ်ကြီး ဓမ္မာရုံ၌ ဩဝါဒ ခံယူပွဲကြီး ၈၅

– သမဏသုခ တရား (၈) ပါး ၈၉

# မာတိကာ

## အဋ္ဌမပိုင်း


၈။ ရဟန်းဟူသည် နိဗ္ဗာန်သို့ သွားရန် ပါရမီဖြည့် ဆည်းပူးနေကြသော သူတော်ကောင်း ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ ၉၉

— ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါများကို ရှုမြင်ခြင်း ၉၉
— မကောင်းမှုကြောင့် ဒုဂ္ဂတိသတ္တဝါတွေ ၁၀၀
— တောထွက်၍ တရားကျင့်သော ရှေးကထုံး ၁၀၄
— ရဟန္တာခေတ်တော် စေတီများ ၁၀၅
— ရသေ့ ရဟန်း ရောသောခေတ် ၁၀၆
— ပေါက်ကံ- စစ်ကိုင်း- ပင်းယ
အင်းဝ- ကုန်းဘောင်ခေတ် ရဟန်းများ ၁၀၇
— ပဌမ သင်္ဂါယနာတင်ခေတ် ၁၀၉
— တောရွာများ၌ ကျောင်းထိုင်ဘုန်းကြီးတို့အလုပ် ၁၁၀
— စာသင်ခြင်းကိစ္စပြီးလျှင် လမ်းနှစ်သွယ် ၁၁၃
— ရဟန်းဘဝသည် ကုသိုလ်ပြုရန် လွယ်၏ ၁၁၆
— ဘဝသံသရာကား ရေတွက်၍ မကုန် ၁၁၇
— အဘယ မထေရ်ကြီးဝတ္ထု ၁၁၈
— မင်းကျင့်တရားနှင့် မိုးသုံးပါး ၁၂၈


## နဝမပိုင်း


၉။ ရဟန်းဟူသည် မိမိစိတ်ကို သန့်ရှင်းစေ၍ ချမ်းသာအောင် နေတတ်သော ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ ၁၃၃

— အိမ်တည်းဟူသော ထောင် ၁၃၄
— ကာမဂုဏ်နှင့် ကိလေသာ ၁၃၇
— ကိုယ်စိတ်ချမ်းသာ နေချင်ကြလျှင် ၁၄၁
— ဆရာတော်ကြီး ဦးရာဇိန္ဒ၏ မှတ်ဖွယ်စကား ၁၄၉
— ကာမဘောဂီဖြင့် နေထိုင်နည်း ၁၅၅
— ဘဝတစ်လျှောက် ချမ်းသာအောင် ခရီးသွားနည်း ၁၅၇
— သီလ ကုသိုလ် ပါရမီ အထုံရစေနည်း ၁၅၈

# မာတိကာ


- ဘာဝနာပါရမီ အထုံပါစေနည်း ၁၆၁
- လူ၏ဘဝ၌ ချမ်းသာအောင် နေနည်းဆိုသည်မှာ ၁၆၃
- ကောင်းသော ရည်ရွယ်ချက် မမေ့အပ် ၁၆၄
- ကဿပ ဘုရားရှင်၏ သာသနာနောက်ပိုင်းတုန်းက ၁၆၆
- ဂိဇ္ဈကုဋ်တောင်မှ ပြိတ္တာတွေ ၁၆၇
- သုမေဓာ လုလင်၏ သတိသံဝေဂ ၁၇၀
- သမဏသုခတရား ဆောင်ပုဒ်သိတံ ၁၇၂
- မေတ္တာဘာဝနာ မျိုးစေ့ပါစေရန် ၁၇၅
- ရောင့်ရဲလွယ်စွာ နေနည်း သန္တောသတရား သုံးပါး ၁၇၇
- ဓိဋ္ဌာန်ချက်နှင့် ဝီရိယဇွဲသန်ကြသော ရဟန်းပုဂ္ဂိုလ်မြတ် (၇) ပါးဝတ္ထု ၁၇၉
- ဘုရားသာသနာအတွက် တိတ်နိမိတ်ကြီးများ ၁၇၉

ဒသမပိုင်း

၁၀။ ရဟန်းပြုခြင်း၏ မျက်မှောက်ဘဝ၌ တွေ့မြင်ရသော အကျိုး ၁၉၅

- သုတ် သီလက္ခန် ပါဠိတော်၊ သာမညဖလသုတ် ၁၉၅
- ဘုရားလောင်းတို့ ရဟန်းပြုပုံပြုနည်း လမ်းစဉ် ၂၀၅
- အရှင်ပုဏ္ဏမထေရ်ကြီးနှင့် ရဟန်းငါးရာ ၂၀၈
- ကထာဝတ္ထု ဆယ်ပါး ၂၀၉
- ရိုးသားသော နေနည်း (၁၅) ပါး ၂၁၀
- ချမ်းသာကြောင်း လမ်းစဉ်ကျင့်ဝတ် ၂၁၁
- တမလွန်သို့ ချမ်းသာအောင် ဘဝနိဂုံးချုပ်နည်း ၂၁၂
- ဝက္ကလိမထေရ် ပျံလွန်ခါနီးတွင် ၂၁၃
- ဆရာတော်ကြီး ဦးဥတ္တမသာရ လက်သုံးပြုသော အရိုးဆုံး ရေစက်ချ ၂၁၅
- ကျမ်းပြီးနိဂုံး ၂၁၆

# သမဏသုခ (ခေါ်) ရဟန်းဘ၀ချမ်းသာ

# နိဒါန်း

ဇိနေဝ မယှံ ဇယှံ ဒေတု သဗ္ဗဒါ။

ရဟန်းဘ၀ချမ်းသာ အမည်ရှိသော စာအုပ်သည် ကိုယ်နှင့်စိတ် ချမ်းသာအောင် နေနည်းကို အခြေခံ လမ်းညွှန်ပြသော စာအုပ် ဖြစ်သည်။

## တောတောင် ခရီး၏ ခံစားချက်

ဘုန်းကြီး၏ ကိုယ်တွေ့ ခံစားရချက်ကို ပြောမည်၊ တောကြီး တောင်ကြီးများ အတွင်း မိမိ တစ်ပါးတည်း ခရီးသွားလာနေရသော အခါ မျက်စိအမြင် ခံစားချက်မှာ စိတ်အာရုံ ကြည်လင်၍ နှလုံးမွေ့ လျော်ဖွယ် ကောင်းသော တောကြီးမြိုင်ကြီး, တောင်တန်းကြီးများကို ဖြတ်သန်း၍ သွားလာနေရသည်။

ကြိမ်ဖန်များစွာ ဖြတ်သန်း၍ သွားလာနေရစဉ် ရှေးခေတ် အခါတို့၌ ပါရမီရှင် သူတော်ကောင်းကြီးတွေ ဖြစ်ကြသော ဘုရား အလောင်းတော်၊ ပစ္စေကဗုဒ္ဓါအလောင်းလျာ၊ သာဝကအလောင်းလျာ ကြီးတို့သည် ကိစ္စများမြောင် လူတို့၏ဘောင်မှ ခွာရှောင်ရန်းထွက်ကြပြီး ရသေ့ ရဟန်း ပြု၍ နေထိုင်ကြသော တောကြီး တောင်ကြီး တို့သည် ဤသို့သော ဘောတောင် ဒေသမျိုး ဖြစ်ကြပေမည် ဟူ၍ နှိုင်းဆ ကြည့်မိသည်။

## တောင်ချောက်ကမ်းပါး စသည် ယာယီစံကျောင်း

ဤအရှင်သည် တောတောင်နယ်ခြား ကန္တာရတို့၌ ခရီးသွား ရသည်မှာ မြေဖြင့်သာ သွားနိုင်သော မြေလျှင် ခရီးတို့သာ ဖြစ်သော ကြောင့် ခက်ခဲမှု အမျိုးမျိုး တွေ့ရသည်။ ပင်ပန်းဆင်းရဲခြင်း များစွာ ကြုံတွေ့ ရသည်။ ဗုဒ္ဓဘာသာ ရဟန်း ဖြစ်သောကြောင့် နိုင်ငံခြား သာသနာပြုဆရာတို့ကဲ့သို့ မြင်းစီး၍ သွားလာနိုင်ခြင်း မရှိပါ။

နေမွန်းလွဲလျှင် ဆွမ်း အာဟာရ စားရခြင်း မရှိသောကြောင့် အချိန်မီ ရောက်သော ရွာ၊ ရောက်လိုသော ဗိုလ်တဲ စခန်းသို့ မရောက် လျှင် ထိုနေ့အတွက် ဆွမ်းမစားရတော့ပါ၊ ဆွမ်း မစားရသော်လည်း ရည်မှန်းချက် ခရီးကို ရောက်အောင် သွားသည်။

အာဟာရ ပြတ်၍ ပင်ပန်း နွမ်းနယ်ခြင်းမျိုး ကြုံရ တတ်သည်၊ နွမ်းနယ်ခြင်း အားကြီး၍ လိုရာ စခန်း ရောက် အောင် လမ်း ဆက် လျှောက်နိုင်စွမ်း မရှိသောအခါ ရောက်ရာ ဒေသ၌ တစ်ညတာ ရပ် ဆိုင်းရန် ဆုံးဖြတ်ရသည်၊ ရပ်ဆိုင်း၍ ညအိပ်စက်ခဲ့ရဖူးသော နေရာတို့ ကား စုံပါ၏၊ ချောက်ကမ်းပါး၌ လည်းကောင်း၊ သစ်ပင်အောက်၌ လည်းကောင်း၊ မြက်ချုံတော၌လည်းကောင်း၊ ကျောက်တုံး ကြီး ,ငယ် များအပေါ်၌လည်းကောင်း၊ သယံဇာတ ဂူလိုဏ်တွင်း၌လည်းကောင်း၊ ချင်းလူမျိုးတို့၏ တောင်ယာ တဲအိုပျက်ပေါ်၌လည်းကောင်း၊ လမ်းလုပ် သားတို့၏ ကူလီတဲစခန်း၌လည်းကောင်း အဆိုပါတို့သည် ဤအရှင်၏ ယာယီ တဲကျောင်း, ယာယီ စံကျောင်း စခန်းကောင်းများ ဖြစ်ကြ လေသည်။

## စိတ်ကြည်ဖွယ်ရာ တောအုပ် တောင်တန်းများ

သို့ရာတွင် ကောင်းကွက်ကို ကြည့်၍ ပြောရလျှင် မိမိ၏ ရည် မှန်းချက်-ကြံရွယ်ချက်နှင့် လက်တွေ့ဆောင်ရွက် နေခြင်း မဟုတ်လော ဟူ၍ သတိပြုမိလျှင် သူတစ်ပါး မသွားနိုင်သော တောင်တန်း နှင့် နယ်ခြား သာသနာပြု အလုပ်ကြီးကို စိတ်ကူးဖြင့် ပျော်ပိုက်သော ကြောင့် စိတ်ဘဝင်မှာ ကြည်လင် ချမ်းမြေ့လှသည်၊ အမှန်ကို ပြောရ လျှင် လှပ ထည်ဝါမှု ကြီးသော ရွှေကျောင်းတော်၌ တက်၍ နေရ သော်လည်း တိုမျှလောက် စိတ် ချမ်း မြေ့ ကြည် လင် ခြင်း ရှိချင်မှ ရှိပါမည်။

အကြောင်းတစ်ခုကို ပြောရလျှင် သနားဖွယ် ကောင်းသော တိုင်းရင်းသား၊ တောင်တန်း နှင့် နယ်ခြားသားတို့အား မနုဿတ္တဘာဝ ဒုလ္လဘ- ရနိုင်ခဲသော လူ၏ဘဝကို ရရှိနေကြခိုက်တွင် မှန်မြတ်သော ဗုဒ္ဓ၏ တရားတော်မြတ်ကို တစ်ကြိမ်တစ်ခါ ကြားနာခွင့် ရကြသည် ဆိုလျှင် သူတို့ အတွက် ကောင်းကျိုး ဖြစ်စေပုံကို မြော်မြင်ထားသော ကြောင့် အကျွန်ုပ်ခြင်း ဖြစ်ရသည်။

နေ့စဉ် ရှုခင်းအမြင်မှာ စိမ်းစိမ်းစိုစို ညို့ညို့ မှိုင်းမှိုင်း ရှိနေသော တောကြီးမြိုင်ကြီး အတွင်းသို့ မိမိ တစ်ပါးတည်း ဖြတ်သန်း၍ သွားလာ နေရသော (ဝိဝေက) အရသာထူးကို ခံစားခွင့် ရခြင်းကိုလည်း မိမိ၏ ရဟန်းဘဝတွင် အလွန်ပျော်မွေ့သည်၊ နှစ်ခြိုက်ခြင်း ရှိသည်။

## ဆိတ်ငြိမ်သော တောတောင် အရသာ

တောတောင်၏ သဘာဝ အေးချမ်းသောအရသာကို ရဟန်း ပုဂ္ဂိုလ်တိုင်း တွေ့ထိ ခံစားဖူးကြမည် မဟုတ်ပါ၊ ရာသီအလိုက် ပွင့်ပူး နေကြသော တောပန်း၊ တောင်ပန်းများ၏ ကြည့်ဖွယ်ကောင်းသော မြင်ကွင်းကိုလည်းကောင်း၊ တသွင်သွင် စီးဆင်းသျက် ရှိနေကြသော စမ်းချောင်းကြီး၊ စမ်းချောင်းငယ်များကိုလည်းကောင်း၊ တရှဲရှဲ တဖြိုးဖြိုး ကျဆင်းနေကြသော တောင်ကျချောင်းနှင့် ကျောက်စမ်းရေတံခွန်များကိုလည်းကောင်း၊ ညို့ညို့ဆိုင်းဆိုင်း ရှုလိုက်တိုင်း မှိုင်း၍ နေလေ့ ရှိကြသော တောအုပ်ကြီးများကိုလည်းကောင်း၊ မြင့်မားသော တောင်ထွတ်ကြီးများ၊ တောင်စွယ် တောင်လက်မောင်းကြီးများ နှင့် နက်ရှိုင်းလှသော ချောက်ကမ်းပါး ကြီး၊ ငယ်တို့ကိုလည်းကောင်း ခရီး သွားလာရင်း ကြည့်ရှုရသည်မှာ မငြီးစေနိုင်ပါ၊ စိတ်ကြည်နူးစေသော အရသာ ခံစားချက်များ ဖြစ်ကြသည်။

## ဆောင်းရာသီကုန် နွေရာသီအကူး ပွင့်ကြသော တောပန်း တောင်ပန်းများ

အထူးသဖြင့် ဆောင်းရာသီ အကုန် နွေရာသီကူးသော အချိန်ပိုင်းတွင် ရင်းဖျားမလွတ် ပင်လုံးကျွတ် ပွင့်နေကြသော ပန်းတောကြီးများ၏ အနံ့မွှေးအမြင့် စီရရီ အနေအထားကို ကြည့်ဖို့ ကောင်းပါဘိသည်။

ထိုအချိန်တွင် တောတောင်ကြီး တစ်ခိုခို၌ ဘာသာဘာဝ၊မာကထ ဖြင့် ချိုမြနူတ်ရည် သာယာစွာ ဟစ်ကြွေး၍–တွန်ကျူး၍နေကြသော ကျေးငှက်မျိုးစုံ အသံတို့ကလည်း ပန်းတောကြီးများအလယ်၌ သဘာဝ ကြည်နူးဖွယ်ကို ခြယ်လှယ်ပေးသည့်အလား၊ တောတောင်၏ ကြည်နူး ဖွယ်ရာ အရသာ ဆိုသည်ကား ဤသဘာဝမျိုး ဖြစ်ပေမည် ဟူသော မိမိ တစ်ပါးတည်း ကောစာ ပျော်မွေ့နေလိုသူ ခရီးသွား ပုဂ္ဂိုလ်အား တစ်မျိုး နှစ်သိမ့်ခြင်းကို ဖြစ်စေကြသည်။

## သဃံဇာတ ဖြစ်ထွန်းနေကြသော သစ်ပင် ဝါးပင်ကြီးများ

တောတောင်တွင်း၌ သစ်ပင်, ဝါးပင်တို့အကြောင်း ပြောမည်၊ သဃံဇာတ ဖြစ်ထွန်း ပေါက်ရောက်နေကြသော သစ်ပင်, ဝါးပင်ကြီးတို့ တလည်း ကြည့်ဖို့ ကောင်းပါဘိသည်။

အချို့သော သစ်ပင်ကြီးတို့ကို ကြည့်ရ မြင်ရသည်မှာ ကမ္ဘာ တည်စကပင် စတင်၍ ပေါက်ခဲ့ကြလေသလား ဆိုရလောက်အောင် လွတ်လွတ်လပ်လပ်နှင့် ကြီးချင်တိုင်း ကြီး၍ ထွားကျိုင်းလှဘိသည်၊ တောင်ခါးပန်း၌ ပေါက်နေကြသော တောငှက်ပျောပင်ကြီးတို့သည် သန်စွမ်း ထွားကျိုင်းပါဘိသည်၊ တောပ်ပိန္နဲပင်တို့လည်း ရှိကြသည်။

အထူးသဖြင့် တောသရက်ပင်ကြီးတို့သည် စမ်းချောင်းကြီးများ၏ နံဘေးတောင်ကမ်းပါး၊ချောက်ကမ်းပါးတို့၌ပေါက်ရောက်နေကြပုံမှာ စည်စည်ကားကားဖြင့် ကြီးမားထည်ဝါလှဘိသည်၊ ထို တောငှက်ပျော နှင့် တောသရက်ပင်တို့သည် တစ်ဆယ့်နှစ်ရာသီ အသီးအပွင့် ဆောင် တတ်ကြသည်။

ထို့အပြင် ကတွတ်ပင်၊ မှိုင်ကြီးသဖန်းပင်၊ သဗြုပင်၊ ကနစိုးပင် နှင့် အမည်မသိသော သစ်ပင်မျိုးစုံတို့ကိုလည်း သူ့ရာသီနှင့် သူ့ သဘာဝ အလိုက် ၁၂ ရာသီ ကိုက်အောင် သီးပွင့်၍ နေတတ်ကြလေသည်။

## ကိစ္စမြားမြောင် လူဝတ်ကြောင် ခွာရှောင်လိုသူ အတွက်

အဆိုပါ တောသစ်သီး ကြီး, ငယ်တို့သည် ကိစ္စမြားမြောင် လူဝတ်ကြောင် ခွာရှောင်၍ တောတောင်သို့လှမ်း လျှော်တေ ရသေ့ သူကန်းကို ဝတ်ရုံ ဆင်မြန်းကာ အလောင်းလျာတို့သည် ပါရမီစခန်းနှင့် မြင့်ရာဘဝသို့ ကူးလိုကြသော ဗုဒ္ဓဂျုံအလောင်း သူတော်ကောင်း မြတ်

သော ရသေ့များနှင့်ကို အဝတ်အစား မပါဘဲ မာန်မျက် အသက် စောင့်လင့်၍ နေကြသကဲ့သို့ ရှိပေသည်၊ ဤအမှင်သည်လည်း ချိုချဉ် ရသော ကိုလိုဘက်သီး ကြီး ပေါ်ကိုဖြင့် အာဟာရ ဆက်၍ ခရီး သွား လာခဲ့ရပေါင်း များခဲ့လေပြီ။

## သံယောဇဉ်ခွာခြင်းသည် ကိုယ်စိတ် ချမ်းသာချင်ကြသောကြောင့်

ရှေးခေတ်ကာခါဆီက ပါရမီရှင်တော့ ဖြစ်ကြသော ဘုရားရှင် အလောင်းလျာ၊ ပစ္စေကဗုဒ္ဓါအလောင်းလျာ၊ သာဝကဗောဓိဉာဏ် ရည်သန်နေကြသော သာဝကအလောင်းလျာ သူတော်မြတ် အမျိုးမျိုး ဟူသည် ပြိုတွယ်နှောင်ကြိုး အထွေထွေ၊ ရှုပ်ယှက်သော ပတ်ဝန်းကျင်မှ သံယောဇဉ်ကို ဖြတ်နိုင်သောနည်းဖြင့် ခွာပစ်၊ ဘေးရန်များသောလူတို့ ဘောင်၌ လူတို့ စည်းစိမ်ကိုစွန့်ပယ်၍ တစ်ကိုယ်ထီးတည်း လွတ်အောင် ရှောင်ထွက်လေ့ ရှိကြသည်။

ရှောင်ထွက်ခဲ့ကြပြီးလျှင် ကိုယ်စိတ်အေးချမ်းမှုပေး၍ သာယာ သော လူသူမနီး တောမြိုင်ကြီးရိပ်သာသို့ ခိုဝင်ကြခြင်း ဖြစ်ပေမည် ဟူ၍ လက်ရှိ တွေ့မြင်နေရသော သဘာဝတောတွင်းရိပ်သာ၏ ဘေးရန် ကင်းခြင်း၊အေးချမ်းသာယာခြင်းတို့ အရ ဆင်ခြင်ကာ သဘောပေါက်မိ ပေသည်။

## သုမေဓာလုလင်၏ တောထွက်ခြင်းကို တွေးသမိ

ဤသို့သော တောတောင်ကြီးတို့၌ စိတ်ဝင်းစားဖွယ်ကောင်း၍ ကြည့်မြင်နေမိစဉ် ဘုရား အလောင်းတော် သုမေဓာ သူဌေးသား လုလင်လင် တောထွက်သွားခြင်းကို သတိ ရလာတတ်သည်။

သံသရာ အတွက် ရိက္ခာထုပ် ယူနည်း ဖြစ်သော မိဘဘိုးဘွား တို့က စုဆောင်းထားခဲ့ကြသော ကုဋေကုဋာ မကသော ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဘဏ္ဍာများစွာတို့ကို—

ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။

ငါ၏ ဤကောင်းမှုသည် သဗ္ဗညုတဉာဏ်၏

အကြောင်း အထောက်အကူ ဖြစ်စေသတည်း—

ဟူ၍ လေးနက်စွာ ဆုတောင်းကာ ငှက်ကရားနှင့် ရေစက်သွန်း ချ၍ လူသူအများအား အောက်သို့ အဝဥ္စုတ်၍ သွန်မှောက်အပ်သော ရေပြည့်အိုးကဲ့သို့ လွတ်လွတ်ကြီး စွန့်ကြဲ ပေးကမ်း လှူဒါါးခြင်းပြုလိုက်သည်။

လှူဒါန်း စွန့်ကြဲပြီးလေလျှင် တစ်ကိုယ်ထီးတည်း ဟိမဝန္တာသို့ ရှေးရှုကာ တောထွက်လာခဲ့သည်။ ထိုအချိန်တွင် သိကြားမင်းက ပဏ္ဍုကမ္ဗလာ တင်း၍ ဟိမဝန္တာ တောကြီးအတွင်း ဓမ္မိက တောင်ယံမှာ သင့်လျော်သောနေရာ၌ ဝိသုကြုံနတ်သားအား ကျောင်းသခ်မ်း အသင့် ဖန်ဆင်း၍ ထားစေသည်။

အလောင်းတော် သုမေဓာ သူဌေးသားသည် အသင့် တွေ့မြင်ရသော ကျောင်းသခ်မ်းသို့ ဝင်ကာ ဝမ်းသာရွှင်ပျလျက် ယုတ်နိမ့်သော လူဝတ်ကြောင်ကိုပယ်၊ ဆံမုတ်ဆိတ်ကို ရိတ်လှီးပယ်ဖြတ်၊ အသင့် တွေ့ရသော ရသေ့ပရိက္ခရာ ကိုယ်မှာဆင်မြန်းလျက် မြတ်သောရသေ့ ရဟန်း ပြုလေသည်။

ထိုအချိန်မှ စ၍ တောတောင်၌ ရရာသော သစ်သီး ကြီး ငယ်ကို အစာအာဟာရပြုလျက် နတ်ဖန်ဆင်းပေးထားသော ကျောင်းသခ်မ်း၌ နေ၊ နတ်ဖန်ဆင်းပေးထားသော စင်္ကြံလျှောက်ခြင်း၊ လျောင်း-ထိုင်-ရပ်-သွား လေးပါးဣရိယာပထ မျှဟကာဖြင့် သမာဓိ ခိုင်စွာ ထား၊ ဗြဟ္မဝိဟာရ တရားကို မနေမနား ပွားများ အားထုတ်လေရာ မကြာခင် (၇) ရက် အတွင်းဝယ် မြေလျှိုး မိုးပျံနိုင်စွမ်းသော စျာန် အဘိညာဉ် ရသေ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သွားလေသည်။

ဟိမဝန္တာ တောကြီးအတွင်း ဓမ္မိကတောင်ယံ၌ စျာန်ယာဉ် ပျော်မွေ့၍ နေထိုင်သောအခါ သမဏသုခတရား (၈) ပါးကို ဆင်ခြင်မိ၍ အထူး ပျော်မွေ့ခြင်း ဖြစ်ရသည်။ ဤတော ဤတောင်၌ ငါ၏ သမဏသုခတရားနှင့် ပျော်မွေ့နေရခြင်းကား အရတော်လေစွ၊ ငါ၏ စိတ်နှလုံးနှင့် ငါ၏လက်ဝယ်သို့ ရောက်ပြီးသော တရားကား မြင့်မြတ်ပေစွ၊ ချမ်းသာပေစွ ဟူ၍ သမဏရဟန်းမြတ်တို့၏ လက်တွေ့ ဖြစ်သော ချမ်းသာကြောင်းတရားကို နှစ်သိမ့် ပျော်မွေ့လျက် ရှေးဖြစ်ကောင်း မှန်းဆကာ အထူးဝမ်းမြောက်ခြင်း ဖြစ်ဖူးပေသည်။

## ဘဝတူ ဇာတ်တူ ပါရမီရှင်တို့လက်ဝယ်

အဆိုပါ ဘုရားလောင်းမြတ် ဗောဓိသတ် ဖြစ်သော သုမေဓာရသေ့ကြီးကဲ့သို့ပင် မိမိကိုတိုင်သည်လည်း ယူအတ်လျှင် သမ္မာသမ္ဗောဓိတရားကို ရနိုင်သော ပုဂ္ဂိုလ် ဖြစ်သည်၊ သတိပြု၍ ကြည့်ရှုတတ်လျှင် မြတ်သော ချမ်းသာမှု တရားကား မိမိတို့၏ လက်ဝယ်သို့ အမှန်တကယ် ရောက်ရှိနေပြီ မဟုတ်ပါလော ဟူ၍ သိမြင်လာမည်။

မိမိကဲ့သို့ ဘဝတူ၊ ဇာတ်တူ ဖြစ်ကြသော ပါရမီရှင် သိပ္ပါင်းသုံးဖော် ငယ်ပေါင်းကြီးဖော်တို့ကိုလည်း ကိုယ်ချင်းစာနာကာ လက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်သော သမ္ဗောဓိကို ပျော်မွေ့ကာ ခံစားနိုင်ကြစေရန် အသိပေးပါသည်။

မြတ်သောပဟာန်းဘဝ၏ ချမ်းသာကြောင်းတရားကို အသိအမြင်ရှိရှိ ခံစားရင်း ပါရမီ ဖြည့်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် သတိပေးလိုသောကြောင့် ဤစာအုပ်ကို ရေးသားခြင်း ဖြစ်သည်။

## ဘဝသံသရာ ရေယဉ်ကြောဝယ် မျောနေကြစဉ်

ကိုသူငါ အားလုံးတို့သည် နိဗ္ဗာန် မရောက်သေးခင် ကာလဘဝ ဟည်းဟူသော သံသရာ–ဘဝတည်းဟူသော သမုဒ္ဒရာ–ဘဝတည်းဟူသော ရေစုန် ပျံ့ဆန် ရေယဉ်ကြောဝယ် အတောမသတ် မျောကြရသူတို့ချည်း ဖြစ်ကြသည်၊ ဤအချက်ကို မမေ့အပ်၊ သတိရနေကြရမည်။

ထိုကဲ့သို့ ဘဝရေယဉ်ကြော မျောနေကြရသော သတ္တဝါအများတို့တွင်....

'ငါသည်ကား မျောကြသူချင်းသာ တူမည်၊ အထက်တန်းမှ မြတ်သောအသိညာဏ်ရှိ၍ မြတ်သောပုဂ္ဂိုလ်အဖြစ် ရပ်တည်နေသူတည်း၊ မြတ်သော ပါရမီရှင်ဖြစ်အောင် ကျင့်ကြံ ကြိုးကုတ်၍ အားထုတ်နေသူတည်း'

ဤအဖြစ်ကိုလည်း သိနေရပါမည်။

'ငါကား သူတော်စင်တို့၏ လမ်းကြောင်းပေါ်၌ တက်ရောက်၍ ဗုဒ္ဓင်္ကုရတို့၏ ကျင့်စဉ် ပါရမီလမ်းစဉ်ယူကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေကြောင်း စိတ်ဓာတ်ရုံ ဖြောင့်စွာထား၍ မမေ့မလျော့ ဖြောင့်ဖြောင့်သွားနေသူပါတည်း။

## မိမိသွားရန် ဘဝလမ်းစဉ် လျှာထားပြီး

'ငါသည် ဤဘဝမှ နောက် တမလွန်ဘဝတို့၌လည်း တစ်ဘဝ ထက် ရှေ့ဘဝ တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်၍ သွားနေရန်သာ ရည်ရွယ်ချက် ထားပြီး ရဟန်းပြု လာခဲ့သောသူတည်း။

'ငါသည် ရဟန်းဘဝချမ်းသာတည်းဟူသော သမဏသုခ၏ ဘုံ ဘဝကို အရယူပြီး ခိုလှုံကာ လက်တွေ့ အားထုတ်နေသူပါတည်း'

ဟူ၍ မိမိကိုယ်တိုင်ဘဝရပ်တည်ရေးကိုလည်းကောင်း၊ သူတစ်ပါး ဇာတ်တူ ဘဝတူတို့၏ ဘဝ ရပ်တည်ရေးကို လည်းကောင်း ထပ်တူ အကျိုးရကြစေရန် အားတက် ဝမ်းမြောက်ခြင်းဖြစ်စေလိုသောကြောင့် ဤစာအုပ်ကို ရေးခြင်း ဖြစ်သည်။

## အရတော်စွာ ခဲ (၆)ဖြာ လွန်မြောက်ရေး

မနုဿတ္တဘာဝ ဒုလ္လဘ-လူ၏ဘဝကို ရခဲ၏၊ ရခဲသော လူ၏ဘဝ ကို ရရှိသော်လည်း ဘုရားရှင်၏ သာသနာနှင့် ကြုံကြိုက်ခဲ၏။ သာသနာ တော်တွင်း အခါကောင်း ကြုံကြိုက်ပြန်သော်လည်း မြတ်သောရဟန်း၏ ဘဝကို ရနိုင်ခဲ၏။ ရဟန်း၏ ဘဝကို ရရှိပြန်သော်လည်း တတ်စွမ်းနိုင် သမျှ ပါရမီ ဖြည့်ကျင့်၍ ကိုယ်စိတ်နှစ်ပါး ပင်ပန်းခံရသော သာသနာ ပြု ပုဂ္ဂိုလ်၏ အဖြစ်ကို အလွန်ရခဲ၏။

သာသနာပြု ပုဂ္ဂိုလ်၏ အဖြစ်ကို ရရှိပြန်သော်လည်း စိတ်ရင်း စေတနာ တကယ်ထက်မြက်သော-စွန့်စားခြင်း‌နှင့် ပြည့်စုံသော—သတ္တ ဝါ အများ၏ ကိုယ် စိတ် ချမ်းသာမှုကို ရှေးရှု၍ မရပ်မနား တကယ် ဆောင်စွမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အဖြစ်မှုကား ရောက်နိုင်ခဲ ကြပါမည်။

လူလောက၌ မိမိနှင့် သူတစ်ပါး အများသော လူ ရှင် ရဟန်း တို့၏ ကိုယ်စိတ် ချမ်းသာရေးကို တကယ် ဆောင်နိုင်စွမ်းသော ပုဂ္ဂိုလ် မျိုးကား လူတို့သမိုင်းတွင် ကမ္ဘာကျော်သော ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်သည်၊ ထိုသို့သော ပါရမီရှင်ဘဝ၌ ရပ်တည်နေသော ရဟန်းဖြစ် လျက်လည်း ထူးမြတ်သော သမဏသုခတရားကို လက်ဝယ်ပိုင်ပိုင် ရယူ နိုင်အောင် ကြိုးစားရန် အရေးကြီးသည်။

ထို့ကြောင့် တကယ် စစ်မှန်သော ကိုယ်စိတ်ချမ်းသာမှု(၂)ပါး ကို အကြင် ရဟန်းသည်လည်းကောင်း၊ ရှင်သည်လည်းကောင်း၊ရသေ့ မြက် သူတော်ကောင်းသည်လည်းကောင်း၊ စိတ်ကာသန့်ရှင်းသော လူ ဝတ်ကြောင်သည်လည်းကောင်း အင်္ဂုတ္တိုရ် ပါဠိတော်၌ လာသော သမဏသုခတရားငါးပါးနှင့်အဋ္ဌသာလိနီအဋ္ဌကထာ သုမေဓာဥဒါန်း၌ လာသော သမဏသုခတရား(၇)ပါးတို့ဖြင့်ခလ့လာ၍ချမ်းသာအောင် နေတတ်ကြရသည်၊ ကြိုးစားကြရာ၏။

သတ္တလောကကြီး၌ ရှိကြကုန်သော နတ် လူ ဗြဟ္မာ သတ္တဝါတို့ သည်လည်းကောင်း၊ ပထဝီမြေပြင်ပေါ်၌တွေ့မြင်ကြရသော သတ္တဝါ တို့သည်လည်းကောင်း၊ ရေ၌ တည်သော သတ္တဝါ, မြေ၌ တည်ကြသော သတ္တဝါတို့သည်လည်းကောင်း ကိုယ်စိတ် ချမ်းသာမှုကို လိုလားကြသူ တို့ချည်း ဖြစ်ကြသည်။

မိမိ သူတစ်ပါး တကယ် ချမ်းသာမှုကို မြတ်နိုးစွာ လိုလားကြ ပါမူ ပထဝီ မြေပြင်ပေါ်၌ လူဖြစ်လာကြသော မနုဿ လူဇာတ်ဝင် အားလုံးတို့သည် ဤစာအုပ်တွင် ရေး၍ အဆင့်ဆင့်ဖော်ပြလတ္တံ့သော အပိုင်းကဏ္ဍတို့ကို ဖတ်ကြကုန်လော၊ စိတ်ချမ်းသာမှုကို ရကြပါလိမ့် မည်။

## စိတ်ရှင်းရှင်းထားနေပါ

အလွယ်ဆုံး ချမ်းသာအောင် နေနည်းတို့ကိုညွှန်ကြားပေးမည်။ မိမိတို့၏ စိတ်အာရုံကို ရှင်းရှင်းထားနေပါ၊ ရှင်းရှင်းထား၍ နေတတ် အောင် နေ့စဉ် အလေ့အထပြုပါ၊ ကိုယ်နှင့်မဆိုင်သောသူတစ်ပါးတို့၏ စိတ်ရှုပ်စရာ ကြောင်းရာတွေကို စိတ်အာရုံတွင် ထည့်သို ပထားရပါ။

သူတစ်ပါးတို့ကို မနာလိုစိတ်–ဝန်တိုစိတ် မထားရပါ၊ မထား လျှင် စိတ်အာရုံ ကြည်လင်လာမည်။ မေတ္တာစိတ်နှင့် ကရုဏာစိတ်ကို သာ မိမိကိုယ်ပိုင် အာရုံခံစားမြဲ မူမှန်ဖြစ်နေပါစေ၊ မူမှန်ဖြစ်နေအောင် ကြိုးစားယူပါ၊ ဤကား(ဤအရှင်)ဘုန်းကြီး၏ မူမှန်စိတ်အာရုံ ထား နည်းဖြစ်သတည်း။ သူတစ်ပါးတို့အားလည်း မိမိကဲ့သို့ စိတ်ချမ်းသာ စေလိုသောကြောင့် နည်းပေးခြင်း, ညွှန်ကြားပေးခြင်း ဖြစ်သတည်း။

လူ နတ် သတ္တဝါ အားလုံး ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။

စေတနာကောင်းနှင့် နည်းကောင်း ညွှန်ကြားပေးရသော ကောင်းမှုကြောင့် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရသောပညာဓိကသဗ္ဗညုတဉာဏ်ကို ရရှိရပါလို၏။ လူတို့၏ အသက် ထစ်သိန်းတမ်းကာလ၌ ပွင့်ကြသော မင်္ဂလ၊ ပဒုမုတ္တရ၊ သောဘိတ၊ အနောမဒဿီ စသောသက်တမ်းရှည်သောကာလ၌ပွင့်သောဘုရားမျိုး ဖြစ်ရပါလို၏။

ယခုဘဝ ယနေ့မှ စ၍ နိဗ္ဗာန်ရောက်သော ဘဝတိုင်အောင် ဖြစ်လေရာ ဘဝတိုင်း၌ ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီကိုသာ ထာဝစဉ် ဖြည့်ကျင့်ပွားများအားထုတ်၍ နေသွားနိုင်ရပါစေသတည်း။

ဆရာတော်ကြီး ဦးဥတ္တမသာရ
တောရကျောင်း၊ ပလမ်း၊ ချင်းတောင်။
၁၃၅၄၊ ကဆုန်လပြည့်ကျော် (၁၂)ရက်၊
ကြာသာပတေးနေ့။

# သတ္တမပိုင်း

၃။ ရဟန်းဟူသည် သမ[illegible]သုခတရားဖြင့် ချမ်းမြေ့စွာ
နေထိုင်လေ့ ရှိကြသော ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည်။

**လူ၏ဘဝ** ရနေခိုက်တွင် လိုရင်းကား.... ဤဘဝ–နောင် ဘဝ (၂) ဖြာ ကောင်းကျိုး ပေးနိုင်မည့် အလုပ်ကို လုပ်၍ မိမိစိတ်ကို သန့်ရှင်းစွာ ထားပါ၊ သူတစ်ပါး အပေါ် မနာလိုစိတ်–ဝန်တိုစိတ် မရှိစေလျှင် မေတ္တာ– ကရုဏာစိတ် အလိုလို ရရှိပြီး ဖြစ်နေသည် ဟူ၍ နားလည် ပါ၊ ဤကား.... သူတော်ကောင်း တို့၏ ဤဘဝနှင့် နောင်ဘဝ အတွက် ချမ်းသာအောင် နေနည်း ကောင်း မှုမှန် ဖြစ်သဘည်း၊ မေတ္တာစိတ် တစ်မျိုးတည်း ထား၍ နေရာ၏။

[ ဆရာတော်ကြီး–ဦးဥတ္တမသာရ ]

အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြု ဆရာတော်ကြီး
ဦးဥတ္တမသာရ ၏

# သမဏသုခ (ခေါ်) ရဟန်းဘဝချမ်းသာ

(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၇။ ရဟန်းဟူသည် သမဏသုခတရားဖြင့် ချမ်းမြေ့စွာ နေထိုင်လေ့ရှိကြသော ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည်။

ရဟန်းတို့သည် ဘေးကို ကြောက်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ ပစ္စုပ္ပန် ဘေးကိုလည်း ကြောက်ကြသည်၊ သံသရာဘေးကိုလည်း ကြောက်ကြသည်၊ ထို့ကြောင့် ဘေးရန် ဟူသမျှကို ကင်းလွတ်အောင် ရှောင်ကြသည်၊ တင်းတိမ် ရောင့်ရဲစွာနှင့် ချမ်းသာအောင် နေတော်မူတတ်ကြသည်၊ တင်းတိမ် ရောင့်ရဲမှု ဟူသော ချမ်းသာမျိုး ရသော့ရဟန်း သာမဏေ ပုဂ္ဂိုလ်တို့သာ ရနိုင်ကြသော ကြောင့်.... ( သမဏသုခတရား ) ဟူ၍ ဘုရားရှင် က ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

ဘုရားရှင် သာသနာတော်တွင်း၌ သဒ္ဓါ၍ လာရောက် ရဟန်းပြုကြသော ယောကျ်ားမြတ်တို့သည် သမဏသုခ တရားဖြင့် ချမ်းသာအောင် နေတတ်ရပေမည်၊ နေတတ်အောင် အလေ့အကျင့် ရအောင် မိမိစိတ်ကို ဆုံးမ ယူကြရသည်။

ဘုရားရှင် သာသနာတော်တွင်းသို့ ဝင်ရောက်ပြီး သက်န်းဝတ်ရုံ၍ ရဟန်းပြုပါလျက် ကဿပဘုရားရှင်၏ သာသနာတော် နောက်ပိုင်းကာလ၌ သမဏသုခကို အလေးမထားမူ၍ နေချင်သလို နေကြသော ရဟန်းမျိုးတွေ ရှိခဲ့ကြဖူး၏၊ ထိုရဟန်းတို့သည် သက်န်းဝတ်၍ ရဟန်းပြုနေကြခြင်းဖြင့် ကောင်းကျိုး မရှိကြပါ၊ မြတ်သော သမဏသုခတရား၏ ချမ်းသာမှုကို မခံစားကြရပါ။

ထိုရဟန်းတို့သည် သေလွန်ပြီး နောက်ဘဝတွင် နတ်ရွာ သုဂတိသို့ ရောက်ရခြင်း ချမ်းသာကို မရကြပါ၊ အများအားဖြင့် ဝိဇ္ဇာကုဋ်တောင်၌ ပြိတ္တာတွေ ဖြစ်ကြရကြောင်း ဘုရားဟော ဝိနည်းပါဠိတော် ရှိပါသည်၊ ပါရာဇိကဏ် စတုတ္ထသိက္ခာပုဒ်၏ ဝိနိတ ဝတ္ထုပိုင်းတွင် အများအပြားပင် အရှင်လက္ခဏ၏ မျက်မြင်လျှောက်ထားချက်ကို အကြောင်းပြု၍ ဘုရားရှင်က ထုတ်ဖော်ပြီး ဟောကြားကာ ဆုံးမတော်မူထားခဲ့သည်။

## (၁) သမဏသုခတရား ငါးပါး

ပဉ္စိမာနိ ဘိက္ခဝေ သမဏသုခါနိ ကတမာနိ ပဉ္စ ဣဓ ဘိက္ခဝေ ဘိက္ခု၊ သန္တုဋ္ဌော ဟောတိ ဣတရီတရေန စီဝရေန၊ သန္တုဋ္ဌော ဟောတိ။ ဣတရီတရေန ပိဏ္ဍပါတေန၊ သန္တုဋ္ဌော ဟောတိ။ ဣတရီတရေန သေနာသနေန၊ သန္တုဋ္ဌော ဟောတိ။ ဣတရီတရေန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန၊ အဘိရတော စ ဗြဟ္မစရိယံ စရတိ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စသမဏသုခါနီ- တိ။

(ပဉ္စအင်္ဂုတ္တိုရ် ပါဠိတော်)

### ပါဠိတော် အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ သမဏသုခါနိ၊ ရဟန်းတို့အား ချမ်းသာကြောင်းဖြစ်သော တရားတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့ပင်တည်း။ ပဉ္စ၊ ငါးပါးတို့ ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ငါဘုရား၏သာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိကြသော ရဟန်းကောင်းတို့သည်။ ဣတရီတရေန၊ ရ-ရသမျှသော။ စီဝရေန၊ သင်္ကန်းဖြင့်။ သန္တုဋ္ဌော၊

ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရီတရေန၊ ရ-ရ သမျှ သော။ ပိဏ္ဍပါတေန၊ ဆွမ်းခံဖွယ်ဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရီတရေန၊ ရ-ရသမျှသော။ သေနာသနေန၊ ကျောင်းသင်္ခမ်း, အိပ်ရာ နေရာ အသုံးအဆောင် ပရိဘောဂ ဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရီတရေန၊ ရ-ရသမျှသော။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန၊ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတား တန်ဆာ, အဆောက်အဦ ဖြစ်သော ဆေးဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်၏။

အဘိရတော စ၊ ဘေးရန်ကင်းရာ ငါဘုရား၏သာသနာတော်၌ မွေ့လျော် ပျော်ပိုက်သည် ဖြစ်၍လည်း။ ပြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်သုံးလျက် နေလေ့ရှိ၏။ ဘိက္ခဝေ၊ ချစ် သား ရဟန်းများတို့။ သမဏသုခါနိ၊ ရဟန်းတို့အား ချမ်းသာ ကြောင်း ဖြစ်သော (သမဏသုခ တရားတို့ ဟူသည်)။ ဣမာနိပဉ္စ၊ ဤငါးပါးတို့ပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရား ရှင်သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

## လက်နက် ငါးပါး ဆောင်သကဲ့သို့

ရှေးအခါဆီက ဘေးရန် ထူပြောသော ကန္တာရ ခရီးခဲ သို့ သွားရသော မင်းသားတို့သည် ဘေးရောက်လျှင် ကာကွယ်၍ ရန် လာလျှင် ဖျောက်ဖျက်ရန် အတွက် သန်လျက်၊ ကာ၊ လေး၊ မြား စသော လက်နက်ငါးပါးကို ဆောင်ယူ၍ သွားကြရသကဲ့သို့ ဘုရား သာသနာ တည်းဟူသော မြေသန့်ခရီးသို့ လျှောက်လိုက် သွားတော့ မည် ကြံရွယ်ကြသော သူတော်ကောင်း ရသေ့-ရဟန်း သာမဏေ တို့သည် ဘေးဒုက္ခ ဟူသမျှ မကြုံတွေ့ကြစေရန် အတွက် (သာမဏ သုခတရား) တည်းဟူသော ခရီးဆောင် လက်နက် ငါးပါး ကို ဘုရားရှင်က တပ်ဆင်၍ ပေးတော်မူထားခြင်း ဖြစ်သည်။

ဤ လက်နက် ငါးပါးဖြင့် ဘဝခရီး၌ တွေ့ကြုံရသော လော ကဓံကို ဖြစ်စေ၊ ဘေးဒုက္ခကို ဖြစ်စေ တွန်းလှန်နိုင်ကြသည်၊ ဖျောက် ဖျက်နိုင်ကြသည်၊ စိတ် နှလုံးထား ကြံ့ခိုင်ပြီး ဖြစ်၍ လောကဓံ ကို မဖြုံကြရန် ကိုယ်ခံလက်နက်များ ဖြစ်ကြသည် တဲ့။

## အဓိပ္ပာယ် ရှင်းပြချက်

'ချစ်သား ရဟန်းတို့၊ ငါဘုရား သာသနာတော်၌ သံသရာ ဘေး ကို ကြည့်ရှု ဆင်ခြင်လေ့ရှိသော သူတော်ကောင်း တို့သည်

ချမ်းသာကြောင်းတရား ငါးပါး ရှိတယ်၊ ထိုတရား ငါးပါး ဖြင့် ချမ်းသာသော အဖြစ် ရရှိ ခံစားကြရလိမ့်မယ် ဟူ၍ ဘုရားရှင်က မိန့်တော်မူခဲ့သည်။

ထိုတရားကား.... ရဟန်းတို့သာ ရနိုင်သောကြောင့် (သမဏ သုခ) လို့ ခေါ်သည်၊ ထို သမဏသုခ ငါးပါးကား....

(၁) ရတတ်သမျှသော အဝတ်သင်္ကန်းဖြင့် ရောင့်ရဲ လွယ် တတ်သော အကျင့်ရှိရမည်– ဆိုသည်မှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရန် အတွက်ရဟန်းပြုလာခြင်းဖြစ်ပါလျက် အဝတ်သင်္ကန်း တည်းဟူသော အကြောင်းကြောင့် ဒုက္ခမများ စေကြရန်ဖြစ်သည်၊ အဝတ်သင်္ကန်း ကောင်းရနိုင်စေရေးနောက်သို့တကောက်ကောက် မလိုက်မှားမိကြရန် ချမ်းသာကြောင်း နည်းလမ်း မဟုတ်ကြောင်းကို သွန်သင်ညွှန်ပြသော ဘဝခရီးဆောင် လက်နက်တစ်ပါး ဖြစ်သည်။

(၂) ရတတ်သမျှသောဆွမ်းဖြင့် ရောင့်ရဲလွယ်ကာ နေတတ် သော အကျင့် ရှိရမည်–တဲ့။

ရ–ရသမျှသောဆွမ်းနှင့် ဆွမ်းဟင်းခဲဖွယ်ဘောဇဉ် သစ်သီးကြီး ငယ်ချိုချဉ် ရသာတို့ဖြင့် တင်းတိမ်ရောင့်ရဲလွယ်တတ်သော အကျင့် ရှိရ မည်၊ ဆွမ်းဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပေါ များသောနေ့ ကြုံတတ်၏၊ နည်းပါးသော နေ့လည်း ကြုံတတ်၏၊ သန္တုဋ္ဌိ-သလ္လေခ စိတ်ဖြင့် ရောင့်ရဲလွယ်ကာ စိတ်နှလုံး တည်ငြိမ်စွာ ရှိတတ်ရမည် ဟူ၍ ညွှန်ကြားတော်မူခြင်း ဖြစ်သည်။

ချမ်းသာအောင်နေချင်၍ ဘုရားရှင် သာသနာတော်တွင်းသို့ ဝင်ရောက် ရဟန်းပြုနေခြင်း ဖြစ်ပါလျက် ဝမ်းတစ်ထွာအတွက် အစား တည်းဟူသော အကြောင်းကြောင့် အစားနောက်သို့ တကောက် ကောက်မလိုက်မှားမိကြစေရန်– အစားနောက်သို့ တကောက်ကောက် လိုက်နေခြင်းသည် ချမ်းသာကြောင်း နည်းလမ်းကောင်း မဟုတ် ကြောင်းကို ဘုရားရှင်က ညွှန်ပြကာ တပ်ဆင်ပေးထားသော လက်နက် ကောင်း တပါး ဖြစ်သည်။

(၃) ရတတ်မျှသော ကျောင်းသင်္ခမ်းဖြင့် တင်းတိမ် ရောင့်ရဲ လွယ်တတ်သော အကျင့် ရှိရမည်–တဲ့။

ရ – ရသမျှသော ကျောင်းသင်္ခမ်းဖြင့် ရောင့်ရဲတင်းတိမ်၍ နေတတ်သော အကျင့် ရှိရမည် ဆိုသည်မှာ 'သည်ကျောင်းထက်

ကောင်းသော ကျောင်းကို ရှာမယ်၊ သည့်ထက် ကောင်းသော ကျောင်း, အသုံးအဆောင် သေနာသန ပရိဘောဂကို ရအောင် ရှာမိုးမယ်' ဟူ၍ ကျောင်းသစ်မီးနှင့် ကျောင်းသုံး ပရိဘောဂ နောက်သို့သာ အချိန်ကုန်ခံပြီး တကောက်ကောက် လိုက်၍ ဒုက္ခမများ ကြစေရန် အသိအမြင်ဖြင့် ကြိုတင်ကာ ဩဝါဒ ပေးတော်မူခြင်း ဖြစ်သည်။

သံသရာဘေးကို ရှု၍ ငါဘုရား၏ သာသနာတော်သို့ ဝင်ရောက် ရဟန်းပြုလာသော သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ဖြစ်ပါလျှက် ကျောင်းသစ်မီးနှင့် အသုံးအဆောင်နောက်သို့ တကောက် ကောက် မလိုက်မှားမိကြစေရန်အတွက် ချမ်းသာမှု မဟုတ်ကြောင်းကို ညွှန်ပြပေးခြင်း- တပ်ဆင်ပေးခြင်း သာသနာ့ဝန်ထမ်း ခရီးဆောင် လက်နက်ကောင်းတစ်ပါး ဖြစ်သည်။

(၄) ရတတ်သမျှသော သူနာ၏ အထောက်အပံ့- အသက်၏ အရံအတား ဖြစ်သော ဆေးဖြင့် ရောင့်ရဲလွယ်တတ်သော အကျင့် ရှိမှမည်-တဲ့။

ကျန်မာရေး အတွက် ကိုယ်ခန္ဓာ နာမကျန်း ဖြစ်သော ကာလ တွင် ရတတ်သမျှသော ဆေးပစ္စည်းဖြင့် တင်းတိမ် ရောင့်ရဲတတ်ရ မည် ဆိုသည်မှာ ရရသမျှနှင့် မတင်းတိမ်မူ၍ ကောင်းသည့်ထက် ကောင်း ဆေးဝါးဓာတ်စာ ထည့်းဟူသော အကြောင်းကြောင့် ဒုက္ခ မများကြစေရန် နောပ်ရေးကိုမြော်မြင်သော အသိဉာဏ်ဖြင့် ဘုရားရှင် က ကြိုတင်ကာ ဩဝါဒ ပေးတော်မူခြင်း ဖြစ်သည်။

ငါဘုရား၏သာသနာတော်တွင်းသို့ သဒ္ဓါ၍ ဝင်ရောက်ရဟန်း ပြုနေသူ ဖြစ်ပါလျက်နှင့် ကြိုတင် ရည်ရွယ်ချက် ထားသော သံသ ရာဘေးကို အလေးမပြု မရှုမဆင်ခြင် သတိမေ့ကာ ဆေးဝါးဓာတ် စာကောင်း ရရာ ရကြောင်းနောက်သို့ တကောက်ကောက် လိုက်မှား မနေမိကြရန် တရားနှင့် ပျော်မွေ့ရန် အချိန်ကုန်ခံ၍ ချမ်းသာမှု မဟုတ်ကြောင်း အသိဉာဏ် ပေး၍ နည်းမှန်လမ်းမှန်သော လမ်း ကြောင်းပေါ် လျှောက်ရန် ညွှန်ပြပေးတော်မူသော ဘုရားရှင်၏ သမဏသုခ လက်နက်ကောင်း တစ်ပါး ဖြစ်သည်။

(၅) သာသနာတော် ၌မွေ့လျော်သည် ဖြစ်၍လည်း မြတ်သော အကျင့်ကို ကျင့်၍ နေတတ်သော အလေ့အကျင့် ရှိရမည်-တဲ့။

သမဏသုခတရား ငါးပါးတွင် ဤနောက်ဆုံး စကားတော်သည် ရဟန်းပြုနေကြသူတို့အတွက် အလွန်အရေးပါသောမိန့်ခွန်းတော်ဖြစ်သည်၊ ဘုရားရှင်အား ကျေးဇူး တင်စွာနှင့် နှမ်သက် မြတ်နိုးအပ်ပါပေသည်။

သဒ္ဓါ၍ ဘုရားရှင် သာသနာတော်တွင်းသို့ ဝင်ရောက်ပြီးရဟန်း သာမဏေ ပြုလာနေသူတို့သည် စင်စစ်မှာ အေးငြိမ်းစွာနေချင်ကြ၍ ဖြစ်သည်၊ လူတို့လောက အတွင်း ရဟန်း သာမဏေဘဝ ဆိုသည်မှာ အမှန် အေးချမ်း သာယာ၍ ဘေးရန် ကင်းရှင်းသော ဘုံပြည်လောကကြီး ဖြစ်သည်၊ (ငါ၏ဘဝသည် တကယ်အေးချမ်း သာယာသော သာသနာ့ဘုံပြည် မြေပြင်ကောင်းကြီးပေါ်သို့ အရတော်စွာ ရောက်ရှိနေခြင်း ဖြစ်တယ်၊ အခွင့်သာခိုက်အရတော်စွာ သတိရှိရှိနှင့် မွန်မြတ်သော တရားဘာဝနာ အလုပ်ဖြင့်ပျော်မွေ့နေသွားတော့မယ်) ဟူ၍ အမြင် ရှင်းရှင်းထား၊ စိတ်နှလုံးဖြူဖြူကြည်နှင့် ပျော်မွေ့ နေသွားကြရပါမည်။

ပစ္စည်းလေးပါး အတွက် ကြောင့်ကြမပြု၊ ရ-ရသမျှသော (သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး) ဖြင့် ဆွမ်းခံရာမှအပြန် အေးချမ်းငြိမ်သက်သော စိတ်နှလုံးထားကာ နေ့စဉ် ပုံမှန် အဖော်အပေါင်းတပည့် ဒကာတွေ သောင်းပြောင်းနှင့် ရောယှက်နေခြင်း မပြုမူ၍ဆွမ်းစားခြင်း ကိစ္စပြီးလျှင် တစ်ပါးတည်း အိပ်ရာခန်း၌ ခေတ္တအနား ယူရမည်၊ အစာကြောင့် ထိုင်းမှိုင်းခြင်းကို ပြေပျောက်စေရန်အတွက် ဖြစ်သည်။

ထို့နောက် ကိုယ်လက် သန့်စင်၍ စိတ်အာရုံ လန်းဆန်းစေကာတရားဘာဝနာဖြင့် ပျော်မွေ့နေရပါမည်၊ ဖြစ်နိုင်လျှင် တရားထိုင်သော ကမ္မဋ္ဌာန်းခန်း သီးသန့်ထားပါ၊ မပြည့်စုံနိုင်ပါမူ မိမိ၏အိပ်ရာ တိုက်ခန်းအတွင်း၌ ဖြစ်စေ၊ ဘုရား ရှိရာ အနီး၌ ဖြစ်စေဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းဖြင့် ပျော်မွေ့ရာနေရာအဖြစ် သတ်မှတ်၍ (နေ့စဉ်ပုံမှန် တရား ဘာဝနာ ပွားများရာနေရာ) ဟူ၍ တပည့် ဒကာတို့ပါအသိအမှတ်ပြုခြင်း ရှိစေကြရမည်။

## ဘာအရသာနှင့်မျှ မတူသော တရားအရသာ

တရား ဘာဝနာနှင့် ပျော်မွေ့ဖူးသော ပုဂ္ဂိုလ်များသာ လက်တွေ့သိရှိ ခံစားကြရဖူးပါမည်၊ လူ့လောကတွင် ပျော်မွေ့ဖွယ်ရာ ဟူသမျှ

တို့တွင် တရား အာရုံဖြင့် ပျော်မွေ့နေရခြင်းသည်သာ စိတ်အာရုံ ခံစားချက် အပျော်ဆုံး ဖြစ်သည်၊ ဤအရှင်သည် တောကြီး တောင်ကြီးတွေကို နှစ်သက် မြတ်နိုးစွာ နှစ်ပေါင်း ကြာမြင့်စွာ နေထိုင်ခြင်း ဖြစ်သည်၊ တရားဖြင့် စိတ်အာရုံ ပျော်မွေ့နေတတ်ခြင်း (ဓလေ့ကောင်း) အားကိုး ရှိသောကြောင့် ဖြစ်ပါသည်၊ ယင်းသို့ အားကိုးမရှိလျှင် ဘယ်သူမှနှစ်ကြာကြာပျော်မွေ့နိုင်ကြမည်မဟုတ်ပါ။

ဤအကြောင်း ပွင့်လင်းစွာ ဖော်ပြခြင်းသည် ကောင်းခေတ် ပုဂ္ဂိုလ်ငယ်များအား ကိုယ်တွေ့ စမ်းသပ် လေ့လာကြည့်ကြရန် နည်းပေးလိုသောကြောင့် ရေးသားခြင်းဖြစ်သည်။ လူတို့ ဘုံမြေ၌ ဖြစ်စေ၊ နတ်တို့ ဘုံမြေ၌ ဖြစ်စေ ပျော်မွေ့မှု-အာရုံခံသည် (စိတ် အာရုံ ပျော်မွေ့ခြင်း) ခံစားချက် ဖြစ်ကြောင်း နားလည်ကြရာ၏။

## သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ

ခပ်သိမ်းကုန်သော အရသာ ဟူသမျှတို့တွင် တရားတည်း ဟူသော အရသာသည်သာ အောင်နိုင်သည် ဟူ၍ ဘုရားရှင်က ဟောကြားတော်မူခဲ့သည်၊ ထိုစကားမှန်ကြောင်း သမာဓိ ရအောင် တရားဖြင့် ပျော်မွေ့ဖူးသော ရသေ့ ရဟန်း ပုဂ္ဂိုလ်မြတ်ကြီးတို့က သိမြင်ထားပြီး ဖြစ်ကြပါသည်။

## သာသနာတော်၌ မွေ့လျော်သည် ဖြစ်၍

မြတ်စွာဘုရားရှင်၏ (ရဟန်းဘဝ ချမ်းသာမှု ငါးပါးတွင်) နောက်ဆုံးစကားတော်က 'သာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်တတ်သော အလေ့အထ ရှိရမည်' ဆိုသည်မှာ အာရုံတစ်ပါးသို့ စိတ်မသွားစေဘဲ မိမိ၏စိတ်အာရုံကို မြတ်သော တရား အာရုံ၌သာ ပုံသေထား၍ ပျော်မွေ့နေပါ၊ ပျော်စ ရှိလျှင် ဇွပျော်ချင်နေပါလိမ့်မည်။

ဆင်းရဲမှု အမျိုးမျိုးဖြင့် ချုပ်ချယ်ခြင်း များသော လူတို့၏ လောကခံ ဘုံဓမ္မတာ အာရုံဆီသို့ မရောက်စေနှင့်၊ အာရုံငါးပါး ကာမဂုဏ်တရားဆိုတာ ပုထုဇဉ်တို့၏ စိတ်ကို အယောင်ဆောင်ထား သော ဆင်းရဲဒုက္ခ ပေးချက်တွေ ဖြစ်တယ်၊ (မောဟ) ဖုံးကွယ် ထား၍ ဆင်းရဲကို ချမ်းသာမှု ထင်ကြရတာပါ။

မောဟ ဖယ်လိုက်လျှင် ဆင်းရဲဒုက္ခ အတိပြီးပုံ၊ စက်ဆုပ်ရွံရှာ ဖွယ်တို့သာ အတိ ပြီးပုံကို ကွင်းကွင်းကွက်ကွက်ကြီး အရှင်းသား

## (၂) ဂန္ဓာရ နှင့် ဝေဒေဟ ရသေ့ကြီး (၂) ပါး ဝတ္ထု

### နည်းယူဖွယ်ကောင်းသော ဖြစ်ရပ်ထူးများ

ရှေးလွန်လေပြီးသောအခါ သူတော်ကောင်းဖြစ်ကြသော ပုဂ္ဂိုလ်မြတ်ကြီးတို့၏ ဆင်းရဲဒုက္ခကို မြင်အောင် ကြည့်နည်း-မြင်ပြီးလျှင် ထိုဆင်းရဲဒုက္ခကို လွတ်အောင် ရှောင်နည်း နှင့် ချမ်းသာအောင် နေထိုင်သွားကြပုံတို့သည် အလွန် နည်းယူဖွယ် ကောင်းသည်။

ချမ်းသာအောင် နေထိုင်ကြရာ၌ ကြောင့်ကြခြင်း၊ တောင့်တခြင်းကို လုံးဝ လွတ်ကင်းကြစေလျက် သူတော်ကောင်းစိတ် ရှင်းရှင်းထားကာ (သမထသုခဘာရား) နှင့် ချမ်းသာအောင် နေသွားခဲ့ကြပုံအကြောင်း ဖြစ်သည်၊ ထို့ကြောင့် စစ်မှန်သော (စိတ္တသုခ) ကို ရရှိကြ၍ ပျော်ရွှင်ချမ်းမြေ့စွာ သုခ ခံစားကြရသည်။

တရားအမြင်ဖြင့် ပျော်ရွှင်ချမ်းမြေ့မှု နည်းမှန်ကို ရရှိထားကြပြီးလျှင် မိမိတို့ ရရှိထားသော ချမ်းသာကြောင်း နေနည်းကို လက်မလွတ်စေမူ၍ တစ်သမတ်တည်း အသက်ရှည်သမျှ ကာလပတ်လုံး စိတ်အာရုံပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားလေ့ ရှိကြသည်။

### ကြောင့်ကြမှု- တောင့်တမှု- ပလိဗောဓပေ့မှုတွေ

'ချမ်းသာကြောင်း မြေပေါ်သို့ ရောက်ရှိပြီးသော ငါသည် ကြောင့်ကြမှု- တောင့်တမှု- ပလိဗောဓ ပေ့မှုတို့ဖြင့် အချိန်ကုန် မှားနေတတ်ကြသော ပုဂ္ဂိုလ်အချို့တို့ကို မြင်ခဲ့ရဖူး၏၊ ထိုပုဂ္ဂိုလ်တို့၏နည်းကို ငါ လိုက်နိုင်ပါ၊ ပစ္စုပ္ပန်-ဘမလွန် ချမ်းသာကြောင်း မဟုတ်သော (ကြောင့်ကြ၊ တောင့်တ) ပလိဗောဓရှုပ်ပေ့မှုတို့၏ နောက်သို့ တကောက်ကောက် လိုက်နေမိသောပုဂ္ဂိုလ် ဖြစ်နေခဲ့သော် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်မည် မဟုတ်၊ နောင်တမလွန် အတွက် ကောင်းကျိုးပါမည် မဟုတ်သော ဗာဟိရအလုပ်မျိုးကို စွန့်ခွာရမည်' ဟူ၍ အမြင်မှန်ကြည့်တတ်ရပေမည်။

မိမိ၏ကိုယ်ရေးကိုယ်တာ အတွက် ဖြစ်သော တရားကျင့်ခြင်းပါရမီ အလုပ်ကို မလစ်ဟင်းစေရန် မူချထားပြီး ရှိရမည်၊ ချထားပြီးမူကို တစ်သမတ်တည်း စိတ်ဝင်စားနေရန်သည် အဓိက တာဝန် ဖြစ်သည်၊ လေ့လာ၍ အားကျထိုက်သော (သာဓက) ကို ထုတ်ပြပါမည်။

## လူတို့အသက် (၉) သောင်းတမ်းကာလ ဂန္ဓာရမင်းကြီးဝတ္ထု

ရှေးလွန်လေပြီးသောအခါ လူတို့အသက် ကိုးသောင်းတမ်း ကာလ၌ ဂန္ဓာရတိုင်းကြီးကို အစိုးရတော်မူသော စိတ်ထားမြင့်မြတ်သည့် မင်းကြီးတစ်ပါး ရှိလေသည်။ ထိုမင်းကြီးသည် တိုင်းပြည်ကို အစွဲပြု၍ ဂန္ဓာရမင်းကြီး ဟူ၍ အမည် တွင်လေသည်။

ထိုမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းသူပြည်သား လူအများတို့ကို အုပ်ချုပ်လျက် မင်းပြုတော်မူသည်။ သူသည်ကား တိုင်းသူပြည်သား လူအများတို့နှင့် တကွ မှူးမတ် သေနာပတိ အကြီးအငယ် အားလုံးတို့ကို စုဝေးစေ၍ အစဉ်သဖြင့် တရား ဟောပြပေးကာ ဆိုဆုံးမလေ့ ရှိခြင်း ဖြစ်သည်။

ထို့ကြောင့် နန်းတွင်းရှိ မှူးမတ်တို့မှ စ၍ တိုင်းသူပြည်သား လူအများတို့က ဘုရင်မင်းမြတ်ကြီးကို ချစ်ကြောက် ရိုသေကြသည်၊ မိဘကဲ့သို့ ချစ်ခင်ကြသည်၊ လေးစားအပ်သော ကျေးဇူးရှင် ငယ် ဆရာကြီး တစ်ဦးကဲ့သို့ သဘော ထားကြသည်၊ မြတ်နိုးကြသည်၊ ကြည်ညို လေးစားကြသည် ဆို၏။

## လ- ပေပ်ဖမ်းခြင်းကို သံဝေမြင်၍

**အခါတစ်ပါး** တစ်ခုသော လပြည့်နေ့၌ ဂန္ဓာရ မင်းကြီးသည် ထုံးစံအတိုင်း (၇) ပါးသော သီလကို စောင့်သုံးလျက် အေးအေးစွာ နေသည်။ ညနေချမ်း အခါ မှူးမတ်တို့အား တရားဟောပြော ပြသ ဆုံးမဩဝါဒ ပေးမြဲအတိုင်း ဟောပြောနေစဉ် ပပ ဝင်းနေသော လရောင်သည် 'ပေပ်' ဖမ်းသောကြောင့် တစ်ခဏချင်း အရောင် မှေး မှိန်သော အဖြစ်သို့ ရောက်သွားလေသည်။ ထိုအခါ မင်းကြီးသည် 'ပေပ်' ဖမ်းခြင်း ခံနေရသော လပြည့်ဝန်းကို ကြည့်၍ သူ၏စိတ်တွင် များစွာ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်ပေါ်လာလေသည်။

'ဖြူဖွေးသော အရောင်နှင့် ပြည့်စုံနေသော လပြည့်ဝန်းသည် ပေပ်ကြောင့် တောက်ပသော အလင်းရောင် ပျောက်ကွယ်ရသကဲ့သို့ မှူးမတ်များနှင့်တကွသော တိုင်းသား ပြည်သူတို့အား အမြဲ ဟော ကြား၍ ဆုံးမ ဩဝါဒ ပေးလျက် ရှိသော ငါ၏ သူတော်ကောင်း တရားသည်လည်း မသူတော်တရား လွှမ်းမိုးမှုကြောင့် မှေးမှိန် ဆုတ်ယုတ် ရမည် ဆိုတဲ့ အကြောင်း လက္ခဏာ နိမိတ်ပြခြင်း ဖြစ်ပေလိမ့်မည်၊

ငါ၏ထီးနန်း ဟူသည်လည်း ကေန် ဆုတ်ယုတ်တော့မည့် အကြောင်း ငါ့အား သိစေရန် ကြိုတင်၍ အရိပ်နိမိတ် ပြခြင်း ဖြစ်ပေရာ၏' ဟူသော နှလုံးသွင်းဖြင့် ကြံဆသည်။

**စပါးကြီးမြွေကဲ့သို့ခွေ၍ မနေလို— အချိန်မဆိုင်း တောထွက်သွားသည်**

'ငါသည် ထီးနန်းစည်းစိမ် တည်းဟူသော လောကီလူတို့၏ ကာမဂုဏ်စည်းစိမ်၌ စပါးကြီးမြွေ အခွေမဖျက်ချင်၍ ကြာကြာကြီး အိပ်မောကျနေသကဲ့သို့ မေ့လျော့စွာ ထီးနန်းစည်းစိမ် ရိပ်မြုံတွင်း၌ ကြာကြာကြီး ခံစား စံစားရင်း လူအပေါင်းတို့အား တရား ဟော ကြား၍ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း' ဟူ၍ စိတ်အကြံ ဖြစ်၏။

'ဒုက္ခများသော လူတို့ဘောင်မှ လွတ်အောင် ရှောင်ကွင်းပြီး ဟိမဝန္တာသို့ ထွက်၍ ရသေ့ ရဟန်း ပြုမှတော်လိမ့်မည်'ဟူ၍ မြတ်သော နှလုံးသွင်းကာ တစ်ခဏချင်း ဆုံးဖြတ်ချက် ချကာ မူသေ ဖြစ်အောင် ချမှတ်လိုက်သည်။ ထိုမူကို စိတ်အားထက်သန်စွာဖြင့် ချက်ချင်းအကောင် အထည် ဖော်လိုက်သည်၊ ပရိသတ်ကား မင်းကြီး၏ ထက်သန်နေသော စိတ်အကြံကို မသိရှာကြသေးပါ။

ထို တစ်ခဏ အချိန်ပိုင်းတွင် တရားနာ ပရိသတ်တို့အား လူစု ခွဲကာ ကိုယ့်အိမ်ကိုယ် ပြန်စေပြီးလျှင် ဂန္ဓာရမင်းကြီးသည် နေ့ည မဆိုင်း အချိန်မဆိုင်းဘဲ စိုးစံမြဲ နန်းတော်မှ တစ်ကိုယ်တော်တည်း တောထွက်သွားလေသည်။ မှူးမတ်များ-နန်းတွင်းသူ နန်းတွင်းသား တို့မှစ၍ တိုင်းသူပြည်သားတို့သည် ရုတ်တရက် အံ့အားသင့်စွာ ကျန်ရစ် ခဲ့ကြရလေသည်။

## ငါက ဦးအောင်စွန့်ခဲ့ပြီ

ဂန္ဓာရ မင်းကြီးသည် ဟိမဝန္တာသို့ ရောက်လျှင် ငါ၏အကြံ အောင်ခဲ့ပြီ၊ ငါလွတ်ခဲ့ပြီ ဟူ၍ စိတ်ဝမ်း ကြည်နူးလျက် ဝမ်းသာရွှင်ပျ စွာနှင့် မိမိကိုယ်ကို ကျေနပ် အားရခြင်း ဖြစ်နေလေသည်။

သတ္တဝါသခ်ါရ-ပစ္စည်းသခ်ါရ-လူကမစွန့်လျှင် ပစ္စည်းက လူ ကို စွန့်ခွာသွားတတ်ကြတယ်၊ ပစ္စည်းတွေချန်ထားခဲ့ရပြီးလဲ လူက စွန့် ခွာသွားကြသူတွေ လူလောက၌ များစွာရှိကြတယ်၊ ယခုအခါ ငါသည် သတိ ဝိရိယ ရှိစွာဖြင့် ပစ္စည်းက မစွန့်ခွာသေးမီ ငါက ဦးအောင် စွန့်ခွာနိုင်ခဲ့ပြီးလျှင် သူတော်ကောင်း သူမြတ်လောင်းတို့၏ သတိရှိစွာ

အကြံပိုင်ခဲ့ခြင်း ဖြစ်သတည်း' ဟူ၍ ပြန်လည် သုံးသပ်ကာ ကျေနပ်အားရ ဖြစ်နေလေသည်။ ပြီးလျှင် ခေတ္တထိုင်ကာ လွတ်လပ်မှု၏ ဝမ်းမြောက်ခြင်း အရသာကို ခံစားနေလိုက်သည်။

ကျေနပ်အားရ၍ နှစ်သိမ့်ခြင်းပီတိကို ခံစားရင်း မျှော်ပိုက်လျက် 'ယခုအခါ ထီးနန်းကို စွန့်ခွာပြီး တိုင်းပြည်ကိုစွန့်ခဲ့ပြီ၊ နန်းတွင်းသူ နန်းတွင်းသား ဆွေမျိုးအများနှင့် ပြည်သူပြည်သား လူအများတို့ကို စွန့်ခွာ၍ လွတ်လပ်ခဲ့ပြီ၊ ငါရည်မှန်းချက် ထားခဲ့သော ရသေ့ရဟန်းပြုရန် အခွင့်ကောင်း ရခဲ့ပေပြီ' ဟူ၍ အမြင့် ရှိုက်စွာနှင့် အတိုင်းထက် အလွန် ဝမ်းမြောက်နေလေသည်။

ထက်သန်မြတ်နိုးသောစိတ်ဖြင့် ထိုခဏ၌ပင် မင်း၏ ဝတ်စားဆင်ယင်မှုကို ပယ်ခွာ၍ မြတ်သော ရသေ့ရဟန်း အသွင်သို့ ပြောင်းဝင်လိုက်သည်၊ ထိုအချိန်မှစ၍ ဂန္ဓာရမင်းကြီးဘဝမှ ဂန္ဓာရ ရသေ့ကြီးအဖြစ်သို့ ရောက်သွားလေသည်၊ စိတ်ကိုပိုင်နိုင်ပြီးသော သူတော်ကောင်းဖြစ်သောကြောင့် တောတောင်၌ ရ–ရသမျှသော သစ်သီး ကြီး ငယ်ကို အစာအာဟာရပြုလျက် ချမ်းမြေ့စွာ နေသွားလေတော့သည်။

### အတုယူအားကျသောကြောင့် ဝေဒေဟမင်းကြီး တောထွက်ခြင်း

ဂန္ဓာရတိုင်းနှင့် ပြည်ချင်း ဆက်စပ်နေသော ဝေဒေဟ တိုင်းပြည် ရှိသည်၊ ထိုပြည်၌ စိုးစံလျက်ရှိသော မင်းကြီးကိုလည်း ပြည်အမည်ကို အစွဲပြု၍ ဝေဒေဟမင်းကြီး ဟူ၍ ခေါ်တွင်ကြလေသည်။

တိုင်းပြည်ချင်း နီးစပ်နေသောကြောင့် တစ်ပြည်မှသတင်းများရှိလျှင် တစ်ပြည်က ကြားသိကြမြဲ ဖြစ်ပေသည်၊ ဝေဒေဟမင်းကြီးသည် 'ဂန္ဓာရမင်းကြီး ထီးနန်းစွန့်ခွာ၍ တောထွက်ကြွသွားပြီတဲ့' ဟူသော သတင်းစကားကို ကြားသိရသည်၊ ကြားသိလိုက်ရလျှင် များစွာ သတိသံဝေဂ ဖြစ်ပေါ်လာသည်၊ ထိုခဏချင်းမှာပင် အားကျစိတ်ဝင်ကာ အတုလိုက် တောထွက်ရန် အကြံပြုလေသည်။

'ဩော်....သတင်းစကား သိရပုံ ကောင်းပါဘိခြင်း၊ ငါ၏ အဆွေတော် ဂန္ဓာရ မင်းကြီးက ထီးနန်းစည်းစိမ်စွန့်ခွာပြီး တောထွက်၍ ရသေ့ရဟန်း ပြုသွားလေပြီ၊ သူကဲ့သို့ တရားနှင့်ပြည့်ပုံနေတဲ့ တရားရှင် မင်းမြတ်ကြီး တစ်ပါးပင်လျှင် တောထွက်နိုင်ပါသေးလျက်

ငါမူကား သတိမရ၊ သံဝေဂစိတ် မရှိယောင်တကား၊ ရှက်ဖွယ်ဖြစ်ချေပြီ၊ ယခုအချိန်ကား ကာမဂုဏ် ညွန်ဗွက်အတွင်း ထိုးနှန်း တည်းဟူသော နှောင်အိမ်ကြီးအထက်၌ နှစ်သက်မွေ့ပျော်၍ ရွံ့အိုင်တွင် လူးကာ လိမ့်ကာနေသော ကျွဲပမာ နစ်မွန်းနေရန် မသင့်တော့ပေရော၊ ကာမဂုဏ်စိတ်ကြောင့် သတိ မေ့နေသော်လဲ ငါ၏ ကိုယ်ခန္ဓာရုပ်တရားကား နေသွားသကဲ့သို့ မရပ်မနား အစဉ်တစိုက် ရွေ့လျား၍သာ သွားမြဲလမ်း သွားနေခြင်း ဖြစ်တယ်၊ တစ်နေ့ပြီးလျှင် သေရမည့်အချိန်ဆီသို့ နီးကပ်လာလေပြီ’ ဟူ၍ သတိသံဝေဂကို ဖြစ်စေသည်။

ထိုအချိန်ကား လူတို့၏ သက်တမ်းကာလသည် (သုံးသောင်းတမ်းကာလ) ဖြစ်၍ ယခုခေတ် ကာလနှင့်စာနာလျှင် အတော်ကြီးသက်တမ်း ရှည်လျားသော ကာလဖြစ်သည်၊ ဘုရားအလောင်းတော်မဟာဇနကမင်းကြီး ဖြစ်ရစဉ်ကာလ အချိန်သည် လူတို့၏အသက်တမ်းသောင်းတမ်း ဖြစ်သည်။

ထို့ကြောင့် သီပလီဒေဝီအမှူးပြုသော မိဖုရားမောင်းမပေါင်း (၇၀၀)တို့နှင့် ဘိုးဘေးတို့၏အမွေ ထီးနန်းစည်းစိမ်ကို ဆက်ခံ၍ စံစားနေခဲ့ကြသည်ကား နှစ်ပေါင်း ခုနစ်ထောင်(၇၀၀၀) ကြာခဲ့သည်၊ ကြွင်းကျန်နှစ်ပင် သံဝေမြင်၍ တောထွက်သွားပြီး မြောက်ဟိမဝန္တာတောကြီးအတွင်း၌ ရသေ့ရဟန်းပြု၍ ဗြဟ္မဝိဟာရတရားနှင့် ပျော်မွေ့ကာတစ်ကိုယ်တော်ထီးတည်း လူ့ရွာခရီးသို့ တစ်ကြိမ်တစ်ခါမျှ မလာတော့ဘဲ နေထိုင်သွားသည်ကား နှစ်ပေါင်း(၃၀၀၀) သုံးထောင်ကြာလေသည်။

## နှစ်ပေါင်းသုံးသောင်းကာလ သံဝေရှင်များ

ရှေးခေတ်၌ ပါရမီရှင်တို့၏ သတိသံဝေဂယူကြပုံကို မှန်းချော်၍ကြည့်မိသည်၊ ယခုခေတ်ကာလ လူတို့၏သက်တမ်းသည် မှီလောက်သာ အသက်ရှည်ကြသည်၊ မျက်စိတစ်မှိတ် လျှပ်စီးတစ်ချက် လက်သာလောက်မျှသာ သက်တမ်း ကာလ အလွန်တိုတောင်းကြသည်၊ ထိုသဘာဝကို သတိထားမိကြလျှင် ပို၍ သတိ သံဝေဂ ရထိုက်ပါသည်။

သူတော်ကောင်း စိတ်နှလုံး ထားနည်း ရင်ဝယ်ပိုက်၍ နေလာခဲ့ကြသော ရဟန်းပုဂ္ဂိုလ်မြတ်တို့နှင့် လူသူတော်ကောင်းတို့သည် မျက်မှောက်ခေတ်ကာလ၌ လူတွေ အလွန်တိုးပွားသော ဦးရေကို ကြည့်ရန်သံဝေဂ ရကြသည်၊ လူတွေ နေထိုင်ကြပုံကိုလည်း သတ္တဝါတွေ သတ်

ဖြစ်တ် ရောင်းချကာ အသက်မွေး ကြမ်းကြပုံ မြင်ရချက်မှာ ကြောက်လန့်ကြသည်၊ လူ၏ဘဝသို့ ခေတ္တ ရောက်လာရခိုက် ဟစ်ဝါဏာ အဘွင်းမကောင်းမှုတွေပြုကြ၍ နောင်ဘဝတို့၌ အပါယ်ငရဲ၌ ဆင်းရဲကြီးစွာ ခံရှာကြရဦးမည်ကို သိမြင်သောကြောင့် ထိုသူတို့အတွက် စိတ်တုန်လှုပ်မိကြသည်။

လူတွေပြောဆိုကြပုံ၊ ဝတ်စားဆင်ယင်ကြပုံတွေကို ကြည့်မြင်ရ၍လည်း နှစ်သက်ဖွယ်မရှိသော ယနေ့ခေတ်ကာလ၏ လူတို့ဘုံလောက ခရီးသည်များအတွက် သံဝေဂရဖွယ်တွေ ဟူ၍ ဆင်ခြင်မိကြသည်။

လူတို့၏ သင်္ကြံတမ်း သုံးသောင်းကာလ၌ မင်းပြုလျက် ရှိနေသော ဝေဒေဟမင်းကြီးသည် တိုင်းနီးချင်း အဆွေတော် ဂန္ဓာရမင်းကြီး ထီးနန်း တိုင်းပြည်စွန့်၍ တောထွက်ပြီး ရသေ့ရဟန်း ပြုသွားကြောင်း သတင်း ကြားရပြီးလျှင် အချိန်ကြာကြာ မဆိုင်းတော့ပါ၊ ငါလည်းအတုလိုက်၍ တောထွက်မည်ဟု ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

ဘဝအဆက်ဆက်၌ လူ့လောကကို သံဝေဂ အမြင်ဖြင့် ပိုင်နိုင်စွာ အကြိမ်ပေါင်းများစွာ ရှုမြင်လာခဲ့ပြီးသော ဘဝပါရမီနောက်ခံပါရှိသော သူတော်ကောင်း ဖြစ်သောကြောင့် ဆုံးဖြတ်လိုက်ပြီးလျှင် (အဝန်း ယူဇနာ သုံးရာကျယ်သော) ဝေဒေဟ ပြည်ကြီးကိုစွန့်၍ ရက်ကြာကြာ မနေနိုင်, အချိန်ကာလ မဆိုင်းပါ၊ ချက်ချင်း တောထွက်သွားလေသည်။

ချီးမွမ်းထိုက်သည်၊ အံ့ဩထိုက်သည် ဆိုရပါမည်၊ ယခင်က အချိန်အားလုံးတွင် ဗိုလ်ပါ ရံမက် သက်တော်စောင့်- ကိုယ်ရံတော်တွေ ခြံရံလျက်သာ နေလာခဲ့ကြသော ကေရာဇ်ဘုရင်ကြီးများ ဖြစ်ကြပါလျက် တကယ်သံဝေဂစိတ် ရင့်ကျက်၍ တောတွက်ကြသော အခါ အပေါင်းအဖော် လုံးဝမပါ၊ တစ်ကိုယ်တော်ထီးတည်း ဆင်အုပ်မှ ခွဲခွာ၍ ထွက်လာခဲ့သော ဆင်ပြောင်ကြီးကဲ့သို့ လွတ်လပ်စွာ ရဲရင့်ကြသည်။

ဟိမဝန္တာတောကြီးအတွင်းသို့ ရောက်လျှင် သင့်တော်မည် ထင်ရသော နေရာ၌ ကျောင်းသခမ်းတစ်ခု ကိုယ်တိုင် ဖန်တီး၍ ရသေ့ရဟန်းပြုကာ သူ၏ဘဝကို ချမ်းမြေ့အောင် နေထိုင်သွားလေသည်။

## ဂန္ဓာရနှင့် ဝေဒေဟ ရသေ့ကြီး (၂) ပါး

ဟိမဝန္တာတောကြီး အတွင်း၌ တိုင်းပြည်စွန့်ခွာ၍ တောထွက်လာကြသော သူတော်မြတ် (၂) ပါးတို့သည် တောတောင်၌ ရရာသော သစ်သီးကြီး ငယ်ကို အစာအာဟာရပြုလျက် ကြောင့်ကြမှု-တောင့်တမှု ကင်းစွာ နေကြသော အလေ့အထ ရှိဖူးကြ၍ တောတောင်၌ ကောစာရ နေထိုင်နည်း ကျွမ်းကျင်ကြသည် ဆိုရပါမည်။

ရက်လ အတန်ကြာလာသောအခါ တစ်တောဝင်- တစ်တောထွက်နှင့် သစ်သီး ကြီး ငယ် ရှာဖွေရင်း ရသေ့ကြီး (၂) ပါး တောတွင်း၌ တွေ့ဆုံကြသည်၊ ဝေဒေဟ မင်းရသေ့ကြီး နှင့် ဂန္ဓာရ မင်း ရသေ့ကြီး နှစ်ပါးတို့သည် တောတွင်း၌ တွေ့ဆုံကြ၍ အကြောင်း မှန်ကို သိကြချန် အပြန်အလှန် အကြောင်းစုံအောင် မေးမြန်းကြ, ပြောဆိုကြသည်။

ရှေးမင်း ဖြစ်စဉ်အခါတုန်းက အကျွမ်းဝင်ခဲ့ဖူးခြင်း မရှိခဲ့ကြသေးသော်လည်း ယခု ရသေ့ဘဝဖြင့် တွေ့ဆုံ၍ သိရှိကြသောအခါ သန့်ရှင်းသော မေတ္တာစိတ်ကြောင့် တစ်ခဏချင်း အကျွမ်းဝင်လာကြသည်၊ ထို့ကြောင့်—မဝေးကွာလှသော အရပ်၌ ကျောင်းသခ်မ်း ကိုယ်စီနှင့် နေသွားကြလေသည်။

မင်းဖြစ်နေကြစဉ်ကာလ၌ မကျွမ်းကြသော်လည်း တိုင်းနီးချင်း ဘဝတူ မင်း (၂) ပါး ဖြစ်ကြသည်ကို ပိုင်စွာ သိရှိကြပြီးသောအခါ အချင်းချင်း ချစ်ခင် လေးစားကြသည်၊ သံဝေဂမြင်ပုံကို ချီးကျူးကာ ရိုသေခြင်း အားကောင်းကြသည်။ နောက်မှ တောထွက်လာသော ဝေဒေဟ ရသေ့ကြီးက ရှေးဦးစွာ တောထွက်ခဲ့သော ဂန္ဓာရမင်း ရသေ့ကြီးကို ဆရာပြု၍ အဆုံးအမဩဝါဒကို ခံယူလိုက်နာသည်။ တောသစ်သီး ကြီး ငယ်ဖြင့် မျှတရောင့်ရဲစွာ မိမိတို့ဘဝကို ချမ်းသာအောင် နေသွားတတ်ကြသည်။

## ချဉ်ဆားမှိုဝဲရန် မြို့ရွာသို့ ခရီးထွက်ကြ

ဟိမဝန္တာတောကြီးအတွင်း၌ အချိန်ကြာမြင့်စွာနေခဲ့ကြပြီးလေသော် ကိုယ်ခန္ဓာ ကျန်းမာရေးအတွက် ချဉ်ဆားမှိုဝဲရန် အလို့ငှာ ဟိမဝန္တာမှထွက်ခဲ့ကြ၍ ရသေ့ကြီး ၂-ပါးတို့သည် အတူတကွပင်လျှင် လူတို့နေရာ မြို့ရွာဇနပုဒ်တို့သို့ ချဉ်းကပ်ကာ လှည့်လည်နေဆိုင်ကြသည်။

ထိုအချိန်ကား သက်တမ်း (သုံးသောင်း) ရှည်သောကာလ ဖြစ်နေသော်လည်း သာသနာပကာလဖြစ်သည်၊ ထိုကြောင့် မြို့ရွာတို့၌ ရဟန်း ပုဂ္ဂိုလ် တစ်ပါးကို ဖူးမြင်ရခဲ့ကြသည်၊ ရံဖန်ရံခါ ဟိမဝန္တာမှ ကြွလာတတ်ကြသော ရသေ့ ရဟန်းများ တွေ့ရမှ ဖူးမြင်ကြရသည်၊ ဟိမဝန္တာ ဂန္ဓမာဒနတောင်မှ ကြွလာကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကြွလာပါမှ ကံကောင်း ထောက်မသူတို့သာ ဖူးတွေ့ကြရသည်။

အဆိုပါ ရသေ့ကြီး ၂-ပါးတို့ ကြွရောက်လာသည်ကို ဖူးမြင်ကြရသောအခါ လူဒကာတို့သည် အထူး ဝမ်းသာကြသည်၊ လူတို့သည် သဒ္ဓါကြည်ညိုကြ၍ အရှင်မြတ်တို့အလိုရှိရာ မိန့်ကြားကြပါရန် မေးမြန်း လျှောက်ထားကြသည်။

မြို့ရွာအနီး ခေတ္တ သီတင်းသုံး တည်းခိုရန် ယာယီတဲကျောင်း ပေးလှူကြသည်၊ နံနက်စာ ယာဂုဆွမ်းကပ်၍ နေ့စာအတွက် ဆွမ်းနှင့် ဟင်းစုံ ဆက်ကပ်ကြသည်။ လူသူမနီးသော တောတောင်၌ အနေကြာ ကြသော ရသေ့ရဟန်းသူမြတ်တို့သည် လူတို့ရွာသို့ ချဉ်းကပ်ရောက်လာ ကြသောအခါမှ လူတို့စားမြဲဖြစ်သော (ဆွမ်း နှင့် ဟင်း) ချိုချဉ် ဘောဇဉ်တို့ကို သုံးဆောင်ကြရမြဲ ဖြစ်သည်။

## ဆားကလေးအတွက်နှင့် အပြစ်တင်ခံရ

မင်းဘ၀မှ လာခဲ့ကြသော ရသေ့ကြီး ၂-ပါးတို့သည် စိတ်တူ သဘောတူပင် ရွာနိဂုံးတို့သို့ အတူတကွ လှည့်လည်ကြသည်၊ တစ်ခုသော ရွာနိဂုံး၌ ခေတ္တ နေကြစဉ် တစ်နေ့တွင် ဒကာတို့က ပို့လှူကြသော ဘောဇဉ်မှာ ဆားများများ ပါလာခဲ့သည်၊ စားပြီးကြလျှင် ပိုလျှံ ကျန်နေသောဆားကို ဝေဒေဟရသေ့ကြီးက အလဟဿမဖြစ်ပါစေ လင့် ဟူ၍ ဖက်ကလေးနှင့်ထုပ်ပြီး တဲမိုးကြား၌ သိမ်းဆည်းထား လိုက်သည်။

နောက်နေ့၌ ဒကာတို့က ပို့လှူကြသော ဆွမ်းဘောဇဉ်တွင် ဆားမပါခဲ့ပေ။ ထိုအခါ အဆင်သင့်သလိုပင် ယခင်နေ့က သိမ်ထား မိသော ဆားထုပ်ကလေးကိုသတိရ၍ တဲမိုးကြားမှ ဆွဲယူကာ ဝေဒေဟ ရသေ့ကြီးက နှစ်ဖို့ခွဲ၍ ဂန္ဓာရ ရသေ့ကြီးအား တစ်ဖို့ကို ပေးလှူ လေသည်။

ထိုအခြင်းအရာကို မြင်ရလေလျှင် ဂန္ဓာရမင်း ရသေ့ကြီးက မကြိုက်ပါ၊ ဝေဒေဟရသေ့ကြီး၏ မရောင့်ရဲတတ်သော အလေ့အကျင့်ကို မနှစ်သက်သောကြောင့် ဤသို့ ဆုံးမစကားပြောလေသည်။

'ငါ့ရှင် ဝေဒေဟ.... ယနေ့လူကြသော စားဖွယ်တို့တွင် ဆားပါသည် မထင်မိပါ၊ ဤဆားတို့ကား အဘယ်မှ ဖြစ်ပေါ်လာကြသနည်း'

'အရှင်ဘုရား၊ တပည့်တော်သည် မနေ့က စားဖွယ်တွင် ကျန်နေသောကြောင့် တမိုးကြား၌ သိမ်းဆည်းထားသော ဆားအနည်းငယ်ဖြစ်ပါတယ်ဘုရား'

ဝေဒေဟ ရသေ့ကြီး၏အဖြေကို ကြားရလျှင် ဂန္ဓာရ ရသေ့ကြီးက ဤသို့ သတိသံဝေဂနှင့် ယှဉ်သော စကားကို မိန့်ကြား မြွက်ဆိုသည်။

'ငါ့ရှင်ဝေဒေဟ၊ သင်သည် ယူဇနာအဝန်း သုံးရာ ကျယ်သော ဝေဒေဟ တိုင်းပြည်ကြီးကို စွန့်လွှတ်၍ တောထွက်လာခဲ့ပြီးသော် ရသေ့ရဟန်းမြတ်ပြု၍ နေနိုင်ပါလျက်နှင့် ဘာမျှ အဖိုးမတန်သော ဆားကလေးကို ကြောင့်ကြစိုက်၍သိမ်းဆည်းခြင်းပြုနေရသေးသလော' ဟူ၍ ဆုံးမလေသည်။

ထိုဆုံးမသောစကားကို ကြားရလျှင် တရားရှင် ဖြစ်သော ဝေဒေဟရသေ့ကြီးသည် နှစ်သက်စွာ နာခံသည်၊ 'မှတ်လောက်သော သင်ခန်းစာကောင်းတခု ငါ့အဖို့ကား ရပေပြီ' ဟူ၍ ကျေးဇူးတင်နေမိသည်။

သို့သော် သူ့အဖို့ကိုလည်း သတိသံဝေဂရဖွယ် သိမြင်စေချင်စိတ်ဖြစ်ပေါ်၍ ဤသို့မှတ်သားလောက်သော စကားကို ပြန်ကြား လျှောက်ဆိုသည်—

'မှန်ပါသည်ဘုရား၊ အရှင်မြတ်တို့သည်လည်း လငပုပ်ဖမ်းသည်ကို မြင်၍ ကြီးစွာသော သတိသံဝေဂကိုဖြစ်ခဲ့ခြင်းကား မှန်မြတ်၍ နည်းယူထိုက်ပါပေ၏၊ ငါသည် လာမည့်ဘေးကို မြင်နေရပြီ၊ တိုင်းပြည်အုပ်ချုပ်၍ သူတစ်ပါးတို့အား မဆုံးမလိုတော့ပါ' ဟူသော ဆုံးဖြတ်ချက်ဖြင့် စိတ်ထားပိုင်ပိုင်နှင့် ဂန္ဓာရတိုင်းကြီးကို စွန့်ခွာ၍ လွတ်လွတ်ကျွတ်ကျွတ် တောထွက်လာခဲ့ပြီး ရသေ့ သူတော်ကောင်းကြီး ဖြစ်ပါ

လျက်နှင့် အကျွန်ုပ်တို့အား ဆုံးမတော်မူလိုပါသေးသလားဘုရား' ဟူ၍ ပြန်ကြား လျှောက်လေသည်။

ထိုအခါ စိတ်နှလုံး နူးညံ့ပြီးသော သူတော်ကောင်းကြီးများ ဖြစ်ကြသောကြောင့် မှန်သောစကားကို လက်ခံကာ 'ဩော်-ဟုတ်ပေ၏' ဟု ကျေနပ်စွာလက်ခံသည် ဆို၏။

ရသေ့ကြီး(၂)ပါးတို့သည် သူတော်ကောင်းအချင်းချင်း သတိသံဝေဂကို ဖြစ်စေကြပြီးလျှင် နေမြဲတိုင်းသော ဟိမဝန္တာတောကြီး၌ပင် ကျောင်းသခ်မ်းကိုယ်စီနှင့် နှောင်ဖွဲ့တတ်သော သံယောဇဉ် ကင်းရှင်းစွာ နေကြသည်၊ တောတောင်၌ ရရသမျှသော သစ်သီး, သစ်ဥတို့ဖြင့် ရောင့်ရဲခိုးခြံလျက် ဆိတ်ငြိမ်အေးချမ်းသော စိတ်အာရုံကို တည်ကြည်စွာထား၍ အသက်ရှည်သမျှကာလပတ်လုံး ဟိမဝန္တာ၌ ပျော်ပျော်ကြီး နေထိုင်သွားကြလေသည်။

စိတ်ချမ်းသာမှုကို ရှေးရှု၍ နေထိုင်တော်မူကြသော သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့ မည်သည် စားသောက်မှု၊ နေထိုင်မှုကိစ္စ၌ ကြောင့်ကြမကြီးကြပါ၊ သစ်ရွက်မိုးသော သခ်မ်းကျောင်းငယ်၌ ကျေနပ်စွာ နေ၍ အစားအစာကို ဆားမပါလဲစား- ပါလဲစား၊ ပူပူလဲစား- အေးအေးရလဲ စားသုံးလျက် မိမိတို့စိတ်ကို ချမ်းမြေ့စေကြသည်။

ဝမ်းအတွက်ဖြင့် ကြောင့်ကြတစိုက် ဒုက္ခရှာလေ့ရှိခြင်းကို မလိုလားကြပါ၊ ထို့ကြောင့် ဂန္ဓာရ ရသေ့ကြီးနှင့် ဝေဒေဟ ရသေ့ကြီးတို့၏ စကားသည် မှတ်သားထိုက်, လိုက်နာသင့်သော သူတော်ကောင်း ဩဝါဒမွန် ဖြစ်ပေသည်။

## (၃) နိဂမဝါသီ တိဿမထေရ်ဝတ္ထု

### ရောင့်ရဲလွယ်ခြင်းရှိ၍ မြတ်စွာဘုရား ချီးမွမ်းခံရသောပုဂ္ဂိုလ်

သူတော်ကောင်းတို့အကျင့်မြတ်တွင် ပစ္စည်းလေးပါးကို ရသမျှနှင့် တင်းတိမ်ရောင့်ရဲလွယ်တတ်သောစိတ်ကောင်းထားရှိခြင်းသည် ပေါ့ပါးသော စိတ်အကျင့်ဖြစ်၍ ချမ်းသာစေကြောင်း အကျင့်မြတ်တစ်ပါး ဖြစ်သည်။

ထို့ကြောင့် ထိုပေါ့ပါးသော စည်းကမ်းကြောင့် မြတ်စွာဘုရားရှင်က ချမ်းသာအောင် နေတတ်သော စိတ်ထားရှိသူ ဟူ၍ အထူးချီးမွမ်းတော်မူလေ့ ရှိသည်၊ စိတ်ချမ်းသာမှုကိုသာ ရှာကြံသော ပုဂ္ဂိုလ်မြတ်တို့အဖို့၌ ပစ္စည်း များခြင်းသည် ချမ်းသာကြောင်း မဟုတ်ပါ။

အဆောက်အအုံ ကြီးကျယ်ခြင်း– များပြားခြင်း သည်လည်း ချမ်းသာကြောင်း မဟုတ်ပါ၊ အောက်ဖော်ပြပါ မထေရ်မြတ်တစ်ပါး၏ အကြောင်းကို မှတ်ဖွယ်တစ်ရပ် အနေဖြင့် လေ့လာကြည့်ရပါမည်။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက သာဝတ္ထိပြည်၏ မနီးမဝေးသော နိဂုံးရွာ၌ မွေးဖွား၍ ကြီးပွားခြင်းသို့ရောက်သော အမျိုးသား တစ်ယောက်သည် မြတ်စွာဘုရားရှင် သာသနာတော်ကို သဒ္ဓါကြည်ညို၍ သံဃာ့တောင်သို့ ဝင်ရောက်ကာ ရဟန်းပြုလေသည်၊ သူ၏ ငယ်နာမည်မှာ တိဿ ဖြစ်သည်၊ ရဟန်းဘဝသို့ တက်ရောက်ပြီးသော အခါ အခြားသောပုဂ္ဂိုလ်တို့ကဲ့သို့ မြို့ကြီးများသို့ ကြွရောက်၍နေခြင်း မရှိပါ၊ အပျော်အပါးကိုလည်း ဝါသနာမပါ၊ အပေါင်းအဖော်ကို တွယ်တာခြင်း မရှိပါ။

သူ၏မွေးဖွားရာ တောရွာနိဂုံး၌သာလျှင် နိစ္စဓူဝ အမြဲအစွဲ နေလေ့ရှိသောကြောင့် လူ ရှင် ရဟန်း အများတို့က(နိဂမဝါသီတိဿ) မထေရ်ဟူ၍ အမည်တွင်အောင် ခေါ်ဆိုခြင်း ပြုကြသည်။

## ကောင်းခြင်းလေးချက်ရှိ၍

ထိုအရှင်တိဿမထေရ်၏ ချီးမွမ်းဖွယ်တို့ကား သူ၏စိတ် ပင်ကိုသဘာဝကိုက အသိနည်းသည်၊ တင်းတိမ်ရောင့်ရဲလွယ်တတ်သည်၊ ဆိတ်ငြိမ်ရာ၌ မွေ့ပျော်တတ်သော စိတ်ဆန္ဒ မူမှန် ရှိသည်။ တရားအကျင့်ကို အားထုတ်မှု၌ဖြစ်စေ၊ သေနာသနဝတ် ပြုရာ၌ ဖြစ်စေ အားထုတ်အပ်သော လုံ့လ–ဝီရိယကောင်း ရှိသည်၊ ထို မြတ်သော ဂုဏ်ကျေးဇူးသတင်းကောင်းတို့ကြောင့် သာသနာမြေလောက၌ အထူး ထင်ရှားကာ ရိုးရိုးကလေးနှင့် ကျော်စောလာသည်။

အရှင်တိဿမထေရ်၏ အခြားအလေ့တစ်ခုကား မြို့ကြီးမြို့ငယ်တို့၌ တစ်ကြိမ်တစ်ခါမျှ နေခြင်း မပြုဘဲ မိဘ ဆွေမျိုးသားချင်းတို့ရှိရာ တောကျေးလက် ရွာနိဂုံး၌သာလျှင် အမြဲနေ၍ ဆွမ်းအလို့ငှာ တောရွာနိဂုံး၌သာ အမြဲမပြတ် လှည့်လည်တော် မူလေ့ရှိသည်။

သာ၀တ္ထိမြို့မှ အနာထပိဏ်သူဌေးကြီး စသူတို့က အလှူကြီးတွေ ပေးလှူကြ၍ ပင့်ဖိတ်ကြသော်လည်းကောင်း၊ ပသေနဒီ ကောသလ မင်းကြီးက မဟာအသဒိသ အလှူဘော်ပွဲကြီးကို ပေးလှူရန် ပင့်ဖိတ် သော်လည်းကောင်း၊ သာ၀တ္ထိမြို့သို့ ကြွလာခြင်းမရှိပါ၊ နေမြဲတော ရွာ၌သာ ရရသမျှ ဆွမ်းခံလှည့်၍ စိတ်ချမ်းသာ ကြည်လင်စွာသာ အခြေမပျက် အနေမပျက် နေတော်မူလေ့ရှိသည်။

အချို့သော ရဟန်းတို့က ဤ နိဂမ၀ါသီတိဿမထေရ်သည် ထကြွလုံ့လဖြင့် လွန်စွာသော ဥဿာဟကိုဖြစ်စေ၍ အဆွေအမျိုးတို့ နှင့် ရောနှောယှက်တင် ဆက်ဆံလျက်နေပါတယ်၊ ဘုရား ကျောင်း ဒကာ သူဌေးကြီး, မင်းကြီးတို့က ကြီးစွာသော အလှူပွဲကြီးတွေ ပြု လုပ်ကြသည်ကိုပင် ကြွလာတော်မမူ၊ အရေးမယူ နေဟတ်လေစွ တကား ဟူ၍ ချီးမွမ်းခြင်းမဟုတ်သော ကဲ့ရဲ့ပြစ်တင်စကားကို ပြော ဆိုကြသည်၊ အချို့က မြတ်စွာဘုရားထံသို့ပင် ကြားလျှောက်ကြ သည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် တောရွာပျော် ထိုရဟန်းကို ခေါ်စေတော်မူ၍ အပြစ်ရှတတ်-ကဲ့ရဲ့တတ်သော ရဟန်းနှင့် အဘူတက္က များစွာသော ရဟန်းတို့ကို သိစေလိုသောကြောင့် ဤသို့ မေးတော် မူသည်—

‘တိဿရဟန်း၊ ဤသို့ ပြုဘိသောဟူသည် မှန်သလော’

‘ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ဆွေ မျိုးသားချင်းတို့နှင့် ရောနှော ဆက်ဆံနေထိုင်ခြင်း မရှိပါဘုရား၊ ဆွေမျိုးဖြစ်ကြသော ထိုလူဒါယကာတို့ကို အမှီပြု၍ မျှတရုံလောက် သော ဆွမ်းအာဟာရကို ရရှိပါတယ်၊ ကြမ်းတမ်းသည်မှုလည်း ဖြစ်စေ၊ မွန်မြတ်သည်မှုလည်းဖြစ်စေ မျှတလောက်သော ဆွမ်းကို ရရှိပြီးသော အခါ တစ်ဖန် ဆွမ်းအဟာရကို ရှာမှီးခြင်းဖြင့် တာအသုံးပြုမည်နည်း ဟူ၍ မသွားဘဲသာ နေပါတယ်၊ ဆွေမျိုးတို့နှင့် ရောနှောယှက်တင် ဆက်ဆံခြင်း ပြုနေတယ်ဆိုတာ မဟုတ်ရိုး မှန်ကြောင်းပါဘုရား’ ဟူ၍ ရိုးသားစွာ ဟုတ်တိုင်းမှန်ရာကို လျှောက်ကြားလေသည်။

မြတ်စွာဘုရားရှင်သည် တိဿရဟန်း၏ ပင်ကိုရိုးသားသော သဘောမှန်ကို မဆွကပင် သိတော်မူပြီး ဖြစ်၍၊ ပရိသတ်အား တရား

ဝင် စကားကို ကြားသိစေလိုသောကြောင့် မေးတော်မူရခြင်း ဖြစ်သည်၊ တိဿရဟန်း၏ လျှောက်ထားချက်ကို ကြားရလျှင်—

'ချစ်သားရဟန်း၊ နှစ်သက်ဖွယ်ကောင်းပေစွ' ဟူ၍ ကောင်းချီးပေးတော်မူ၏၊ ထို့နောက် ဆက်လက်၍....

## ငါဘုရားကဲ့သို့ကျင့်နေသူတည်း

'ချစ်သား နိဂမဝါသီ တိဿရဟန်း၊ သင်သည် ငါကဲ့သို့သော ဆရာကောင်း, ဆရာမြတ်ကို အမှီရ၍ အလိုနည်းသဖြင့် တင်းတိမ်ရောင့်ရဲလွယ်တတ်သော ရဟန်းကောင်း, ရဟန်းမြတ်တစ်ပါး ဖြစ်သည်ကား အံ့ဖွယ်မရှိသေးပါ၊ ဤကဲ့သို့အလိုနည်းစွာ ကျင့်၍ နေခြင်းသည် ငါဘုရား၏ အနွယ်-ငါဘုရား၏ ကျင့်ကြံ နေထိုင်နည်းမှန်အစဉ်အဆက် ဖြစ်ပေတယ်' ဟူ၍ မိန့်တော်မူလေ၏။

## အလောင်းတော် ကျေးသားဘဝတုန်းက

ရှေးသောအခါက ဘုရားရှင်၏ ဖြစ်တော်စဉ် အနွယ်အလာကို ကြားသိလိုပါကြောင်းနှင့် ရဟန်းတို့က တောင်းပန် လျှောက်ထားကြသည်ဖြစ်၍ အလောင်းတော် ကျေးသားငှက်ယေ် ဘဝတုန်းက ဖြစ်စဉ်အကြောင်းကို ပြန်ပြော၍ ဟောကြားတော်မူလေ၏၊ ဤတွင် အတိုချုပ် ဖော်ပြပါမည်။

ရှေးလွန်လေပြီးသောအခါ ငါတို့ ဘုရားအလောင်းတော်သည် တစ်ခုသောဘဝတွင် ကျေးငှက်မျိုး၌ဖြစ်၍ ရေသဖန်းပင်၌ နေခဲ့သည်။ ထိုဘဝတုန်းက အစာ၌ လော်လည်ခြင်း မရှိသည်ဖြစ်၍ ရောင့်ရဲလွယ်ကူစွာ ချမ်းသာအောင် နေခဲ့သည်။ အခြားသောအရပ်ဒေသသို့ အစာရှာရန် မသွားပါ၊ ရေသဖန်းပင်၌သာလျှင် အသီးအရွက် ရရာကို စား၍ နေသည်။

တစ်နေ့သ၌ သိကြားမင်းက လာရောက်၍ စမ်းသပ်သည်ကို တုန်လှုပ်ခြင်းမရှိပါ၊ အလေးမမူ ဂရုမပြု အေးဆေးစွာ ပုံမှန် နေမြဲတိုင်း နေခဲ့သည်၊ ထို့ကြောင့် နောက်ဆုံးတွင် ဘုရားလောင်း ကျေးမင်း၏ အစားအတွက် သိကြားမင်းက ကူညီ၍ ဖေးမပေးခဲ့ရသော အဖြစ်သို့ ရောက်ရလေသည်။

ဤသို့ ဖြစ်ရာဘဝတွင် ရောင့်ရဲလွယ်သော နေတတ်ခြင်း၏ ကောင်းမြတ်ပုံကို ဆောင်၍ ဟောကြားတော်မူလေ၏။ (အစားဖြင့် မရောင့်ရဲနိုင်၍ ဆင်းရဲခံရှာမှီးတတ်ကြသော လူအချို့၏အလေ့အကျင့်မျိုး၊ အဝတ်ဖြင့် မရောင့်ရဲနိုင်၍ ဆင်းရဲခံ ရှာမှီးတတ်ကြသော လူအချို့၏ အလေ့အကျင့်မျိုး မှီတဘ်ကြသော စိတ်ထားသည် ချမ်းသာကြောင်း မဟုတ်ပါ)။

## နိဂမဝါသိတိဿထေရ် ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော်၏ အဆုံး၌ သစ္စာလေးပါးကို ထင်စွာပြသောအခါ အလိုနည်း၍ ရောင့်ရဲလွယ်တတ်သော နိဂမဝါသိတိဿ မထေရ်သည် အလိုနည်းသောဘဝ နောက်ခံ စိတ်ရင်းကောင်း ပါရှိခြင်း၊ ရောင့်ရဲလွယ်တတ်မှုဖြင့် ချမ်းသာအောင် နေတတ်ခြင်းကို အကြောင်းရင်းခံ ကောင်းမြတ်ပုံကြောင့် အထူးမြင့်မြတ်သော သမဏသုခ အစစ် အဆင့်သို့ ရောက်ရှိသွားလေသည်။

တရားတော်ကို နာကြားနေစဉ် အထူး နှစ်သိမ့်ကြည်လင်သော စိတ်အာရုံမှ ကျေးဇူးပြု၍ ဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော် အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသတည်း။

သူတော်ကောင်းတို့အတွက် ရောင့်ရဲလွယ်တတ်သော အလေ့အကျင့်ရှိခြင်းသည် ဘဝဆက်တိုင်း ချမ်းသာမှုရောက်ကြောင်း ဖြစ်သည်ကို မှတ်ကြရာ၏။

### ဒေသနာတော်

အပ္ပမာဒ ရတော ဘိက္ခု၊
ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊
နိဗ္ဗာနဿေဝ သန္တိကေ။

အပ္ပမာဒ ရတော၊ မမေ့မလျော့ခြင်းဖြင့် အလွန် မွေ့လျော်ခြင်းရှိသော။ ပမာဒေ၊ မေ့လျော့ခြင်း၌။ ဘယဒဿိ ဝါ၊ ဘေးရန်ဟူ၍ ရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ သမထ,

ဝိပဿနာကြောင့် ချမ်းသာရကြောင်း မဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ အညဒတ္ထု၊ စင်စစ်သော်ကား။ နိဗ္ဗာနဿေဝ၊ ဒုက္ခခပ်သိမ်း ငြိမ်းရာမှန်သော နိဗ္ဗာန်ချမ်းသာနှင့်သာလျှင်။ သန္တိကေ၊ နီးသည်သာလျှင်တည်း။

## ၄။ ချမ်းသာအောင်နေနည်း

ရှေးခေတ် သာသနာပကာလ၌ ရသေ့တို့သည်- သာသနာတွင်းကာလ၌ ရဟန်းတို့သည် ချမ်းသာအောင် နေတတ်ကြသည်၊ ထို့ကြောင့် ချမ်းသာကြသည်၊ များစွာသော လူတို့သည် ရဟန်းအဖြစ်၌ ချမ်းသာကြောင်းကို မသိကြပါ၊ သိကြသော်လည်း မိမိတို့၏နေမြဲတိုင်းသော အိမ်ထောင်သားမယားနှင့်လူ၏ဘဝကို မစွန့်လွှတ်နိုင်ကြပါ၊အကြောင်းမှာ စိတ်အာရုံ၏ တွယ်တာမှု သံယောဇဉ် မဖြတ်နိုင်ကြသောကြောင့် ဖြစ်သည်။

အချို့သောလူတို့သည် သူတို့၏ ဘဝရပ်တည်နေကြပုံကို ကြည့်ရလျှင် တလုံလုံ သံပူမြေထဲ၌ ငရဲသားတို့ ခံနေကြရသကဲ့သို့ ပူလောင်မှုဘေးရန်- ဥပါဒါန် နှောင်ကြိုး အမျိုးမျိုးသော ရန်စွယ် အန္တရာယ်တွေ ပတ်ချာဝိုင်းလျက် မလှုပ်သာ မရှားသာအောင် ကြုံတွေ့ နေကြပုံ ကြားရ- မြင်ရ- သိရဖူး၏၊ ချမ်းသာဖွယ်, ပျော်မွေ့ဖွယ်ကို တစ်ကွက်မျှ ကြည့်၍ မမြင်နိုင်ပါ။

ထိုကဲ့သို့သော လူစားမျိုးကား ကာမဂုဏ်နယ်ပယ်၌ ဝဋ်ဇာတ်ကြီးမှုကြောင့် ဖြစ်တတ်ကြသည်၊ ကာမဂုဏ်နယ်သည် ကိလေသာပင် ဖြစ်၏၊ လူအချို့က စာပေလေ့လာမှု နည်းပါးကြ၍ ကာမဂုဏ်ကိုသာ ကိလေသာဟု ထင်မှတ်နေကြသည်၊ လောဘ ကိလေသာ၊ဒေါသ ကိလေသာ၊ မာန ကိလေသာ၊ ရာဂ ကိလေသာ၊ မောဟ ကိလေသာ တို့မှ တစ်ခုခု ပိုလွန်မှုကြောင့် ရန်စွယ် အန္တရာယ်တို့ ကြုံတွေ့ကြရခြင်း ဖြစ်သည်။

### အပူလွတ်အောင်ရှောင်နည်း

လူ့ဘဝတွင် အန္တရာယ် ပူလောင်ခံနေကြရခြင်း မြုံထဲမှ လွတ်ကင်းစေလိုကြလျှင် လွယ်ပါသည်။ ကိလေသာ ဝဋ်ဇာတ်ကို မိမိတို့၏ စိတ်အာရုံတွင် လွတ်မြောက်စေကြောင်း နိက္ခမစိတ်ဓာတ် ဝင်စေ၍ ဖြတ်ရာ၏၊ ဖြတ်၍ရလျှင် လွတ်မြောက်ပြီမှတ်ပါ။

ရုတ်တရက်အားဖြင့် စိတ်ဓာတ်ဝင်စားမှု အားနည်းနေသေးသော်လည်း တစ်ကြိမ်မှနှစ်ကြိမ် စိတ်ဓာတ် ရင့်ကျက်လာအောင် ကြိုးစား ရယူရမည်။

(ဥပမာ) ငါယောကျ်ား ဖြစ်တယ်၊ ပူလောင်မှုသံသရာမှ လွတ်အောင် ရုန်းထွက်မယ် ဟူသော စိတ်ဓာတ်ကို အားပေးဖြစ်စေ၍ ကြိုးစား ယူရမည်။

လောဘ ကြီးတတ်သော သူက လောဘကို ဖြတ်၍— ဒေါသ ကြီးတတ်သူက ဒေါသကို ဖြတ်၍- မာန ကြီးတတ်သူက မာနကိုဖြတ်၍— ရာဂကြီးတတ်သူက ရာဂကို တစ်စတစ်စ ဖြတ်၍ယူပါ၊ ရှေးက ရသေ့ရဟန်း သူတော်ကောင်းတို့သည် ကြုံတွေ့နေကြရသော ဒုက္ခမှ ရှောင်ထွက်ကြပုံကို ငါ နည်းယူမယ် ဟူ၍ အသံထွက် ဆိုပါ။

ရှေးခေတ်မှ ရသေ့ရဟန်းတို့ကဲ့သို့ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းတစ်ခုခုကို အတုယူ၍ ဖြစ်သောနည်းဖြင့် ဖြစ်အောင် ရှောင်ထွက်မည် ဟူသော စိတ်မြတ်ကို ထားရမည်။

အကယ်၍ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ တစ်ခုခု ခံစားနေရသူ ဖြစ်ခဲ့သော် ငါသည် တစ်ပါးသူတို့နှင့် မတူ၊ ရန်များသူတည်း၊ နှောင်ဖွဲ့ခြင်း များသူတည်း ဟူ၍ ပိုင်စွာသိတတ်သူ၊ မြင်တတ်သူဖြစ်လျှင် ငါ၏ အတိတ်ဘဝတို့က ပါရမီအခြေခံ ပါသူဖြစ်တယ် ဟူ၍ နားလည်ရမည်၊ မိမိ၏ ဆင်းရဲခံနေရပုံကိုသာ အမြင်မှန်ဖြင့် ကြည့်ယူပါ၊ ကြည့်တတ်၍ ပိုင်စွာမြင်လျှင် ရှေးဘဝတို့က သံဝေဂစိတ်ကောင်း ကိန်းအောင်းခဲ့ဖူးသူဖြစ်ကြောင်း မိမိဘာသာ သိမြင်လာလိမ့်မည်။

ထိုကဲ့သို့ မိမိ၌ဘေးရန်အန္တရာယ်ဒုက္ခ ရှိနေကြောင်း သိမြင်တတ်ပြီးသောသူသည် တစ်နေ့နေ့တွင် ဆင်းရဲစေကြောင်း ဖြစ်သော ထို အန္တရာယ် နှောင်ကြိုးကို လွတ်အောင် ဖြတ်ချိုးနိုင်သောသူ ဖြစ်လာလိမ့်မည် ယုံပါ။

## ကောင်းမှုယူတတ်ကြသူများ

'ငါနှယ်နော်၊ ဆင်းရဲ ကြီးလိုက်လေခြင်း၊ စိတ်ထား ပြတ်သားသော ရသေ့ရဟန်း သူတော်ကောင်းတို့ကဲ့သို့ လွတ်ရာလွတ်ကြောင်း ဘဝမြတ်ရောက်အောင်ကို မထွက်နိုင်သေး၊ သူတစ်ပါးတို့ကဲ့သို့ စိတ်

ချမ်းသာမှုရအောင် တရားနှင့်ပျော်မွေ့နေရန်ကိုလဲ အခွင့်မသာ၊ ရှေးရှေးသော ဘဝအဆက်ဆက်ကကုသိုလ်ပါရမီပြုခဲ့ဖူးသော အခြေခံ ရှိသူ ဖြစ်ရမယ်' ဟူ၍ တွေးဆ သိမြင်ခဲ့သော် လည်းကောင်း....

'အကယ်၍ ရုန်းထွက်၍မရနိုင်သလို စိတ်ဒုက္ခ ကိုယ်ဒုက္ခ တစ်ခုခုကို ကြုံတွေ့ခံစားနေရလျှင် ငါသည် သူတစ်ပါးတို့နှင့် အကျိုးပေးကံတူသူမဟုတ်ပါ၊ ရန်များသူဖြစ်တယ်' ဟူ၍ သိမြင်နေခဲ့သော် လည်းကောင်း....

'ရုန်းထွက်၍မရနိုင်အောင် သား သံယောဇဉ်၊ မယား သံယောဇဉ် စသော သံယောဇဉ်တွေ နှောင်ဖွဲ့ခြင်း များနေရသူ' ဖြစ်ခဲ့သော် လည်းကောင်း....

မိမိ၏ လက်ရှိ ဆင်းရဲခံနေရပုံကို စိတ်ထား ရှင်းရှင်းထား၍ အမြင်မှန်ရအောင် ကြည့်ရမည်၊ ဤသို့ မြင်အောင်ကြည့်တတ်သူဖြစ်လျှင် ငါ ပါရမီ ခေတ်ခံ ပါသူတည်း ဟူ၍ နားလည်ပါ၊ ထိုအခါ ဝမ်းမြောက်လာလိမ့်မည်။

မိမိ၌ အန္တရာယ်ဒုက္ခတွေ ရှိနေကြောင်း သိထားပြီးလေလျှင် အချို့သောလူတို့သည်- အချို့သော ရှေးသော့ရဟန်း သူတော်မြတ်ကို သည် သူတစ်ပါးအပေါ်၌ အပြစ်မမြင်၊ မိမိကိုယ်၌ ဝေဖန်ရှုကြည့်သည်၊ ဝေဖန်ချိန်စစ်၍ အမြတ်ထုတ်နည်းကို လမ်းကြောင်းရပြီး ကြံဆဘက်ကြသည်၊ မိမိဘဝကို ရှေ့နောက် ဝေဖန်၍ ငါသည် ဤဘဝ တော့ဖြင့် သမဏသုခတရားကို ရအောင် မယူနိုင်တော့ပါ၊ သို့ရာတွင် လူ၏ဘဝ ရနေခိုက်မှာ တတ်နိုင်သော နည်းကောင်းတော့ ရှိ၏ ဟူ၍ တစ်ပါးသော ပုဂ္ဂိုလ်တို့၏နည်းကို လိုက်ရန် ဆုံးဖြတ်ပါ။

အခြားသော သူတော်သူမြတ်တို့၏ နည်းတစ်မျိုး ဟူ၍ ဆိုရန်ရှိသော ပါရမီရှင်တို့ ပြုလုပ်သွားကြသော ဒါနလမ်းစဉ်၊ သီလလမ်းစဉ်ကို အားကျကာ ကြည်ညိုတတ်ရမည်၊ ကြည်ညိုတတ်လျှင် စိတ်ဇင်စားလာလိမ့်မည်၊ ထိုအခါ မိမိတတ်စွမ်းနိုင်ရာမှ စတင်၍ ဆွမ်းဒါနကိုသော် လည်းကောင်း၊ သင်္ကန်းဒါနကို သော်လည်းကောင်း၊ ကျောင်းဒါနကိုသော်လည်းကောင်း၊ ဆေးဝါးဒါနကိုသော် လည်းကောင်း၊ ရေတွင်း၊ ရေကန်၊ ရေချမ်းစင် စသော ဒါနကို သော်လည်းကောင်း ပေးလှူဖြစ်အောင် ကြိုးစားအားထုတ်ရမည်၊ ပေးလှူ ထောက်ပံ့ခြင်း

မြောက်လျှင် ငါပါရမီတစ်ခု အောင်ပြီ ဟူ၍ တစ်သက်လုံး ဝမ်းမြောက်နေရပါတော့မည်။

## ခေတ္တပါရမီဖြစ်စေရန်အကြံ

အချို့သောလူတို့သည် ဆရာကောင်းရှိကြ၍ ရနိုင်ခဲသောလူ၏ဘဝကို ရတုန်းရခိုက် အခါ– သာသနာတော်တွင်းနှင့်လည်း ကြုံကြိုက်တုန်း အခါကောင်းတွင် လက်လွှတ်ခံ၍ သူတော်သူမြတ်ဘဝကို ရစေမယ်၊ငါရအောင်ယူမယ်ဟူ၍အကြံပြုကြသည်၊ပါရမီအထုံပါစေရန် အတွက် ခေတ္တ (၇) ရက်ခန့်ဖြစ်စေ ဒုလ္လဘရဟန်း ဝတ်လေ့ ရှိကြသည်။

သာသနာ့ဘောင်ဝင်၍ ရဟန်းပြုပြီးလျှင်လည်း အကျိုးရှိအောင် ကမ္မဋ္ဌာန်းထိုင်နည်း သင်ယူကာ တရားအကျင့်နှင့် နေသွားဘတ်ကြသည်၊ ကောင်းမြတ်သော စိတ်အကြံ ဖြစ်ပေသည်။

အိမ်ထောင်သံယောဇဉ် မရှိသေးလျှင် မိဘကို ခွင့်တောင်း၍ဖြစ်စေ၊ အိမ်ထောင်ကျနေသူဖြစ်လျှင် ဇနီးမယားကို နားချကာ ခွင့်တောင်း၍ဖြစ်စေ ပါရမီအထုံ ရစေရန် ဒုလ္လဘရဟန်းပြုကာ တရားကျင့်ဘတ်ကြသည်၊ မြတ်သောပါရမီကို အရယူဘတ်ခြင်း ဖြစ်သည်။

အချို့သောသူတို့ကလည်း သားမယား သေဆုံး၍ ဖြစ်စေ၊ဇနီးမယားနှင့် ကွဲကွာနေ၍ ဖြစ်စေ၊ ရာထူးဂုဏ် လျှောကျခြင်း၊ စီးပွားယိုယွင်းပျက်ခြင်း၊ ဇာတာသက္ကရာဇ် ကိန်းမကောင်းခြင်း စသည်တို့ကြောင့် ဖြစ်စေ၊ ငါသည် ငယောကျ်ားပဲ– စိတ်ပျက်မနေဘူး၊ အရှုံးထဲမှ အမြတ်ထုတ်ယူမယ်ဟူသော စိတ်ဓာတ်ဖြင့် ခေတ္တ ရက်ပိုင်း–လပိုင်း ဖြစ်စေ ရသေ့ ရဟန်း ပြုဘတ်ကြသည်။

မည်သို့သော အကြောင်းရင်းနှင့်ဖြစ်စေ သူတော်သူမြတ်အဖြစ် ရဟန်းပြုခြင်းကား ကောင်းသော ပါရမီကို ဖြည့်စေခြင်း ဖြစ်၍ အမြတ်ရခြင်းဟု နားလည်စွာ ဝမ်းမြောက်ရမည်၊ အပေါင်းအသင်း ဆွေမျိုးမိတ်သင်္ဂဟတို့ကလည်း ချီးမွမ်းကာ အားပေးစကား ပြောကြရမည်၊ အားပေးခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ပံ့ကူညီခြင်း ပြုထိုက်သည်ဟု နားလည်ကြရမည်။

အကြောင်းမှာ–များစွာသောလူတို့သည် သားမယား သေဆုံးကြ၊ ကွဲကွာကြ၊ စီးပွားပျက်၊ ရာထူးလျှောကျခြင်းများ ကြုံတွေ့ကြရ

လျှင် သံဝေဂယူ၍ (ယတြာချေသည့်အနေဖြင့်) သာသနာ့ဘောင်ဝင်၍ ရသေ့ရဟန်း ပြုကြသူတို့ ရှိပါ၏၊ အလွန်နည်းပါးလှသည်၊ လူတစ်ရာလျှင် တစ်ယောက်မျှလောက်သာ ရှိမည် ထင်ရ၏။

ဒုက္ခတစ်ခုခုကြုံ၍ သံဝေဂယူကာ သူတော်သူမြတ်ဘောင်သို့ ဝင်ရောက်ခိုလှုံကာ ရသေ့ရဟန်း ပြုကြသူတို့ကား သူတို့၏ ရှေးရှေးသော ဘဝတို့က ပါရမီအဆက်၊ ပါရမီမျိုးစေ့အထုံ ပါရှိခဲ့ကြသောကြောင့် ဖြစ်သည်။ ပါရမီအထုံပါသူတို့က ချက်ခနဲ ဒုက္ခတစ်စုံတစ်ရာ ကြုံတွေ့ရလျှင် သူတော်ကောင်းဘဝသို့ တက်လှမ်းရန်သာ စိတ်ဝင်စားလာလေ့ ရှိကြသည်။

သူတော်ကောင်းဘဝနှင့် နေထိုင်ခဲ့ခြင်း ပါရမီနောက်ခံမပါကြသူတို့ကား မြင့်ရာမြတ်ရာကို စိတ်မဝင်စားကြပါ၊ ဒုက္ခကြုံရပြီဆိုလျှင် မူးယစ် သောက်စားခြင်း၊ မှိုင်တွေကာ အချိန်ဖြုန်းခြင်း၊ အပျော်ကြူးခြင်းဘက်သို့သာ မိုက်မဲစွာ လှိမ့်ဆင်းသွားတတ်ကြပုံကို ဆုတ်ကပ်ခေတ်ကာလ၌ အများကြီး ကြားသိခဲ့ကြရသည်၊ အရှုံးကို အမြတ်မထုတ်တတ်ကြသူများ ဖြစ်သည်။

## အမြတ်ကို အရှုံးမရှိစေရန်

အရေးကြီးသည်ကား သူတော်သူမြတ်လောကဖြစ်သော သာသနာ့ဘောင် ဝင်ရောက်၍ ရသေ့ ရဟန်း ကိုရင်သာမဏေ ပြုပြီးလျှင် ကျင့်စဉ်ကိုသာ အကျိုးများအောင် ကြိုးစား၍ ကျင့်ကြံနေရမည်၊ စားကာ–အိပ်ကာနှင့် သက်န်းဝတ်ပြီး အကျင့်တရားကိုမလေးစားလျှင် အကျိုးမရှိဟူ၍ နားလည်ပါ၊ နေနိုင်သမျှဖြင့် တရားနှင့်နေသွားပါ၊ မြတ်သည် မှတ်ပါ။

သူတော်ကောင်းဘဝကို အရယူ၍ ရဟန်းသာမဏေ ပြုပြီးခါမှ စားကာ အိပ်ကာ သတိကင်းစွာနှင့် ရဟန်းကျင့်၊ သာမဏေကျင့်မရှိမူဘဲ ချွတ်ချော်တိမ်းပါးသော နေခြင်း ဖြစ်နေခဲ့သော်လည်းကောင်း၊ လူသာမန်တို့ကဲ့သို့သာ နေထိုင်လိုသော စိတ်ဝင်စားမှု များနေလျှင်သော်လည်းကောင်း မိမိ၏စိတ်ကို သဏှိရှိစွာ ပြုပြင်၍ ပြုပြင်၍ နေရာ၏၊ ဆရာသမားတို့၏ ဆုံးမစကားကိုလည်း လိုက်နာယူရာ၏။

အကယ်၍ မိမိ၏စိတ်ကို ပြုပြင်ပေးလျက် ကောင်းမွန်စွာ နေနိုင်ခြင်း မရှိခဲ့သော် သက်န်းဝတ်နေခြင်းဖြင့် အကျိုးမများတော့ပါဟူ၍ နားလည်ပါ၊ ကုသိုလ်မရ၊ အပြစ်သာ ကြီးနေတော့မည်ကို

သတိရှိစွာနှင့် ရဟန်းဝတ်၊ သာမဏေဝတ်နှင့် မနေအပ်တော့ပါ၊ သန့်သန့် ရှင်းရှင်း လူဝတ်နှင့်သာနေ၍ အများနည်းတူ ပုထုဇဉ်အိမ်ထောင်ရှင် လောကဌ် ကျင်လည်နေခြင်းသာ ကောင်းမည်ဟူ၍ နားလည်ပါ။

## ပြုပြင်ချင်လျှင်ဖြစ်၏

အကောင်းဘက်ရောက်အောင် ပြုပြင်ချင်လျှင် မခက်ပါ၊ ပေါ့လျော့စွာ နေထိုင်ချင်တတ်သော စိတ်ကို ထက်မြက်စေရမည်၊ လူကြည်ညို ရှင်ကြည်ညို ဖြစ်လာအောင် သတိဖြင့်နေပါ၊ ရဟန်းဝတ်ထားလျှင် ရဟန်းပီပီ နေခြင်းဖြင့် မိမိ-သူတစ်ပါး အကျိုးများစေသည်၊ မလျော့သော စိတ်ဓာတ်ဝီရိယဖြင့် သေနာသန ဝေယျာဝစ္စအလုပ်ဟူ ဂန္ထ အခါမလပ် ပြုလုပ်နေပါက သက်နှံးဝတ်နှင့်နေရကျိုး နပ်သည် မှတ်ပါ။

သတိပြုရန်မှာ— ရသေ့ ရဟန်း သာမဏေပြုခြင်း အလုပ်ကား မိမိ၏စိတ်ဆန္ဒအတိုင်း ပြုလုပ်လာခဲ့ခြင်း ဖြစ်သည်၊ မပြုလျှင် မနေရ ဟူ၍ ဘယ်သူကမှ အတင်းအကျပ် ရိုက်ခိုင်းသောကြောင့် ပြုလုပ်လာခဲ့ခြင်း မဟုတ်သည်ကို ပြန်လှန် စဉ်းစားပါ။

လူတို့၏ဘဝကား မိမိတို့ကြိုက်သလို ဖန်းတီး၍ နေနိုင်ကြသည်။ ရသေ့ ရဟန်း သာမဏေ ပြုချင်ပြု၊ လူဝက်ကြောင်နှင့် နေချင်နေ။ အရေးကြီးသည်ကား မကောင်းမှု ဒုစရိုက် ပြု၍ အသက်မွေး ဝမ်းကျောင်းခြင်း မပြုမှားမိဖို့သာ လိုရင်း ဖြစ်၏။ လူ့ဘဝပြီး နောင်ဘဝတွင် အပါယ်ငရဲ ကျရောက်သွားမှာကို ကြောက်ဖို့ကောင်း၏။ သတိပြု ရှောင်ရမည်။

မကောင်းသော သံယောဇဉ်ကို ရှောင်ရမည်။ မကောင်းမှုနှင့် အသက်မွေးနေထိုင်သူဖြစ်လျှင် ဆွေမျိုးရင်းချာ သွေးသားရင်း ဖြစ်သော်လည်း သံယောဇဉ်မထားရာ၊ အကျွမ်းမဝင်ရာ၊ အကုသိုလ် ကူးစက်တတ်၏၊ 'ငါ၏ဘဝတွင် သန့်ရှင်းအောင် နေသွားမည်၊ သေပြီး နောက်ဘဝတွင် ကောင်းရာသုဂတိ ဘုံဘဝသို့သာ ရောက်ရစေမည်' ဟူ၍ ဆုံးဖြတ်ထားပါ။

လူ၏ဘဝရနေခိုက်တွင် လိုရင်းကားဤဘဝ, နောင်ဘဝ (၂)ဖြာ ကောင်းကျိုးပေးနိုင်မည့်အလုပ်ကို လုပ်၍ မိမိစိတ်ကို သန့်ရှင်းစွာထား ပါ၊ သူတစ်ပါးအပေါ် မနာလိုစိတ် ဝန်တိုစိတ် မရှိစေလျှင် မေတ္တာ ကရုဏာစိတ် အလိုလို ရရှိပြီးဖြစ်နေသည်ဟူ၍ နားလည်ပါ၊ ဤကား သူတော်ကောင်းတို့၏ ဤဘဝနှင့် နောင်ဘဝအတွက် ချမ်း သာအောင် နေနည်း ကောင်းမှုမှန်ဖြစ်သတည်း၊ မေတ္တာစိတ် တစ်မျိုး ဆည်းထား၍ နေရာ၏။

## (၅) သာကီဝင်မင်းမျိုး ရဟန်း (၇)ပါး

ရဟန်းဟူသည် ရှေးရှေးသော ဘဝဟောင်းတို့က ပါရမီအထုံ ပါရှိသောကြောင့် ရဟန်းကောင်း ရဟန်းမြတ်ကို လိုလားမြတ်နိုး စိတ် ဝင်စားလှယ်ခြင်း ဖြစ်သည်၊ ထို့ကြောင့် မိမိရရှိနေသော ရဟန်း့ဘို့ဝ ကို ဝမ်းမြောက်စွာ တရားနှင့် ပျော်နေကြရမည်။

### မရေတွက်နိုင်သော ဘဝသံသရာဒုက္ခ

အကြောင်းမှာ-မရေတွက်နိုင်သော ဘဝထိုထို၌ လူမဟုတ်သော သတ္တဝါဘဝမျိုး၌ မျောနေကြရသည်က များကြ၏။ ဘဝခရီးမှာ အခြားမရှိပါ၊ တစ်ခုသောဘဝချုပ်လျှင် နောင်ဘဝတစ်ခုသို့ ရှေ့နှင့် နောက် စပ်ကာဟပ်ကာ တစ်ဆက်တည်း ကိုယ်ခန္ဓာတည်ပြီး ဖြစ်သွား ကြရသည်၊ ဘဝဟောင်းပြီးလျှင် ဘဝသစ်သို့ ပြောင်းဝင်နေကြရမြဲဖြစ် သည်။ လူ၏ဘဝကို ရခဲကြောင်း ဘုရားရှင်က ဒုလ္လဘတရား ငါးပါး တွင် ဟောကြားခဲ့သည်။

အကယ်၍ လူ၏ဘဝကို ရပြန်ပါသော်လည်း သမ္မာဝါဒီအယူရှိ သော မိဘဆွေမျိုးကောင်းတို့နှင့် ကြုံကြိုက်ခဲ၏။ ကြုံကြိုက်ပြန်ပါသော် လည်း ဗုဒ္ဓသာသနာတော် ပွင့်လင်းသော ခေတ်အခါမျိုးနှင့်တိုက်ဆိုင်ခဲ့ ကြ၏၊ တိုက်ဆိုင်ပြန်ပါသော်လည်း ဆက်နွယ်နေကြသော ပတ်ဝန်း ကျင် သံယောဇဉ် အသိုင်းဝိုင်းတို့က သူတို့လိုချင်ရာ လူ့လောက၏ ကာမဂုဏ်-အာရုံနယ်ထဲသို့ ရစ်ပတ်ကာ ဆွဲဆောင် ယူသွားတတ်ကြ သည်။

ထို့ကြောင့် လူ့ဘဝရနေကြသော လူယောကျ်ား များစွာတို့ သည် ပတ်ဝန်းကျင်ကာမဂုဏ်-အာရုံနယ်တွင်းတို့ ရောက်သွားကြသည်၊

ပုထုဇဉ်မှန်သမျှတို့သည် ဘဝတိုင်း ဆက်တိုက်ထုံလာခဲ့ကြသော အိမ်ထောင် သားမယားနှင့် နေမြဲ ဘုံဗိမ္ဗာဘာထဲသို့သာ လွယ်လွယ်နှင့် စိတ်ပါဝင်စားလွယ်ကြသည်။ ဘုံဗိမ္ဗာလူ့လောကအတွင်း ဝင်ရောက်သွားမိပြီဆိုလျှင် ရွံ့သွန်တွင်းဆင်း၍ ရေစိမ်နေသောကျွဲကဲ့သို့ ကာမဂုဏ် အာရုံတွင်းမှထွက်ချင်စိတ် ပေါ်ဝင်းပါးသွားဘတ်ကြသည်။

သို့ရာတွင် ဘဝနောက်ခံ သံဝေဂတရား မြင်ဖူးသောပါရမီရှင် အနည်းငယ်တို့ကား သင်တုန်းဓားသွား၌ရှိသော ပျားရည်စက်ကို မက်မောမိသော ယင်ကောင်ငယ်ကဲ့သို့ အနည်းငယ်သော သာယာမှုရမှုကြောင့် များစွာသော ဒုက္ခတွေ ခံယူကြရကြောင်း ဆရာကောင်းတို့၏ ဟောတရားကို သတိရတတ်ကြသည်။ ထိုသူတို့ကား လူ့လောကမှ ရှောင်ထွက်၍ ရဟန်းဘောင် တက်ရောက်လာတတ်ကြသည်၊ ရဟန်းဘဝ ရောက်ရှိပြီးလျှင်လည်း လူ့လောကသို့ ပြန်လည်ခြင်းမရှိကြတော့ပါ၊ ဘဝဆုံးသည်အထိ ရဟန်းဝတ်နှင့်ပျော်မွေ့၍ နေသွားတတ်ကြသည်။

## သုခဝိဟာရတရား

မြတ်ဘုရားရှင်သည် အနုပိယမြို့ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် သုခဝိဟာရ- ချမ်းသာအောင်နေနည်း အကြောင်းကို ဟောကြားတော်မူသည်။ အထူးသဖြင့် ချမ်းသာစွာနေလေ့ရှိသော အရှင်ဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ရဟန်းတို့အား (ရဟန်းဘဝ၏ ချမ်းသာပုံ) ကို ဟောကြားတော်မူလေ၏။ ဘဒ္ဒိယမထေရ်၏အကြောင်းစုံကို ရှေ့တင် ဖော်ပြပါမည်။

## သာကီဝင် ရဟန်း (၇) ပါး

ဤတွင် သာကီဝင်မင်းမျိုးတို့မှ ဖြစ်ပေါ်လာကြသော ရဟန်း (၇) ပါးကို ဖော်ပြပါမည်။ အရှင်ကိမိလထေရ်၊ အရှင်အနုရုဒ္ဓါထေရ်၊ အရှင် ဘဂ္ဂုထေရ်၊ အရှင် ဥပါလိထေရ်၊ အရှင် အာနန္ဒာထေရ်၊ အရှင် ဒေဝဒတ္တနှင့် အရှင်ဘဒ္ဒိယမထေရ်တို့ (၇) ပါးသည် မင်းမျိုးမှချည်း ရဟန်းပြုလာကြသူတို့ ဖြစ်ကြသည်။ ထို့ကြောင့် မင်းညီမင်းသား ရဟန်း ပုဂ္ဂိုလ်များ ဟူ၍ ပြောလေ့ရှိကြသည်။

ထိုမထေရ်တို့သည် တစ်နေ့သ၌ ဥပါလိလျှင် ခြောက်ယောက်မြောက် ဖြစ်သော မင်းမျိုးမှ ရဟန်းပြုတော်မူလာကြသည်။ ရဟန်း

တို့၏ အစည်းအဝေး၌ ဘဒ္ဒိယမထေရ်ကား (၇) ယောက်မြောက် ရဟန်းပြုလာခဲ့သူ ဖြစ်သည်။

ထူးခြားချက်ကို ပြောမည်။ (၇)ပါးသောသာကီဝင် ထိုမထေရ်တို့တွင် အရှင်အာနန္ဒာမထေရ်ကား သောတာပန်ဖြစ်၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာ တင်ပွဲကြီး ဆင်ယင်နေဆဲအချိန်တွင် ရဟန္တာ ဖြစ်လာသည်။

အရှင်ဒေဝဒတ်ကား လောကီစျာန်ရထားသူ ဖြစ်သည်။ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဂ္ဂု၊ အရှင်ဥပါလိ၊ အရှင်ကိမိလနှင့် အရှင်ဘဒ္ဒိယ ဟူသော မထေရ်ငါးပါးတို့သည် အရဟတ္တဖိုလ်သို့တိုင် ရောက်တော်မူကြပြီး ဖြစ်ကြသည်။ ထိုငါးပါးတွင် အရှင်အနုရုဒ္ဓါမထေရ်အား ရှေးပါရမီ အခြေခံကြောင့် ထူးကဲစွာ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိတော်မူလေသည်။

## အရှင်ဘဒ္ဒိယ၏ ကိုယ်တွေ့ချမ်းသာ

ထူးခြားချက်ကို ပြောပါမည်။ အရှင်ဘဒ္ဒိယမထေရ်သည် ရဟန်းမပြုမီ ရှေးတစ်ချိန်ဆီတုန်းက မင်း၏စည်းစိမ်နှင့် ပျော်မွေ့နေစဉ်အခါတွင် များစွာကြောက်ရွံ့ခဲ့ရဖူး၏။ တစ်နေရာသို့ သွားရောက်မည် ကြံရွယ်လျှင် ရှေးဦးစွာ အစောင့်အရှောက်ကို ထားစေပြီးမှ သွားရသည်။ တစ်နေရာ၌ ခေတ္တ နေထိုင်စဉ်အချိန်တွင်လည်း အစောင့်အရှောက်ကို လုံခြုံစိတ်ချစေရန် ဝန်းကျင် ပတ်ရံ ချထားပြီးခါမှ နေရ၏။

သို့ရာတွင် စောင့်ကြပ်သူ ရဲမက်ဗိုလ်ပါများစွာကို အထပ်ထပ် ချထားပြီးခါမှ မြတ်သော ပြာသာဒ်အပြင်၌နေ၍ မြတ်သော အိပ်ရာညောင်စောင်း ပေါ်၌ လျောင်းစက်ရသော်လည်း စိတ် လုံခြုံခြင်း မရှိပါ၊ 'ငါ့အား အမှတ်မထင် မသိနိုင်သော ရန်သူတစ်စုံတစ်ယောက်သည် ရှောင်တခင်လာ၍ ရန်မူခြင်းပြုလေဦးမည်လော' ဟူ၍ ကြောက်လန့် တုန်လှုပ်ခြင်း ဖြစ်နေသေး၏။ ထိုမျှလောက်သော ကြောက်စိတ်ရှိခဲ့သည်။

## အဟော သုခံ- ဩော်.... ချမ်းသာလေစွ

လူ့လောက မင်းအဖြစ်မှ စွန့်ခွာ ထွက်ခွာ၍ ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်လေပြီးသော အခါ၌ကား အစောင့်အကြပ် မထားရပါ၊ မိမိတစ်ပါးတည်းပင်လျှင် သွားလိုရာသွား၊ နေလိုရာနေ၊

ဆိတ်ငြိမ်သော တောအရပ်၊ တောင်အရပ်စသည်တို့၌ နေသော်လည်း ကင်းသောဘေးရန်ရှိသည်၊ ကြောက်စိတ် မရှိတော့ပါ။

ဒေသမရွေး သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဣရိယာပုထ် လေးပါးတို့၌ ချမ်းသာစွာ သွားလာရင့် ရပေ၏၊ တစ်စုံ တစ်ရာကိုမျှ ကြောက်ခြင်း၊ လန့်ခြင်း မရှိရပါ၊ ဘယ်သို့သောရန်သူသည် ရန်မူလိမ့်မည်နည်း ဟူ၍လည်း တွေးတော ပူပန်ခြင်း မရှိပါ၊ စိတ် မသန့်ခြင်းလည်း မရှိတော့ပါ။

ဤသို့သော ကိုယ်စိတ် လွတ်လပ်ချမ်းသာစွာ နေရသော ချမ်း သာမှု သုခဝိဟာရမျိုးကို ယခုမှ လက်တွေ့ခံစားရသေး၏ ဟူ၍ ဘင်ခြင် မိပြီး ဝမ်းမြောက်ကြည်သာ ဖြစ်မိသည် ဆို၏။ ချမ်းသာမှုအစစ်သည် စိတ်ချမ်းသာမှုဖြစ်သည်ဆိုတာ လက်တွေ့ခံစားရလေသည်။

စိတ်၏ ချမ်းသာကြည်သာခြင်း အရသာကို လက်တွေ့ ခံစားရ သောအခါ– 'အဟောသုခံ– အဟောသုခံ– ဩော်...ချမ်းသာလေစွ၊ ဩော်.... ယခုမှသာ တကယ် ချမ်းသာခြင်းအရသာကို ခံစားရပေ၏ တကား' ဟူ၍ ဝမ်းမြောက်ကြည်သာလှသောကြောင့် သူတစ်ပါး ကြား သိအောင် ရှင်လန်းအားရစွာနှင့် ဥဒါန်းစကား ကျူးမှင့်လေသည်။

အရှင်ဘဒ္ဒိယမထေရ်၏ ကျူးရင့် ရွတ်ဆိုလိုက်သောအသံကို ထူး ဆန်းသော စကားကဲ့သို့ ကြားကြရ၍ အကြောင်းမှန်ကို မသိတတ် ကြသော ပုထုဇဉ် ရဟန်းအချို့က အထင်အမြင် လွဲမှားသွားနှင့်....

'အရှင်ဘဒ္ဒိယ မထေရ်သည် ဖွင့်ဟ၍ မပြောစကောင်းသော သူ၏ အရဟတ္တဖိုလ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းကို အသံထုက်ဆိုကာ ကြားသိစေပါတိတယ်–' ဟူ၍ မြတ်စွာဘုရား အရှင်ထံသို့ လျှောက်ကား ကြသည်။

မြတ်စွာဘုရားရှင်သည် အကြောင်းရင်းမှန်ကို ဉာဏ်တော်ဖြင့် သိမြင်တော်မူပြီး ဖြစ်၏။ သို့သော် အဖြေမှန်ကို ပေးလိုသောကြောင့် ပုထုဇဉ် ရဟန်းအချို့၏ လျှောက်ထားချက်ကို လက်ခံတော်မူပါသည်။ လက်ခံပြီးလျှင် ချမ်းသာမှု တရား အစစ်အမှန် လက်တွေ့ ခံစားနေရ သော အဖြစ်ကို ထိုလျှောက်ထားကြသော ပုထုဇဉ် ရဟန်းတို့အား သိစေတော်မူသည်။

ဘဒ္ဒိယမထေရ်၏ အသံထုတ်၍ ကျူးရင့် ရွတ်ဆိုလိုက်သော စကားကို အကြောင်းပြု၍ ရဟန်းပရိသတ်အား (သမဏသုခ) ရဟန်းဘဝ၏ ချမ်းသာစေသော တရားကို ဟောကြားတော်မူလေသည်။

ဆက်လက်၍ 'ငါ၏ချစ်သားရဟန်းများတို့၊ ဘဒ္ဒိယရဟန်းသည် ယခုအခါ၌သာလျှင် သူ၏ဘဝကို ချမ်းသာအောင် နေလေ့ရှိသည် မဟုတ်သေးပါ၊ ရှေးလွန်လေပြီးသော အခါကာလ၌လည်း ချမ်းသာစွာ နေလေ့ရှိခဲ့ဖူးသူပင် ဖြစ်ပေတယ်' ဟူ၍ မိန့်တော်မူကာ ဆိတ်ဆိတ် နေတော်မူ၏။

စကား အစဖော်ပြီးခါမှ ဆက်မပြောသော အကြောင်းအရာကို အလွန် ကြားချင်တတ်ကြသည်။ ဤကား လူတို့၏ ဓလေ့ဝါသနာ ပုံမှန်သဘော ဖြစ်သည်။

ဘုရားရှင်၏ ရှေ့တော်မှောက်၌ ရှိသေစွာ ထိုင်နေကြသော ရဟန်းတို့သည် ဘဒ္ဒိယရဟန်း၏ ရှေးအကြောင်းကို တွေးတောနေမိကြသည်။

အဘယ်မည်သောဘဝ၊ အဘယ်မည်သောကာလ၊ အဘယ်မည်သော ဒေသ၌ အဘယ်ကဲ့သို့သောနည်းဖြင့် ချမ်းသာအောင် နေခဲ့ဖူးလေသနည်း ဟူ၍ တွေးတောကြံဆလျက် ထိုင်နေကြသည်။ ရှေးအကြောင်းကို အလွန် ကြားနာလိုကြသည်။

ထို့ကြောင့် ဘဒ္ဒိယမထေရ်၏ ချမ်းသာအောင် နေခဲ့သော ရှေးအတိတ်က အကြောင်းကို ဟောကြားတော်မူရန် တောင်းပန် လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ဘဝတစ်ပါးဖြင့်ဖုံးလွှမ်းအပ်သော ရှေးအကြောင်းကို ထုတ်ဆောင်၍ ဟောကြားတော်မူလေသည်။

### ဘဒ္ဒိယမထေရ်၏ ချမ်းသာစွာနေလေ့ရှိသော ရှေးအတိတ်မှ လူတို့၏ကာမရိပ်မြုံကို ရှောင်ခြင်း ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလျက်ရှိစဉ် ငါတို့ဘုရားအလောင်းတော်သည် ဥဒိစ္စပုဏ္ဏား သူကြွယ် မျိုး၌ စိတ်ထား မြင့်မြတ် စင်ကြယ်သော လုလင် ဖြစ်လာသည်။

အရွယ်သို့ ရောက်သောအခါ- 'လူ၏ဘဝ၌ လူအများတို့ ပျော်မွေ့နေလေ့ရှိကြသော ပုထုဇဉ်ကြိုက် လူ၏ ကာမဂုဏ်ချမ်းသာ ဟူသည်ကား ကောင်းကျိုးပေးတတ်သည် မဟုတ်ပါ၊ ကြောက့်ကွင်းကို မမြင်တတ်၊ သားတစ်ကိုသာ ခုံမင်ခြင်း ကြီးသော လင်းတငှက်၏ စိတ် အာသာကဲ့သို့ တိုးဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိ၏လည်မျိုကို ကြိုး တန်းလန်း ချည်မိခြင်းသို့ ခံယူရပည် ဧကန် ဖြစ်မည်။

'ကြောင့်ကွင်း၌မိသော လင်းတငှက်သည် မုဆိုး၏လက်တွင်းသို့ ရောက်ရပြီး မရှုမလှ သတ်ဖြတ်ခြင်းခံရ၍ သေသွားရမြဲ ဖြစ်၏၊ ပုထုဇဉ် လူသားတို့၏ ကာမရမ္မက်ကို အာသာမက်မောခြင်းသည်လည်း ကြော့ ကွင်း မိကြသော ငှက်တို့နှင့်မခြား များသောဆင်းရဲခြင်းကို ခံကြရ တော့တယ်' ဟူ၍ ပုထုဇဉ်လူသားတို့ မက်မောနေလေ့ရှိကြသော အပြစ် ကို မြင်ကာ ပိုင်စွာ ဆင်ခြင်မိလေသည်။

## ကာမဆူးချုံ လူ့ရွာဘုံမှ ရှောင်၍

ထိုခေတ် ထိုအခါအလိုက် ရသေ့ရဟန်း အဖြစ်ကား ကင်းသော ဘေးရန် ရှိခြင်းကို မြင်သည်။ သားဘစ်ကို မပက်မောသော လင်းတငှက်သည် မုဆိုး၏ ကြော့ကွင်းကို မမိနိုင်သကဲ့သို့ ကာမရိပ်မြုံ လူလောကဓမ္မတာဘုံမှ ကြိုတင်ရှောင်ထွက်ခြင်းသည် စင်ကြယ်၍ လွတ် လပ်ခြင်း ရှိမည်၊ မြတ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် မြတ်သော ဘဝ၏ ချမ်းသာခြင်း ခံစားရမည်ကို မြင်သည်။

ထို့ကြောင့် အခြားသောလူတို့ကဲ့သို့ အိမ်ထောင်ပြု၍ သား မယား သိမ်းပိုက်ခြင်းမပြုတော့ဘဲ ဟိမဝန္တာသို့ ထွက်ခဲ့ပြီး စိတ်ကြိုက် ရသေ့ရဟန်းပြုလေသည်။ သူတော်သူမြတ်ဘဝအဖြစ် ရောက်ခဲ့ပြီးလျှင် ကမ္မဋ္ဌာန်းဘာဝနာနှင့် ပျော်မွေ့နေလေသည်။ ကမ္မဋ္ဌာန်းအလုပ်ခွင်၌ စိတ်ဝင်စားစွာ မယုတ်သော ဝီရိယရှိသောကြောင့် ခရီးရောက်သည်။ အချိန်မကြာမြင့်မီပင် စျာန်အဘိညာဉ် သမာပတ်ကို ရရှိလေသည်။

## အတူလိုက်လာကြသူ ရသေ့ ရဟန်း ငါးရာ

ထို့နောင်မှ ဘဒ္ဒိယမထေရ်၏ အလောင်းလျာစသော ပါရမီရှင် သူတော်သူမြတ်တို့သည် ဘုရားလောင်းကို အားကျပြီးလျှင် အတူလိုက်၍ ဟိမဝန္တာသို့ တောထွက်ကြသည်။ တောတွင်း၌ ရသေ့ရဟန်း ပြုလာ ကြသူတို့ကား (ငါးရာ) တိုင်တိုင် ရှိကြလေသည်။

အလုံးစုံသော ရသေ့မြတ် သူတော်ကောင်း ငါးရာတို့သည် ဘုရားလောင်း ရသေ့ကြီးကို အမှီ အားကိုးပြုကာ နေကြသည်။ ဘုရားလောင်း ဆရာရသေ့ကြီး၏ အဆုံးအမဖြင့် ဟည်၍ စိတ်အေး ချမ်းမြေ့စွာ နေကြသည်။ တရားအလုပ်ဖြင့်သာ ကိုယ်စိတ်ဆိတ်ငြိမ်သက်စွာ ပျော်မွေ့လျက် အချိန် အားလုံး ကုန်စေကြသည်။

တောတောင်၌ နှစ်ကာလ ရှည်ကြာစွာ နေထိုင်ကြပြီးလျှင် တစ်ခုသော နွေဥတု သာယာသောကာလ၌ ဟိမဝန္တာမှ ထွက်ခဲ့ကြ၍ ရသေ့ဆရာကြီးနှင့်တကွ ငါးရာကုန်သော ရသေ့သူတော်မြတ်တို့သည် မိုးတွင်း လေးလကာလပတ်လုံး လူတို့နေထိုင်ရာ မြို့ရွာနိဂုံးတို့သို့ ဒေသစာရီ လှည့်လည်ကာ ခေတ္တအချိန်ပိုင်း သင့်လျော်ရာ၌ ရပ်နားကြသည်။ လူတို့ကပေးလှူကြသော ဆွမ်းခဲဖွယ် ဘောဇဉ်နှင့်တကွ (ချဉ်နှင့်ဆား) များကို မှီ၍ စားသုံးကြရသည်။

## ဗြဟ္မဒတ်မင်းကြီးက ကြည်ညို၍

ရသေ့သူတော်စင်ငါးရာတို့သည် မြို့ရွာဇနပုဒ်တို့ကို အစဉ်သဖြင့် လှည့်လည်၍ ခရီးဆက်လာခဲ့ကြရာ ဗာရာဏသီမြို့တော်ကြီးသို့ ဆိုက်ရောက်သွားကြလေသော်၊ ကြည်ညိုဖွယ်ကောင်းသော ရသေ့မြတ်တို့၏ သမာဓိဂုဏ်နွေ တည်ငြိမ်စွာ ရှိကြပုံအကြောင်းကို မင်းကြီး ကြားသိရလေသည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ရသေ့မြတ် အားလုံးကို ပင့်ဆောင်စေ၍ သူ၏ မင်းဥယျာဉ်တွင်း၌ လျောက်ပတ်သော ယာယီကျောင်းသင်္ခမ်းများ ဖန်တီးစေပြီး ကောင်းမွန်စွာ ပြုစု လုပ်ကျွေးလျက် မိုးတွင်း လေးလပတ်လုံး သီတင်းသုံးကာ နေစေတော်မူလေသည်။

မိုးလကုန်ဆုံးသောအခါ ဟိမဝန္တာသို့ပြန်လည်၍ကြွရန်ကြံရွယ်ပြီးသောအခါ ဆွမ်းဒါယကာ ဖြစ်သော ဗြဟ္မဒတ်မင်းကြီးကို ယဉ်ကျေးမှုလူတို့၏ ဝတ္တရားအတိုင်း ပန်ကြားကြလေသည်။ မင်းကြီးက ဘုရားလောင်း ရသေ့ဆရာကြီးကို ဤသို့ လျှောက်ထားလေသည်။

'ဆရာကြီး ဖြစ်သော အရှင်မြတ်ဘုရား၊ တပည့်ဖြစ်ကြသော ရသေ့အများတို့က ပျို့ရွယ်ကြသေး၍ ဟိမဝန္တာတောတွင်း၌ နေထိုင်ခြင်းငှာ သင့်လျော်ကြပါတယ်၊ အရှင်ဘုရားတို့မှာတော့ အိုမင်းခဲ့ပြီဖြစ်၍ ဟိမဝန္တာ၌ နေထိုင်ခြင်းငှာ လျောက်ပတ်တော့မည် မထင်ပါ၊

ဤဥယျာဉ်၌သာလျှင် မပင်မပန်းသဖြင့် ကိုယ်စိတ်ချမ်းသာစွာ သီတင်းသုံးနေတော်မူပါဘုရား၊ အရှင်မြတ်ဘုရားတို့ နေထိုင်တော် မူသဖြင့် တပည့်တော် ဒါယကာတို့အားလည်း ဆယ်ပါးသော ကုသိုလ်ပုညအစုကို ပြုခွင့် ရနိုင်ပါမည်ဘုရား'

ဤသို့ တောင်းပန် လျှောက်ထားသောကြောင့် သက်ငယ်အတန်ငယ်ကြီးရင့်သော တပည့်ကြီးများ ထွက်ပြီနောက် ငါးရာသော ရသေ့တို့ကို အပ်နှံလိုက်ပြီးလျှင် ဟိမဝန္တာသို့ ကြွသွားကြစေလေသည်။ ဘုရားလောင်း ရသေ့ဆရာကြီးကား သက်ရှယ်အိုမင်းခဲ့ပြီဖြစ်သောကြောင့် မင်း၏ဥယျာဉ်တွင် ကျောင်းသခ်မ်း၌ ကျန်နေရစ်ခဲ့လေသည်။

## ရသေ့ငါးရာတို့၏ ခေါင်းဆောင်သူမြတ်

ငါးရာသောရသေ့အပေါင်းကို ကြီးမှူးအုပ်ချုပ်၍ ဟိမဝန္တာသို့ ကြွသွားလေသော တပည့်ရသေ့ကြီးကား မျက်နှာလှပခြင်းငှာ ထိုက်တန်သော အချည်အချင်း ရှိသူတည်း၊ မြင့်မြတ်သောစိတ်ထား ရှိသည်။ ထကြွလုံ့လဝီရိယနှင့်ပြည့်စုံသည်။ ထက်မြက်သော ရည်မှန်းချက်ရှိသည်။ စင်ကြယ်သော အကျင့်သီလနှင့် ပြည့်စုံသည်။ တည်ငြိမ် ရင့်ကျက်သော သမာဓိရှိသည်။ မိမိ၏ဘဝ ကျင်လည်မှုတွင်ခိုင်မာ၍ ရဲရင့်စွာ လောကဓံကို ကြံ့ကြံ့ခံပုံသော သတ္တိရှိသည်၊ မြော်မြင်နိုင်းဆ၍ မြင်နိုင်သောအသိဉာဏ်ရှိသည်။ ဤသို့ အရာရာ ပြည့်စုံကုံလုံသော ပုဂ္ဂိုလ်မြတ် ဖြစ်သည်။

ထို့ကြောင့် ဘုရားအလောင်း ရသေ့ဆရာကြီးနှင့် မခွဲခွာနား၊ အလားတူစွာ ငါးရာသော ရသေ့တပည့်တို့ကို တည်ငြိမ်အောင်ထိုဆုံးမလျက် မိတ်တူကိုယ်မျှ ငြိမ်သက်အေးချမ်း သာယာစွာ ဟိမဝန္တာ၌ ပျော်ပိုက်စွာ နေထိုင်ကြလေသည်။

## ★ တန်ခိုးကြီးသော မင်းအဖြစ်မှ လာခဲ့သူ

ခေါင်းဆောင်ဖြစ်သော ထိုရသေ့ဆရာကား တန်ခိုးကြီးမားသော မင်းကြီးတစ်ပါးအဖြစ်ကို စွန့်လွှတ်၍ ရသေ့ရဟန်း ပြုလာခဲ့သူဖြစ်သည်။ ရသေ့သူမြတ်ဘဝ ရောက်ပြီးလျှင် ကသိုဏ်းပရိကံကို ဝီရိယရှိရှိနှင့် ကြိုးစားအားထုတ်သောကြောင့် (၈) ပါးသော သမာပတ်ကို ရရှိထားပြီးသူဖြစ်သည်။

မိုးလကုန်ဆုံးသောအခါ တပည့် ရသေ့အပေါင်းတို့ကို စုဝေးစေ၍ ဤသို့ မှာကြားထားခဲ့ပြီး ခရီးထွက်ရန်ဆုံးဖြတ်လေသည်။

'ငါရှင်ရသေ့ တပည့်အများတို့-သင်တို့သည် ဤဟိမဝန္တာ၌ သာလျှင် မငြီးမငွေ့စေမူ၍ ကိုယ်စီ တရားအကျင့်ဖြင့် ပျော်မွေ့စွာ နေရစ်ကြပါဦးလော့၊ ငါမူကား ကျေးဇူးရှင် ဆရာရသေ့ကြီးကို ဖူးမြင်ခြင်းငှာ ခေတ္တခရီးထွက်ရပါဦးအံ့၊ သက်ရှယ်တော် အိုမင်းလေပြီးသော ကျေးဇူးရှင် ဆရာရသေ့မြတ်ကြီးအား ရှိခိုးကန်တော့၍ ပြန်လာခဲ့ပါမယ်' ဟူ၍ မှာကြားခဲ့ပြီးလျှင် တစ်ပါးတည်း ဗာရာဏသီပြည်သို့ ခရီးထွက်သွားလေသည်။

ဆရာရသေ့ကြီးထံသို့ ရောက်သွားလျှင် ရိုသေ လေးမြတ်စွာ ရှိခိုးကန်တော့သည်။ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း ကျေပွန်စွာ ပြုစုလုပ်ကျွေးလျက် နေထိုင်သည်။

တစ်နေ့သ၌ ဆရာရသေ့ကြီးအား ပြုနေကျ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုပေးပြီးလျှင် ဆရာကြီး၏ အနီးထံပါး၌ တစ်ခုသော သပေါ့ဖျာငယ်ကို ခင်း၍ ချစ်ခင်ခြင်း၊ ရင်းနှီးခြင်း ရှိသည့်အလျောက် အားနာရန် မလို၍ စိတ်ချစွာ လဲလျောင်းကာ အိပ်စက်နေလေသည်။

## ချမ်းသာစွာနေရကြောင်း ဥဒါန်းကျူး၍

ထိုအခိုက်တွင် ဗြဟ္မဒတ်မင်းကြီးသည် ဘုရားအလောင်းရသေ့ဆရာကြီးကို ဖူးမြော်ကန်တော့ရန် အလို့ငှာ မင်း၏ပရိသတ်တို့နှင့်တကွ ဥယျာဉ်တွင်းသို့ ထွက်ခဲ့ပြီးလျှင် ရသေ့ကြီး၏ ကျောင်းသခ်မ်းသို့ ရောက်လာလေ၏။ ဆရာရသေ့ကြီးကို ရှိခိုးကန်တော့ပြီးလျှင် တင့်အပ်လျောက်ပတ်သော နေရာ၌ ထိုင်နေလေသည်။

တပည့်ကြီးဖြစ်သော ရသေ့ညှော့သည်ကား မင်းကြီးကိုမြင်လျှင် လှုပ်ရှားခြင်းမရှိ၊ နေရာမှမထချေ၊ မည်သူအားမျှ အရေးမပြုအမှတ်မထားသကဲ့သို့ သပေါ့ဖျာပေါ်၌ လျောင်းစက်လျက်—

'အဟောသုခံ- သြော်....ချမ်းသာပေစွ၊ အဟော သုခံ-သြော်....ချမ်းသာစွာ နေထိုင်ခွင့် ရပေစွ' ဟူ၍ ဥဒါန်းစကားကို ပရိသတ်များကြားအောင် မြွက်ဆိုကျူးရင့်ကာ နေလေသည်။

မင်းကြီးသည် ထိုရသေ့၏ အမူအရာကို မကြိုက်ပါ၊ တစေ့တစောင်း ကြည့်ပြီးလျှင် 'ဤပုဂ္ဂိုလ်ကား ဘယ်သို့ သဘောလေနည်း၊ ငါကဲ့သို့သော မင်းကြီးတစ်ပါးကို မြင်လျက်ပင်လျှင် အလေးပမူ၊ ဂရုမထား ဘဝနောက်ခံပါ ကြမ်းသော စရိုက်၏အလိုသို့ လိုက်တတ်သောလူ့ပေါက်ပန်း၊ လူညံ့စိတ်မျိုး မွေးသူပင် ဖြစ်ယောင်တကား' ဟူ၍ မင်းပီပီ မာနသံမကင်းသော နှလုံးသွင်းဖြင့် အသံမထွက် စိတ်တွင်းက ပြစ်တင်လိုက်မိသည်။

ထို့နောက် နှလုံးမသာခြင်း ဖြစ်နေသောကြောင့် ဆိတ်ဆိတ်ပင် မနေနိုင်ရှာတော့ဘဲ ဘုရားအလောင်း ရသေ့ဆရာကြီးအား ရှေ့တွင် တိုင်ကြားသည့်အနေဖြင့် အသံထွက်လျှောက်ထားလိုက်သည်—

'အရှင်မြတ်ဘုရား....ဤရသေ့ကား အလိုရှိတိုင်းစား၍၊ အလိုရှိတိုင်း အိပ်စက်နေတတ်သူ ဖြစ်မည် ထင်ပါသည်၊ ဒါကြောင့် သူ့မှာ ချမ်းသာပေတယ်-ချမ်းသာပေတယ် ဆိုမြည်ကာ အိပ်ခြင်းအမှုကိုသာပြုနေပါကတား'- တဲ့။

ထိုအခါ ရသေ့ဆရာကြီး အဖြေကြားသည်—

'ဒကာတော်မင်းကြီး.... ဤသို့ မမှတ်လင့်၊ ဒကာတော်မင်းကြီး မှားလိမ့်မယ်၊ သူကား သာမန်ယောကျ်ားတစ်ယောက် မဟုတ်ပါ၊ ရှေးအခါတုန်းက အသင် ဒကာတော်မင်းကြီးကဲ့သို့ တိုင်းပြည်ကို ပိုင်စိုးအုပ်ချုပ်ခဲ့ရသော တန်ခိုးကြီးသည့် မင်းတစ်ပါးပင် ဖြစ်ခဲ့တယ်' ဟူ၍ မိန့်ကြားတော်မူလေသည်။

ထိုစကားကို ကြားရလျှင် တပည့်ရသေ့ကြီးသည် လျှောင်းရာမှထ၍ ထိုင်လျက် တရားဟောလိုသောကြောင့် ချက်ချင်း အဖြေပေးလေသည်။

'အို—ဒါယကာ....ငါသည် ရှေးလူဖြစ်သောကာလ၌ မင်းတို့၏ ခံစံလေ့ရှိကြသော ဘုရင်မင်း၏စည်းစိမ် အသရေဆိုတာတွေကို ခံစံခဲ့ဖူးပါ၏၊ သို့သော် ချမ်းသာမှုဆိုတဲ့အရသာ မတွေ့ခဲ့ပါ၊ များစွာသော လက်နက်ကိုင် အစောင့်အကြပ်တို့က ငါ့အား ဘေးမရောက်နိုင်စေရန် ငါ့ကို ဝိုင်းရံ၍ စောင့်ကြပ်ပေးနေကြရတယ်၊ သို့သော်လည်း ကြောက်စိတ် မကင်းရပါ၊ ယခု ဤအချိန်အခါကဲ့သို့သော စိတ်၏ချမ်းသာခြင်း မည်သည်ကို မရခဲ့စဖူးပါ။

'မင်းအဖြစ်ကို စွန့်ခွာခဲ့ပြီး တောထွက်၍ ရသေ့ရဟန်း ပြုလာသောအခါမှသာလျှင် ရသေ့ရဟန်းတို့၏ပူပန်ခြင်း၊ ကြောင့်ကြခြင်း မရှိ၊ စိတ်အေးချမ်းသာစွာနေရသော အဖြစ်ကို လက်တွေ့ ခံစားရပေပြီ၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်မှုကြောင့် စျာန်သမာပတ် ချမ်းသာကိုလည်းပဲ ရရှိပေပြီ၊ ယင်းသို့သော တကာယ် ချမ်းသာစစ်၊ ချမ်းသာမှန်၊ ချမ်းသာကောင်းကို လက်တွေ့ ခံစားခွင့်ရ၍ ဆင်ခြင်မိပြီး ကြည်သာဝမ်းမြောက်ဖြစ်ရသောကြောင့်—

'အဟော သုခံ-ဩော်....ချမ်းသာပေစွ၊ အဟော သုခံ-ဩော်.... ခုမှသာ တကာယ် စိတ်ချမ်းသာခြင်းရှိပေစွ' ဟု ဥဒါန်းကျူးမိခြင်းသာ ဖြစ်ပါတယ်' ဟူ၍ ဖြေကြားမိန့်ဆိုလေသည်။

ထိုအဖြေစကားကို ကြားရလျှင် အပြစ်တင် စောမိသော ဗြဟ္မဒတ်မင်းကြီးသည်လည်း စိတ်နှလုံးတွင် ဘဝင်ကျသွားလေသည်။ အပြစ်တင်မိသည်ကို ဝန်ချကာ တောင်းပန်သည်၊ သံဝေဂရခြင်းနှင့် တကွ ထိုရသေ့အားလည်း ချီးကျူးခြင်း ပြုလေသည်။

## ဘုရားလောင်းရသေ့ကြီး၏ ဟောတရား

ထိုနောက်ဘုရားလောင်းရသေ့ကြီးက ဗာရာဏသီမင်းကြီးအား အောက်ပါ ဒေသနာကို ဟောပြလေရာ အလွန်နှစ်သက်၍ ဝမ်းမြောက်သောစိတ် ဖြစ်ပေါ်လာသော ဟူ၏။

ယဥ္စ အညေ န ရက္ခန္တိ၊
ယော စ အညေ န ရက္ခတိ။
သ ဝေ ရာဇ သုခံ သေတိ၊
ကာမေသု အန ပေက္ခဝါ။

ရာဇ၊ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့ကို ကြည်ညိုလေးစား မြတ်နိုးလေ့ရှိသော ဒကာတော်မင်းမြတ်။ ယဥ္စ၊ အကြင်သူကိုလည်း။ အညေ၊ တစ်ပါးကုန်သောသူတို့က။ န ရက္ခန္တိ၊ စောင့်ရှောက်၍ မပေးကြရကုန်။ ယော စ၊ အကြင်သူကလည်း။ အညေ၊ တစ်ပါးသောသူတို့ကို။ န ရက္ခတိ၊ မစောင့်ရှောက်ရပါ။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာကာမတို့၌။ အနပေက္ခဝါ၊ ငဲ့ကွက်ခြင်းမရှိသောသူသည်။ ဝေ၊ အကယ်စင်စစ်အားဖြင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ-နေရလေသတည်း။

ဤ 'သုခံ သေတိ' ဟူသော ပါဠိ စကားသည် ချမ်းသာစွာ အိပ်ရ၏ ဟူသော မြတ်သော ဣရိယာပုတ်တစ်ပါးကို အဘိုးကား၍ ဟောလိုက်ခြင်း ဖြစ်သော်လည်း စင်စစ်မှာကား ဤသို့ သဘောရှိသော သူတော်ကောင်း ပုဂ္ဂိုလ်သည် ချမ်းသာစွာလည်း ရပ်၏၊ ချမ်းသာစွာလည်း ထိုင်ရ၏၊ ချမ်းသာစွာလည်း သွားရ၏၊ ချမ်းသာစွာလည်း စားရ၏။ ခပ်သိမ်းသော ဣရိယာပုတ်တို့၌ ချမ်းသာစွာ နေရကြောင်းကို ဟောကြားတော်မူလိုရင်း ဖြစ်သည်။

ထိုနှစ်မျိုးတို့တွင် လူချမ်းသာခေါ်ဆိုကြသော ကာမချမ်းသာမျိုးကား ချမ်းသာစစ် မဟုတ်ပါ၊ သားမယားရိပ်မြုံ ကာမထောင်အိမ်တွင် နှောင်ကြိုးတန်းလန်းရှိနေသော သတ္တဝါတစ်မျိုးသာ ဆိုရပါမည်။

ရသေ့ရဟန်းအဖြစ်၌ ရရှိသော ချမ်းသာမျိုးကား နှောင်ကြိုးကင်းလွတ်သောကြောင့် စစ်မှန်သောချမ်းသာ ဖြစ်သည်။

ဤတွင် ရသေ့ ဆိုရာ၌ ရှေးရှေးခေတ် သာသနာပကာလ၌ လူတို့ရွာရိမှ တောထောင်ထွက်၍ တရားအကျင့်မြတ်နှင့် ပျော်မွေ့နေလေ့ရှိကြသော ရသေ့မျိုးကို ပြောခြင်း ဖြစ်သည်။

မြန်မာပြည်၌ လွန်ခဲ့သောစစ်ကြီးမဖြစ်မီ မိုးညှင်းတောရ ဆရာတော်ကြီး ထင်ပေါ်၍ ကျော်ကြားနေချိန် ကာလတွင် ယောဂီဝတ်ရသေ့ထီး၊ ရသေ့မတွေ ပေါများအောင် ပေါ်ထွက်ခဲ့ဖူး၏။ လင်မယား အတူနေထိုင်ကြသော ရသေ့ ယောဂီတွေ ရှိကြောင်း တစ်ဆင့်စကား ပြောသံ ကြားရဖူး၏။ ဤစာအုပ်တွင် ရေးပါသော(ရသေ့ရဟန်း)တို့သည် အဆိုပါ မိုးညှင်း ရသေ့မျိုး မဟုတ်ပါ။

လူတို့ဘဝဆိုသည် ချမ်းသာအောင် နေတတ်ကြလျှင် ချမ်းသာပါသည်၊ မနေတတ်လျှင် မချမ်းသာကြပါ၊ မနေတတ်လျှင် ရဟန်းပင်ဖြစ်သော်လည်း ချမ်းသာလိမ့်မည် မဟုတ်ပါ။

ချမ်းသာချင်သောသူသည် တွယ်တာမှုကင်းရသည်။ တွယ်တာမှုကင်းအောင် နေတတ်ရသည်။ သို့ရာတွင် ကောင်းကျိုး ဖြစ်စေမည့် တွယ်တာမှုကား ရှိနိုင်သည်။

(ဥပမာ) ဆရာကောင်း မှီခိုအားထားရာ၊ တရားနှင့် ပျော်မွေ့နေထိုင်ရန် လျောက်ပတ်သော ဒေသစသည်မျိုး ဖြစ်လည်း။ မိမိ၏စိတ်

ချမ်းသာမှုကို ပျက်စီးစေမည့် တွယ်တာမှုဖြစ်စေ၊ သံယောဇဉ်ဖြစ်စေ မထားသင့်ပါ။ နေ့ညမဆိုင်း လွတ်အောင် ရှောင်ရမည်။

'ငါကား ကိုယ်၏အစွမ်းသတ္တိကို ဟုတ်မှန်တိုင်း သိသောသူ တည်း' ဟူ၍ မိမိစိတ်ကို တင်းပြီးလျှင် သတ္တိ ရှိနေရသည်။

သေးသိမ် ယုတ်ညံ့သော စိတ်၊ ဇွဲမရှိသော စိတ်၊ မကြာခဏ ပြောင်းလဲတတ်သော စိတ်မျိုးကို မရှိစေရ၊ အလေ့အကျင့် မပါစေရ၊ ဖျောက်ဖျက်ပစ်ရမည်။ ဖျောက်ဖန် များလျှင် ပျောက်လွင့်သွားလိမ့် မည်။

ယုတ်ညံ့သောစိတ် လွင့်ပျောက်သွားလျှင် စိတ်ထားမြတ် ကိန်း သော သူတော်ကောင်း ဖြစ်လာမည်။ ထိုအခါ မိမိ၏ခန္ဓာကိုယ်သည် လည်း ဓာတ်တော် ကိန်းဝပ်သော စေတီကဲ့သို့ ရှိခိုး ပူဇော်ထိုက်ပြီ ဖြစ်၍ လူသူအများ၏ လေးစားခြင်း, ပူဇော်ခြင်းကို ခံယူရသော အဖြစ်သို့ ရောက်လာလိမ့်မည်။

ဤတွင် လိုရင်းကို ပြောမည်။ ရဟန်းပြုချင်စိတ်ရှိ၍ ရဟန်းပြု လာခဲ့ပြီးလျှင် ရဟန်းကျင့်ဝတ်ကို လေးစားစွာနေပါ၊ လေးစားစွာ နေခြင်းသည် ချမ်းသာအောင် နေနည်း ဖြစ်သည်။

မိမိစိတ်ကို မပိုင်သောအချိန်ကလေးတွင် စကားပြောမကောင်း သူကို ရှောင်ရှားနေပါ။ စိတ်ထားမကောင်းသူကို မပေါင်းသင်းမိ ရန် သတိပြုပါ။

စိတ်ထားမကောင်းသူသည် မကောင်းသောစကားကို ပြော တတ်သည်။ အတွေးခေါင်တတ်သည်။ သူတစ်ပါးကို မကောင်းမြင် တတ်သည်။ မကောင်းသော ပြစ်တင်ခြင်း၊ မကောင်းသော ဝေဖန်ခြင်း ပြုတတ်သည်။ ထိုသူ၏ မကောင်း ပြောနေကျစကားသံကို မကြာ မကြာ ကြားနာနေရလျှင် မိမိ၏စိတ်ပါ မကြည်လင် ဖြစ်လာတတ် သည်။

## ကောင်းကွက်ကိုသာ ကြည့်ပါ

လူ၏ ဘဝ၌ လည်းကောင်း၊ ရဟန်းဘဝ၌ လည်းကောင်း ကောင်းကွက်ကိုသာ ကြည့်တတ်ရမည်။ ကောင်းကွက်ကိုသာမြင်တတ် ရမည်။ ထိုသို့ ကောင်းကွက်ကိုသာ ကြည့်တတ်သူသည် ကောင်းသော စကားကို ပြောလိမ့်မည်။ သူ၏ ကောင်းသောစကားကို ပတ်ဝန်း

ကျင်မှ ကြားကြသောကြောင့် ကြားရသူတို့ပါ စိတ်အာရုံ ကြည်လင်ခြင်း၊ ကျေးဇူး မြင်တတ်ခြင်း အလေ့အကျင့် ရလာကြမည်။

သူတော်ကောင်း သူမြတ်လောင်းတို့၏ ချမ်းသာစေသော နေနည်းသည် မိမိ၏စိတ်ကို သန့်ရှင်းစွာ ထားသည်။ သန့်ရှင်းနေသော စိတ်ကြောင့် မြတ်သော အမြော်အမြင်-မြတ်သော အတွေးအဆ-မြတ်သော ကြံရွယ်ချက် ဖြစ်ပေါ်နေမည်။

သူတော်မြတ်တို့ သဘာဝသည် စကားကောင်းကိုသာ ပြောကြသည်။ ပတ်ဝန်းကျင်မှ အပေါင်းအဖော်တို့သည် စကားကောင်းကို ကြားနာကြ၍ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်နေကြရမည်။ စိတ်ချမ်းသာလျှင် ကိုယ်ခန္ဓာပါ ချမ်းသာခြင်း၊ ကျန်းမာခြင်း ခံစားရမည်။

ထို့ကြောင့် 'ငါသည် ကောင်းကွက်ကိုသာ အစဉ်သဖြင့် ကြည့်မည်၊ ကောင်းသောစိတ်ကို ပုံမှန်ထားမည်၊ ကောင်းသောစကားကိုသာ ထာဝစဉ်ပြောမည်၊ ကောင်းသော အကျင့်၌သာ ပျော်မွေ့၍ နေထိုင်သွားမည်၊ ငါ၏လမ်းစဉ်ကို လူ့လောက၌ ပုံစံ နည်းကောင်း အဖြစ် ဥဒါန်းတွင် ကျန်ရစ်စေရမည်' ဟူ၍ မှချထားပြီး ဖြစ်နေရမည်။

## ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်

ဘုန်းကြီးတစ်ပါးတည်း တောတောင်တွင်း၌ နေလျက်ရှိသော အခါ ရှေးပျို့ရွယ်စဉ်က မိတ်ဆွေတို့နှင့် သူတော်ကောင်းစကား ဆွေးနွေးခဲ့ဖူးပုံကို အောက်မေ့မိတတ်သည်။ ထို့ကြောင့် စာသင်သားဘဝ တုန်းက ငယ်ပေါင်းမိတ်ဆွေကောင်းကြီး ဖြစ်သော အသိုပါ ခွင်မင် ရင်းနှီးခဲ့ကြဖူးသော ဦးနရိန္ဒကို ရံခါ ပြန်လည်၍ သတိရမိတတ်သည်။

သတိရလေတိုင်း ကြည်ညိုစိတ်, နှစ်သက်စိတ် ဝင်စားနေမိသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌ ထိုနယ်ဒေသအချို့၌ ရဟန်းပုဂ္ဂိုလ်များကို ဒုက္ခပေးသော စစ်ဘေးဒဏ်ကြောင့် သင်္ကန်းဝတ်ကို ချွတ်၍ လူဝတ်လဲသွားကြောင်း တစ်ဆင့်စကား ကြားသိရ၏။ မိတ်ဆွေကောင်း ဦးနရိန္ဒကြီးသည် လူဝတ်မလဲစေချင်ပါ၊ မူလကြံရွယ်ချက်ထားသော တောရကျောင်း၌ တရားနှင့် ပျော်မွေ့ခြင်းသာ အောင်မြင်ပါစေ ဟူ၍ စိတ်ထဲက ဆန္ဒဖြစ်ပေါ်နေမိသည်။

## သက်ရှယ်ရင့် ဆရာတော်ကြီး ဦးနရိန္ဒ၏ နည်းကောင်း

အဆိုပါ ဦးနရိန္ဒနှင့် ဘွဲ့အမည်တူသော အခြားဆရာတော်ကြီး တစ်ပါးကိုလည်း မှတ်မိနေပါသည်။ ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် တနယ် ပေါက်တောရွာမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးနရိန္ဒ ဖြစ်သည်။

ထိုဆရာတော်ကြီးကို ဦးစွာတွေ့ကြုံရသောအချိန်သည် ရှေးလွန် လေပြီးသော ဝံသာနုခေတ်ကြီး အရှိန်ကောင်းနေသော အချိန်၌ ဝံသာနုတရားပွဲကြီးတစ်ခုသို့ စည်းဝေးပွဲနှင့် ဟောပြောပွဲတက်ရန် ကြွ ရောက်လာစဉ် ကြုံကြိုက်၍ မိမိဇာတိ ငွေတွင်းကုန်းရွာ ကျောင်း၌ ဝတ် ကြီးဝတ်ငယ်ပြုစုလုပ်ကျွေးမှု ပြုလိုက်ရဖူး၏။ ထိုအခါ ဤအရှင်သည် မသင်သားဘဝ ရဟန်း ၂၀ ဝါရ ပျိုနုသောအချိန် ဖြစ်သည်။

## ပုဂ္ဂိုလ်မြတ်တို့၏ တစ်သက်ပန် မှတ်သားဖွယ်စကား

သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့၏ စိတ်ဘဝနှလုံးသွင်း မည် သည်မှာ နှုတ်ထွက်စကားကောင်းကို ထာဝစဉ် ပြောဆိုကြမြဲ ဖြစ် သည်။ တစ်သက်ပန်တွင် မှတ်သားလောက်သော စကားမြတ်၊ စကား ထူးကိုသာ မိန့်ဆိုတတ်ကြသည်။ သီတင်းသုံးဖော် ကျောင်းထိုင် ဘုန်း ကြီး အချင်းချင်း လက်ဖက်ရည်ဝိုင်း၌ စကားပြောဆိုနေကြခိုက်တွင် မိမိသည် ရဟန်းငယ်အဖြစ်နှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးရင်း ကြား နာမှတ်သားခွင့် ရခဲ့သည်။

'သာသနာတော် နောက်ပိုင်း ယခုလိုခေတ်အခါမှာ ရဟန်း ကျင့်ဝတ်ကို မလေးစားချင်သူ၊ ပေါ့ဆစွာနေချင်ကြသူ တို့က ပေါ့ဆ စွာပင် ပြောဆိုကြ-နေထိုင်ကြသော ပုဂ္ဂိုလ်အချို့ ရှိတတ်ကြောင်း၊ နေ့ တိုင်း ကြုံတွေ့ရ-မြင်နေရကြောင်း တစ်ဆင့်ပြောဆိုသံ ကြားသိနေရ ကြောင်း' နှင့် စပ်လျဉ်းသော ကြောင်းရာကို ဆွေးနွေး ပြောဆိုနေ ကြပုံ ကြားနာရသည်။ စိတ်ဝင်စား၍ အလေးပြု နားထောင်မိသည်။

ဆရာတော်ကြီး ဦးနရိန္ဒက အမိန့်ရှိပုံမှာ မှန်မြတ်လှပါဘိသည်။

'တပည့်တော် ကိုယ်တိုင် စိတ်ထားသဘောကို ပြောရလျှင် တော့ သူတစ်ပါးတို့၏ အနေအထိုင် အကျင့်အကြံ စိတ်နေစိတ်ထား ပေါ့ဆပုံ အပြစ်တွေကို မြင်ရ-တွေ့ရ၊ ကြားသိရသောအခါ မိမိ ကိုယ်ကို အပြစ်ကင်းအောင် နေသွားမယ်၊ သူတစ်ပါးတို့က အပြစ် ပြောစရာ၊ ကဲ့ရဲ့စရာ မရှိအောင် နေသွားမှာပဲလို့ အမြဲ နှလုံးပိုက်ထား တယ်ဘုရား'—တဲ့။

## လေပြင်းပြင်းတိုက်လေ ပုဆိုးမြဲမြဲဝတ်လေ

'ဒဏ္ဍာရီပုံပြင် ကျောင်းသုံးစာအုပ် ဖတ်စာထဲက နေနတ်သားနှင့် လေနတ်သား တန်ခိုးစွမ်းပြိုင်၍ ပြုကြသောအခါမှာ လေနတ်သားက လေပြင်းပြင်းတိုက်ခတ်လေ၊ ခရီးသွားသော ယောကျ်ားက ခါးဝတ်ပုဆိုးကို မြဲမြဲဝတ်ပြီး ခရီး တွင်တွင်ကြီး သွားပြလေတယ်ဆိုတဲ့ နည်းလိုပေါ့ဘုရား'

'သူတော်ကောင်း စိတ်နှလုံးကား ဆိုကာ အနေအထိုင် ပေါ့လျော့ကြတဲ့အကြောင်းတွေ ကြားရလေတိုင်း အရှင်ဘုရားတို့၊ တပည့်တော်တို့က မိမိတို့ကိုယ်စိတ်၌ ကျင့်ဝတ်သိက္ခာကို မြဲသည်ထက် မြဲအောင် ကျင့်ကြံနေသွားကြဖို့ပဲ လိုရင်း ဖြစ်ပါတယ်ဘုရား၊ အဲဒါ အမြင်မှန်ပါပဲဘုရား'-တဲ့။

အဆိုပါ ဆရာတော်ကြီး ဦးနရိန္ဒ၏ သတိပေးသော ဩဝါဒ စကားသည် တစ်သာသနာလုံးအတွက် အလွန် မှတ်သားထိုက်သော စကားကောင်း စကားမြတ်ဖြစ်သည်။ ထိုဩဝါဒစကား ကြားနာရ ချိန်မှစ၍ မိမိ၏စိတ်အာရုံတွင် ငါတို့အတွက် နေထိုင်ရန် နည်းကောင်း ရလိုက်ခြင်းပဲ ဖြစ်တယ်ဟူ၍ မကြာမကြာ သတိရကာ နားအာရုံတွင် ကြားယောင်နေမိသည်။

ထိုစကား မိန့်ကြားတော်မူစဉ်က အရပ်အမောင်း မြင့်မြင့်နှင့် တောင့်တင်း၍ အားခွန်ဗလကောင်းသော ရွှေဘိုနယ်သား လူထွားကြီး ဖြစ်သော ဆရာတော်ကြီး ဦးနရိန္ဒ၏ ဥပဓိရုပ်သွင်ကိုပါ မြင်ယောင် နေမိဆဲ ဖြစ်သည်။

ဤကား စိတ်ထားပုံ ရိုးရိုးဖြောင့်ဖြောင့်ထား၍ အနေအထိုင် ရိုးရိုးသားသား နေထိုင်ကြပြီး ရဟန်းကျင့်ဝတ်ကိုလည်း ရိုးသား ဖြောင့်မတ်စွာ ကျင့်ကြံနေထိုင် သီတင်းသုံး နေထိုင်လေ့ ရှိကြသော အညာမြေတစ်ခွင်မှ ရှေးခေတ် ဆရာတော်ကြီးတို့၏ ကြည်ညိုဖွယ်ရာ ပြောဆို နေထိုင်ကြပုံ နည်းကောင်း နည်းမွန်များပေတည်း။

## လူ့လောက၌ ထည်ဝါစွာ နေထိုင်နည်း

လူ့လောက၌ လူသားဖြစ်စေ၊ ရဟန်း, သာမဏေ ဖြစ်စေ (ထည်ဝါစွာ) နေထိုင်နည်း ဆိုသည်မှာ အပြစ်ကင်းသော နေထိုင်

နည်း ဖြစ်သည်။ အပြစ်ကင်းသော နေထိုင်နည်းသည် စိတ်သန့်ရှင်းစွာ ထားရန် ရိုးရိုးနေထိုင်ခြင်း ဖြစ်သည်။

မသေခင် အခိုက်အတန့်မျှ နေထိုင်ကြရသော လူ၏ဘဝခဏတာတွင် သူတစ်ပါးတို့၏ မျက်စိအမြင်၊ နားအကြားကြောင့် ကဲ့ရဲ့ခြင်း၊ ပြစ်တင်ခြင်း မခံရအောင် နေတတ်လျှင်၊ နေချင်စိတ်ရှိနေလျှင် အပြစ်ကင်းသူဟူ၍ မိမိကိုယ်ကို သိ၍ မိမိဘာသာ ပြန်၍ ကြည်ညိုကြလိမ့်မည်။ ထိုအခါ စိတ်ကြည်လင် ပျော်မွေ့ခြင်း ဖြစ်လာလိမ့်မည်။

နှုတ်အမူအရာဖြင့်-ကိုယ်အမူအရာဖြင့် သူတစ်ပါးတို့အား မထိခိုက်အောင်၊ မနစ်နာအောင် နှုတ်ဖြင့် ပြောမှားဆိုမှား မရှိခြင်း၊ ကိုယ်ဖြင့် (ကာယကံဖြင့်) မပြုမှားခြင်းသည် အပြစ်ကင်းသော နေနည်းကောင်း ဖြစ်သည်။ အပြစ်ကင်းသော နေထိုင်နည်းသည် မိမိ၏ စိတ်ကိုကြည်လင်စေသည်။ နေထိုင်ရ ပေါ့ပါးလွတ်လပ်စေသည်။

လူ့လောကၢ် ကာယကံ၊ ဝစီကံ အပြစ်မရှိလျှင်-လူတို့ထုံးစံ အချင်းချင်း ပြောဆိုရာ၌လည်း ရိုးသားပွင့်လင်းစွာ ပြောဆိုနေထိုင်သွားလျှင် အပြစ်ကင်း၍ ယဉ်ပါးစွာနေခြင်း အလိုလို ပတ်ဝန်းကျင်က မြင်ကြပါမည်၊ ချစ်ခင်လေးစားကြပုံ တွေ့ကြရပါလိမ့်မည်။

## ရှင်းရှင်းပြောမည်

ထိုကဲ့သို့ ရိုးရိုးဖြောင့်ဖြောင့် နေခြင်းသည် လူ့လောကမှ ကဲ့ရဲ့စရာ မရှိပါ၊ လူကဲ့ရဲ့ မခံရလျှင် အပြစ်ပရှိ၍ လုံခြုံနေပါပြီ၊ ထို့ကြောင့် လုံခြုံရေး တာဝန်ခံ မှုထမ်းရာထမ်းတို့ကလည်း စစ်ဆေး မေးမြန်းခြင်း၊ ဖမ်းဆီးခြင်း မခံရပါ။

ကာယကံဖြင့် သူတစ်ပါးတို့၏ ပစ္စည်းကို ခိုးယူခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ လိမ်လည်ယူခြင်း မရှိ၍ ပြစ်မှု မရှိသောကြောင့် ထောင်ချခံရခြင်း၊ လူဆိုးစာရင်း အသွင်းခံရခြင်းမရှိသဖြင့် ကိုယ်ရော စိတ်ရော လွတ်လပ်စွာ နေထိုင်ရ၏၊ ထိုသဘာဝကို (ယဉ်ပါးစွာ နေထိုင်ခြင်း) ဟူ၍ ပြောဆိုခြင်း ဖြစ်သည်။

## သန့်ရှင်းစွာနေခြင်း၏ ကျေးဇူး

လူ၏ဘဝကိုရာဟုန်းရခိုက် တစ်ဘဝတာအချိန်တွင် သက်တမ်းကုန်၍ သေသွားရသော်လည်း မကောင်းမှုဒုစရိုက် မပြုမှားသော

ကြောင့် တွေးတော ပူပန်စရာ မရှိပါ၊ ကြောက်မက်ဖွယ်ရာ ဆင်းရဲ ခံရချက် ကြီးသော ငရဲကြီး (၈) ထပ်သို့ မကျရောက်နိုင်ပါ၊ ပြိတ္တာ ဘဝသို့လည်း မရောက်နိုင်ပါ။ နွား-ကျဲ-ခွေး-ဝက်-ကြက်-ငှက်-မြွေ စသော တိရစ္ဆာန်ဘဝမျိုးသို့လည်း မဖြစ်နိုင်၊ မရောက်နိုင်ပါ။ မိမိ ပြုမိဖူးသော ဝစီကံ၊ ကာယကံ မသန့်မရှင်းခြင်းမရှိ၍ စိတ်ချရသည်။

အသိဉာဏ်ရှိသောလူ၏ဘဝ ရနေခိုက်တွင် စိတ်သန့်ရှင်းစွာ နေ ထိုင်သည်၊ နှုတ်ဝစီကံကို သန့်ရှင်းအောင် ဆင်ခြင်၍နေသည်။

ကာယကံမြောက် လက်ခြေဖြင့် သတ္တဝါကိုသတ်ခြင်း၊ ညှဉ်းဆဲ ခြင်း၊ သူတစ်ပါးဥစ္စာ ခိုးယူခြင်း၊ လိမ်လည်ယူခြင်း မရှိ၍ ကာယကံ စင်ကြယ်သည်။ ထို့ကြောင့် စိတ်ချရသည့် နေရာမှာလည်း ပျော်စရာ ဖြစ်၏။ သေရမှာလည်း ကြောက်စရာ မရှိတော့ပါ၊ နေရေး သေရေး အားလုံးစင်းလုံးချော လုံခြုံနေသောကြောင့် လူ၏ဘဝ၌ သန့်ရှင်းစွာ နေထိုင်ပြခြင်းကို (ထည်ဝါသော လူ့ဘဝရပ်တည်နေခြင်း)ဟူ၍ ခေါ် ဆိုကြသည်။

တစ်နည်းအားဖြင့် ထိုသူတော်ကောင်းတို့၏ လူ့ဘဝတစ်ဘဝတာ သည် သန့်ရှင်းစွာ နေသွားကြသော နည်းကောင်း လုပ်ငန်းမှန်များ ဟူ၍ သိမြင် နားလည်ကြရာ၏။

### ရိုးရိုးနေရုံဖြင့် အမြတ်ထုတ်နည်း

ဤတွင် ချမ်းမြေ့သော ဘဝနေနည်းကို ပြောမည်။ လူ၏ ဘဝ၌ ရပ်တည်နေရခိုက်ကာလ အချိန်ပိုင်းတွင် ပတ်ဝန်းကျင် အသိုင်း အဝိုင်းက ဆွဲဆောင်၍ဖြစ်စေ၊ မိမိ၏စိတ်ဝါသနာ နောက်ခံ ပါခဲ့၍ ဖြစ်စေ ဒုစရိုက်မှုကို မပြုမှားမိအောင် နေပါ၊ မပြုမှားသောကြောင့် လက်ရှိလူ၏ဘဝမှ သေလွန်ပြီး နောက်ဘဝတွင် အပါယ်လေးပါးသို့ မကျရောက်နိုင်ပါ၊ စိတ်ချချ နေသွားပါ။

အပါယ်လေးပါးသို့ မကျရောက်လျှင် သုဂတိဘုံဘဝတို့၌သာ လားရောက်ရမည် ကေန်ဖြစ်၏ဟူ၍ မှတ်ပါ၊ သုဂတိဘုံဘဝဆိုသည်မှာ ကိုယ်စိတ် (၂) ပါး ချမ်းသာစွာ နေနိုင်စွမ်း အကျိုးပေးကံ ပါပြီး သော လူကောင်းသူကောင်းဘဝမျိုးနှင့် ချမ်းသာခြင်း အားကောင်း သော နတ်ဘုံ၏ ဘဝ သမ္ပတ္တိကို ပြောခြင်း ဖြစ်သည်။

ရှောင်ရန် မခက်ပါ၊ လူ၏ဘဝကိုရနေခိုက်တွင် ကာယဒုစရိုက် သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးကို ရှောင်ကွင်းနေလျှင် စင်ကြယ်၍ ထည်ဝါသော လူကောင်းဖြစ်သည်။ လူကောင်းဖြစ်လျှင် လူ၏ချမ်းသာသော ဘဝမှန်၊ ဘဝကောင်းကို ငါရရှိနေခြင်းပင် ဖြစ်တယ်ဟူ၍ သိနေရမည်။

ကာယဒုစရိုက် (၃) ပါးကား— သက်ရှိသတ္တဝါကို သတ်ခြင်း– ပါဏာတိပါတကံ၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း– အဒိန္နာဒါနကံ၊ သူတစ်ပါးအိမ်ရာ ကျူးလွန်ခြင်း– ပြစ်မှားခြင်း– ကာမေသုမိစ္ဆာစာရကံကို ပြောခြင်း ဖြစ်သည်။

ဝစီဒုစရိုက် (လေးပါး) ကား— မဟုတ်မမှန်စကားကို လုပ်ကြံ၍ ပြောဆိုခြင်း၊ သူတစ်ပါးတို့ မချစ်ခင်အောင်၊ မုန်းတီးစေရန် ကုန်းတိုက်စကားမျိုး ပြောဆိုခြင်း၊ ကြားရသူတို့ နားမချမ်းသာအောင် ကြမ်းတမ်းသောစကား ပြောဆိုခြင်း၊ ဆဲဆိုကြိမ်းမောင်း အပြစ်တင်စကား ပြောတတ်ခြင်း၊သမ္ဖပ္ပလာပ– ကြားရသူ ကောင်းကျိုးမရှိ– သိမ်ဖျင်းသော စကားမျိုးကို အချိန်ကုန်ခံ၍ ပြောဆိုတတ်ခြင်းမျိုးတို့ဖြစ်သည်။

အဆိုပါတို့သည် နားလည်၍– သိမြင်၍ ရှောင်ကြဉ်တတ်ကြလျှင် လွယ်ပါသည်။ ရှောင်စရှိလျှင် စိတ်ပါဝင်စားလာတတ်ကြသည်။ စိတ်ဝင်စားလျှင် ရှောင်ရှားဖြစ်တော့သည်။ ထိုအခါ ချမ်းသာသော လူ၏ဘဝကို ရနေခြင်းဖြစ်ပြီ ဟူ၍ မှတ်ပါ။

## အမြတ်ထုတ်ယူတတ်ရမည်

ဆုတ်ကပ်ခေတ်ဟူ၍ ပြောဆိုနေကြသော ဤလူတို့ဘောင်တွင် လူ၏ဘဝကို ရနေကြသော်လည်း ကောင်းကျိုးမရကြဘဲ တော်အောင် လျော်အောင် စားကာ, အိပ်ကာ, ပျော်ရွှင်စွာနှင့် သေသွားကြသူတို့က များကြသည်။ တရားအသိအမြင် မရှိကြသောကြောင့် သူတော်ကောင်းတို့၏ အမြင်ဖြင့် ပြောကြလျှင် သနားစရာ အချည်းနှီး တစ်ဘဝ ကုန်ဆုံးရှာကြသည်။

ထို့ကြောင့် လူ၏ဘဝကို ရောက်နေခိုက်တွင် (ငါ အမြတ်ထွက်စေမယ်) ဟူ၍ သတိစိတ်ဖြင့် အမြတ်ထုတ်ယူတတ်ကြရမည်။ ဤတွင် လွယ်ကူသောနည်းကို ညွှန်ကြားမည်။

ပိဋကကျမ်း [illegible]

[illegible] မိမိ၏ ရှိသားစွာ လုပ်ကိုင်၍ ရရှိထားသော ချွေးနဲစာထဲမှ (လစာငွေ၊ ဆန်၊ ပဲ စသော ဘိုးနှံရိက္ခာတို့မှ) တတ်စွမ်းနိုင်သမျှ အလှူဒါန ပေးကမ်းစွန့်ကြဲ၍ သံဃာ ဘဝရှိသားအတွက် ရိက္ခာ ထုတ်ပေး တတ်ကြရမည်။ နည်းအားဖြင့်သော [illegible] လိုရင်းမဟုတ်- စေတနာသာ လိုရင်းဖြစ်သည်။

[illegible] စေတနာနှင့် သဒ္ဓါတရားကို အရင်းတည်၍ လှူတတ်ရသည်၊ ပေးကမ်းတတ်ရသည်၊ စွန့်ကြဲတတ်ရသည်၊ သူတော်ကောင်း အမြတ်တို့ ရှောင်းတို့၍ အမြတ်ယူနည်း လမ်းစဉ်ဖြစ်တယ် ဟူ၍လည်း နားလည် ကြရမည်။

သစ်သီးဖြစ်စေ၊ ပန်းဖြစ်စေ၊ သိမ်းဖြစ်စေ၊ ဆေးကော်တော် ရေချမ်းကို ဖြစ်စေ သက်တော်ထင်ရှား ဖြတ်သူဘုရားကို ရည်၍ ဓာတ်စေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတို့အား [illegible] လှူဒါန်း ပူဇော်ခြင်း ပြုပါ၊ စေတနာ တူညီလျှင် [illegible] ဘုရားဖဟာ ရှိပြီး ဖြစ်သည်။

ရဟန်းသံဃာတော်များအား [illegible] အများကို ဖြစ်စေ အခြေအနေအရ ကြုံကြိုက်သလို [illegible] ပိုလှူခြင်း၊ သက်နှုန်းနှင့် ထိုးပိနပ် စသော [illegible] မိမိတို့စွမ်းနိုင်သမျှဖြင့် အခွင့်သာသိုက်မှာ [illegible]။

[illegible] မိမိတို့၏ ပစ္စည်းအင်အား စွမ်းနိုင်သမျှ [illegible] နေထိုင်ရန် ကျောင်း ဆောက်လှူပါ၊ ဖြစ်ရ ဘဝ၌ နေထိုင်ရန် [illegible] လွယ်ကူစွာ ရနိုင်သောအကျိုး ခံစားရတတ်သည်။

[illegible] တရားတည်ကြ၊ ပွဲပြင်ကြရာတွင် [illegible] စွမ်းနိုင်သမျှ နည်း များမအိုမိမိ၏ကုသိုလ်ပါဝင်အောင်လည်းလှူ၍ [illegible] တူးရာ၊ ရေကန်တူးရာတွင် ကြုံကြိုက်၍ [illegible] အခါ နည်းများ မဟူ [illegible] ပါဝင်တတ်ရသည်၊ ဖြစ်ရာဘဝတို့၌ [illegible] အကျိုးတရား လိုက်ပါလာပုံ တွေ့ကြရမည်။ [illegible] ပြည့်စုံတတ် သည်။

[illegible]

ဤသည်တို့ကား ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံ၌ လဲ့ရှိ၍ကုသိုလ်ဖြစ်ရသောကြောင့် ဆရာကောင်းတို့၏ တပည့်ဒကာကောင်း

ပီသစွာ တစ်ဘဝမှနေ၍ ဒါနမျိုးစေ့ချပြီး သံသရာခရီး ရိက္ခာထုပ် ဖြစ်သတည်း။ ဘုန်းကြီးက နည်းပေးလျှင် လွယ်သောနည်းသာ ပေး ၏တတ်သည်။ ခက်ခဲသောနည်းကို မညွှန်းပါ။

## သီလအကျင့်ဖြင့် အမြတ်ထုတ်ယူနည်း

လူတို့၏ စိတ်သဘာဝသည် မသိမသာအကျင့်ပါမှု ရှိတတ်ကြ သည်။ သတိထားကြည့်မှ သိသာထင်ရှားပုံ မိမိဘာသာ သိမြင်နေကြ လိမ့်မည်။

လူအချို့မှာကား အကျင့်ပါမှု စရိုက်ကပေါ်လွင်အောင်းကောင်း နေ၍ အသူးသတိထားကြည့်ရန် မလိုပါ။ မကောင်းသော စရိုက် အကျင့်ပါနေသူကို အဘူနေရသူတို့က မကြိုက်ကြပါ။ ဥပမာ—နေထိုင်ပုံ ကြမ်းတမ်းခြင်း၊ ပြောဆိုပုံ ကြမ်းတမ်းခြင်း၊ သူတစ်ပါး တစ်ဖက်သား ကို အပြစ်စကား ပြောတတ်လွယ်ခြင်း၊ ကောင်းကွက်ကိုမမြင်၊ အပြစ် ကိုသာ ကြည့်၍ နေလေ့ရှိခြင်း စသည်တို့သည် လူကောင်းသူကောင်း လက္ခဏာ မဟုတ်သော ဘဝနောက်ခံ အကျင့်ပါ စရိုက်ဆိုးမျိုး ဖြစ်သည်။

လူအချို့မှာကား ပေါ်လွင်နှစ်သက်ဖွယ် အကျင့်ပါစရိုက် ဝါသနာကောင်း ရှိတတ်ကြသည်။ စကားပြောဆိုလျှင် ညင်သာသည်၊ ဆက်ဆံပုံညင်သာသည်၊ နေထိုင်ပုံ ယဉ်ကျေးသည်၊ ကြီးသူကို ဆက်ဆံ ရာတွင် ရိုသေလေးစားတတ်သည်။ သူတစ်ပါးကိုအပြစ်မမြင်၊ အပြစ်ကို မကြည့်တတ်၊ အပြစ်ဘင်စကား ပြောဆိုလေ့ မရှိအောင်–ကောင်း ကျိုးကိုသာမြင်အောင် ကြည့်တတ်သည်။ မြင်သောကောင်းကျိုးကိုသာ နှစ်သက်ဖွယ်စကားအဖြစ် ပြောဆိုလေ့ရှိသည်။ ထိုသူကို ပတ်ဝန်းကျင် မှ နှစ်သက်ကြသည်။ ထိုအမူအကျင့် ပါခဲ့ခြင်းသည် ဘဝနောက်ခံ အလေ့အထ ပါအောင် ဆရာကောင်းရှိခဲ့ဖူးသူ ဖြစ်ရမည်။လူကောင်း သူကောင်းတို့၏ နှစ်သက်ဖွယ် ကောင်းသော လက္ခဏာဖြစ်၍ သူ၏ ဘဝခရီးသည် သာယာ ဖြောင့်ဖြူးနေလိမ့်မည်၊ စရိုက်ကောင်းဖြစ်သည်၊ နည်းယူထိုက်သည် မှတ်ပါ။

## သီလအကျင့် ဝါသနာပါခြင်း အကောင်းဆုံး

သက်ရှယ်တော် ကြီးသော ဆရာတော်ကြီးတို့က 'လူ့လောကကို သတိထား ကြည့်မြင်ရသည်မှာ သီလမရှိကြ၊ သီလအကျင့်မဲ့စွာ နေထိုင်

ကြပုံကို ဒေသတိုင်း၌ မြင်တွေ့နေကြရသည်ဆို၏။ ဆရာတော်ကြီးတို့ အချင်းချင်း ဆုံစည်း၍ စကားဆွေးနွေးကြသောအခါ (သီလအကျင့်ကို အလေးမထားကြတော့ဘူး) ဟူ၍ ညည်းတွားသံဖြင့် မိန့်တော်မူလေ့ရှိကြသည်။

'အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာပြီးသောနောက်ကာလ၊ စစ်ပြီး ခေတ်ကာလ၌ မြန်မာပြည်တွင် သီလအကျင့်ဆို၍ လုံးဝ အလေးမထားကြသော လူတွေ အတော်များများ ထွက်ပေါ်နေကြပုံ၊ ခုခေတ်လူငယ်တွေကို မြင်ရကြားရသည်မှာ စည်းလွတ်ကမ်းလွတ်ပြောကြပုံ၊ နေထိုင်ကြပုံ၊ လုပ်ဆောင်ကြပုံ၊ သူတစ်ပါးပစ္စည်း ခိုးယူနေကြပုံ၊ လိမ်လည် ကောက်ကျစ်စဉ်းလဲ၍ ယူချင်နေကြပုံ၊ သတ္တဝါတွေကို သတ်လွယ်ကြပုံ၊ သတ္တဝါတွေ သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ ၊ ဘကျင်စေခြင်းဖြင့် သူတို့မှာ ဘာမှအပြစ်မရှိသလို၊ နောင်ဘဝတို့၌ ငါပြန်လည်၍ အညှဉ်းဆဲခံရဦးမယ်၊ အနှိပ်စက်ခံရပေဦးမယ်၊ အသတ်အဖြတ်ခံရပေဦးမယ် ဆိုတာတွေ လုံးလုံးမသိတတ်ကြတော့ဘူး၊ ထည့်၍ မစဉ်းစား ကြတော့ဘူး၊ သီလဘာရားဟောကြားပေးသူ ကင်းမဲ့နေတော့ပြီကဲ့သို့ဖြစ်နေကြပြီ ဆရာတို့၊ အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ မျက်မှောက်ခေတ်မှာ စွမ်းနိုင်သော ပုဂ္ဂိုလ်တို့က ပြုပြင်ပေးကြ ီးမှုဖြစ်မှာ။

'သီလ အကျင့်ပိုင်း၌ လူအတော်များများ အလေးမထားကြတော့သောကြောင့် သူခိုး ေတွ ပေါ ေနကြတယ်၊ ခါးပိုက်နှိုက်တွေ ပေါများနေကြတယ်၊ လိမ်လည် ကောက်ကျစ် စဉ်းလဲယူ ေနကြ သူတွေ ပေါများနေကြတယ်၊ အဲဒါအဓိဋ္ဌာန်စောင့်စည်းမှု မရှိတော့ကြတော့လို့ ပေါ့ ဘုရား။

'သတ္တဝါတွေကို ညှဉ်းဆဲ သတ်ဖြတ်လွယ်ကြတယ်၊ အချို့ဒေသတို့မှာ နွားတွေခိုးကြတယ်၊ သတ်ဖြတ်နေကြတယ်၊ ဝက်တွေ၊ ဆိတ်တွေသာ မကပါ၊ ခိုင်းနွား ခိုင်းကျွဲကြီးတွေပါ ခိုးယူပြီး အခြားနိုင်ငံသို့ပို့ကြ– ရောင်းကြပြီးသတ်စေနေကြပုံတွေ ကြားရမြင်ရချက်မှာ မကောင်းပါဘူးဘုရား၊ အဲဒါတွေဟာ သီလအကျင့် လုံးဝ ကင်းမဲ့နေကြပုံတွေပေါ့ဘုရား'

အချို့သော တောရွာကျေးလက်တို့၌ သူခိုးပေါက်စတွေ–ခါးပြပေါက်စတွေ ပေါများနေကြပုံ အကြောင်း၊ နွားခိုးကြပုံအကြောင်း

ကိုယ်ပိုင်ဉာဏ်ရှိသော ကျေးလက်၌ ကျောင်းဆောင်၌ နေထိုင်သော ဘုန်းကြီးရသော် (ဝန် ဝါသီ) ဆရာတော်ကြီးတို့က သိမ့်မွေ့စွာ ကိုယ်ကျင့်စိမ်းနေကြ၍ ပုံဖြင့်ပေး ကြရန် ဆိုနေကြောင်း သတင်းပြ ချေမွှန်းနေး စောင့်မှုကြသည်။

## ဥမ္မာသ် သီလစောင့်ထိန်းမှုနှင့်စပ်၍

ဥက္ကဋ္ဌစသော ပဉ္စင်းတော်တို့ ဖော်ပြမြင်နိုင်မှု နေရာသည်မှာ ဆိုတော်ရှင် ကျေးလက် များမှုနေ ကျွန်းကောလ ဥပုသ်စောင့်ကြ၍ ဂုဏ်အရ လူ အထူးရှိနေ ကြသော မြင်မှုသေးသားကို ကုသိုလ် ကိုယ်တော် မြို့ကြီးများ ပေါ်၌ ဥပုသ် သီလ ရောက်စေ ညီခြင်းဖြင့် ချင့် ချိန်ခြင်း ဆိုတာ ပုံအဓိပ္ပာယ် အထူးမရှိကြ တော့သဖြင့် ပုံနှင့်ချိန်ကြည့် ရဟန်းကံမြို့တော် ကြီးဆိုမှာ အဆုံးကြီး ရဂင်ကြီးရှိတဲ့ ဥပုသ်စောင့် ကျေးရွာ ကျောင်းတော်များ တိုးသို့ ချဉ်းကပ်ပြီး ပြုလုပ် လူနိဂမ်နှင့် ဥပုသ်စောင့်ကြ လူများကို မြို့အဆော်ကာ ဘုရား ပြုလာ၍ (နဂရ ဝါသီ)၊ မြို့ပေါ်တိုင်း စွန်းရွှေ ဘော်နှင့် (မဟာဂန္ဓာရုံ ဝါသီ မှုရ ဝါသီ) မြို့ပေါ်သားကြီးတို့သည် ကျောင်းသို့ နိုင်ငံ ကြွရောက်သော ဆရာတော်ကြီးတို့က မျက်မြင် ကိုယ်တွေ့ ချရမ်းသာ ကိုးကွယ်ပြုကြ၍ ညည်းတွားတော်မူကြ သည်။

## သီလအကျင့်အထုံပါအောင်

လူ့ဘဝသည် သီလအကျင့်နှင့် နေ့ကြရန်အလုပ်မှာ ခက်ခဲ သော အလုပ်မဟုတ်ပါ။ အလေ့အကျင့်ရအောင် မိဘလူကြီးတို့က နည်းပြပေးကြ၍ လေ့ကျင့်လေးနေရတတ်ကြသည်။ လူငယ်ဖြစ်စေ–လူကြီး ဖြစ်စေ ဝါသနာပါအောင် လုပ်ပေးလျှင် ရသည်။

ဝါသနာဆိုတာ အလေ့အကျင့်ပင် ဖြစ်သည်၊ မကြာမကြာ ပြုလုပ်နေကျဖြစ်သွားစေရမည်၊ သတ္တဝါလောကကြီးတွင် ကာမ ၁၁–ဘုံ ဆိုတာ ရှိသည်၊ ငါတို့ သင်တို့နေထိုင်ကြသော ပထဝီမြေပြင်ပေါ်မှ လူတို့ဘုံသည် ကာမဘုံ ဖြစ်သည်၊ ကာမဘုံသားတို့သည် ဘဝမှတ အရ ကာမအောက်ရှင်ပေါ်များတတ်ကြသည်။

နှစ်မြို့အိုး သူတို့မှ သိမ့်ကြွေးမပြီး ရေး အရှုပ်ရောက်ရှုလျှင် လူတို့၏ စိတ်ထဲက အလိုလို အာသာဖြစ်လာကြသည်၊ ထိုသာဖြစ်ရသည့် ဝါ သနာထုံနေခြင်း ဖြစ်သည်၊ ဝါသနာထုံရခြင်းသည် ထပ်ပြန်တလဲလဲ အပြော အလေ့အကျင့်ပြုခဲ့ကြ၍ သင့်ကြောင်း ဖြစ်သည်၊ သီလ ဆိုတော့ စိတ်ကို သန့်ရှင်းစေသည်။ ကိုယ်နှုတ်ခန္ဓာ ကြည်လင်မှုစေသည်။ သီလနှင့်နေလေ၊

နေထ အကျင့်ရလာလျှင် ပျော်မွေ့လာပုံ လက်တွေ့ သိမြင်လာပါမည်။

အလေ့အကျင့်ဆိုတာဦးစွာ စိတ်ဝင်စားလာအောင် လုပ်ရသည်၊ မိမိ၏စိတ်ကို တွေးဆကြည့်လျှင် ငါဘာကို ဝါသနာကြီးလေသနည်း ဟူ၍ လေ့လာကြည့်ပါ၊ ဦးစွာ ပေါ်လွင်ချက်ဝါသနာကို သိမြင်နေမည်၊ သဲလွန်စရပြီးလျှင် မိမိ၏အတွင်း ငုပ်နေသော စိတ်သဘာဝကိုသာ အပြင်စိတ်က လေ့လာယူပါ၊ ထပ်ကာ လေ့လာပါက ထိရောက်အောင် လေ့လာကြည့်ပါ၊ ကောင်းသောဝါသနာ ရှိနေလျှင် ကောင်းသော ဝါသနာ ပေါ်ထွက်လာမည်၊ မကောင်းသော ဝါသနာကြီးခဲ့ဖူးသူဖြစ်လျှင် မကောင်းသောဝါသနာစရိုက် ပေါ်ထွက်လာမည်။

ထိုအခါ မကောင်းသောဝါသနာကို ဖျောက်ပစ်ပါ၊ ကောင်းသော ဝါသနာ တွေ့ရလျှင် ဆက်လက်ပြီးလက်ခံ၍ ကြီးထွားလာအောင် ကြိုးစားယူသွားရမည်။

## မကောင်းသောဝါသနာဖျောက်နည်း

(ဥပမာ) သတ္တဝါတို့ကို သတ်ချင် ညှဉ်းဆဲချင်တတ်သော ဝါသနာကို တွေ့နေရလျှင်'သက်ရှိသတ္တဝါကို သတ်ဖြတ်လျှင်- နာကျင်အောင် -ဆင်းရဲခံရအောင် ညှဉ်းဆဲမိလျှင် သံသရာကျင်လည်ရာဘဝအဆက်ဆက်၌ငါအသက်တိုရမယ်၊အနာရောဂါများသူဖြစ်၍ငါခံစားရမယ်၊ မျက်မှောက် လူလောကဌ(ကင်ဆာ) စသော ရောဂါ အနာမျိုးတွေ ဖြစ်ပေါ်ခံစားနေကြရခြင်းသည် ရှေးဘဝတို့မှ သူတို့က သတ္တဝါတွေကိုနာကျင်စေခဲ့ကြ၍-သတ်ဖြတ်ညှဉ်းဆဲခဲ့ကြ၍ဖြစ်ပေါ်လာကြောင်းဘုရားဟောတရားရှိတယ်၊ငါ၏ ကိုယ်ခန္ဓာပေါ်၌ အနာရောဂါကင်းအောင် သတ္တဝါတို့ကို သတ်ဖြတ်ခြင်း,ညှဉ်းဆဲခြင်းမပြု၊ ငါလုံးဝရှောင်ရှားမယ်၊ ကြက်, ငှက်, နွား, ကျွဲ, ဝက် စသည့် ပိုးကောင်ပုရွက်ဆိတ် အပါ သတ္တဝါအားလုံးကို ငါမသတ်ချင်ပါ၊ နောင်ဘဝတို့အရေး မျှော်တွေး၍ ကြောက်ဖို့ကောင်းတယ်' ဟူ၍ စိတ်ထဲမှ မှချထားပါ၊ ပါဏာတိပါတကံကို လုံးဝ လွတ်ကင်းချင်စိတ် မြဲခိုင်လာပါမည်။

## သူတစ်ပါးဥစ္စာခိုးလျှင်ဆင်းရဲမွဲတေမယ်

အဒိန္နာဒါန-ပိုင်ရှင်ကမပေး၊ ခွင့်မပြုသောဥစ္စာဖြစ်၍ ထင်း

တစ်ချောင်း, မြက်တစ်ဆုပ်ဖြစ်စေ၊ သစ်သီးတစ်လုံး, ပန်းတစ်ပွင့်ဖြစ်စေ ယူချင်စိတ်မရှိစေရပါ၊ ယူချင်စိတ်ဖြစ်မိလျှင် စက်ဆုပ်ရွံရှာဖွယ်ရာ အရာဝတ္ထုတွေ၊ ငါ့မှာ လုပ်ကိုင်စားနိုင်တဲ့ လက်ခြေပါပြီးသား၊ မသတီစရာ၊ အဘယ့်ကြောင့် ငါသည် အပါယ်ရေဲကျခံရမည့် အလုပ်မျိုး စိတ်ယုတ်ကို ရင်ဝယ်ပိုက်ထားရမည်နည်း။

'လိမ်လည်ကောက်ကျစ်၍-စဉ်းလဲ၍- ခါးပိုက်နှိုက်၍- ခိုးဝှက်၍- တိုက်ခိုက်၍- တရားတပေါင် ဆင်၍ သူတစ်ပါး၏ ပစ္စည်းကို ရယူချင်စိတ်သည် သံပူမီးခဲကို မျိုထားရသကဲ့သို့ ဖြစ်တယ်၊ တဖြည်းဖြည်း သေစေတတ်သော အဆိပ်ဆေးကို စားမျိုထားမိသူကဲ့သို့ ဖြစ်တယ်၊ ဖြစ်လေရာ ဘဝတိုင်း၌ ဆင်းရဲခြင်း, မွဲတေခြင်း-စားရမဲ့ ဝတ်ရမဲ့- အိုးမရှိ အိမ်မရှိ- လူချင်းမတူသူ ဖြစ်စေတတ်တယ်၊ ဒါကြောင့် ငါသည် ဤကိုယ်ခန္ဓာ ဝမ်းအတွက်ဖြင့် သူတစ်ပါး၏ပစ္စည်းကို လုံးဝ အလိုမရှိပါ၊ မစင်ဘင်ပုပ်ကဲ့သို့ မကအောင် စက်ဆုပ် ရွံရှာလှပါ၏' ဟူ၍ စိတ်နှလုံးထားရှိရမည်။

ဤစိတ်မျိုးထားသူသည် မြတ်သော သူတော်တောင်း ဖြစ်၏၊ ခဏတ္တမျှ ဖြစ်စေ ထိုစိတ်မျိုး ဖြစ်ပေါ်အောင် နှလုံးသွင်း၍ယူပါက တစ်ကြိမ်မျှ ပိုင်နိုင်စွာဖြစ်ပေါ်လျှင် နောက်တစ်ခါဖြစ်ဖို့ လွယ်ပြီမှတ်၊ ထပ်ကာ မကြာကြာ ဖြစ်ပေါ်အောင် စိတ်ဝင်စား၍နေပြီ ဆိုလျှင် ပိုင်ပြီ၊ 'အဒိန္နာဒါန မကောင်းမှုကို စည်းချထားလိုက်ပြီးပြီ၊ သံသရာခရီးတစ်လျှောက်မှာဆင်းရဲမွဲတေတော်မွတ်ခေါင်းပါးစေတတ်သောလူယုတ်မာတို့ စရိုက်မှ ငါကင်းလွတ်ခဲ့ပြီ' ဟူ၍ ဝမ်းမြောက်ပါ။

'မြတ်သော သီလအကျင့်၌- (၁) သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်း,ညှဉ်းဆဲနှိပ်စက်ခြင်း, ဆင်းရဲပင်ပန်း မချမ်းသာစေခြင်း, ဒုက္ခဘေးဒဏ်ခတ်ခြင်း ပါဏာတိပါတကံကို ငါရှောင်ကွင်းခဲ့ပြီ။

'ယခု နံပါတ်နှစ် ဖြစ်သော သူတစ်ပါး ပစ္စည်းဥစ္စာ၌ လိုချင်စိတ် ကင်းရှင်းခဲ့ပြုဖြစ်သောကြောင့် လူတို့အတွက် အခြေခံ သီလငါးမျိုးတွင် ၂-ပါး လုံခြုံမှု အောင်မြင်ပြီ' ဟူ၍ ဝမ်းမြောက်ရလိမ့်မည်၊ ဝမ်းမြောက်၍ နေပါ။

### စက်ဆုပ်ဖွယ်ရာ ကာမေသုမိစ္ဆာစာရကံ

လူ့လောက၌ ကာမေသုမိစ္ဆာစာရကံ အကြောင်း ဆွေးနွေးပြောဆိုခြင်းမရှိချင်ကြပါ၊ အခြားနိုင်ငံတို့မှ ဓလေ့ထုံးစံကိုသာဆုတ်ကပ်

ခေတ် နောက်ပေါ်ကိုလူငယ်တွေ—မိန်းကလေးငယ်တွေက အဘုလိုက် နေကြကြောင်းကိုသာ လူကြီးတွေက ထပ်ပြန်တလဲလဲ အပြစ်ဆိုနေတတ်ကြသည်။

သူတော်သူမြတ်တို့၏ ထုံးတမ်းကို ပြောရလျှင် သူတစ်ပါး အတွက်ကို နောက်ထား၍ မိမိ၏ ကိုယ်ရေးကိုယ်တာ ဘဝလုံခြုံရေးကို ဦးစွာ သန့်ရှင်းစေရမည်၊ လုံခြုံရေးဆိုသည် လွတ်ကင်းစေရေးဖြစ်သည်။

ဤသိက္ခာပုဒ်နှင့်စပ်၍ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီး နောက်ပိုင်း မြန်မာပြည်တွင် သတင်းစာများ၌ ကြောက်စရာတွေအမျိုးမျိုး ဖတ်ရှုရဖူး၏၊ သတင်းစာ၌မပါ၊ အိမ်နီးချင်း ပြောစကား ရပ်သိရွာသိ ဆိုရိုးပြုနေကြသော သမက်နှင့် ယောက္ခမ ညားနေကြပုံ– ယောက္ခမနှင့် ချွေးမ ပေါ်ပေါ်လွင်လွင် ပျော်နေကြပုံ–အဘိုးနှင့် မြေးမ, ဦးလေးနှင့် တူမ, ဦးကြီးနှင့် တူမ——စသူတို့၏ လွတ်လပ်စွာ ဘုံဓမ္မတာ ဇာတ်လမ်းတွေမှာ အထူးအဆန်း မဟုတ်သော ရပ်ဓလေ့, ရွာဓလေ့, မြို့ဓလေ့ကဲ့သို့သဖွယ်ထားလာနေကြပြီ ဆို၏။

ဤသဘာဝကို ဝေးသော အခြားနိုင်ငံတို့မှ ရောက်လာသော ဓလေ့ထုံးစံတွေ ဖြစ်ကြောင်း ပြောကြ၏၊ ယခုအခါမှာ ခြံစည်းရိုးချင်း ဆက်စပ်နေသောအရှေ့ဘက်နိုင်ငံမှ လည်းကောင်း၊အနောက်ဘက်နိုင်ငံမှ လည်းကောင်း လွယ်လွယ်ကလေးပင် ...းစက်ပျံနှင့် ဝင်ရောက်လာနေကြပုံကို ဆောင်းပါးတွေ ရေးကြ၍ မကြာမကြာ ဖတ်ရဖူး၏၊ ဆောင်းပါး မရေးကြတော့ပါ၊ ကိုယ်တွေ့မျက်မြင် တစ်ဆင့်ကြား သိစကားဖြင့် ပြောကြသံတွေ လျှံဝ၍ နေခဲ့လေပြီ၊ အချိန်ကြာခဲ့ပြီဖြစ်၍ သတင်းထူး မဟုတ်ကြတော့ပါ၊ အမြင့်ရှိး–ကြားသိရပုံ ရိုးလာတော့ အပြစ်ပြော နေစရာမဟုတ်သော အရပ်သူဟူ၍ ဓလေ့ ထုံးစံ–ရွာသားမြို့သား အားလုံးတို့၏ ရှေးရိုးမူမှန် ထုံးစံဟူ၍ သဘောထားကုန်ကြပြီ ဖြစ်ကြောင်း အဘိုးကြီး, အသက်အရွယ်ကြီးတို့က ပြောနေကြ၏။

ရှေ့လာထွေးညှဲ့ တို့က သမက် နှင့် ယောက္ခမ မုဆိုးမ, ချွေးမငယ် နှင့် ယောက္ခမထီး, မြေးမနှင့် အဘိုး, တူမငယ်နှင့် ဦးကြီး, ဦးလေးတို့အပြစ်မဟုတ်ပါဘူး ဟူ၍ ရောင်နေ့နေကြသော ထုံးစံကား အနေ့ဘက်တွင် အိမ်နီးချင်းနိုင်ငံမှ ကူးစက် ရောက်လာခြင်းဖြစ်ကြောင်း ပြောကြသည်။

အခြား ဘာ ၁မရှောင် ရောနှော၁နေကြသော ထုံးစံကား အရှေ့ဘက် အိမ်နီးချင်းနိုင်ငံမှ ကူးစက် ပျံ့နှံ့လာခြင်း ဖြစ်ကြောင်း ပြော၁ကြသည်။

လိုရင်းပြော၁မည်၊ ဘယ်နိုင်ငံမှ လာသည်ဖြစ်စေ အတုယူလွယ်ကြသော နောက်ပေါက်လူငယ်တို့၏ စိတ်အာရုံ မစောင့်စည်းခြင်းသာ အခြေခံဖြစ်၏၊ လူရွယ် မိန်းကလေးငယ် နောက်ပေါက်တို့၏ စိတ်ထားကြပုံမှာ တော၁ရော်မြို့ရော– တောင်ပေါ်ဒေသရော လှည်းနေလှေအောင်းမြင်းဇောင်းမကျန်ဟူ၍ ဆိုရမလောက် တစ်ပြုံကြီးအတုလိုက်ပါလွန်းနေကြကြောင်း ကြားသိခြင်းကား အကျင့် ပျက်ကုန်ကြပြီ ဆိုရမည်– ကာမေသုမိစ္ဆာစာရ ဆိုသော ဘုရားဟောစကားတော်ကို မျက်မှောက်ခေတ် လူလောက၌ နောက်ပေါက်လူငယ်တို့က ရေထဲ မျောလိုက်ကြပြီ ဟူ၍ မှတ်ကြရမည် ထင်ပါသည်။

## မိန်းမဘဝ အဖြစ် မျှားကုန်ကြပြီ

ဤတွင် နှောင်းခေတ်လူငယ်များအတွက် လိုရင်းကို ရှင်းရှင်းပြောလိုက်မည်၊ စာစကား ပြော၁ရလျှင် ကာမေသုမိစ္ဆာစာ၁ဆိုတာ အမိစောင့်ထိန်းသူ– အဖစောင့်ထိန်းသူ– စသော နှစ်ကျိပ်တစ်ယောက်သော မိန်းမတို့နှင့် တရားဝင် မဟုတ်သေးလျှင် ဘုံမမွှာဖြင့် မပျော်ပါးရ– ပျော်ပါးလျှင် အပြစ်ရှိသည် ဆို၏။

မျက်မှောက်ခေတ် အခြေအနေကို ကြားသိရကြရသကဲ့သို့ ပြော၁ရလျှင် အဆိုပါ ၂၁–ယောက်ဆိုတာတွေ နားလည်ကြမည်မဟုတ်ပါ၊ နားသည်အောင် ပြော၁နေသော်လည်း လိုက်နာကြမည် မဟုတ်ပါ။

သူတို့၏ စိတ်အာရုံသဘောထားနှင့် အရှုံးအနိုင် ပဓာနမဟုတ်ပါ၊ ယှဉ်ပြိုင်ခြင်းသာ အဓိက ဖြစ်ပါတယ်ဆိုသော အားကစားသမားတို့၏ ဆောင်ပုဒ်စကားအတိုင်း ဖြစ်ကုန်ကြပြီ၊ ဘာအပြစ် ညာအပြစ်ဆိုတာတွေ ပဓာနမဟုတ်ပါ၊ အလိုတူ လွယ်လွယ် ပျော်ပါးကြရခြင်းသာ အဓိကဖြစ်တယ်ဟူ၍ နှလုံးပိုက်ထားကုန်ပြီ ဟူ၍ စာပေအများ ဖတ်လေ့ရှိသော သက်ရွယ်ကြီး ဒကာကြီးတစ်ဦးက ပြော၁သွားဖူး၏။

ထို့ကြောင့် လူငယ်လူရွယ်တွေ သိထားကြရမည်မှာ ကာမပိုင်ခေါ်ဆိုကြသော လင်ရှိနေသူကို လွတ်ကင်းအောင် ရှောင်ရမည်၊ အနောက်နိုင်ငံတို့မှ ကြားသိနေကြရသော ထုံးစံတွေက လင်ရှိမယား

သော မရှိသော အဓိကမဟုတ်ကြ- အလိုတူလျှင် အလုပ်ဖြစ်တာပါ ဟူ၍ သဘောထားကြသည် ဆို၏။

မလွတ်လပ်သူ- လင်ရှိနေသူကို လင်ရှိနေကြောင်း သိလျက်နှင့် ဘုံဓမ္မတာဖြင့် ပျော်ပါးကြလျှင် ထိုယောကျ်ားတို့သည် လက်ရှိလူ့ဘဝမှ သေပြီး နောင်သံသရာ၌ မိန်းမဘဝအဖြစ် မျှားကြရမည် မှတ်ကြပါ။

မျက်မှောက်ခေတ်တွင် မွေးဖွားလာကြသော ကလေးသူငယ် တို့သည် ယောကျ်ားနည်း၍ မိန်းကလေးများများကြပုံကို သတိထား ကြည့်ကြပါ၊ ဘုန်းကြီးထံ ချဉ်းကပ် ရောက်လာကြသော- အစိုးရဝန် ထမ်းနေကြသော ဒကာကြီး အတော်များများသည် သားမရှိကြ သမီးတွေချည်း လေးယောက် ရှိကြောင်း- ငါးယောက် ရှိကြောင်း- ရှစ်ယောက် မွေးလာသမျှ သမီးတွေချည်း ဖြစ်ကြောင်း ပြောသွား တတ်ကြသည်၊ ဤသည်ကား ဟိုဘဝတုန်းက ဟိုဒင်းတို့အတုလိုက်ပြီး ဟိုဟာလုပ်ခဲ့ကြသောကြောင့် မိန်းမဘဝ ရောက်ကုန်ကြတာ ကေန် ဖြစ်တယ် ဟူ၍သာ နားလည်ကြကုန်ရာသတည်း။ ဤတွင် ဤတရား နိဂုံး ချုပ်လိုက်ပြီ။

လူတို့ အမြဲစောင့်စည်းကြရတဲ့ ဂရုဓမ္မတရား ငါးပါးတွင် စတုတ္ထမြောက် ကျင့်ဝတ်မှာ (မုသာဝါဒ) ဖြစ်တယ်။

မျက်မှောက်ကာလ၌ လူတွေဟာ မဟုတ်မမှန်တာတွေကို လုပ် ကြံ၍ ပြောဆိုနေလာကြတယ်၊ ဟုတ်မှန်ရာကို ဖုံးကွယ်ထားကြတယ်၊ ဟုတ်မှန်ရာကို မပြောလိုကြ၊ မဟုတ်တာကိုမှ ပြောဆိုနေကုန်ကြပြီလို့ သတင်းစာတို့၌ ဟိုတိုင်းပြည်ကို အပြစ်တင်၊ ပြန်လည်ချေပ လုပ်နေ ကြရပုံတွေ မြင်နေကြရတယ်။

မြန်မာ့ရေဒီယိုသတင်း ၁၃၅၃-ခုနှစ်တော်သလဆန်း (၅) ရက် နေ့ ညနေ၌ ကြေညာသွားသော သတင်းတွင် တရားဝင်လက်မှတ် ရေးထိုးကြရသော စာချုပ်များကို ရှေ့နေတို့က တာဝန်ယူ ဆောင်ရွက် စေကြရသည်၊ ဗဟိုတရားရုံးချုပ် ရှေ့နေကြီးတို့မှစ၍ အခြားရှေ့နေ အများပါ ပေးရသော ငွေစာရင်းအမှန်ကိုမပြဘဲ လျော့ပေါ့ပြီး လိမ် လည်၍ စာချုပ်လက်မှတ် ထိုးထားကြကြောင်း၊ အမျိုးသား ထောက် လှမ်းရေးတွေ မြင်ရကြောင်း၊ တရားရုံးချုပ် ရှေ့နေကြီး ယောကျ်ား ဘစ်ဦးနှင့် မိန်းမတစ်ဦးတို့ကို ရှေ့နေလိုက်စားခွင့် လိုင်စင် တစ်သက်လုံး

ပယ်ဖျက်ခံရကြောင်း၊ ကျန်ရှိနေ လူအများတို့အား ပညာပေးဒဏ် အနေဖြင့် (၃)နှစ်စီရှိနေလိုက်စားခွင့် ပိတ်လိုက်ကြောင်း ပါရှိသည်။

လူတို့နှုတ်သည် စကားမှန်ရာကိုသာ ပြောနေကျ သူတော်ကောင်းတို့သည် မဟုတ်မမှန် စကားပြောရမည်ကို ကြောက်ရွံ့ကြသည်။ အဝီစိငရဲကျရမည်ကဲ့သို့ တုန်လှုပ်လေ့ ရှိကြသည်။ မမှန်စကား မပြောလိုကြပါ၊ မပြောဝံ့ကြပါ။

ထို့ကြောင့် သူတော်ကောင်းတို့သည် သံသရာဆို၍ အောင်မြင်သည်၊ စကားကဏ္ဍတည်ကြသည်၊ သူတို့၏ အဓိဋ္ဌာန်သည် ဓိဋ္ဌာန်ချက် အတိုင်း အောင်မြင်ကြသည်၊ ပြီးမြောက်ကြသည်၊ ခရီးပေါက်ကြသည်၊ တရားကျင့်၍-ကမ္မဋ္ဌာန်းထိုင်၍ သမာဓိ ရလွယ်ကြသည်၊ သမာဓိ တန်ခိုး ကြောင့် ဈာန်အဘိညာဉ် ရလွယ်ကြသည်၊ ဈာန်အဘိညာဉ် ဖြစ်စေနိုင်ကြ၍ ကောင်းကင်၌ ငှက်ပျံသလို ပျံနိုင်စွမ်းကြသည်၊ ကြွေးသော လက် ဆန့်သကဲ့သို့-ဆန့်ထားသောလက် ကွေးသကဲ့သို့ လိုရာခရီး သို့ ခဏချင်း ရောက်နိုင်စွမ်း ရှိနေကြခြင်း ဖြစ်သည်။

## စကားမပြောနိုင်သူ များနေသောခေတ်

မျက်မှောက်ကာလ၌ ကလေးငယ်တွေ- စကားမပြောနိုင်ကြသူ တွေများကြောင်း သိရ၏၊ ဆွံ့အ နားမကြားကျောင်း၌ ကျောင်းသား လူရွယ်နှင့် လူငယ်အများကို တွေ့မြင်ခဲ့ရ၏၊ မန္တလေးမြို့ ဆွံ့အ နား မကြားကျောင်းသို့ သွားရောက်၍ ပရိတ်ရွတ်မေးခဲ့ရဖူး၏၊ ထို့ပြင် စကားမပြောနိုင်သော သားငယ်၊ သားကြီး၊ သမီးငယ်၊ သမီးကြီး၊ မြေးမြစ်တွေကို ဘုန်းကြီးရှေ့၌ ထိုင်စေကာ 'သူတို့ စကားပြောနိုင် အောင် ဆရာတော်ကြီးက မေတ္တာ ပို့ပေးတော်မူပါဘုရား' ဟူ၍ လျှောက်ထားကြသည်၊ တောင်းဆိုကြသူတွေ များပါသည်။

## (၉) အကျိုးဖြစ်ပေါ်လျှင် အကြောင်း ရှိရသည်

'အချို့သူတို့သည် မွေးဖွားလာစဉ်မှစ၍ တစ်သက်တာလုံး စကားမပြောနိုင်ကြသူ ယခုခေတ်မှာ အများအပြား ရှိတွေ့မြင်နေရပါ၏၊ တယ်ပျော် သူတို့ ဒီလိုဖြစ်ရခြင်းဟာ အတိတ်ကံ ဘာသွယ်ဝဋ်ကြွေးကြောင့် ပါလဲဘုရား' ဟူ၍ ကျောင်းဆရာကြီးတစ်ဦးက လျှောက်ထားဖူး၏။

ပါးစပ်ကို အဝတ်ဖြင့်စည်းပိတ်ပြီး ခွေးပြုတိုက်ခံဖူးကြသူတွေ နှင့် ပါးစပ်ကိုအဝတ်နှင့် ပိတ်စည်းပြီး ရိုက်နှက်ညှဉ်းဆဲခြင်း ပြုခံကြ

ဖူးသော အကြမ်းဖက် သောင်းကျန်းသူတို့လို မိုက်မဲစွာ လူအချင်းချင်း နှိပ်စက်ကြပုံ၊ အမှုပေါ်အောင်ဟူ၍ ရက်စက်ကြပုံ၊ နွားကျွဲမျက်သကဲ့သို့ တင်ပါးအရေပြားကွေ့ ပေါက်ကွဲသွားသည်အထိ ကိုယ်ချင်းစာတရား ကင်းမဲ့သူတို့က သေပြီးနောက် လူပြန်ဖြစ်လာလျှင် အတိတ်ဘ၀မှ ၀ဋ်ကြွေးကြောင့် စကားမပြောနိုင်သူ၊ ခြေကျိုးလက်ကျိုးဖြစ်ကြသူ၊ နားမကြားသူ၊ ဆွံ့အသူဘ၀ ရောက်နေကြရခြင်း ဖြစ်ကြတယ်မှတ်ပါ။

(ဘယ်သူ့ပြု မိမိမှု) ဆိုတာ လူချင်းမတူကြသော ဒုက္ခိတ လူဖြစ်ရှုံးကြသူတွေ မြင်ရတွေ့ရလျှင် သတိရကြပါ၊ သံဝေဂယူကြပါဟူ၍ ဩ၀ါဒ ပေးပါ၏။

(မုသာ၀ါဒ) မဟုတ်မမှန် စကားပြောလေ့ရှိသူသည် သူတစ်ပါးကို ဩဇာအာဏာစက်ဖြင့် တန်ခိုးမရှိနိုင်ပါ၊ ဩဇာမညောင်းနိုင်ပါ၊ သစ္စာဆို၍လည်း မအောင်မြင်နိုင်ပါ၊ အဓိဋ္ဌာန် ပြု၍လည်း မထိရောက်နိုင်ပါ။

မုသားမဆို စကားပြောင့်မှန်သူ၊ စကားကတိတည်သူ၊ သစ္စာရှိသူတို့သည် လူဖြစ်စေ၊ ရဟန်း သာမဏေဖြစ်စေ လူများအပေါ်၌ ဩဇာရှိကြသည်၊ သစ္စာဆို၍ အောင်မြင်ကြသည်၊ အဓိဋ္ဌာန် ပြု၍ ထိရောက်ကြသည် မှတ်ပါ။

## မူးယစ်သေစာ မသောက်ဝားသူ

မျက်မှောက်ခေတ် လူလောကတွင် မွေးဖွားလာ၀ဥ်ကပင် လူချင်းမတူ စိတ်ဖောက်ပြန်တတ်သော ကလေးတွေ ပေါ်များကြသည်၊ ရုံခါ ၀က်ရူးပြန်တတ်သူ၊ လူကောင်းနှင့်မတူ-မအူမလည် ဖြစ်နေတတ်သူ၊ ကျောင်းထား၍ မဖြစ်နိုင်သူ စသော လူစဉ်မမီကြသော သားသမီးတွေကို မွေးဖွားပြီး မိဘတို့မှာ စိတ်ဒုက္ခ ခံစားကြရသည်။

ထိုသို့ဖြစ်ရခြင်းသည် အတိတ်ဘ၀တို့၌ မူးယစ်သေစာ သောက်ခဲ့ကြသူများ၊ ဘိန်းစားများ၊ ဆေးခြောက်ရှူသူများ စသော (သုရာမေရယမဇ္ဇပမာဒဋ္ဌာန) ငါးပါးသီလတွင် ပဉ္စမမြောက် ရှောင်ကြဉ်ရန် ဘုရားဟောချက် ရှိသည်၊ စိတ်ထားမိုက်မဲကြသော လူအချို့က မူးယစ်ထုံထိုင်းပြီး မေ့လျော့စေတတ်သော သုရာမျိုး, မေရယမျိုးတို့ကို

သောက်ကြသည်၊ စားကြသည်၊ ထိုမကောင်းမှု၏ မကောင်းကျိုးတရားတွေ ဘဝဆက်တိုင်း လိုက်ပါခြင်းခံယူရသော ဒုက္ခိတတွေဟူ၍ နားလည်ကြရပါမည်။

## သုံးပါးလုံးလျှင် ခရီးရောက်ပြီ

ဤတွင် မိမိ၏စိတ်ကို စမ်းကြည့်နည်း ပေးမည်၊ 'ငါးသည် ငါးပါးသီလကို လုံအောင်ထိန်းမယ်' ဟူ၍ ရက်ပိုင်းဖြစ်စေ ထိန်းစမ်းကြည့်ပါ။ (ဥပမာ) 'သုံးရက်ထိန်းမယ်' ဓိဋ္ဌာန်ပြု၍ ထိန်းပါ။

သုံးရက်ပြည့်လျှင် ငါးပါးသီလနှင့်နေသူ ဖြစ်ခဲ့ပြီ ဟု မိမိကိုယ်၌ ကျေနပ်၍ ဝမ်းမြောက်စိတ် ဖြစ်နေမယ်၊ ဆက်၍ (၅) ရက်ထိန်းမယ် ဓိဋ္ဌာန်ပါ၊ အောင်မြင်ပြီးလျှင် ပို၍ ကျေနပ် ဝမ်းမြောက် နေရမည်။

အောင်စရှိလျှင် မိမိ၏စိတ်ကို ယုံကြည်ချင်လာမည်၊ အားတက်လာ၍ ငါ (၇)ရက် ဓိဋ္ဌာန်မယ်၊ (၁၀)ရက် ဓိဋ္ဌာန်မယ်ဟူ၍ ရဲရင့်လာမည်၊ အဓိဋ္ဌာန်ချက်ပြုတိုင်း အလွယ်အောင်မြင်လာပုံကြောင့် မိမိ၏စိတ်ဆန္ဒကို မိမိကိုယ်တိုင် ပိုင်စပြုပြီဟူ၍ သိပါ၊ ထိုအချိန်မှစ၍ (ငါ သီလနှင့် နေတော့မယ်)၊ လပိုင်းဖြင့် ဓိဋ္ဌာန်ပြုပါ၊ သုံးလနေမယ်၊ ခြောက်လနေမယ်၊ မိမိ၏စိတ်ဖြင့် ဆုံးဖြတ်ပြီး နေပါ၊ အောင်မြင်ပြီးဖြစ်လျှင် နှစ်ပိုင်းဖြင့် နေစမ်းပါ။

ငါးပါးသီလကို နှစ် ပြည့်အောင် မြင်သွားလျှင် ဝမ်းမြောက်မဆုံး ဖြစ်ရပါတော့မည်၊ (ဇိတံ မေ-ငါအောင်ပြီ) ဟူ၍ ဥဒါန်းကျူးနိုင်ပြီ။

ထိုအခါ စိတ်အာရုံ ကြည်နူးဝမ်းမြောက်ခြင်း အလိုလို ဖြစ်လာပုံ ခံစားရပါလိမ့်မည်၊ ငါးပါးသီလထိန်း၍ အောင်မြင်ခြင်းပိုင်ခဲ့လျှင် စကြာမင်းကြီး ဖြစ်ရသည်ထက် ဝမ်းမြောက်နေနိုင်ပြီ မှတ်ပါ၊ ထိုအချိန်မှ နောက်ပိုင်းတွင် ရခါ ဥပုသ်နေ့တို့၌ (၈) ပါးသီလကို ထိန်းကြည့်ပါ၊ လွယ်လိုက်ပုံကို လက်တွေ့သိရပါတော့မည်။

မိမိက သီလ၌တည်မြဲနေသူ ဖြစ်နေလျှင် သီလထိန်းခြင်းမရှိ၊ ပေါက်လွတ်စိတ်ထား၊ သီလအကျင့် စည်းကမ်းမရှိ နေကြသော လောကသားအတွေ့ကို မြင်ရလေတိုင်း သနားစရာ ဒုက္ခိတသတ္တဝါ

တွေ့ပါကလား ဟူ၍ လူချင်းတူလျက် အသက်ရှူခြင်း မတူကြပုံ ဆိုတာ ဒါမျိုးကအစ ဖြစ်မယ်ဟူသော အမြင်အသိ ပြတ်သားစွာ သိမြင်လာပါမည်။

လူအများအတွက် ပြောမည်၊ ငါးပါးစုံကို လုံအောင် မထိန်းနိုင်သူတွေ ရှိကြမည်၊ သူတို့စိတ်တွင် (၃-ပါးတော့ ငါထိန်းမယ်) ဟူ၍ မိဋ္ဌာန်ချက် ပြုပါ။ (ဥပမာ) မိမိစိတ်ပင်စားရာ သတ္တဝါတို့ကို မသတ်လိုပါ၊ (ပါဏာတိပါတာ) တစ်ပါး၊ သူတစ်ပါးဥစ္စာ မခိုးယူပါ တစ်ပါး၊ သူတစ်ပါးအိပ်ရာ မကျော်နင်းချင်ပါ တစ်ပါး၊ ဤမျှဆိုလျှင် သုံးပါး ဖြစ်ခဲ့ပြီ။

ထိုနည်းတူ မိမိစိတ်ဝင်စားရာ အရက်သေစာ မသောက်ပါ တစ်ပါး၊ မမှန်စကားကို ငါမပြောဆိုပါ တစ်ပါး၊ မိမိ၏စိတ်ထဲမှဆန္ဒရှိရာကို စောင့်ထိန်းရမည်၊ ထိုအခါ သူတော်ကောင်းဖြစ်မှန်းမသိဖြစ်လာပုံ သိမြင်ပြီး ဝမ်းမြောက်ရပါမည်။

ဤကဲ့သို့ သီလအကျင့်၌ (၃) ပါးမှစ၍ စောင့်ထိန်း၍ ရခဲ့ပြီဆိုလျှင် ငါးပါးလုံး အလွယ်ပြည့်စုံသာမည် ဟောချုသည်။ ငါးပါးသီလ အမြဲတည့်သူဖြစ်ပြီးလျှင် မိမိလိုရာ-ဆန္ဒရှိရာ မိဋ္ဌာန်ကြည့်စမ်းပါ၊ ရက်များမကြာခင်မှာ ပြည့်စုံလာပုံ တွေ့ရပါလိမ့်မည်။

သီလဖြည့်တည်လျှင် လူဖြစ်လာရကျိုးနပ်ပြီ

သုံးပါးလောက် လုံခြုံလျှင် လူဖြစ်ရကျိုး အစပျိုးခဲ့ပြီ၊ ငါးပါးစုံ လုံခြုံသူဖြစ်လာလျှင်ကား မြောက်ကျွန်းသားတို့ကဲ့သို့ ဘာမဆိုလိုရာ ပြည့်စုံရပါမည်၊ သေပြီးနောက် အထက်နတ်ဘုံသို့ ရောက်ရမည်မှာ သေချာပြီမှတ်ပါ၊ ဤသည်ကား-သီလအကျင့်ဆိုတာပါ အလေ့အကျင့် ပြုပေးလျှင်မခက်၊ လွယ်ကူစွာ အောင်မြင်နိုင်ပုံ သိစေကြောင်းပါတည်း။

**ဘာဝပါရမီ ထုံစေနည်း**

ဘာဝနာအလုပ်သည် သံသရာဝဋ်ဆင်းရဲကို တကယ်ငြီးငွေ့ခြင်းရှိနေကြသော လူသားနှင့်ရဟန်း ပုဂ္ဂိုလ်မြတ်တို့အတွက် အားကိုးရာ, အားထားရာအလုပ် ဖြစ်သည်။

ဘာဝနာဆိုသောစကားသည် ပွားများခြင်း၊ မပြတ်နှလုံးသွင်းခြင်းနှင့် စိတ်အာရုံ တည်ငြိမ်နေအောင် သမာဓိကို ဖြစ်စေသော စိတ်အလုပ် ဖြစ်သည်။

ဘာဝေတီတိ ဘာဝနာ။

ဘာဝေတိ၊ ပွားများအပ်၏။ ဣတိတသ္မာ၊ တိကြောင့်။ ဘာဝနာ၊ ဘာဝနာမည်၏ဟူ၍ ဝိဂ္ဂြိုဟ်က ဆိုသည်။

(ဥပမာ) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် အရဟံ အစရှိသော ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတွင် မိမိနှစ်သက်ရာ စိတ်ဝင်စားရာ ဂုဏ်တော်တစ်ပါးကိုယူ၍ (သောဘဂဝါ ဣတိပိ အရဟံ၊ အရဟံ-အရဟံ) စသဖြင့် ကြိမ်ဖန်များစွာ ရွတ်ဆိုခြင်း ပြုနေရသည်၊ ရွတ်ဆိုနေရင်း (လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှိခိုးခြင်း မြတ်နိုးခြင်း လှူဖွယ်ဝတ္ထု အမျိုးမျိုးဖြင့် ပူဇော်ခြင်းအထူးကို ခံယူတော်မူခြင်းငှာ ထိုက်တော်မူသော မြတ်စွာဘုရား) ဟူ၍ ဘုရားရှင်၏ အရဟံဂုဏ်တော်၏ ဆိုလိုချက် အနက်သဘောကို သိမြင်စေပြီး၊ ကြည်ညိုခြင်း သဒ္ဒါပသန္နစိတ် ဖြစ်ပေါ်၍နေစေရသည်။

ဤသည်ကား (ဘာဝနာ) ဆိုသော စကားခွန်း၏ ဆိုလိုချက် ပွားများခြင်း- ရွတ်ဆိုခြင်း- မပြတ်ရွတ်ဆိုပွားများ လေ့ကျင့်နေရပုံနည်းတစ်စိပ်ကို ပြခြင်းဖြစ်သည်။

အခြား ပထဝီကသိုဏ်းစသော ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင်လည်း ကမ္မဋ္ဌာန်းအားထုတ်လိုသော ပုဂ္ဂိုလ်၏ရှေ့၌ ချထားသော ပထဝီကသိုဏ်းဝန်းကို စေ့စေ့ကြည့်၍ ပထဝီ-ပထဝီ-ပထဝီ ဟူ၍ အကြိမ်ကြိမ်အထပ်ထပ် နှုတ်မှ ရွတ်ဆို ပွားများနေရသည်။

အကယ်၍ အသံမလိုသော် စိတ်ထဲမှ အကြိမ်ကြိမ်ရွတ်ဆိုနေရင်း မိမိ၏ရှေ့၌ရှိသော တစ်ပေပတ်လည် (သို့မဟုတ်) တစ်တောင်ပတ်သည် လေးတောင်ကားကျစ်၍ နေအရုဏ်အဆင်းရှိ မြေနီသရွတ်ကျံထားသော ပထဝီကသိုဏ်းကို ထက်ကြပ်မကွာစေဘဲ ကြည့်လျက် (ဒါ မြေကြီး) ဟူသော အမှတ်သညာ ပြု သိမြင်နေရသည်။

## ရဟန်းဘဝချမ်းသာ (ဒုတိယတွဲ)

ပွားများအားထုတ်ခြင်း ဘာဝနာအလုပ်ဆိုတာ ရှင်းကြစေရန် နမူနာ တစ်စိပ်ပြောခြင်းဖြစ်၏၊ အပြည့်အစုံ သိချင်ကြ လျှင် ကမ္မဋ္ဌာန်းကျမ်းစာအုပ်တွေ မြန်မာပြည်၌ အမျိုးစုံရှိနေပြီးဖြစ်၏၊ ရှာဖွေ၍ ကြည့်ရှုလေ့လာနိုင်ကြပါသည်။

သီလပြည့်စုံပြီးလျှင် လူပုဂ္ဂိုလ်တို့သည် ဘာဝနာပွားများခြင်း အလုပ်ကိုလည်း ပါရမီဖြည့်သော သဘောမျိုးဖြစ်စေ ပွားများဖူး ရမည်၊ အလေ့အကျင့်ရအောင် ကြိုးစားကြည့်ရမည်၊ ကြည့်ကြပါဟူ၍ အကြံပေးတိုက်တွန်းပါသည်။

ရဟန်းပုဂ္ဂိုလ်တို့မှာ မိမိတို့ကျင့်သုံးနေမြဲ သီလကို စင်ကြယ်စေ၍ စိတ်အာရုံသန့်ရှင်းစေပြီး ကမ္မဋ္ဌာန်းဘာဝနာ အလုပ်ခွင်ကို စတင်ခြင်းပြုပါ၊ ကမ္မဋ္ဌာန်းဘာဝနာနှင့် ပျော်နေမြဲဖြစ်သော ပုဂ္ဂိုလ်ကြီးတို့ အတွက် ပြောခြင်းမဟုတ်ပါ၊ အလေ့အထ မပြုကြရသေး၊ ဘာဝနာ အလုပ်ကို မစကြရဖူးသေးသော ဒုလ္လဘပုဂ္ဂိုလ်များနှင့် ရဟန်းငယ်များ အတွက် ဘာဝနာအလုပ် စတင် ' အလေ့အကျင့်ယူကြရန် နည်းပေး ခြင်း ဖြစ်သည်။

### ပျော်စရာကောင်းသော အလုပ်

'အချို့သောသူတို့က ဘာဝနာဆိုလျှင် သူတို့အတွက် လှမ်းကွာ ပါသေးတယ်' ဟူ၍ အတွေးခေါင်တတ်ကြသည်၊ ရဟန်းပုဂ္ဂိုလ်ငယ် အချို့တို့လည်း ဤသဘောမျိုး တွေးလေ့ရှိကြောင်း ပြောသံ ကြားရ ဖူး၏။

အမှန်သဘာဝကား ဤသို့ မဟုတ်ပါ၊ (ဆရာကောင်းအပိုရပို သာလိုပါသည်၊ ကမ္မဋ္ဌာန်းဘာဝနာအလုပ်သည် ငွေယ်လှ၍ ပျော်မွေ့ ဖွယ်ရာ ကောင်းကြောင်း စမ်းသပ် ပွားများဖူးခြင်း မရှိသေး၍ အတွေးခေါင်နေကြခြင်းသာ ဖြစ်သည်၊ လက်တွေ့ အားထုတ်ကြည့်၍ အလေ့အကျင့်ရလာလျှင် ပျော်မွေ့လာတတ်သည်။

ဘာဝနာအလုပ်၌ အလေ့အကျင့်ရလာလျှင် ဇိက်ပါဝင်စား၍ ပျော်မွေ့လာပုံ လက်တွေ့ခံစားကြရမည်၊ ပျော်မွေ့ခြင်းကြောင့် ဆက်ခါ အားထုတ်နေရင်းက တဖြည်းဖြည်းနှင့် အထုံဖြစ်လာမည်၊ အထုံဖြစ်လာပြီဆိုလျှင် 'ငါ ဘာဝနာအလုပ်စခန်း၌ ပါရမီ ဆက်ဖြစ် အောင် အားထုတ်သွားမယ်' ဟူ၍ အကြံပြုထားပါ။

အရှိန်ရလာလျှင် အားထုတ်မှု အချိန်တို-အချိန်ရှည်တို့ကြောင့် ကရှိန်အားကောင်းလာပုံ မိမိ၏စိတ်သဘာဝကို ကျေနပ်အားရမှု ဖြစ်ပေါ်လာလိမ့်မည်။ ထိုအချိန် ရောက်လာပြီဆိုလျှင် 'ငါသည် ဤဘဝနှင့် နောင်ဘဝပေါင်းများစွာတို့အတွက်ပါ (ဘာဝနာပါရမီ) ရရှိရေးမှာ စိတ်ချရတော့မည်' ဟူသော အသိအမြင်ဖြင့် နားလည်မှုယူကာ မနေမနား ကြိုးစားအားထုတ်နေပါ၊ ရပ်မပစ်မိကြရန် သတိရှိပါ၊ အရှိန်ရခိုက်တွင် ခရီးရောက်၍ ပြီးမြောက်စေရသည်။

## ဗုဒ္ဓဘာသာတို့၏ နောက်ဆုံး ပေါက်မြောက်လိုရာ

ဗုဒ္ဓဘာသာတို့၏ လိုရင်း အချုပ်လမ်းစဉ်မှာ "နောက်ဆုံးတွင် ဘဝသံသရာမှ ထွက်မြောက်၍ နိဗ္ဗာန်သို့ရောက်ဖို့ ရည်မှန်းချက်ဖြစ်ကြသည်။

ဒါနကြောင်း၊ သီလကြောင်း၊ ဘာဝနာကြောင်း အားလုံးသည် နိဗ္ဗာန်ရောက်ဖို့ ရည်မှန်းချက်နှင့် ကြိုးစားအားထုတ် ပြုလုပ်နေကြခြင်း ဖြစ်သည်။ မိမိတို့ရောက်လိုရာ နိဗ္ဗာန်သို့ သွားလမ်းဖြောင့်ဖို့သာ လိုရင်း ဖြစ်သည်။

## လမ်းနှစ်သွယ်တွင် ကြိုက်ရာလိုက်ပါ

ထေရဝါဒ ဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်ရောက်နိုင်သော လမ်းနှစ်သွယ်ရှိသည် ရသေ့ရဟန်းပြု၍ တရားနှင့်ပျော်မွေ့ရင်း ပါရမီရင့်စေသော လမ်းနှင့် လူဝတ်ဖြင့် အိမ်ထောင်နှင့်နေ၍ ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ရင်း ဆုတောင်းပြီး ပါရမီရင့်စေသော နည်းဖြစ်သည်။

(၁) ပထမနည်းလမ်းသည် လူ၏ဘဝကို ရရှိနေခိုက် (ကာမဘောဂီ) သားမယားသိမ်းပိုက်၍ သားကျွေးမှု၊ မယားကျွေးမှုဖြင့် ကိုယ့်လက်ရှိအသုံးချပြီးလျှင် တစ်ဘဝ ကုန်ဆုံးသွားစေသော အာဂါရိကလမ်းကို မလိုက်။

မိမိ၏ကိုယ်ခန္ဓာနှင့် စိတ်ကိုပိုင်စေ၍ လွတ်လပ်သော သူတော်စင်တို့ ဘဝလမ်းစဉ်ကို စိတ်ပါဝင်စားသော လမ်းကြောင်းကို လိုက်သူဖြစ်သည်၊ သာသနာပကာလ၌ ရသေ့ရဟန်းပြု၍ တောထွက်ကြသည်၊ ဘုရားလောင်းတို့ ကျင့်စဉ်ဖြစ်၏၊ သာသနာတွင်း ကာလ၌

ရဟန်းပြု၍ သာမဏေပြု၍ သူတော်ကောင်းစိတ်ဖြင့် တရားနှင့်ပျော်မွေ့၍ နိဗ္ဗာန်ရောက်ကြောင်း တရားကျင့်ရင်း၊ ပါရမီဖြည့်ရင်း မိမိ၏ ဘဝ၌ အမြတ်ထုတ်ယူသော နည်းလမ်းဖြစ်သည်။

(၂) ဒုတိယလမ်းသည် ဘဝနောက်ခံ ပါရမီနုကြသေး၍ ရသေ့ရဟန်း သာမဏေပြု၍ နေနိုင်စွမ်းမရှိ၊ လူအများ မိုးခါးရေ သောက်နေကြသကဲ့သို့ (ကာမဘောဂီ) အိမ်ထောင် သားမယား သံယောဇဉ်တို့သာ ရှုပ်ရှုပ်ထွေးထွေး ပျော်နေချင်စိတ် များကြသူတို့ အတွက် မိုးခါးရေသောက်လိုသော လမ်းဖြစ်သည်။

ဖြစ်ရာဘဝမှ အမြတ်ထုတ်နည်းရှိပါ၏၊ မိမိ၏ကိုယ်နှင့် သံယောဇဉ်ကို ရိုးသားဖြောင့်မတ်သော အသက်မွေးခြင်း အပြစ်ကင်းစင်စွာ လူ၏ဘဝချမ်းသာအောင် နေနည်းဖြင့်နေပါ၊ မိမိ၏ဘဝ အခြေအနေဖြင့် တတ်စွမ်းနိုင်သမျှ ဒါနမျိုးစေ့ချ၍၊ စွမ်းနိုင်သမျှ သီလ စောင့်ထိန်း၍၊ ကြိုးစားနိုင်သမျှ ဘာဝနာပွားများ၍ နေသွားကြရ မည်၊ အဆိုပါသုံးမျိုး အားထုတ် ဆည်းပူးယူသောအခါတိုင်း ဤ ကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန် မျက်မှောက် ပြုနိုင်ရပါလို၏ ဟူ၍ ဆုတောင်းခြင်းနှင့်တကွ ပြုပါ။

ထူးသည်ကား-ရသေ့ရဟန်းဘဝနှင့် လွတ်လပ်စွာတရားကျင့် ရင်း ပါရမီရင့်ကျက်စေသော နည်းလမ်းနှင့်စာလျှင် ဘဝသံသရာ၌ အချိန်ကြာပြီးမှ နိဗ္ဗာန်ရောက်လေ့ရှိကြသည်၊ သို့ရာတွင် စည်းလွတ် ကမ်းလွတ် သံသရာရေယာဉ်ကြော၌ မျောနေကြသော သတ္တဝါတို့နှင့် စာနာလျှင် စိတ်ချရပါသည်။

## လူ၏ချမ်းသာ ဆိုသည်မှာ

ဤတွင် လူဘဝ၌ ချမ်းသာအောင် နေထိုင်နည်းကို ပြောမည်။

လူ၏ဘဝ၌ ချမ်းသာမှုဆိုသည်မှာ ပစ္စည်းဥစ္စာတွေ အမျိုးစုံ ပေါများကြွယ်ဝသော သူကြွယ်ကြီးမဟုတ်ပါ၊ ငွေကြေးတွေ သန်း ပေါင်းများစွာ ပိုင်ဆိုင်နေကြသော သန်းကြွယ် သူဌေးကြီးမဟုတ်ပါ၊ ရွှေတွေများစွာ ပိုင်ဆိုင်ထားသော ရွှေသူဌေးကြီး မဟုတ်ပါ၊ အဖိုး တန် ကျောက်မျက်ရတနာတွေ များစွာပိုင်ဆိုင်နေသော စိန်သူဌေး၊ ကျောက်မျက်ရတနာ သူဌေးကြီးလည်း မဟုတ်ပါ။

ရာထူးဂုဏ်သိန် ကြီးမားသော အရာရှိကြီး မဟုတ်ပါ၊ လူထု အပေါ်၌ သြဇာအာဏာ လွှမ်းမိုးနိုင်စွမ်းသော အာဏာရှင်ကြီး မဟုတ်ပါ၊ တိုင်းပြည်နှင့်တကွ ပြည်သူလူအများ၊ တိုင်းနိုင်ငံကြီးကို ပါ ပိုင်စိုး အုပ်ချုပ်နေကြရသော ရှင်ဘုရင်ကြီး မဟုတ်ပါ၊ လေး ကျွန်းလုံးကို ဘုန်းကံအလျောက် ပိုင်စိုးရသော စကြာဝတေးရှင်၊ လေးကျွန်းသနင်း စကြာမင်းကြီးလည်း မဟုတ်ပါ၊ လူ၏ဘဝ၌ ချမ်း သာမှုသည် စိတ်၌တည်သည်၊ ချမ်းသာမှုအစစ်သည် စိတ်ချမ်းသာခြင်း ဖြစ်သည်၊ စိတ်ချမ်းသာနေလျှင် အားလုံးချမ်းသာသည်၊ လူ့ဘဝ၏ ချမ်းသာမှုသည် စိတ်၌တည်သောကြောင့် လူ၏ဘဝရနေခိုက်တွင် စိတ် ချမ်းသာမှုသုခနှင့် ပြည့်စုံချင်ကြလျှင် စိတ်ချမ်းသာအောင် နေတတ်ကြ ရမည်။

ဥယျာဉ်ခြံမြေတစ်ကွက်–တဲငယ်တစ်လုံးနှင့်

မိမိကိုယ်ကို ချမ်းသာအောင်နေချင်လျှင်– နေချင်၍ နေတတ် ကြမည်ဆိုလျှင် ပစ္စည်းဥစ္စာတွေကို များစွာပိုင်ဆိုင်နေဖို့မလိုပါ၊ကိုယ် ပိုင်ဥယျာဉ်ခြံ မြေတစ်ကွက်နှင့် တဲငယ်တစ်လုံးရှိရုံဖြင့် ချမ်းသာအောင် နေသွားသော ကောင်းသော အဘိုးကြီးတစ်ဦး အညာဒေသ၌ရှိခဲ့ဖူး၏၊ ထို အဘိုးကြီးသည် သူ၏ ခြံမြေဥယျာဉ်အတွင်း နေ့စဉ် စိုက်ပျိုးရေး လုပ်ကိုင်၍ တဲငယ်တစ်လုံးနှင့် စိတ်ကိုအေးချမ်းစွာ နေသွားသည်၊ ကြောင့်ကြမှုမရှိ၊ ဘောင့်ဘမှုမရှိ၊ ပူဆိုသော လောဘသက္ကာယမရှိ နေလေ့ရှိသည်။

ပေါက္ကံရာဇဝင်တွင် တောင်ဘူကြီးကို မင်းလုပ်ရန် မြှောက် ကြ၍ နန်းတော်ကြီးထဲ၌ မှူးကြီးမတ်ကြီးတွေက ရှေ့၌ခစား၍ သက် တော်စောင့်တွေနှင့် လုပ်ကျွေးပြုစုသူတွေက ခြံရံနေကြပုံကို ပလ္လင် ပေါ်မှ ကြည့်မြင်နေရသောအခါ–

‘ရှင်ဘုရင် လုပ်ရတယ်ဆိုတာ ပျော်စရာမကောင်းပါဘူးလေ၊ ငါ့သခွားခင်းထဲတဲငယ်တစ်လုံးနှင့်လွတ်လွတ်လပ်လပ်နေရတာစိတ်ရှင်း ၍ ပျော်စရာကောင်းသေးတယ်၊ အပျိုတော်တွေကကြာယပ်ကြီးတွေနှင့် ယပ်ခပ်ပေးနေကြသော်လဲပဲ ငါနေမြဲတဲမှာ ကြမ်းကြားက တိုက်ခတ် သော လေပြည်လေညှင်းလောက် မအေးပါ၊ ကြမ်းကြား လေကမှ ခံစားချက်ကောင်းပါသေးတယ်။

'ရွှေရေတကောင်းကြီးထဲက ရေကို ကလပ်ပေါ်တင်ထားသော ငွေဖလားနှင့် ငှဲ့ပြီးသောက်ရဘာကလဲ ငါ့သခင်းဝေခင်းထဲ နေတုန်းက ဘူးခါးသီးထဲကရေလောက် မအေးပါဘူး'- ဟူ၍ ပြောသွားဖူးသည်။

ထို့ကြောင့် ကြမ်းကြားလေနှင့် ဘူးခါးရေ ဟူသော စကား ပြောရိုးစဉ်လာ ဖြစ်ပေါ်ခဲ့ကြောင်း ဖြစ်သည်။

## ချစ်တီးသူဌေးကြီး နှင့် နွားကျောင်းသား

ရွှေနှင့်ငွေသား သေတ္တာကြီးကြီးအနီး၌ ဖိုင်အထပ်လိုက် စုလျက် စည်းချည်ထားသော ငွေကျူးလုပ်သားကပ်လိုက်ပုံ၍ ငွေစာရင်းစာအုပ် ကြီးငယ်တွေ အထပ်ထပ်ပုံထားသော အကြား၌ စာရင်းမှတ်နေရသော ချစ်တီးသူဌေးကြီးသည် အခါခပ်သိမ်း မပျော်နိုင်ပါ။ အကြိမ်များစွာ စိတ်ရှုပ်ရတတ်သည်၊ လိုအင်ဆန္ဒပြည့်ပမှုကြောင့် မကျေနပ်စရာတွေ ကြုံရတတ်သည်။ စိုးရိမ်မှုကြောင့် ကြောင့်ကြမှုတွေလည်း ရံခါ ဖြစ် ပေါ်လာတတ်သည်၊ ရံခါ မကျေနပ်မှုကြောင့် အိပ်မပျော်နိုင်သော စိတ်ဒုက္ခတွေ အကြိမ်ကြိမ် ခံစားနေရသည်။

သို့ရာတွင် ရွှေသေတ္တာ၊ ငွေသေတ္တာအနီး၌ မကိုင်၊ ဝက်ျူအထပ် တွေကိုလည်း မမြင်ရ-မကိုင်ရဘူး၍ မြင်ဖူးချင်စိတ်-ပိုင်ဆိုင်ချင်စိတ်-ကိုင် ချင်စိတ် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသော နွားကျောင်းသားသည် ပလွေတတီတီမှုတ်၍ သီချင်းကဗျာဆိုရင်း နွေခင်း လယ်ကွင် ယာကွင် တစ်ခို၌ နွားကျောင်းထွက်လျက်ရှိနေသည်၊ ပူပန်ကြောင့်ကြလည်း မရှိ၊ စိုးရိမ်စိတ်လည်း မရှိ၊ လိုချင်လှသော ဝတ္ထုတာမှ မရှိပါ။

ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာကို ကြည့်လျှင် ချစ်တီးသူဌေးကြီး၏ ဘဝမျိုးသည် နွားကျောင်းသားလောက် ချမ်းသာမှု မရနိုင်ပါ၊ နွားကျောင်းသားဘဝသည် လွတ်လပ်ခြင်း စိတ်ချမ်းသာခြင်း-ပျော် မွေ့ကြည်လင်ခြင်း ခံစားချက်နှင့် ပြည့်စုံသောကြောင့် သူဌေးကြီး ဘဝထက် ချမ်းသာ၍ ပျော်ရွှင်စွာနေရသည်။

လိုရင်းနားလည်ထားကြရန်မှာ ချမ်းသာမှု အစစ်သည် စိတ် အာရုံ၌တည်သည်၊ ချမ်းသာမှု အစစ်သည် စိတ်ချမ်းသာမှုဖြစ်သည်၊ စိတ်အာရုံကြည်လင်ချမ်းသာနေလျှင် အားလုံး ချမ်းသာတော့သည် မှတ်ပါ။

## ဂိတ္တကုဋ္ဌတောင်မှ ပြိတ္တာမျိုး မဖြစ်ကြစေရန်

ချစ်ခင်၍ ရင်းနှီးသော မိတ်ဆွေဘုန်းကြီးအချင်းချင်း ညချမ်းအခါ အေးဆေးစွာ အချိန်ရ၍ စကားပြောဆိုဆွေးနွေးကြရသောအခါမျိုးတွင် ကောင်းကျိုးရကြစေရန် သတိပေးစကား တစ်ခွန်းစနှစ်ခွန်းစ ထည့်၍ပြောရသည်။ ဘုန်းကြီးကဲ့သို့ သက်ရွယ်တော်ကြီး အသက်(၈၀) ကျော် ဆရာတော်ကြီးမျိုးက သာယာညှင်းပျောင်း ပြောပြသောအခါ စိတ်ပါဝင်စားကာ နားထောင်ချင်ကြသည်၊ နားထောင်ချင်ကြပုံကို တွေ့ကြုံရသောအခါ ဝမ်းမြောက်ရသည်။

'ရဟန်းပြုချင်စိတ်ရှိ၍ သင်္ကန်းဝတ်နေကြလျှင် မိမိကိုယ်ကို ကောင်းကျိုးရအောင် နေကြရမယ်၊ ကောင်းကျိုးရအောင် နေနည်းကား ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းနေထိုင်ကြရုံသာပါ၊ ပေါ့ဆစွာ နေတတ်ကြသော အချို့သော ပုဂ္ဂိုလ်တို့ကို အတုမယူရပါ။

'အနေအထိုင်ကောင်းသော အခြားသော ပုဂ္ဂိုလ်တို့၏ နေထိုင်ကြပုံကဲ့သို့ ကျင့်ကြံအားထုတ်၍ နေကြရမယ်၊ ဒါမှ လူဝတ်နှင့် မနေချင်လို့ ရဟန်းဝတ်၍နေခြင်း၏ အကျိုးတရား ရရှိ ခံစားကြရလိမ့်မယ်။

'အရယတ္တ ဓဇဖြစ်တဲ့ သင်္ကန်းကို ဝတ်ရုံနေထိုင်၍ ရဟန်းပြုသည်၊ ရဟန်းဘောင် ဝင်ရောက်နေသော်လဲ ရဟန်းကောင်းတို့၏ နေထိုင် ကျင့်ကြံပုံ နည်းမျိုးကို နေချင်စိတ်မရှိဘူး ဆိုလျှင်–တော်အောင် လျော်အောင် ပေါ့ပေါ့တန်တန် နေချင်စိတ်တွေသာ ဝင်စားနေတယ်ဆိုလျှင် မိမိ၏စိတ်ကို မိမိဘာသာ ထိန်းကျောင်း၍ ပြုပြင်ယူပါ။

'ပြုပြင်သော်လည်း မိမိ၏စိတ်ကိုမနိုင်၊ဣန္ဒြေကိုထိန်းကျောင်း၍ ရဟန်းကောင်းတို့၏ ကျင့်ကြံနေထိုင်နည်းကို မလိုက်ချင်တော့ဘူးဆိုခဲ့လျှင် သင်္ကန်းဝတ်၍ နေခြင်းဖြင့် ဘာကောင်းကျိုးမျှရမည် မဟုတ်ပါ၊ (ဖွပ်ခါမှပို၍တောင် ညစ်ထေးလာသေးတယ်) ဆိုပြောလေ့ရှိကြသော စကားပုံကဲ့သို့ သင်္ကန်းဝတ်ကာမှ အပြစ်တွေသာ ကြီးလေးလာလိမ့်မယ်၊ ဒီတော့ မြန်မြန် စိတ်ဆုံးဖြတ်သင်္ကန်းချွတ်၊ လူဝတ်လဲပြီး အများနည်းတူ လူတို့ဘောင်၌ အိမ်ရာတည်ထောင်၍ လုပ်ကိုင်နေလိုက်ပါ၊ အပြစ်ကင်းစေသည် မှတ်ပါ။

## အပြစ်ကြီးလေး နေမှာကြောင့်

‘အကြောင်းမှာ ရဟန်းကျင့်ဝတ်ကို အလေးမထားမှုသာ သင်္ကန်း ကိုသာ ဝတ်၍ နေချင်ပါယ်၊ အပြောမဆင်ခြင်၊ အနေအထိုင်မဆင် ခြင်၊ အစားအသောက် မဆင်ခြင်၍ လူတို့၏ ကြည်ညိုဖွယ်ကို မဆင်ခြင် နိုင်လျှင် (နေမြင့်လေ-အရှုးရင့်လေ) ဆိုဘိသို့ အချိန်ကြာလေ-အပြစ် ကြီးလေ-အကျိုးယုတ်လေသာ ဖြစ်နေတော့မည်’။

ထို့ကြောင့် ကျင့်ဝတ်သိက္ခာ မထိန်းချုပ်ပါဘဲနှင့် လုံးဝ မနေ သင့်ပါ၊ မြန်မြန်သင်္ကန်းချွတ်၍ လူဝတ်လဲလိုက်ခြင်းသာ နည်းမှန်ဖြစ် သည်၊ ဆရာသမား လုပ်သူတို့ကလည်း ဤနည်းသာ အပြစ်ကင်း ကြောင်း ညွှန်ကြားသင့်ကြသည်၊ ဘဝတူ အချင်းချင်းတို့ကလည်း မိမိလည်း အပြစ်မကြီး၊ သူတစ်ပါးတို့အားလည်း မထိခိုက်သော နည်းလမ်း ဖြစ်ကြောင်း တိုက်တွန်း ပြောဆိုပေးသင့်ကြသည်။

ကဿပဘုရားရှင်၏ သာသနာတော် နောက်ပိုင်းတွင် ဝိနည်း ကျမ်းဂန်တို့၌ပါရှိသော ရှေးက ပြစ်ရပ်တို့ကို သာဓကထား၍ အထက် ပါ စကားကို ညွှန်ကြားရေးသားခြင်း ဖြစ်သည်။

ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော် နောက်ပိုင်းတွင် သာသနာတော် ဆုတ်ယုတ်သွားသောအခါ သင်္ကန်း ဝတ်ရုံနေကြ သော ရဟန်းအချို့တို့သည် ရဟန်းကျင့်ဝတ်ကို မလိုက်နာ၍ လူတို့ ကဲ့သို့ အိမ်ထောင်သားမယားတို့နှင့် ပေါ်ပေါ်ထင်ထင် နေထိုင်ကာ သွားလာနေကြသည် ဆို၏၊ အရှက်လည်းမရှိ-သာသနာ့ အပြစ်ကိုလည်း မကြည့်-ထင်ရာစိုင်းနေကြကြောင်း ပါဠိတော်၌ ပါသည်။

ထိုနည်းအတူ ဘိက္ခုနီမတို့ကလည်း လင်ယူကြသည်၊ သားသမီး တွေ မွေးဖွား၍ လူတို့ကဲ့သို့ လုပ်ကိုင်စားကာ သွားလာနေထိုင်ကြ သည်။

မကောင်းမှုသည် ကူးစက် ပြန့်ဆန့်ကြသည်၊ သူတစ်ပါးတို့၏ နေထိုင်ကြပုံကိုမြင်၍ သင်္ကန်းဝတ်ကို မချွတ်ကြတော့ဘဲ သာမဏေ ယောကျ်ားတို့က မယားယူကြသည်၊ သာမဏေရီ၊ ကိုရင် မိန်းမတို့က လည်း လင်ယူကြသည်၊ သားသမီးတွေ မွေးဖွားနေကြသည်။

ထို့နောက် သိက္ခမာန်ခေါ်သော ကျင့်ဝတ်ကို ကျင့်နေဆဲဖြစ် သော မိန်းမ ယောကျ်ားတို့ကလည်း လူတို့ကဲ့သို့ လင်ယူကြသည်၊

မယားယူကြသည်၊ ကျင့်ဝတ်တရားကို လိုက်နာခြင်းမပြု၊ ဗယုတ်သုက္ခနှင့် ပျက်စီးကုန်ကြသည် ဆို၏။

## တရားလက်လွှတ် ငှက်တောင်ကျွတ်

ထိုကဲ့သို့ တရားလက်လွှတ် ငှက်တောင်ကျွတ် ဖြစ်ကုန်ကြသော ကြောင့် ထိုအချိန်ပိုင်း၌ ထင်ရာစိုင်းခဲ့ကြသော ရဟန်းယောကျ်ားများ–ဘိက္ခုနီမများ–သာမဏေယောကျ်ားများ– သာမဏေရီမများနှင့် သိက္ခမာန်များပါ ဘုရားလက်လွှတ် နေထိုင်ခဲ့ကြသူ အားလုံးတို့သည် ထိုဘဝမှ သေလွန်ကြပြီးသော နောက်ဘဝ၌ ငရဲအိုးသို့ ကျရောက်ကုန်ကြရသည်။

ငရဲအိုးမှ ကျွတ်လွတ်ကြပြီးလျှင် ဂိဇ္ဈကုဋ် တောင်ကြီးပေါ်၌ ဆင်းရဲကြီးစွာ သူတို့ဝတ်ရုံသောသင်္ကန်းမှ မီးဟုန်းဟုန်းနှင့်တောက် လောင်ကာ မီးချောင် တပြောင်ပြောင်နှင့် ကယ်ပါ၊ ယူပါ၊ တစာစာ အော်ဟစ်ငိုကြွေးကြလျက် ပြေးလွှားသွားနေကြပုံ အလုံးစုံကို တန်ခိုးရှင်ဖြစ်သော အရှင်လက္ခဏမထေရ် တွေ့မြင်နေရ၍ မြတ်စွာ ဘုရားထံမှောက် ရောက်သောအခါ လျှောက်ထားသည်၊ မြတ်စွာ ဘုရားရှင်က 'ငါဘုရား သိမြင်နေပြီးဖြစ်၏၊ သို့သော် လျှောက်ထား သူရှိမှ ထိုသူကို သက်သေထား၍ ဟောကြားမည် အကြံဖြင့် ဆိုင်းနေ ခဲ့ကြောင်း' မိန့်တော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် သိမြင်တော်မူ ပြီးဖြစ်သော်လည်း အခြား သိသူမြင်သူမရှိဘဲ ဟောကြားခဲ့သော် လူ အများတို့က ယုံကြည်ကြမည် မဟုတ်သောကြောင့် ဟောကြားတော် မမူခြင်း ဖြစ်သည်။ သိကြစေရန် ဟုတ်တိုင်းမှန်ရာကို ဟောကြားပေး သော်လည်း နာကြားသူတို့က ယုံကြည်မှုမရှိလျှင် အကျိုးမပြီး အချည်းနှီးသာ ဖြစ်မည်ကြောင့် မြတ်စွာဘုရားရှင်က သိမြင်ထားပြီး ဖြစ်လျက် မဟောကြားဘဲ နေရခြင်းဖြစ်သည်။

## ဝိနည်းပါဠိတော် ပါရာဇိကဏ် စတုတ္ထသိက္ခာပုဒ်

အဆိုပါအကြောင်းကို ဝိနယပိဋကတ် ပါရာဇိကဏ်ပါဠိတော် စတုတ္ထသိက္ခာပုဒ်၌ ပါရှိသည်၊ စတုတ္ထသိက္ခာပုဒ်၏ ဝိနိတဝတ္ထုများ ဟောပြသော **အခန်း**တွင် ပြည့်စုံစွာ ပါရှိသည်၊ ပြည့်ပြည့်စုံစုံ

ကြောင်းရာပေါင်း များစွာ အလျောက် ဖြစ်ရပ်ပေါင်းတွေကလည်း များပြားပါဘိသည်။

ဂိဇ္ဈကုဋ်တောင်၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ် တွေ့မြင်ခဲ့ရသော ပြိတ္တာဝတ္ထုကဏ္ဍတွင် နွားသတ်ခဲ့သူက ဖြစ်နေကြသော ပြိတ္တာများ၊ ဝက်သတ်သူ ပြိတ္တာများ၊ ဆိတ်သတ်သူ ပြိတ္တာများ၊ လာဘ်စားပြီး ပတရားစီရင်ခဲ့ကြသော တရားသူကြီးပြိတ္တာများကို ကုမ္ဘဏ္ဍပြိတ္တာဟူ၍ ခေါ်တွင်ကြသည်။ လျှို့ဝှက်၍ လာဘ်စားခဲ့ကြသောကြောင့် မပြင်အပ်ရာ၊ လျှို့ဝှက်ရာ၌ အိုးဇရည်းကြီးပမာဏ လိပ်ဥကြီးတွေကို ပခုံးပေါ်တင်ထမ်းကာ ကျီးတွေစွန်တွေက လိုက်၍ ဆိတ်ကြသောကြောင့် ကယ်ပါ၊ ယူပါ အော်ဟစ်ချင်း ပြေးလွှားနေကြရသော ပြိတ္တာမျိုး ဖြစ်ကြသည်။

လင်ကိုလွန်ကျူး၍ ကျင့်သော မိန်းမဘဝမှ ဖြစ်လာသော ပြိတ္တာမသည် အဝတ်မပါ ဗလာကိုယ်ထီးနှင့် ကျီး၊ လင်းတတို့က ဝိုင်းအုံ ဆိတ်ဆွကြ၍ ကယ်ပါ၊ ယူပါ အော်ဟစ် ပြေးသွားနေရသော ပြိတ္တာမျိုး ဖြစ်နေကြရသည်။

နတ်ကတော်မ လုပ်စားခဲ့သူဘို သေ၍ဖြစ်လာကြသော ပြိတ္တာမကိုလည်း သူတို့၏ကိုယ်ပေါ်၌ အဝတ်မပါ၊ ဗလာကိုယ်ထီးပင် ကျီး၊ လင်းတ၊ သိန်းစုန်ငှက်တို့က ဝိုင်းအုံ၍ ဆိတ်ဆွကြသောကြောင့် သွေးချင်းချင်းနီလျက် ကယ်ပါ၊ ယူပါ တစာစာနှင့် အော်ဟစ်ချင်း ပြေးလွှားနေကြရပုံကို အရှင်လက္ခဏမထေရ် တွေ့မြင်ခဲ့ရသည်။

သက်နိုးမှ မီးဖြစ်ပြီး လောင်၍ ပြေးနေကြရပုံ

အရှင်လက္ခဏမထေရ် တွေ့မြင်ခဲ့ရသော ပြိတ္တာတို့တွင် ရဟန်းယောကျ်ား ပြိတ္တာများနှင့် ဘိက္ခုနီမ ပြိတ္တာများ၊ သာမဏေ ယောကျ်ားနှင့် သာမဏေရီ ပြိတ္တာများ၊ သိက္ခမာန် ပြိတ္တာများကိုလည်း မြင်ခဲ့ရသည်၊ သူတို့ဝတ်ရုံထားသော သင်္ကန်းတို့ မီးတောက်မီးလျှံတွေဖြစ်၍ စွဲလောင်ကာ ကိုယ်ခန္ဓာပေါ် ခွာချမရနိုင် ပြင်းစွာ ပူလောင်ခြင်း ခံစားနေကြရသောကြောင့် ကယ်ပါ၊ ယူပါ တစာစာနှင့် အော်ဟစ်ရင်း နေ့ညဉ့်အနားမရှိ ပြေးလွှားနေကြရပုံကို မြင်ဝံ့စရာမရှိ၊ တွေ့မြင်ခဲ့ရကြောင်း မြတ်စွာဘုရားရှေ့မှောက်၌ တင်ပြလျှောက်ထားလေသည်။

ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်း၌ သက်န်းဝတ်ကိုတော့ မချွတ်ကြ၊ ရဟန်း သိက္ခာကို မထိန်း၊ မယားတွေ-လင်တွေနှင့် ထင်ရာစိုင်း၍ နေလာခဲ့မိကြသောကြောင့် သေပြီး နောက်ဘဝ၌ ပြိတ္တာဖြစ်ကြပြီး ဒုက္ခကြီးစွာ ခံယူနေကြရခြင်း ဖြစ်သည်။

အထက်၌ပြဆိုခဲ့သော အဆိုပါဒုက္ခသည် ဂိဇ္ဈကုဋ်ပြိတ္တာ အားလုံးတို့သည် လူ၏ဘဝ ရနေခိုက်တွင် လူကောင်းသူကောင်းတို့၏ ကျင့်ဝတ်ဖြင့် ရိုးသားစွာမနေ- မိုက်မှားစွာ အသက်မွေးဝမ်းကျောင်း နေမိကြသော ပြစ်မှု ဖြစ်ရပ်မှားသော ကံများကြောင့် မိမိတို့ ပြုမှားခဲ့ကြသော ကံအားလျော်စွာ ပြိတ္တာဘဝ၌ ဒုက္ခကြီးစွာ ခံယူရင်း အော်ဟစ်ပြေးလွှားနေကြရခြင်း ဖြစ်သည်။ ဝိနည်းပါဠိတော်၌ ပြည့်စုံအောင် ဟောကြားထားချက် ပါရှိသည်။

## ကြောက်မက်ဖွယ်မြင်လျှင် ရှောင်ပါ

ထို့ကြောင့် ငါတို့လက်ထက် ဤဂေါတမဘုရားရှင်၏ သာသနာတော်တွင်း၌ ဝင်ရောက်၍ ရဟန်းပြု- သာမဏေပြုနေကြသူတို့သည်လည်း ရှေးမှ ဖြစ်ရပ်မျိုး မကြုံတွေ့ကြရလေအောင်၊ ရဟန်းကောင်း၊ သာမဏေကောင်း၊ ကျင့်ဝတ် လက်မလွှတ်စေမူ၍ ဘဝကို အမြတ်ယူကြပါ။

အကယ်၍ မိမိ၏ စိတ်က ကောင်းမွန်စွာ နေချင်စိတ်ထက် ပေါ့ဆစွာ နေချင်ဆန္ဒ များနေလျှင် သက်န်းက မီးဖြစ်ပြီး အလောင်ခံနေကြသော ပြိတ္တာမျိုးတွေ မဖြစ်ကြရအောင် တရားသူကြီးကလည်း လာဘ်မစားသင့်ပါ၊ လူအချို့ကလည်း နွား ကျွဲ မသတ်ကြလျှင် ဝက်၊ ဆိတ်၊ သိုး၊ ကြက်ငှက်တွေကို မသတ်ကြလျှင် ကောင်းသော- အပြစ်ကင်းသော အသက်မွေးခြင်းသာ ပြုကြပါမှ လူ့ဘဝရကျိုး နပ်ပါသည်၊ ပြိတ္တာ မဖြစ်ပါ။

ဂိဇ္ဈကုဋ်တောင်မှ ပြိတ္တာတို့ ဘဝမျိုးသို့ ငါတော့ မရောက်စေရဘူး၊ မရောက်အောင်နေမယ်ဟူ၍ စိတ်ကောင်းထားကြပါ၊ဂိဇ္ဈကုဋ်ပြိတ္တာဘဝသို့ မရောက်ကြစေရန်အတွက် နည်းကောင်း လမ်းညွှန်ပေးခြင်း ဖြစ်ပါသတည်း။

# အမြင် နိမိတ်- အသံတဘောင်

လူသူအများ စိတ်ချမ်းသာစွာ ရှိစေလိုသောကြောင့် ဤအကြောင်းကို ထည့်သွင်း၍ ဖော်ပြခြင်း ဖြစ်သည်၊ စိတ်ချမ်းသာလျှင် ကိုယ်ရောချမ်းသာသည်၊ စိတ်ချမ်းသာအောင် နေတတ်ကြရသည်။

ရန်ကုန် မြို့တော်ကြီး၌ ဘုန်းကြီး ဟောကြားခဲ့သော တရားပွဲကြီးတွေ အကြိမ်များခဲ့ပြီး လူပရိသတ်ကျထပ်၍ တိုးမပေါက်နိုင်သော တရားပွဲကြီးတို့တွင် နေရာဒေသ အခြေအနေကြည့်၍ အချို့သော တရားပွဲကြီးများ၌ ကံတရားအကြောင်း ဟောကြားရာဘွင် (အမြင် နိမိတ် အသံ တဘောင်) ဟူသော စကားဘည့်သွင်း၍ ဟောပြောပေးခဲ့ဖူးသည်။

## ခြောက်ထပ်ကြီး ဓမ္မာရုံ၌ ဩဝါဒခံယူပွဲကြီး

ရန်ကုန်မြို့တော်ကြီး၌ (လူသူအများ အမြင်မှန်ရကြ၍ ကြောက်စိတ် ကင်းကြရအောင် ငါလုပ်မယ်) ဟူ၍ စိတ်ကဲ့မှ ကြိုတ်ခဲ၍ အကြံပြုထားပြီး ရှိသည်၊ ကံအားလျော်စွာ ရန်ကုန်မြို့ကြီးတွင် အချက်အချာကျသော နေရာကောင်း၌ လူထုပရိသတ်ကြီးက အနန္တရာယ်ကင်း ပရိတ်တရားနာလိုကြောင်း- ဩဝါဒခံယူလိုကြကြောင်း ပင့်ဖိတ်သူ ပေါ်လာသည်။ နေရာမှာ ခြောက်ထပ်ကြီး ဓမ္မာရုံကြီး၌ နံနက်ပိုင်း (၈) နာရီ အချိန်ဖြစ်သည်၊ ပရိတ်တရား နာကြားလိုသူတို့သည် မြို့တော်ကြီးတွင် အရေးပါသော ဘုရား ဂေါပက လူကြီးများ၊ စည်ပင် သာ ယာ၊ ကျန်းမာရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားကုန်သွယ်၊ စစ်ဘက်၊ နယ်ဘက် စသော ဌာနပေါင်းစုံ အလွှာအသီးသီးမှ လူကြီးလူကောင်းတွေ အများ ပါဝင်ကြောင်း သိရသည်။

မင်္ဂလာဗျူဟာ ဓမ္မစကြာဝတ်အသင်း စသော ဘာသာရေး အသင်းအဖွဲ့တို့မှ အမျိုးသမီးများနှင့် တရားနှင့် ပျော်နေကြသော ဒကာကြီးတွေ ပါကြသည်။ သီလရှင်များ ပါကြသည်၊ ဒုလ္လဘဦးပဉ္စင်းကြီးအချို့ ပါဝင်၍ ထိုင်နေကြပုံကို တွေ့မြင်ရသည်။

'အမြင်နိမိတ် အသံတဘောင်ဆိုတာကိုပြောမယ်၊ လူလောက၌ ကောင်းကျိုး၊ ဆိုးကျိုး ဘာဖြစ်မယ်ဆိုဘာ ဩကာသလောကကို ကြည့်၍ သိနိုင်တယ်၊ ဩကာသလောကဆိုသည်မှာ တည်ရာဌာနကို

ပြောဆိုခြင်း ဖြစ်တယ်၊ နတ်ဘုံခြောက်ထပ်သည် နတ်တို့၏ ဩကာသ လောကဖြစ်တယ်၊ ဗြဟ္မာ့ဘုံနှစ်ဆယ်သည် ဗြဟ္မာတို့၏ ဩကာသ လောကဖြစ်တယ်၊ လူတို့နေထိုင်လျက် ရှိနေကြသော ပထဝီမြေကြီး သည် လူတို့၏ တည်ရာမှီခိုရာ ဩကာသလောက ဖြစ်တယ်။

'လူသူအများ အမြင်မှန် ကြည့်တတ်မြင်တတ်ကြစေရန်နှင့် စိတ် အေးချမ်းသာ နေတတ်ကြစေရန် အတွက် ဘုန်းကြီးက ခရီးရှည်ကြီး ထွက်ခဲ့ပြီးသော တိုင်း(၇)တိုင်းနှင့် ပြည်နယ် (၆)ပြည်နယ်တို့ကို လှည့် လည်လာခဲ့ပြီး ဖြစ်တယ်၊ လူလောကကြီးအတွက် ဘာဖြစ်၍ လာနိုင်ဖွယ်ရှိ မည်နည်းဟူ၍ ဩကာသလောက ပထဝီမြေပြင်ကို သတိထား၍ ရောက် လေရာ ဒေသတိုင်းကို အစဉ်ဂရုပြု ရှုမြင်လာခဲ့တယ်။

## ဩကာသလောက၌ အခြေမှန်ကို ပြတတ်သည်

'မျက်မှောက်လူလောက၌ ကောင်းကျိုးချမ်းသာ ဖြစ်မည် လော၊ ဆိုးကျိုး ဖြစ်လာမည်လော ဆိုသည်ကို ဩကာသလောကဖြစ် သော ပထဝီမြေပြင်ပေါ်၌ ပညာရှိတို့၏ မျက်စိဖြင့် ကြည့်တတ်လျှင် အထင်အရှား ပေါ်လွင်နေကြပုံကို မြင်နိုင်သည်။

'ပေါ်လွင်သော ထင်ရှားချက်ကို ပညာရှိမျက်စိဖြင့်ကြည့်၍ တွေ့မြင်နေရပြီဆိုလျှင် လူလောကကြီး သာယာနေမယ်၊ မသာယာဘူး ဆိုတာ ပြောပြနိုင်တယ်၊လောကီလောကုတ် စွယ်စုံပညာရှိ ဖြစ်ကြသော ရဟန်းပုဂ္ဂိုလ်ကြီးတို့နှင့် ဆရာကောင်းတို့၏သပည့်ဖြစ်ကြသော လူပုဂ္ဂိုလ် အချို့တို့က အတတ်ပြောနိုင်စွမ်းရှိကြတယ်၊ ထိုပုဂ္ဂိုလ်မြတ်တို့၏ နှုတ်မှ ထွက်ဆိုသောစကားသည် ကောန်မှန်သော ယောကိန်း ဖြစ်ကြောင်း နားလည်ကြရမယ်။

## စိမ်းလန်းပြနေကြသော သစ်ပင်ကြီးငယ်များ

'ဩကာသလောက၌ ကြည့်နည်းပြောမယ်၊ လူ့ဘုံ၌ ဩကာသ လောကသည် လူတို့နေထိုင်လျက် ရှိကြသော ပထဝီမြေပြင်ကို ပြော ခြင်းဖြစ်တယ်။

'ပထဝီမြေပြင်ကို ကြည့်လျှင် ပထဝီမြေပေါ်၌ ပေါက်ရောက်နေ ကြတဲ့ သစ်ပင်များကို ကြည့်ရှု-မြင်ရမယ်၊ မြေပေါ် ပေါက်ရောက်နေ

ကြသော သစ်ပင်ကြီး ငယ်တို့က လူ့လောကကြီး ကောင်းကျိုးချမ်းသာ စိုပြည်စည်ပင်လာမည့် သဘာဝအမှန်ကို ပြလျက် ဘာဖြစ်လာမယ်ဆိုတာ စကားပြောနေတတ်ကြတယ်။

'ထို့ကြောင့် ဤအရှင်သည် ယခုနှစ် ဆောင်းရာသီနှင့် နွေရာသီအတွင်း (ရွေးကောက်ပွဲကြီး ဖြစ်မြောက်ရန် စိုင်းပြင်းနေဆဲကာလ ၁၃၅၁-ခုနှစ် အချိန်တွင် ဖြစ်သည်) မြန်မာပြည်၏ တိုင်း (၇) တိုင်းနှင့် ပြည်နယ်အများသို့ နွေဆက်ရက်ဆက် အနားမရှိအောင် တောင်းပန် ပင့်ဖိတ်ချက်တို့ကြောင့် ခရီးရှည်ကြီး တွက်သွားနေခဲ့ရတယ်။

'ဘုန်းကြီးရောက်လေရာ ဒေသအားလုံး၌ ဩကာသလောက ပထဝီမြေပြင်ကို ကြည့်မိလေတိုင်း ပထဝီမြေပြင်ပေါ်မှ သစ်ပင်တို့ကို အထူးသတ်ပြု၍ ကြည့်မိသည်၊ ကြည့်ရှုရသောအခါ စိမ်းလန်းစိုပြည်ရှင်လန်းနေကြပုံ အမြင်ကောင်း၍ စိတ်အားထက်သန်မိတယ်။

'ရေဝတီတိုင်းအတွင်း နေရာအနှံ့ ဆိုရမလောက် မြို့အတော်များများ ရောက်ခဲ့သည်၊ ဆက်လက်၍ မကွေးတိုင်းအတွင်း ခရီးဆက်၍ ပရိတ်တရားပွဲတွေ ဆောဝ်ရွက်ပေးခဲ့ရသည်။ ထိုနောက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်း မိုးရွာချက်နည်းပါးသော ရပ်ဝန်းဒေသအတော်များများသို့ ပရိတ်မေတ္တာခရီးစဉ် အချိန်ယူနိုင်သမျှလှည့်လည်ခဲ့ရသည်။

'ရောက်သွားလေရာ နေရာဒေသတိုင်း၌ သစ်ပင် ကြီးငယ်အားလုံး စိမ်း၍ နေကြတယ်၊ (နွေရာသီခါတပေါင်း၊ ညှာညောင်း၍ ရိုးတံချိ) ဟူ၍ ရှေးခေတ် စာဆိုရှိသော်လဲ ရွက်ဝါခြင်း လုံးဝ မရှိကြပါ၊ စိုပြည်စိမ်းလန်း နေကြပုံမှာ ကြည့်ဖွယ်ကောင်းဘိသည်။

'မိုးရွာခြင်း နည်းပါးသော စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း မကွေးတိုင်း ရပ်ဝန်းဒေသအားလုံးသည် မိုးရွာများသော ရေဝတီတိုင်းဒေသ ပထဝီမြေပြင်နှင့် ခြားနားခြင်း မရှိကြပါ၊ သတိထားကြည့်မိသည်မှာ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း မိုးပါးရာ ရပ်ဝန်းဒေသ၌ ရှိကြသော သစ်ပင်တို့က ရေဝတီတိုင်းမှ သစ်ပင်တို့ထက်ပို၍ စိမ်းစိုရှင်လန်းနေကြတယ်၊ အပွင့်တွေနှင့် ပန်းတွေ ဝေဆာနေအောင် ပွင့်နေလိုက်ကြပုံကိုကြည့်ကာ ဤ

အရှင် ပြုံးမိရသေးတယ်၊ ဘုန်းကြီး မျက်မြင်ကိုယ်တွေ့ ကြည့်၍မြင်ရချက်များ ဖြစ်တယ်။

တိုနည်းအတူ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ခရီးစဉ်တစ်လျှောက် ကြည့်ခဲ့တယ်၊ တနင်္သာရီတိုင်း ခရီးအတွင်း ခရီးစဉ်အားလုံး မြေပြင်နိမ့်မြင့်၌ ပေါက်ရောက်နေကြသော သစ်ပင် ကြီး,ငယ် အားလုံးမှာ နွေရာသီ-ဆောင်းရာသီ ဖြစ်သော်လဲ မိုးတွင်းရာသီကဲ့သို့ ခြားနားချက် လုံး၀ မရှိ-စိမ်းစိုချက်သာ အားကောင်း နေကြတယ်၊ စိုပြည်စိမ်းပြီး ရှင်လန်းနေလိုက်ကြသေး၏၊ အဲဒါ ကြည့်ကွက်ကောင်းတဲ့ မြင်ကွင်းပဲ။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်စသော ဒေသပေါင်းများစွာသို့ ခရီးစဉ်အတွင်း သွားရောက်ခဲ့ရသမျှကြာသလောက ပထဝီမြေပြင် အားလုံး ပထဝီမြေပေါ်၌ ပေါက်ရောက် တည်ရှိနေကြသော သစ်ပင် ကြီး,ငယ် အားလုံးတို့သည်တစ်ထေရာဘည်း၊ တစ်ပုံစံတည်း စိုပြည်စိမ်းလန်း၍ အားတက်စရာပင်ရှင်လန်းလျက် ရှိနေကြဘယ်။

သတိပြုကြည့်မိတယ်၊ သစ်ပင်ကြီးငယ် ဒေသအလိုက် ပေါက်ရောက်လေ့ရှိကြတဲ့ ကုက္ကိုပင်၊ ညောင်ပင်၊ မန်ကျည်းပင်၊ တမာပင်၊ ဇောင်ချမ်းပင်၊ သစ်ပဒေ့ပင်၊ အရွက်စားသော အညာကုက္ကိုပင်၊ ဗာဒံပင်၊ လက်ပံပင်၊ သနပ်ပင်၊ တောနွယ်ပင်၊ ညောင်ပိန္နဲပင်စသည်ဖြင့် သစ်ပင် မျိုးစုံ ပင်ကြီး,ငယ် အနိမ့်အမြင့် အားလုံးကိုတစ်ပုံစံတည်း တွေ့မြင်ခဲ့ရတယ်၊ ထို့ကြောင့် ငါတို့မြန်မာပြည်ကြီး၌စိုးရိမ်ဖွယ်ရာ မရှိပါဘူးလို့ ပြောနိုင်ဘယ်၊ ရှင်သန်း၍ ၀မ်းမြောက်ကြည်သာစွာနေနိုင်ကြမယ်ဆိုတာ အမြင်နိမိတ်ကြောင့် ရဟန်းရှင်လူအားလုံအမြင်ရှင်းစွာ သိကြပါ၊ စိတ်ယဲက သံသယမရှိကြရန် ဘုန်းကြီးကကောင်းစွာ သိမြင်ထားပြီးဖြစ်တယ်ဆိုတာ အသိပေးရဘယ်။”

ဤကား ရန်ကုန်မြို့ခြောက်ထပ်ကြီး ဓမ္မာရုံကြီး၌ လူထုသြ၀ါဒခံယူပွဲတွင် ဟောပြောချက် ဖြစ်သည်။

*

## သမဏသုခတရား (၈) ပါး

အင်္ဂုတ္တိုလ်နိကာယ်အဋ္ဌကထာ သုမေဓာကဏ္ဍ၌ သမဏသုခတရား (၈) ပါး ပြဆိုသည်။

ငါတို့၏ ဂေါတမ ဘုရားအလောင်းတော် သူဌေးသား သုမေဓာလုလင်သည် ထိုဘဝ၌ နိယတ ဗျာဒိတ်တော် ရရှိတော်မူမည် ဖြစ်သည်။

သူသည် 'မိဘနှင့်တကွ သူ၏ ဘိုး, ဘေး, ဘီ, ဘင် ဆွေ (၇) ဆက်, မျိုး (၇) ဆက်တို့မှ စုဆောင်းသိမ်းဆည်း၍ ထားခဲ့ကြသော ကုဋေအရာမက များပြားလှသော ရွှေ ငွေ ဥစ္စာ ရတနာ အထွေထွေ ဘဏ္ဍာတွေကို ငါ၏နောက်သို့ ပါအောင်ယူမယ်' ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရင်မင်းမြတ်ထံ အသိအညီယူကာ စည်လည်စေ၍ တိုင်းသူပြည်သား လူအများတို့အား အလှူခံယူကြရန် ဖိတ်ကြား ကြွေးကြော်သည်။

အယုတ် အလတ် အမြတ်မရွေး အလှူခံယူကြသော တိုင်းသူပြည်သားတို့အား အောက်သို့အဂညွှတ်၍ သွန်မှောက်အပ်သော ရေပြည့်အိုးကဲ့သို့ လွတ်လွတ်ကြီး စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ပြုလေသည်။

'ဤကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကိုရပါစေသတည်း' ဟူ၍ ဆုတောင်းခြင်း၊ ဒိဋ္ဌဓာန်ခြင်းပြုလျက် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေလေသည်၊ ဆုတောင်းခြင်းနှင့် တကာ ပစ္စည်းဥစ္စာတွေကို လွတ်လွတ်ကြီး စွန့်ကြဲပြီးလေလျှင် (ငါအောင်ပြီ) ဇိတံ မေ- ဟူ၍ အမြင် ရှင်းစွာနှင့် ကိုယ်စိတ် ပေါ့ပါးသွားလေသည်။

### တောထွက်၍ ချွန်အဘိညာဉ်နှင့်ပျော်

ထိုနောက် သုမေဓာသူဌေးသားသည် လူသူထူထပ်၍ ရှုပ်ထွေးသော လူတို့နေထိုင်ကြရာ မြို့ရွာအတွင်း၌ မနေလိုတော့၍ အမရဝတီ ခေါ် မင်းနေပြည်မြို့တော်ကြီးမှ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့ပြီးလျှင် ဟိမဝန္တာသို့ ခိုဝင်သွားလေသည်။

ဓမ္မိကတောင်ယံ သန့်ရှင်းသော မြေအပြင်ဝယ် နတ်တို့ ဖန်ဆင်းပေးသော ကျောင်းသင်္ခမ်း၌ ရသေ့ရဟန်းပြု၍ နေသွားလေသည်၊

လျှော်တေသကန်း ဝတ်ဆင်မြန်း၍ ရသေ့ ရဟန်းအသွင် ယူပြီးလေလျှင် မြတ်သော ဗြဟ္မဝိဟာရတရားဖြင့် ဈာန်ရိယာပထ လေးပါး၊အခါ မလပ်အောင် စိတ်ပါဝင်စားကာ အားထုတ်၍ နေသွားလေရာ မကြာမီ ခုနစ်ရက်အတွင်းမှာပင် မြေလျှိုး၍ မိုးပျံနိုင်သော ဈာန်အဘိညာဉ် ရရှိလေသည်။

ထိုအချိန်မှစ၍ သူတော်ကောင်း ဖြစ်ကြသော ရသေ့ ရဟန်းတို့၏ သန့်ရှင်းသောစိတ်- စင်ကြယ်သောစိတ်- လွတ်လပ်သောစိတ်- ချမ်းမြေ့သောစိတ်ကို သိမြင်ကာ တကယ်စစ်မှန်သော ချမ်းသာမှုဆိုတာ ဒါပဲဖြစ်တယ် ဟူ၍ သိမြင်ကာ ဆင်ခြင်ကြည့်မိသော ဟူ၏။

သုမေဓာရသေ့ကြီး၏ စိတ်တွင် ဆင်ခြင်ကြည့်၍ သိမြင်လာပသော ချမ်းသာမှု အစစ်ကား ဤမည်သော သမဏသုခတရား (၈) ပါး ဖြစ်ကြောင်း ပြောပြသည်။

### ဆောင်ပုဒ်လင်္ကာ

ရဟန်းချမ်းသာ၊ ဥစ္စာမသိမ်း၊
ပြစ်ငြိမ်းဆွမ်းရှာ၊ အေးစွာ စားပျ၊
ရဋ္ဌမပူ၊ ဆောက်ဦးမငဲ့၊
ဘေးမဲ့သူခိုး၊ မင်းမျိုးမစပ်၊
လေးရပ်မတား၊ ဤရှစ်ပါးကား၊
တရား မဂ်ဖိုလ် ရကြောင်းတည်း။

### ပိဏ္ဍတ္ထ အဓိပ္ပာယ်

သူတော်ကောင်း သူမြတ်လောင်း ဖြစ်သွားကြသော ရှေးခေတ် အခါ၌ ရဟန်းမြတ်, ရသေ့မြတ်တို့၏ ဘဝသည် လူ့စင်စစ် ဖြစ်ကြသော်လည်း စိတ်သန့်ရှင်း၍ ချမ်းသာအောင် နေထိုင်သွားကြသော ဘုံပြည်လောကတစ်ခုဖြစ်သည် ဟူ၍ ဆိုရပါမည်။

အထူးသတိပြုရန်မှာ ကြောင့်ကြမှု ကင်းကြသည့် နည်းတူ တောင့်တမှု ကင်းကြသည်၊ တောင့်တမှု ကင်းနိုင်သမျှ ကင်းရှင်းအောင် နေထိုင်လေ့ ရှိကြသော သူတော်စင်တို့၏ ဘဝရိပ်သာမျိုး အစစ်အမှန်ဖြစ်သည်။

**ဆောင်ပုဒ်လင်္ကာ၏ စကားပြေအရ ကောက်မှာ**

(၁) ဇနီးမယား၊ သားသမီး၊ မြေးမြစ်ဆွေမျိုး၊ ခြွေရံသင်းပင်းတို့နှင့် ရှုပ်ထွေးစွာ နေထိုင်လေ့ ရှိကြသော တကျော၏ ကျေးကျွန်၊ ကာမဂုဏ်အကျဉ်းသား ဖြစ်နေကြသူ၊ ကာမဘောဂီ လူသာမန်တို့ကဲ့သို့ ဥစ္စာများမြောပ သိုလှောင်သိမ်းဆည်းနေရန်ကိစ္စ မရှိခြင်း တစ်ပါး၊

(၂) အပြစ်ကင်းငြိမ်း ဆွမ်းကိုရှာမှီးစားသုံး၍ နေထိုင်လေ့ရှိကြခြင်း တစ်ပါး၊

(၃) ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရခြင်းတစ်ပါး၊

ကာမဘောဂီ လူတို့ကဲ့သို့ ဟိုကိစ္စ အရေးအကြောင်း, သည်ကိစ္စအတွက် အရေးအကြောင်း သောင်းပြောင်းထွေလာ အပြင်လောက ဖြစ်ရပ်တွေကို တွေးတောပူပန်နေစရာ မရှိ၊ သံယောဇဉ်ဒုက္ခကြောင့် ပူပန်ကြောင့်ကြမှုဝင်ကာ စိတ်အာရုံမဖြောင့် အနှောင့်အယှက် ပေးကြသော ကာမဘောဂီလူသားတို့ ကြုံတွေ့ရမြဲသော တွယ်တာဖွယ်ရာ ဘာမျှမရှိ၊ ငြိမ်သက်၍ အေးချမ်းသော စိတ်နှလုံးဖြင့် သန့်ရှင်းသော ဆွမ်းကိုစား၍ အေးချမ်းလွတ်လပ်စွာ နေခွင့်ရရှိနေသူဖြစ်၏-ဟူ၍ ဆိုလိုသည်။

(၄) တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ နေကြရသူတို့ကဲ့သို့ တိုင်းရေးပြည်ရေးကိစ္စကြောင့် စိတ်မပူရပါ၊ အိမ်ထောင်ပြု၍ သားမယားကို သိမ်းပိုက်ပြီး ကာမဂုဏ်ညွန့်ဗွက်တွင်း သက်ဆင်းကာ ပျော်ပါးနေထိုင်ကြသူများကဲ့သို့လည်း စားဝတ်နေရေး ပူပန်စရာမရှိ၊ တိုင်းရေးပြည်ရေးအတွက်ရော, အိမ်ထောင်ရေးအတွက်ရော, ပူပန်စရာသောက ကင်းရှင်း၍ စိတ်အေးချမ်းသာစွာ နေရခြင်းရှိကြောင်းကို ပြောသည်။

(၅) မိမိ နေထိုင်ရန်အတွက် ကျောင်းသခ်ပ်း အဆောက်အဦကို ငဲ့ကွက်ညှာတာရသော တွယ်မှုစိတ် ကင်းကြောင်းကို ပြောသည်။

ပါရမီရှင် ဖြစ်တော်မူကြသော ရှေးခေတ်၌ ရသေ့ရဟန်းတို့သည် သင့်တင့်လျောက်ပတ်၍ အေးချမ်းသာယာမည့် ဒေသအရပ်၌ စိတ်ကြိုက်ရွေးချယ်ပြီး နေထိုင်လေ့ရှိကြသည်။ လျောက်ပတ်သော ဂူလိုဏ်၊ လျောက်ပတ်သော တောအုပ်၊ လျောက်ပတ်သော တောင်၊ လျောက်ပတ်သော ချောက်ကမ်းပါးစောက် စသည်ဖြင့် တရားကျင့်ကြံ၍ နေထိုင်ရန် သင့်တော်ရာ၌ နေထိုင်လေ့ရှိကြသည်။ သူတော်ကောင်းတို့ နေထိုင်ရာ ဒေသသည်ပင် ကျောင်းသခ်မ်းဖြစ်ရလေသည်။

အိမ်ထောင်ဖက် သံဃာဇဉ်နှောင်ကြိုးနှင့် နေထိုင်ကြသော ကာမဂုဏ်အကျဉ်းသား တဏှာ၏ ကျေးကျွန်အဖြစ်ပျော်ပါး နေထိုင်ကြသော လူသာမန်တို့ကဲ့သို့ အဆောက်အဦအတွက်ကြောင့် ငဲ့ကွက်နေဖွယ်ရာမရှိ၊ လက်ရှိနေထိုင်ရာမှ အခြားတစ်နေရာသို့ သွားလို၊ ပြောင်းရွှေ့လိုလျှင် 'သပက္ခ ဘာရော သကုဏော ဝိယ–အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့' နေရာဟောင်းကို နေနေကျ နေရာဟူ၍ ငဲ့ကွက်ခြင်းမရှိ၊ လွယ်လွယ်စွန့်ချ၍ သွားလိုရာသွားနိုင်ခြင်း ရှိသောကြောင့် ပေါ့ပါးသော အကျိုးကျေးဇူးကို ညွှန်ပြခြင်း ဖြစ်သည်။

(၆) ခိုးသူဘေးရန်အတွက် ကြောင့်ကြမှု၊ ပူပန်မှု မရှိရခြင်းကောင်းကျိုးချမ်းသာကို ပြောသည်၊ ပစ္စည်းဥစ္စာမထား၍ သူခိုးစားပြ လာရောက်စရာမရှိခြင်း ချမ်းသာမှုကို ညွှန်ကြသည်။

(၇) အိမ်ရာဘဉ်ထောင်၍ နေထိုင်လျက် ရှိကြသော မြို့တွင်းရွာတွင်းမှ ကာမဘောဂီလူအများတို့ကဲ့သို့ မင်းစိုးရာဇာတို့၏ အုပ်ချုပ်မှု၊ အခွန်ကောက်မှု စသည်တို့နှင့် ရောယှက်ခြင်းမှ ကင်းသောကြောင့် မင်းမျိုးမစပ်ဟူ၍ ဆိုခြင်းဖြစ်သည်။

(၈) လေးရပ်မတား ဆိုသည်မှာ အရပ်လေးမျက်နှာတို့၌ သွားလိုရာ သွားနိုင်သည်၊ မည်သည့်အရပ်သို့ မသွားရ စသည်ဖြင့် အရပ်ဒေသနှင့် စပ်လျဉ်း၍ တားဆီးပိတ်ပင်ခြင်း မရှိသောကြောင့် လွတ်လပ်ချမ်းမြေ့ကြသည်ဟူ၍ ပြောဆိုခြင်း ဖြစ်သည်။

အဆိုပါ သမဏသုခတရား (၈) ပါးကို ပါရမီရှင် သူတော်ကောင်း ဖြစ်ကြသော ရှေးခေတ်ကာလ၌ ရသေ့ ရဟန်းမြတ်တို့သာ ရရှိခံစားနိုင်ကြသည်။ ထို့ကြောင့် ရသေ့ ရဟန်းတို့၏ ဘဝသည် ကိုယ်စိတ်ချမ်းသာခြင်း ရှိကြသည်၊ လွတ်လပ်သောဘဝကို ဝါကယ် အနှံ့ ရရှိကြသည်ကို ပြော ပြသည်။

## ပါရမီ မျိုးဆက် အရယူကြသည်

မနုဿတ္တဘာဝဒုလ္လဘ-လူ၏ဘဝကို ကံကောင်း ထောက်မ၍ လက်ရှိ ရနေခိုက်အခါတွင် ရနိုင်ခဲသော ရဟန်းမြတ်ဘဝ၏ ချမ်းသာ သုခကို တစ်ကြိမ်တစ်ခါ အရယူမည်ဟူသော ကြံ့ရွယ်ချက်ဖြင့် ပါရမီ ဆက် ပါရံ ဖြစ်စေ အရ ယူတတ်ကြရမည်။

အချိန်ကြာကြာမရှမ်းနိုင်ခဲ့သော် လပိုင်းရက်ပိုင်း ဒုလ္လဘဖြစ်စေ၊ ရဟန်းဘဝကို ရောက်နေဆဲ ရောက်နေပြီး ပုဂ္ဂိုလ်ဖြစ်နေလျှင် နှလုံးသွင်း ထား မြတ်စေရမည်၊ (ဥပမာ) မိမိ သက်န်းဝတ်နှင့် နေထိုင်ခိုက် လပိုင်း ရက်ပိုင်းအတွင်းမှာ မေတ္တာတရားဖြစ်စေ၊ ကရုဏာတရားဖြစ်စေ ဖြန့် ပွားနေရမည်၊ စိတ်အာရုံတွင် တည်မြဲနေအောင် နှလုံးသွင်းနေရမည်၊ စိတ်ပါဝင်စားအောင် နေရမည်၊ နေတတ်အောင် နေချင်အောင် မိမိ၏ စိတ်ကို လေ့ကျင့်ယူရမည်။

'ငါတစ်ရက်နေလျှင် တစ်ရက် အတွက် မေတ္တာရှင်ဖြစ်၍ အမြတ် ထွက်သည်၊ အမြတ်ထွက်အောင် မေတ္တာတရားကို ဖြန့်ပွား၍ နှလုံး သွင်း၍ နေထိုင်ခြင်းပါရမီ ဖြည့်ယူရမည်။

'ငါသည် သိမြင်တတ်သော လူ၏ဘဝကိုရရှိနေခိုက်တွင် ကုသိုလ် ရချင်၍ ရဟန်းပြုခဲ့ခြင်းဖြစ်တယ်၊ ပါရမီဖြည့်ရေးကို တစ်ဆင့်ထက် တစ်ဆင့် မြင့်ထက်မြင့်အောင်သာ ကြိုးစားအားထုတ်တော့မယ်။

'မသေခင် လူ၏ဘဝ၌ ကစ်ခဏမျှသာ ရပ်တည်နေခိုက် အတွင်း မှာ ရှေးသူတော်ကောင်းတို့ ချမ်းသာအောင်နေနည်း နေမယ်၊ အပြစ် ကင်းသောစိတ်-သန့်ရှင်းသော မြတ်သော ချမ်းသာအောင် နေနည်း ဖြင့် ငါနေသွားမယ်၊ ချမ်းသာအောင် နေထိုင်သွားပြီးလျှင် ဘဝ၏ အဆုံးတွင် စိတ်အာရုံကြည်လင်စေ၍ ဝမ်းမြောက်ကျေနပ်စေပြီး လက်ရှိ

ပစ္စက္ခဘဝကို အဆုံးသတ်သွားမယ်၊ ချမ်းသာကြည်လင်သော ဘုံဘဝသို့ အိပ်ပျော်ယောက်ျား နိုးသောအလားနည်းနှင့် ရောက်စေမယ် ဟူ၍ ဆုံးဖြတ်ချက် ချထားပြီးဖြစ်ရမည်၊ မိမိဆုံးဖြတ်ချက်ကို မြဲမြဲအောင် ဆောက်တည် နေထိုင်သွားပါတော့မယ်'

ဤကား ရှေးသူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးတို့၏ မူသေ ဘဝ နေထိုင်နည်းနှင့် ဘဝနိဂုံးချုပ်နည်းကောင်း ဖြစ်သတည်း။

## လာဘ်စျာန်ရဟန်းတို့လို နိဗ္ဗာန်စာချိုးကောင်းများ

လာဘ်စျာန်သဏ္ဍာန်ရဟန်းတို့လို
ဗာဟိရဉာဏ် တစ်ရံမျှ မသန်းရအောင်
ဖန်စွန်းစမွာယ်တင်၍
တကာယ်ပင် ဟောဝန်ဖျားဆီသို့
မယားပါ၊ သားပါ အများတကာ အားနာဖွိုတားကြ
သော်လဲ
မသွားသာ၊ သွားသာ တရားရှာသွားပါသော်ကော။
သွားရသူမို့ ကွယ်
သနားစရာ ထိုအကြောင်းကိုလ
(ကွယ်တို့ရယ်) တစ်ပါးဇနကရဲ့အလား ဆ လို့မို့
အားကျစရာကဖြင့် အပုံ့အပုံကောင်း....။

ရှေးအခါ မြင်းခြံမြို့မှ ဆရာကြီး ဦးဝေ ရေးသော မဟာဇနက နိဗ္ဗာန်သံဝေဂလေးချိုးကြီး နောက်ဆုံးပုဒ် ဖြစ်သည်။

## လူမသန်းတဲ့ ဂူနန်းရိပ်မှာ

ထုံဂနိုင်ဝယ်၊ စုံမြိုင်ရှက်စပ်၊ လူမသန်းတဲ့ ဂူနန်းရိပ်
မှာ၊ စိတ်တဖြူဖြူ၊ နိမိတ်ကယ်မူလို့မို့၊ နိဗ္ဗူပြရမေ၊
အမြန်တွေ့ရအောင်၊ စျာန်မွေ့ကာ မနေစမ်းပါရ၊
ညစ်ညမ်းတဲ့ လူ့လောကီ၊ လူ့ဝသီကို၊ မကြည်ပြီ၊
ကြာလေမုန်းလှပေါ့၊ ဘုံမေ့တာဆိုတဲ့ ထုံးစဉ်အလာတွေ
ကြောင့်၊ သုံးခွင် ဘုန်ယ်ကြီးက ကျယ်ဘ်သနှင့်။

[လယ်တီဆရာတော်ဘုရားရေး နိဗ္ဗာန် ရှေးလေးချိုးမှ နိဗ္ဗာန် သံဝေဉာဏ် ရကြစေရန် ဖော်ပြသည်။]

## သန္တော်သတရားသုံးပါး

(၁) သဒ္ဓမ္မဂါရဝေါ၊ သူတော်ကောင်းတရား၌ ရိုသေလေးစားသော ရဟန်းမြတ်သည်။ အပပ္ပေန၊ နည်းပါးသော (ပံသုကူသင်္ကန်း၊ ပိဏ္ဍပါတလောပ ဘောဇဉ်ဆွမ်း၊ သစ်ပင်ရင်း တည်းဟူသော ကျောင်းသင်္ခမ်း၊ ဂေါမုတ်ရည် ထုံအပ်သော ပုတိမုတ္တဆေး)၊ ဤမျှသော ပစ္စည်းလေးပါးဖြင့်။ အနဝဇ္ဇေန၊ အပြစ်မရှိသော ပံ့သုကူသင်္ကန်းစသည်ဖြင့်လည်းကောင်း။

သုလဘေနစ၊ ရလွယ်သော သင်္ကန်း, ရလွယ်သောဆွမ်း, ရလွယ်သော ကျောင်း, ရလွယ်သော ဆေးဖြင့်လည်းကောင်း။ သန္တုဋ္ဌော၊ သန္တောသတရား (၁၂) ပါးဖြင့် ရောင့်ရဲလွယ်သည်။ မတ္တညူ၊ ရှာမှီးခြင်း, ခံယူခြင်း, သုံးဆောင်ခြင်း, စွန့်ခြင်း၌ အတိုင်းအရှည်ကို သိလေ့ရှိသည်။

သုဘရော၊ ဆိုးကောင်းယုတ်မြတ် ရတတ်သမျှသော ယာပနဖြင့် မိမိအသက်ကို မွေးမြူလွယ်သော သူမြတ်သည်။ ဟုတွာ၊ ဖြစ်၍။ စရေယျ-စရေယျ၊ ကျင့်၍ နေထိုင်ရာ၏။

(၂) အတီတံ၊ လွန်လေပြီးသော ပစ္စည်းဥစ္စာကို။ နာနုသောစန္တော၊ အဖန်တလဲလဲ မစိုးရိမ်မူ၍။ အနာဂတံ၊ နောင်အနာဂတ်ကာလ၏ ပစ္စည်းကို။ နပ္ပဇပ္ပံ-နပ္ပဇပ္ပန္တော၊ မတောင့်တမူ၍။ ပစ္စုပ္ပန္နေ၊ ရှိဆဲ ရဆဲသော ပစ္စည်းဖြင့်။ ယာပေန္တော၊ မျှတစွာ နေချင်တတ်သော ရဟန်းမြတ်ကို။ သန္တုဋ္ဌောတိ၊ ရောင့်ရဲစွာ ချမ်းသာအောင် နေတတ်သော (ကျင့်တတ်သော) သူတော်ကောင်း ရဟန်းမြတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏-တဲ့။

(၃) အနာဂတဇပ္ပာယ၊ အနာဂတ်ပစ္စည်းကို တောင့်တ၍ နေခြင်းကြောင့်။ အတီတဿနုသောစနာ၊ အတိတ်ကာလမှ ပစ္စည်းကို အဖန်ဖန် စိုးရိမ်၍ နေမိခြင်းကြောင့်။ ဧတေန၊ ဤအကြောင်းသုံးပါးဖြင့်။ ဗာလာ၊ ချမ်းသာအောင် နေထိုင်နည်းကို မသိကတ်သော, မလေ့လာတတ်သော, မကျင့်တတ်သော, လိမ္မာရေးခြားခြင်း မရှိကြသော ရဟန်းပြုနေသူတို့သည်။ သုဿန္တိ၊ ခြောက်သွေ့၍ နေကုန်၏-နွမ်းလိမ်ညှိုးမှိန်၍ နေတတ်ကုန်၏-တဲ့။

ရဟန်းဘဝ၏ ချမ်းသာမှုကို မခံစားတတ်သော ပုဂ္ဂိုလ်ညံ့ဟူ၍ ဆိုလိုသည်။

ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုတော၊ ရိတ်ဖြတ်အပ်ပြီးသော။ ဟရိတော၊ စိမ်းညိုရှင်လန်းသော။ နဠော၊ ကျူပင်သည်။ သုဿတိဣဝ၊ သွေ့ခြောက်၍ သွားသကဲ့သို့တည်း။

[မှတ်ချက်။ ။ဤသန္တောသတရား (၃)ပါးသည် ချမ်းသာအောင် နေထိုင်လိုကြသောသူတော်ကောင်း, သူမြတ်လောင်း ရသေ့ရဟန်းတို့၏အဖို့ လက်တွေ့ ကျင့်သုံး နေထိုင်ရမည့် နည်းလမ်းကြောင်းကို ညွှန်ပြပေးချက် ဖြစ်သည်။]

သန္တော၊ ကိုယ်ရော့စိတ်ရော ကိုယ်စိတ်နှစ်ပါး ငြိမ်သက် အေးချမ်းသော အကျင့်ကောင်း, အကျင့်မြတ် ဟူ၍ ဆိုလိုသည်။

ဤညွှန်ကြားချက်အတိုင်း လိုက်နာကျင့်သုံး၍ နေထိုင်ကြသော သူတော်ကောင်း, သူမြတ်လောင်း ရှေးခေတ်၌ ရသေ့ရဟန်းပုဂ္ဂိုလ်အားလုံးတို့သည် ကိုယ်စိတ်ချမ်းမြေ့ ကြည်လင်စွာ ရှိကြသည်၊ ကိုယ်ချမ်းမြေ့ကြ၍-စိတ်ချမ်းမြေ့ကြည်လင်ကြ၍ မြတ်သော ရဟန်းဘဝ၌ အလွန် ပျော်မွေ့ကြသည် ဆို၏။

ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့၍ ကြည်လင်ပျော်မွေ့နေကြရသော သူတော်ကောင်းတို့သည် လက်ရှိ မျက်မှောက်ဘဝ၌ စွန့်ခွာပြီးသော နောင်ဘဝအဆက်ဆက်တို့၌လည်း အေးချမ်းသာယာစွာသော သုဂတိဘုံဘဝသို့သာလျှင် အစဉ်တစိုက် လားရောက်ရမည် ကေန်ဖြစ်၏။ မှတ်ကြရာ၏။ သံသရာဝဋ် ဘဝထိုထိုမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်သို့ မျက်မှောက်ပြုရေးကိုလည်း မိမိကိုတရားဖြင့် ပျော်မွေ့နေထိုင်ရာ ဘဝတို့မှ အခြေခံ ရရှိသွားမည်ဟူ၍ ယုံကြည်ထားပြီး ရှိကြရာ၏ မှတ်ပါ။

**သတ္တမကဏ္ဍ ပြီး၏။**

## အဋ္ဌမပိုင်း

၈။ ရဟန်း ဟူသည် နိဗ္ဗာန်သို့သွားရန် ပါရမီဖြည့် ဆည်းပူးနေကြသော သူတော်ကောင်း ပုဂ္ဂိုလ် မျိုး ဖြစ်သည်။

— ဆင်းရဲနေကြသော သတ္တဝါတို့သည် လောဘကြီးခြင်း၏အကျိုးဆက် ဖြစ်သည်။

— သုဂတိဘုံရောက်သော သတ္တဝါသည် သုစရိုက်တရားကောင်းနှင့် ပြည့်စုံစွာနေခြင်း၏ အကျိုးဖြစ်သည်။

— ဒုဂ္ဂတိဘုံဘဝသို့ရောက်သော သတ္တဝါသည် ဒုစရိုက်တရားယုတ်နှင့် နေခဲ့ဖူးခြင်း၏ အကျိုးဆက်ဖြစ်သည်။

[ဆရာတော်ကြီး—ဦးဥတ္တမသာရ]

## ၈။ ရဟန်းဟူသည် နိဗ္ဗာန်သို့ သွားရန် ပါရမီဖြည့် ဆည်းပူးနေကြသော သူတော်ကောင်း ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည်။

### ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကံတရားကိုယ်စီနှင့် ဖြစ်တည်နေကြသော သတ္တဝါများကို ရှုမြင်ခြင်း

မြတ်စွာဘုရားရှင်သည် ဗောဓိပင်အောက် ရွှေပလ္လင်ပေါ်၌ သဗ္ဗညုတဉာဏ်ကို အောင်မြင်ပေါက်ရောက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလေလျှင် အလွန်စင်ကြယ်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဝိဇ္ဇာ ဘည်းဟူသော အမိုက်တိုက် ပွန်းလုံးဖယ်ရှင်း၍ လောက အလုံးကို ရှုကြည့်တော်မူလေသည်။ ထိုအခါ သတ္တလောကကြီးကို ရှင်းရှင်းကြီး မြင်တော်မူရသည်။

### သတ္တဝါတို့၏ သွားလာလှုပ်ရှား ဖြစ်တည်နေကြပုံ

စုတေလတ္တံ့သော သတ္တဝါ၊ ပဋိသန္ဓေနေလတ္တံ့သော သတ္တဝါတို့ကို မြင်တော်မူသည်၊ သိမြင်တော်မူပုံမှာ- ပြည့်စုံအောင် သန္ဓေဇာတိ အမိ၊ အဖ၊ သုခသမ္ပတ္တိ၊ ဣဿရိယ၊ ဘောဂယသ စသောအားဖြင့် ယုတ်နိမ့်သော သတ္တဝါ၊ မြင့်မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ အဆင်းမလှသော သတ္တဝါ၊ ကြွယ်ဝသော သတ္တဝါ၊ ဆင်းရဲသော သတ္တဝါ၊ နတ်ပြည်သို့ သွားလတ္တံ့သော သတ္တဝါ၊ လူ့ပြည် လူ့ဘဝ၌ တည်နေသော သတ္တဝါ၊ ငရဲသို့ လားလတ္တံ့သော သတ္တဝါတို့ကို သိတော်, မြင်တော်မူသည်။

အထက်နတ်ပြည် ခြောက်ထပ်ခွင်ဝယ် ဥယျာဉ် ရေကန် ပန်းမန် ပဒေသာပင်၊ ပဥ္စင်္ဂတူရိယာသံ၊ နတ်တို့ပျော်စံရာ ကိုယ်တိုင်ပိုင်သော

ဘုံဗိမာန်၊ နတ်မင်းတို့ စံရာ နန်းအိမ်ဆောင်တို့၌ လူ၏ဘဝတုန်းက ပြုခဲ့ကြသော ကံအကျိုးပေးကြောင့် စည်းစိမ်ချမ်းသာ ကြီးစွာကို ပျော်ရွှင်ချမ်းသာ ခံစား, စံစား၍နေကြသော နတ်သားများ၊ နတ်သမီးများနှင့် တာဝတိံသာဘုံ သိကြားမင်း၏ စည်းစိမ် ခံ,စံနေပုံကို မြင်ယောင်တော်မူသည်။

ထိုထက်မြင့်သော ကောင်းကင်စံ ဗြဟ္မာဘုံအဆင့်ဆင့်၌ ဆိတ်ငြိမ်စွာ ကာမဂုဏ်ပျော်ပါးမှုမပါ၊ ဈာန်တန်ခိုးတို့ဖြင့် ပျော်စံနေကြသည့် ဗြဟ္မာ ဖြစ်ကြသော သတ္တဝါတို့ကို သိမြင်တော်မူသည်။ ဤကား ကုသိုလ်ရှင်ဖြစ်ခဲ့ဖူးသော သုခိတသတ္တဝါတို့ကိုမြင်တော်မူခြင်းဖြစ်သည်။

## မကောင်းမှုကြောင့် ဒုက္ခိတသတ္တဝါတွေ

ထို့နောက် ဆက်၍ရှုကြည့်ဆင်ခြင်ပြန်သော် ဤဇမ္ဗူဒိပ်ကျွန်းမြေ လူတို့နေရာဌာန၏အောက်၌ အဆတစ်ထောင်စီ ခြားကွာလျက် ကြီးစွာသော ဥမင်လိုဏ်အတွင်းဝယ် ပြည့်တင်းစွာစဲ့၍ နေကြသော ပျားမွဲ၏ ပုံသဏ္ဌာန်သဖွယ် သိပ်နှစ် သည်းကြပ်စွာ လူ၏ဘဝတုန်းက သူတို့ ပြုလုပ်ခဲ့ကြသော အကုသိုလ်ကံကြောင့် ဖြစ်တည်နေကြရသော ငရဲ အိုးကြီး ဌာန ရှစ်ရပ်၌ မျက်စိတစ်မှိတ်မျှ မပြတ်မစဲ အမြဲပင် ဆင်းရဲ ကြီးစွာခံလို့နေကြရရှာသော ငရဲသား, ငရဲသူသတ္တဝါတို့ကို သိမြင်တော်မူသည်။

လူ၏ဘဝတုန်းက သတ္တဝါတွေကို ညှဉ်းဆဲသတ်ဖြတ်ခြင်းစသော မကောင်းမှုအပြစ်တွေကို ပြုလုပ်ခဲ့ကြသောကြောင့် သေပြီးနောက်တွင် တပြောင်းပြန်ပြန် ခံနေကြရရှာပုံကို သိမြင်တော်မူရလေသည်။

ဤသို့ အထက်သို့ အောက်သို့ ရှုမြင်ရသဖြင့် အဏုမြူမျှမကြွင်း အောင် လက်ငင်းဖြစ်၍ ပျက်၍နေဆဲ ပစ္စုပ္ပန် သတ္တလောကကြီး တစ်ခွင် ၏ ရူပါရုံအပေါင်း သောင်းပြောင်းထွေလာတို့ကို မြင်တော်မူလေသည်။

## မိမိတို့ပြုလုပ်ခဲ့ကြသော ကံသာအရင်းခံ

မြတ်စွာဘုရားရှင်သည် ထိုဒိဗ္ဗစက္ခုအဘိညာဉ်ကို အခြေခံပြုသဖြင့် ကြည့်ရှုတော်မူလေသမျှ သတ္တဝါတို့သည် မိမိတို့ပြုခဲ့ကြသော ကံအား လျော်စွာ ထိုက်တန်ရာ ထိုထို ဘုံဘဝသို့ လားရောက်ကြရပုံကို သိမြင် တော်မူသည်၊ သိမြင်နိုင်စွမ်းသော ယထာကမ္မုပဂတိအဘိညာဉ်။

နောင်ဖြစ်လတ္တံ့သော အကြောင်းအရာကို သိမြင်နိုင်စွမ်းသော အနာဂတံသအဘိညာဉ်၊ ထိုနှစ်ပါးကို ပွားစေတော်မူပြီးလျှင် သန့်ရှင်းစွာ မြင်ရပုံမှာ....

### အကြောင်းခံကြောင့် အကျိုးဖြစ်ကြပုံ

ပဋိသန္ဓေ နေကုန်သော သတ္တဝါတို့တွင် ယုတ်ညံ့သော သတ္တဝါသည် တဏှာလောဘ၏ အကျိုးဆက်ဖြစ်သည်၊ မြင့်သော သတ္တဝါ၊ မြတ်သောသတ္တဝါသည် ပညာ, သဒ္ဓါ၏ အကျိုးဆက်ဖြစ်သည်။ အဆင်းလှသော သတ္တဝါသည် မေတ္တာတရား၏ အကျိုးဖြစ်သည်၊ ရုပ်မလှသော (ဥပဓိရုပ်ညံ့သော) သတ္တဝါသည် ဒေါသ၏ အကျိုးဆက် ဖြစ်သည်၊ ကြွယ်ဝသော သတ္တဝါသည် အလောဘ၏အကျိုးဆက် ဖြစ်သည်။

ဆင်းရဲနေကြသော သတ္တဝါတို့သည် လောဘကြီးခြင်း၏ အကျိုးဆက်ဖြစ်သည်၊ သုဂတိဘုံသို့ရောက်သော သတ္တဝါသည် သုစရိုက်တရားကောင်းနှင့် ပြည့်စုံစွာနေခြင်း၏ အကျိုးဆက်ဖြစ်သည်၊ ဒုဂ္ဂတိဘုံဘဝသို့ ရောက်သော သတ္တဝါသည် ဒုစရိုက်တရားယုတ်နှင့် နေခဲ့ဖူးခြင်း၏ အကျိုးဆက်ဖြစ်သည်၊ ဤသို့ စသည်ဖြင့် အကြောင်းဖြစ်သော ကံကိုလည်းကောင်း၊ ကြမ္မာကိုလည်းကောင်း သိမြင်တော်မူ၏။

ဤ သတ္တဝါကား ဤသို့ ကောင်းသော စရိုက်နှင့် ရိုးဖြောင့်သော အကျင့်ကောင်း စာရိတ္တရှိ၏၊ ထို့ကြောင့် ကောင်းရာဂတိသို့ လားရလတ္တံ့။

ဤသတ္တဝါကား စိတ်ညံ့၏၊ အပြုအမူ အပြောအဆို စရိုက်ညံ့ဖျင်း၏၊ ထို့ကြောင့် မကောင်းသော ဂတိသို့ လားရောက်၍ ဆင်းရဲကို ခံရလတ္တံ့။

ဤသတ္တဝါကား-စိတ်ထားဖြူ၏၊ သန့်ရှင်းသော ကောင်းမှုကံကို သာ ဖန်တီး၏၊ ထို့ကြောင့် လူ့ဘဝနှင့်နတ်ဘုံဂတိသို့ လား၍ ချမ်းသာကို စံစားလတ္တံ့စသည်ဖြင့် သတ္တဝါအမျိုးမျိုးတို့၏ အနာဂတ်ဘဝတို့၌ ဖြစ်ရလတ္တံ့သော အာရုံအပေါင်းကို ကျိုးကြောင်း ကုန်စင်အောင် ဉာဏ်အားဖြင့် ရှင်းလင်းစွာ သိမြင်တော်မူလေ၏။

## ဉာဏ်သုံးပါးခြံရံသော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်

မြတ်စွာဘုရားရှင်သည် လောကသုံးပါးဝယ် သတ္တလောကကြီး တစ်ခွင်၌ ကျင်လည်ပြေးလွှားသွားလာလှုပ်ရှား ပြောင်းလဲဖြစ်တည် နေကြသော်သတ္တဝါတို့ကို မြင်တော်မူသည်။ သတ္တဝါတို့၏ မညီမျှသော ဖြစ်ခြင်း၊ ရှိသည်ကိုပိုင်နိုင်စွာ သိမြင်တော်မူလိုသောကြောင့် စုတူပ ပါတဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ အနာဂတံသဉာဏ်လျှင် အခြံအရံ ရှိသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ရှုကြည့်တော်မူသည်ရှိသော်....

သတ္တလောကတွင် ဆင်းရဲချမ်းသာ၊ ကောင်းဆိုးယုတ်မြတ် ဖြစ်ပေါ်လာကြရခြင်းသည် မည်သူတစ်စုံတစ်ယောက်ကမျှ ပြုပြင်ဖန်တီး ပေးခြင်းအဟုတ်၊ မိမိတို့၏ ကိုယ်ပိုင်စိတ်ရင်းစေတနာက ပြုပြင်ခြင်း၊ စေခိုင်းခြင်း အကြောင်းရင်းခံကြောင့်သာ ဖြစ်လာနေကြရကြောင်း ကို ထင်လင်းစွာ သိတော်မူမြင်တော်မူလေသည်။

## မကောင်းရာ တားမြစ်၍ ကောင်းရာသို့လမ်းညွှန်

သတ္တလောကကြီးကို ရှုကြည့်ပြီး သိမြင်တော်မူပြီးချိန်မှစ၍ သနားထိုက်သော ဝေနေယျများစွာ သတ္တဝါတို့ကို သနားကြင်နာ တော်မူသည်၊ ချမ်းသာမှုရစေရန် ကယ်တင်ပေးတော်မူလိုသောကြောင့် သတ္တဝါတို့အား မကောင်းမှုပြုကြလျှင် မကောင်းကျိုးဖြစ်ကြလိမ့်မည်၊ မကောင်းကျိုးခံစားကြရလိမ့်မည်။

စေတနာဖြင့်ကောင်းထား၍ ကောင်းမှုပြုကြလျှင် ကောင်းကျိုး ဖြစ် ကြလိမ့်မည်၊ ကောင်းကျိုးခံစားကြရလိမ့်မည် စသည်ဖြင့် အခြေအနေ၏ အကြောင်းအားလျော်စွာ မကောင်းရာကို မြစ်တားတော်မူသည်။

မကောင်းကျိုးပေးမည့် ဒုစရိုက်တရားယုတ်များကို မပြုကြရန်၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာဘဝရောက်၍ ဒုက္ခကြီးစွာခံကြရပုံ ဝတ္ထုကြောင်း တို့ကို ညွှန်ပြလျက် တားမြစ်၍ ဆုံးမသော ဩဝါဒတရား ဟောကြား တော်မူလေသည်။

သတ္တဝါတို့အား ကောင်းရာကောင်းကြောင်းကိုသာ သင်ပြ လျက် နိဗ္ဗာန်မရောက်နိုင်သေးခင် သံသရာ ဘဝများစွာ ကျင်လည်နေ ကြရခိုက်မှာ ကောင်းရာသုဂတိ ဘုံဘဝတို့၌သာ ချမ်းမြေ့ပေါ့ပါးစွာ

ကျင်လည်နိုင်ကြရန် လိုလားတော်မူသည်။ ထို့ကြောင့် ကောင်းသော သုဂတိဘဝသို့ ရောက်နိုင်ကြောင်း ကောင်းမှုပြုကြမှုန်၊ သီလစောင့်ကြရန်၊ ဘာဝနာပွားကြရန်ကို သင်ပြလျက် ဩဝါဒတရားဒေသနာတော်ကို နှစ်သက်ဖွယ်ရာ ဟောကြားတော်မူလေ့ရှိသည်။

### သာသနာတွင်း သာသနာပအချိန်ကာလမရွေး

မြတ်စွာဘုရားရှင်၏ သာသနာတော် ပွင့်လင်းစွာ ထင်ရှားရှိနေဆဲ ယခုခေတ်လို အချိန်ကာလမျိုး၌ဖြစ်စေ၊ ဘုရားရှင်၏ သာသနာတော် ကွယ်ပသွားပြီးသော ကာလ၌ဖြစ်စေ၊ ရသေ့ရဟန်းပြု၍ တရားအကျင့်နှင့် ပျော်မွေ့နေလိုသူ အချို့ ရှိတက်ကြောင်းကို ယထာကမ္မုပဂဉာဏ်တော်ဖြင့် မြတ်စွာဘုရားရှင်က သိမြင်တော်မူသည်။

မြင်တော်မူလို့ ညွှန်ပြမိန့်မှာတော်မူထားခဲ့သည့်အတိုင်း ရဟန်းပြုလျှင် ရဟန်းကျင့်ဝတ်၊ ရသေ့ပြုလျှင် ရသေ့ကျင့်ဝတ်နှင့် ထိုက်ထိုက်တန်တန် နေထိုင်စေချင်သည်။ နေထိုင်ကြ၍ ကောင်းသောဘဝ ကျင်လည်မှု ရှိကြရန်အတွက် ဖြောင့်မတ်သောစိတ်ဖြင့် ပါရမီပြည့်စေကြသော၊ ဖြည့်ဆည်းပူးနေကြသော ပုဂ္ဂိုလ်မြတ်တို့ချည်း ဖြစ်ကြပါစေဟူ၍ ရည်ရွယ်တော်မူခဲ့သည်။

### အလေ့အထုံရစေရန်

အကယ်၍ သဒ္ဓါပဗ္ဗဇ္ဇိတမဟုတ်မူဘဲ ဝတ်မွတ်ခေါင်းပါးခြင်းဘေး စသော ဘေးအန္တရာယ်တစ်ခုကိုကြောက်၍ သာသနာ့ဘောင်သို့ ခေတ္တဝင်ရောက်လာသော ဘေးရန် ပုန်းရှောင်သူပင်ဖြစ်စေဦး၊ ခေတ္တခဏ သာသနဗြဟ္မစရိယ အကျင့်မျိုး၌ (အလေ့အထုံတစ်ခုတစ်ခုအနေမျိုး) ရစေနိုင်-ဖြစ်စေနိုင်သောကြောင့် အကျိုးရှိပါသည်။ ပါရမီဖြည့်ခြင်းပင် မည်လေသည်။

ထိုအခါမျိုး၌ သတိပြုရမည်မှာ သမဏသိက္ခာကို လုံးဝကျင့်ကြံခြင်းမပြုဘဲ ရသေ့ရဟန်းသူမြတ်တို့ကဲ့သို့ အသွင်တူအဝတ်မျိုး ဝတ်ဆင်၍ဖြစ်စေ၊ လူဝတ်ကို ဝတ်ဆင်၍ဖြစ်စေ၊ သူတော်ကောင်းတို့၏ ကျောင်းသင်္ခမ်း အရိပ်၌ ဝင်ရောက်ကပ်ခိုနေထိုင်၍ ဆွမ်း စသော ကျောင်းပစ္စည်းတို့ကို စားသုံးနေချင်သူ အချောင်သမားဖြစ်ပါမူ ဤဘဝ၊ နောင်ဘဝ ကောင်းကျိုးမရနိုင်ပါ၊ သေပြီးနောက် အပါယ်ရေဲသို့ကျရောက်မည် သေချာသည် မှတ်ကြပါ။

## တောထွက်၍ တရားကျင့်သော ရှေးကထုံး

ဗုဒ္ဓသာသနာတော် ကွယ်ပနေသောခေတ်ကာလ၌ လူ၏ဘဝဖြင့် ဆက်လက်၍နေထိုင်ရန် ငြီးငွေ့ဖွယ်သောအကြောင်း စိတ်ဒုက္ခ, ကိုယ်ဒုက္ခ တစ်စုံတစ်ခုတွေ့ကြုံကြရလျှင် ထိုဒုက္ခမှ ချက်ချင်းလွတ်မြောက်သွားစေရန် နည်းလမ်းကောင်းမှာ နေမြဲအိမ်မှထွက်ခွာ၍ တရားကျင့်ကြံကြခြင်း ဖြစ်သည်။

ထိုရှေးခေတ်ကာလ၌ ဆရာကောင်းတို့က နည်းပေးကြ၍ ပါရမီဖြည့်ဆည်းခြင်း အလုပ်ကို မြတ်နိုးကြသည်။ မြတ်နိုးသောကြောင့် စိတ်ဝင်စားကြသည်။ စိတ်ဝင်စားကြ၍ ဘဝနောင်ခါ အထုံပါစေဟူသော ရည်ရွယ်ချက်ဖြင့် ပါရမီဓာတ်ခံပါစေရန် ကိုယ်ကျင့် စိတ်ကျင့် တရားကို ခေတ္တ ရပ်ပိုင်း၊ လပိုင်းဖြစ်စေ ကျင့်ကြံ အားထုတ်လေ့ရှိကြသည်။

လွန်ခဲ့ပြီးသောဘဝတို့မှ ပါရမီဓာတ်ခံပါကြသော စိတ်ထားမြတ်သူတို့သည် အိမ်ထောင်ဇနီးမယားနှင့်အတူနေ၍ အချိန်အနည်းငယ်ကြာခဲ့လျှင် လူ၏ဘဝကို ငြီးငွေ့ဟတ်ကြသည်။ ယုံအခါ လူသာမန်တို့ကဲ့သို့ သံယောဇဉ်ယားနှင့်သားမြေးတို့၌ ငြိကပ်တွယ်တာခြင်း မကြီးကြပါ၊ ပြတ်သားသောစိတ် ရှိကြသည်။ ပြတ်သားသောစိတ် ပိုင်နိုင်သောကြောင့် တစ်ချိန်တုန်းက ချစ်ခင်လုပါသည်ဟု ပြောခဲ့ဖူးသော ဇနီးမယားနှင့်သမီး သား မြေးမြစ်တို့ပါ စွန့်ခွာ ရှောင်ခဲ့ပြီး တောထွက်၍ ရသေ့ရဟန်း ပြုလေ့ရှိကြသည်။

တောထွက်၍ ရသေ့ ရဟန်းပြုနေကြလျှင် လူတို့ရွာ, ဘဝ၌တွေ့ကြုံရသော ကာယိကဒုက္ခ၊ စေတသိက ဒုက္ခတွေ ငြိမ်းလေတော့သည်၊ သံယောဇဉ်မဝယ်တာလျှင် ဒုက္ခကင်းရှင်းတော့သည်။ ထိုခေတ်ပုဂ္ဂိုလ်မြတ်တို့၏ လက်တွေ့ခံစားရသော ချမ်းသာသုခ ဖြစ်သည်။

ထိုကဲ့သို့သော ကျင့်ရိုး ကျင့်စဉ် နည်းလမ်းကား ရှေးရှေးခေတ်ကာလ၌ နေထိုင်သွားကြသော သူတော်ကောင်းတို့၏ ထုံးတမ်း စဉ်လာဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ကြာမြင့်စွာသော ရှေးခေတ် ကာလမှစ၍ ယခုမျက်မှောက်ကာလတိုင်အောင် တောထွက်၍ ရသေ့ ရဟန်းပြုကာ တရားကျင့်ကြံကြသော ထုံးစံ မကွယ်ပျောက်သေးပါ။

## ရှေးတစ်ချိန်၌ မြန်မာပြည် ရဟန်းတို့မှာ

မြန်မာပြည်၌ကား-ယခုခေတ်တွင် ပွင့်လင်းသော သာသနာ တွင်းကာလဖြစ်သောကြောင့် ဒုလ္လဘငါးပါးတွင် ရခဲသော ပဗ္ဗဇိတ ဒုလ္လဘကို အရယူလိုကြသည်။ ဆရာစဉ်ဆက်တို့က တိုက်တွန်းကြသည်။ ထို့ကြောင့် ထေရဝါဒရဟန်းပြုကြသည့်ကမျှား၏။

ရှေးကျသော တကောင်းခေတ် ဟန်လင်းကြီးတို့ ထင်ရှား ပေါ်လွင်နေဆဲ အချိန်ကာလ၌ ရဟန္တာပုဂ္ဂိုလ်တွေများကြောင်း အဆို ရှိ၏။ ထို့ကြောင့် ရှေးခေတ်တွင် သမုတ်ထားခဲ့ကြသော ရဟန္တာ သိမ်တွေ မြန်မာပြည်အတွင်း ထက်အောက် နေရာ မြို့နယ် ခရိုင် ဒေသ တိုင်းတို့ကို ယနေ့တိုင် ထင်ရှားစွာ တွေ့မြင်နေရသည်။ သိမ်သမိုင်း ပေစာ၊ ကျောက်စာများကို ဖတ်ရသောအခါ ဘယ်သိမ်၌ ရဟန္တာ ငါးရာသမုတ်ခဲ့သည်၊ ဘယ်သိမ်၌ ရဟန္တာခုနစ်ရာ သမုတ်ခဲ့သည် စသည် ဖြင့် အားရဖွယ်ရာ တွေ့မြင်နိုင်ကြသည်။ သမိုင်းတို့ကြောင့် ခိုင်လုံကြ သည်။

## ရဟန္တာဓာတ်တော် စေတီများ

ထိုထက် ထင်ရှားသော ခိုင်လုံချက် အထောက်အထားများက မြန်မာပြည် အညာဒေသ ရွှေဘိုခရိုင် ဒီပဲရင်းနယ်ကြီး အတွင်း၌ ရဟန္တာဓာတ်တော်များကိုဌာပနာ၍ တည်ထားခဲ့ကြသော စေတီတော် တွေ အများအပြား ဖူးတွေ့ခဲ့ကြခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ခါးကျိုးခြင်း၊ ငုတ်တိုဖြစ်ခြင်း စသော ချို့ယွင်း ပျက်စီးခြင်းတို့ကြောင့် စေတနာရှင် ရဟန်း လူရှင် တို့က ပြန်လည် ပြုပြင်မွမ်းမံကာ တည်ကြသောအခါမှ ရဟန္တာတို့၏ ဓာတ်တော်တိုက်စေတီဖြစ်ကြောင်း ထင်ရှားသိမြင်ကြရသည်။

ဓာတ်တော်တို့ကား မနည်းပါ၊ စေတီငယ်ငယ်တစ်ဆူ၏ အတွင်း၌ မြေသပိတ်ကြီးနှင့် တစ်လုံး အပြည့်ထည့်ထားပုံ ထပ်ခါတွေ့ကြရသည်။ အတန်ကြီးသောစေတီမှာ ငုတ်တိုဖြစ်၍ အထူး ကောင်း မွန် အောင် ပြန်လည်တည်ကြရန် အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ရှင်း၍ ဓာတ်တော် တိုက် ပေါ်လာသည်မှာ ဝမ်းသာအားရ သိချင်သောဆန္ဒဖြင့် စေတီ ပြန်လည်တည်ဆောက်ရေး ခေါင်းဆောင် ဆရာတော်ကြီးနှင့် တကွ

တပည့် ဒကာများ ဝိုင်းအုံကြည့်ကြသောအခါ ရဟန္တာ့ခေတ်တော်တွေ (စဉ့်အိုးကြီး) နှင့် အပြည့် ထည့်သို၍ ဌာပနာသွင်းထားပုံ ဖူးတွေ့ကြရသည်။ ရဟန္တာ ဘယ်နှစ်ပါး၏ ခေတ်တော်တွေလဲဟု မခန့်မှန်းနိုင်ကြပါ။

တို့ပြင် ချို့ယွင်းခြင်း မရှိသော ရဟန္တာ့ခေတ်ကိန်းစံကည်ဘည့် စေတီများ ဖြစ်ကြမည်ဟူ၍ ခန့်မှန်းသိနိုင်သော စေတီအလတ်စားတို့သည် ဤအရှင်၏ ဇာတ် ရွှေဘိုခရိုင်၊ ဗိပချင်း တောင်လက်နယ်ကြီး အတွင်း တောရွာကျေးလက် မြေပြင်နေရာပေါင်း များစွာ၌ ရှိနေကြသည်။

ထို့ကြောင့် ရှေးကျသော တကောင်းပြည်ကြီး ခေတ်–ဟန်လင်းကြီးတို့ ခေတ်ကာလတွင် မြန်မာပြည်၌ရဟန္တာပုဂ္ဂိုလ်မြတ်တွေ များပြားစွာ သီတင်းသုံးနေထိုင်ခဲ့ကြသော ခေတ်ထူးခေတ်မြတ်ဟူ၍ ခန့်မှန်းသိနိုင်ကြသည်။

## ရသေ့ရဟန်းရောသောခေတ်

ထို့နောက် မြန်မာပြည်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ကောင်းစွာ မပျံ့နှံ့သေးသော အချိန်ပိုင်း သရေခေတ္တရာ စသော ရှေးခေတ်၌ကား– တောထွက်၍ ရသေ့ ရဟန်းပြုခြင်း အလေ့ရှိကြသည်။ ထို့ကြောင့် ရာဇဝင်နှင့် သမိုင်းများတွင် ရသေ့ကြီးတွေ အမှီပြုခဲ့ကြပုံ ထင်ရှားစွာ ဖတ်ကြရသည်။

အသက် ဘကောင်းမြို့မှ မသိုးထမင်း မသိုးဟင်းထည့်၍ မဆုတ်ဖောင်ဖြင့် ဧရာဝတီမြစ်ကြော မျှောလွှတ်လိုက်၍ သရေခေတ္တရာဆိပ်သို့ရောက်ကြလျှင် ဘူးနှင့်ရေခတ်နေသော ဗေဒါရီကို မြင်တွေ့ကြသည်။ ချစ်ခင်နှစ်သက်ခြင်းရှိ၍ လက်ဆက်ကြသည်။ ထိုရှေးခေတ်လူ့သမိုင်းတွင် ဗေဒါရီသည် ရသေ့ကြီး၏ကျင်ငယ်ရေကိုသောက်သော သမင်မမှ မွေးဘူးဖြစ်သည်။ သမင်မမှမွေးဖွားသော လူကလေးကို တွေ့မြင်ရ၍ သနားသောကြောင့် ရသေ့ကြီးက ကောက်ယူမွေးစားထား၍ ကြီးပြင်းလာရသည်ဆို၏။ မင်းသားညီနောင်တို့က ဖခင်အရာ၌ တည်သော ရသေ့ထံ ကောက်ယူကြပြီးကာ ဗေဒါရီကို အပိုင်ဇနီးအဖြစ် သိမ်းပိုက်ယူသည်။ ဤကား– သရေခေတ္တရာ ရာဇဝင်၌ ရသေ့ကြီးများရှိနေ

ကြပုံ ပေါ်လွင်သောသမိုင်းဖြစ်သည်။ ထိုနည်းတူ အခြားဒေသများ၌လည်း ရသေ့ကြီးတွေ အမှီပြုကြပုံသမိုင်း ထင်ရှားချက်တွေ များကြသည်။

အဆိုပါ သဂေဇေတ္တရာ စသော ရှေးခေတ်တစ်ချိန်၌ လူ့လောကကို ငြီးငွေ့ကြလျှင် တောထွက်၍ ရသေ့ရဟန်းပြုခြင်းအလေ့ရှိကြသည်။

ထိုအချိန်၏ နောက်ပိုင်းတွင် ရဟန်းပြုခြင်းအလေ့ကို အကြိုက်များလာကြသည်။ ယုံမှားမှ ရသေ့ကြီးတွေ ထင်ရှားလျက်ရှိကြသော်လည်း ရဟန်းပြုသူတို့ကမူ ကွဲလာကြသည်။ နိပါတ်တော်လာကဲ့သို့ ရှေးရှေးခေတ်၌ သဝေဂရ၍ မတောထွက်ပြီး ရသေ့ဝတ်ကြသူတို့နှင့် မတူကြပါ။

လူတို့ရွာ၌ လူအများ၏ယုံးစံ အိမ်ထောင်ပြု၍ သားမယားကို လုပ်ကိုင်ကျွေး၍ သားမြေး သံယောဇဉ်တွေ ခြံရံ၍ ရှုပ်ထွေးသော သံယောဇဉ်ကိုလည်း ငြီးငွေ့ကြသည်။ ညယြမ်းသော လူ၏ဝသီကို ကြာလာသောအခါ စိတ်က မသတ်ကြတော့၍ လူတို့ဘုံမှ လူးလဲသော လူ့ကာမဂုဏ်ကို စက်ဆုပ်ရွံရှာကြသောကြောင့် နောက်ကြောင်းအိမ်ထောင်အိမ် တည်းဟူသော သံယောဇဉ်ကို ရှင်းရှင်း ပြတ်ကင်းစေပြီးလျှင် တရားအားထုတ်ကြသည်။ ထိုခေတ်မှ စိတ်သန့်ရှင်းသောရဟန်းတို့သည် နိဗ္ဗာန်ကိုမရောက်ကြသော်လည်း ချာန်ရအောင်အားထုတ်ကြမြဲဖြစ်သည် ဟူ၍ သမိုင်းတစ်စောင်၌ တွေ့ရဖူး၏။ နှစ်သက်ဖွယ်ဖြစ်ပေသည်။

**ပေါက်ကံ ဝစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင်ခေတ်ရဟန်းများ**

ထိုအချိန်မှစ၍ မြန်မာပြည် မင်းနေပြည်ကြီးတွေ အဆင့်ဆင့်ပြောင်းလဲလာကြလေရာ ရသေ့ဝတ်ခြင်းကို အားမကျကြတော့ပါ။ ရဟန်းပြုခြင်းတစ်မျိုးတည်းသာ ဆရာစဉ်ဆက် အတုမြင်၍ အတတ်သင်ကာ ရဟန်းနှင့်သာမဏေတို့ချည်း ဖြစ်ထွန်း ပေါများကာ စည်ကားလာကြသည်။

သာသနာဝင်သမိုင်းကို (လေ့လာလျှင်ပေါက်ကန်) ဟူ၍ ရှေးခေတ်ရာဇဝင်ပြဇာတ်၊ ကဇာတ်များတွင် (ပေါက်ကန်ပြည်) ဟူ၍ စာဖွဲ့

ခဲ့ကြသော ပုဂံပြည်ကြီး ဖြစ်ထွန်းပေါ်ပေါက်၍ စည်ကားလာသော အခါ ဗုဒ္ဓသာသနာ အထူးစည်ကားလာသည်။ ရှေးပိုင်းတွင် အရည်းကြီး ခေါ် အိန္ဒိယနိုင်ငံမှ ကူးပြောင်းရောက်ရှိလာသော ဘုရားရှင်လက် ထက်တော်၌ ဝိနည်းသိက္ခာ မလေးစားကြသော ဆဗ္ဗဂ္ဂီရဟန်းတို့ နေ ထိုင်နည်းတွေ ပေါ်လွင်စွာနေထိုင်ကြသည်။

ထို့နောက် အနော်ရထာမင်းစော လက်ထက်တွင် ဗုဒ္ဓ သာ သနာတော် သန့်ရှင်းလာသည်။ အရှင်အရဟံ တည်းဟူသော ပုဂ္ဂိုလ် မြတ်ကြီး ပေါ်ပေါက်လာ၍ အမှီပြုစရာ အနော်ရထာ မင်းမြတ်သည် ကျေနပ်အားရစွာ သာသနာပြုနိုင်ခွင့် ကြုံလာသည်။ အခြေအနေက အခွင့်ပေးသကဲ့သို့ ပုဂံရာဇဝင်တွင် အာဇာင်အရှားဆုံးသော သာသနာ ပြု မင်းကောင်း, မင်းမြတ်ကြီး အဖြစ် ရောက်လာသည်။

ပုဂံပြည်ဟူ၍ ပြောစဉ်ရှိကြသော ပုဂံမြို့တော်ကြီး၌ မင်းပေါင်း (ငါးဆယ့်ငါးဆက်) တိုင်အောင် ကြာရှည်ခဲ့သည်။ ဗုဒ္ဓသာသနာတော် ကြီး၏ ပရိယတ္တိသာသနာတော်ထွန်းကားခြင်း အားကောင်းလှဘိသည်။ အထူးသဖြင့် သဒ္ဒါကျမ်းကို အလေးထား၍ သင်ယူခြင်း၊ ပို့ချခြင်း များပုံမှာ ချီးမွမ်းလောက်ပါဘိသည်။

ထိုအချိန်တွင် ပုဂ္ဂိုလ်၏ စေတနာအလျောက် တောရကျောင်း၌ တစ်ပါးတည်း ကောစာရနေ၍ တရားကျင့်ကြံသောပုဂ္ဂိုလ် ကြိုးကြား ရှိသည်။ ရဟန္တာဟူ၍ သမုတ်ခြင်း ခံယူနိုင်လောက်သော ရဟန်းလည်း ပါဝင်ကျန်ခဲ့သည်။

## ပရိယတ္တိနှင့် ပဋိပတ်တွဲ၍ သာသနာပြုခဲ့ကြ

ပုဂံပြည်ကြီးတိမ်ကောသွားပြီး နောက်ကာလတွင် စစ်ကိုင်း၊ ပင်းယ၊ အင်းဝပြည်ကြီးများ၌ မင်းအဆက်ဆက် စိုးစံလာကြသည်။ ထိုပြည်, ထိုမင်းဆက်တို့၏ ခေတ်ကာလ တစ်လျှောက်လုံး ဗုဒ္ဓသာသနာ တော်သည် ထေရဝါဒရဟန်းတို့ချည်း ဆရာစဉ် လက်ဆင့်ကမ်း၍ စည် ကားနေကြသည်မှာ အားရဖွယ် ဖြစ်သည်။

ရဟန်းသံဃာတော် အဆက်ဆက်တို့သည် အားရလောက်အောင် စည်ကား တိုးတက်လာနေသည်။ ပိဋကတ်စာပေကျမ်းဂန် တတ်ကျွမ်း တော်မူကြသော ပုဂ္ဂိုလ်ကျော်ကြီးတွေ ထွန်းကားလာသော ခေတ် ကောင်းကြီး ဖြစ်သည်။

အင်းဝခေတ်၌ ကျပ်းဂန်တတ်ဆရာတော်ကြီးတွေလည်း ထင်ရှားလာသည်။ အကျင့်ကောင်းအနေကောင်း ပုဂ္ဂိုလ်မြတ်ကြီးတို့လည်းရှိကြရာ ရွှေဥမင်ဆရာတော်ကြီး၏ ကျင့်ကြံနေထိုင်ပုံသည် မြန်မာပြည်သာသနာဝင်သမိုင်းတွင် စံပြအဖြစ် ဥဒါန်းကျန်ရစ်ပေသည်။

အမရပူရနှင့် ရတနာပုံ မန္တလေးခေတ်သည်လည်း အင်းဝနှင့် တစ်ဆက်တည်းဖြစ်၍ အားရဖွယ်၊ ကျေနပ်ဖွယ်၊ ကြည်ညိုဖွယ်ကောင်းပါသိသည်။

## ပဥ္စမသင်္ဂါယနာတင်ခေတ်

မန္တလေးရတနာပုံခေတ် ဟူ၍ ပြောဆို ကျန်ရစ်ခဲ့သော သာသနာဝင်သမိုင်းတွင် ပင်းတုန်းမင်းတရားကြီး၏ ပဥ္စမသင်္ဂါယနာတင်သွားသော သာသနာပြုပုံသည် ချီးမွမ်းဖွယ်ကြီးဖြစ်သည်။ ပုဂံပြည်ကြီးမင်းဆက် အများတွင် အနော်ရထာမင်းစောသည် ထူးကဲစွာ သာသနာပြု မင်းထူးမင်းမြတ် ဖြစ်ခဲ့သည်။ မန္တလေး ရတနာပုံမင်းဆက်တစ်ဆယ့်တစ်ဆက် ရှိရာတွင် မင်းတုန်းမင်းတရားကြီးသည် ကျေးဇူးတင်ရ၊ ချီးမွမ်းရသော သာသနာပြု မင်းထူးမင်းမြတ်ကြီး ဖြစ်ပါပေသည်။

ရဟန်းသံဃာတော်ဦးရေကိုလည်း (ခြောက်သိန်း၊ ကိုးသောင်း) ကျော်အထိရှိသည်၊ မင်းက သာသနာ့ ဝန်ထမ်းတို့အား ပစ္စည်း (၄) ပါးဖြင့်ချီးမြှောက်ပုံမှာ ထိပ်ပေါက်ပါသိသည်။ ပရိယတ္တိသာသနာကို အထူး အားပေးသော သာသနာပြုမင်းကြီး အမှန် ဖြစ်ပေသည်။

စာပေကျမ်းဂန်တတ် အကျော်အမော် ဆရာတော်ကြီးတွေ အများအပြားပင် ပေါ်ထွန်းတော်မူခဲ့ကြပုံမှာလည်း အားရဖွယ်၊ကြည်ညိုဖွယ်ရာ ဖြစ်ပါသိသည်။ စာပေကျမ်းဂန် တတ်ကျွမ်းတော်မူကြပုံကို ကြားသိရသည်မှာ ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်ဖြစ်သော ဘုရားဟော ဓမ္မက္ခန္ဓာများကို ထုံးလိုချေ၍ ရေလိုနှောက်နိုင်သည်အထိ တုန်လှုပ်ခြောက်ခြားအောင် ကျွမ်းကျင်တော်မူခဲ့ကြသည်။

## ပဋိပတ္တိလုပ်ငန်း တိုးတိုးတိတ်တိတ် အားထုတ်သွားကြပုံ

ထိုခေတ်တွင် ပရိယတ္တိဘက်၌ လူသိရှင်သိ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတွေ အများ ပေါ်ထွန်းလျက်ရှိခဲ့ကြသကဲ့သို့ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်ခြင်း ဖြစ်သော ပရိယတ္တိ သာသနာ

လုပ်ငန်းဘက်၌လည်း ထူးခြားစွာ အောင်မြင်ပေါက်မြောက်၍ ဈာန် အဘိညာဉ်ရကြ, ရဟန္တာဖြစ်သွားကြသော ပါရမီထူး ပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတို့လည်း အများ ပေါ်ထွက်ခဲ့ကြပါပေသည်။ အားရဖွယ် ကောင်းသော ပါရမီရှင် သူတော်ကောင်းကြီးတို့၏ ခေတ်ကာလဟူ၍ ဆိုကြရပါမည်။

ကိုယ်ရေးကိုယ်တာ အလုပ်ဟူ၍ ရဟန်းပုဂ္ဂိုလ် အချင်းချင်း ပြောဆိုလေ့ ရှိခဲ့ကြသော ကမ္မဋ္ဌာန်းဘာဝနာကို ပွားများအားထုတ် ခြင်းအလုပ်ကို လူသိရှင်ကြား မဖြစ်စေကြပါ၊ သိုသိုသိပ်သိပ်နှင့် ဥက္ကော ဌေယျဖြစ်ခြင်းကို အလိုမရှိကြပါ။ လွန်ခဲ့သော (ဖဆပလ) ခေတ် ကာလ၌ကဲ့သို့ (ဘာဝိပဿနာတိုက်၊ ဘာဝိပဿနာရိပ်သာ) စသော ဆိုင်းဘုတ်ကြီးတွေ လူသွားလမ်းနံဘေး၌ ချိတ်ဆွဲကာ တရားကျင့်ပွား ရာ ကျောင်းတိုက် ကြီး, ငယ်များ ထင်ရှားအောင် ထားလေ့ မရှိ ကြပါ။

လူသူ့အထင်ကြီးအောင် ဟူ၍ အာဘောဂ မရှိကြပါ။ ပကတိ ရိုးသားစွာ စိတ်ယား၍ မိမိတို့ရည်မှန်းချက်အလုပ်ကိုသာ ထိရောက် အောင် တိတ်ဆိတ်စွာ အားထုတ်လေ့ ရှိကြသည်။ ထို့ကြောင့် ထို ခေတ်ကာလ၌ လူသူမသိကြဘဲ ရဟန္တာ ဖြစ်သွားကြသော ရဟန်း သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တွေ နေရာကြီးကြား၌ ရှိခဲ့ကြကြောင်း ရှေး ဆရာတော်ကြီးများက သူတို့၏တပည့်များအား စကားအလျဉ်း သင့်လျှင် မိန့်ကြားလေ့ ရှိကြသည်။

လူသိရှင်ကြား ကမ္မဋ္ဌာန်းတိုက်၊ ဝိပဿနာရိပ်သာ၊ ဘာဝနာ စခန်းကြီးတွေ ဖွင့်၍ သင်ကြားပို့ချကာ ပရိသတ်တရုန်းရုန်းနှင့် ပျော် မွေ့လာကြသော ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးသော ဤမှာဘက် ခေတ်ကာလ၌လည်း ရဟန္တာဖြစ်သွားကြသော ရဟန်းပုဂ္ဂိုလ်မြတ်ကြီး တွေ ပေါ်ထွန်းသွားကြပါသည်။ လိုရင်းမှာ ကမ္မဋ္ဌာန်းဘာဝနာ အလုပ် ၏ သဘာဝသည် လူအများသိသည်ဖြစ်စေ၊ မသိစေကာမူ၍ သိုသိပ်စွာ အားထုတ်သည် ဖြစ်စေ ဟာကယ်လုပ်လျှင် အဟုတ်ဖြစ်စေနိုင်သော အကျင့်မြတ် ဖြစ်ကြောင်း နားလည်ကြရန် ပြောဆိုခြင်း ဖြစ်သည်။

### တောရွာများ၌ ကျောင်းထိုင်ဘုန်းကြီးတို့ အလုပ်

မြန်မာပြည်သည် ဗုဒ္ဓဘာသာနိုင်ငံကြီး ဖြစ်သည်၊ ထို့ကြောင့် ရွာရှိလျှင် ဘုန်းကြီးကျောင်းရှိကြသည်၊ ကျောင်းရှိလျှင် ကျောင်းထိုင် ဘုန်းကြီး ရှိကြရမြဲဖြစ်သည်။

ထို့ကြောင့် မြန်မာပြည်ရဟန်းပုဂ္ဂိုလ်များ၏ ရှေးရိုးစဉ်လာ လုပ်ငန်းစဉ်များ- ရဟန်းတက်ရန် ကြံရွယ်ချက်ရှိသော ရဟန်းလောင်း သာမဏေများကို အခြေခံ ကျမ်းဂန်များကို သင်ကြားပေးကြရ၏။ စာသင်တိုက်သို့ ပို့ပေးကြသည်က များပါသည်။ (သာမဏေ)ကိုရင်ဘဝမှ စတင်၍ သင်ယူလာသော အခြေခံသဒ္ဒါကြီး၊ သုတ္တဟ်နှင့် ရှင်ကျင့်ဝတ်၊ ပါဠိပေါက်ကျမ်းငယ်တို့ကို ဆက်စပ်သော သဒ္ဒါ၊ ရူပသိဒ္ဓိကျမ်း သဒ္ဒါဟ်အဆက်ဋီကာကျော်၊ ပါဠိပေါက်အဆက် ကစ္စါယနပိတရဏ် အဋ္ဌကထာကျမ်းများကို သင်ယူကြမြဲဖြစ်သည်။

ရဟန်းတို့သင်ရိုးတွင် အခြေခံကျမ်းငယ်၊ ကျမ်းလက်များပေါက်ပြီးလျှင်တစ်ဆက်တည်းနေ့ဝါကျမ်း၊ညဝါဘိုရိုးကျမ်းများနှင့်ပါဠိတော်များ-အဋ္ဌကထာကျမ်းကြီးများ၊ဋီကာကျမ်းနှင့်တွဲဖက်၍ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် ပေါက်အောင် သင်ယူကြရိုးစဉ်လာရှိသည်။

အခြေအနေက အချိန်မပေးသော ရဟန်းတို့သည် သင်ရိုးပေါက်အောင် မသင်နိုင်ကြပါ၊ အကြောင်းအမျိုးမျိုးကြောင့် စာသင်ခြင်းရပ်နားပြီး ဇာတိရပ်ရွာသို့ပြန်၍ ကျောင်းထိုင်ကြရသော ဘုန်းကြီးတွေအများကြီးရှိကြသည်။

ကျောင်းထိုင်ဘုန်းကြီး ဖြစ်ကြပြီးသောအခါ ဘယ်လိုလုပ်ငန်းတွေကို လုပ်ဆောင်ကြရပါသနည်း ဟူ၍ မသိသူတို့က မေးခွန်းထုတ်နေရာတွင် တိုတိုလိုရှင်း ပြောပါမည်။

မြန်မာပြည်တွင် ကျောင်းထိုင်ဘုန်းကြီးများကို တိုင်း(၇)တိုင်း၊ ပြည်နယ် (၇) နယ် အားလုံးကျေးရွာတိုင်း၌ ကိုယ်စီ ရှိနေကြ၍ ဒေသအားလုံး အချိန်မရွေး တွေ့မြင်နိုင်သည်၊ကျောင်းထိုင်ဘုန်းကြီးတို့၏ မလွှဲမရှောင်သာသော အလုပ်သည် ကျောင်းသား ကိုရင် တပည့်များကို စာတတ်အောင် သင်ကြားပေးကြရသည်။ ကျောင်း၌လုပ်ဆောင်ရမည့် ဝေယျာဝစ္စကို တံမြက်လှည်းခြင်း စသော ဝေယနာသန ဝတ်ကို တပည့်များအား ညွှန်ကြား၍ ခိုင်းစေရသည်၊ ကိုယ်တိုင် လုပ်သင့်ရာ၌ ကိုယ်တိုင် လုပ်ဆောင်ရသည်။

ဒကာ ဒကာမတို့အား ချီးမြှောက်သောအားဖြင့် ဗုဒ္ဓဘာသာ လူမျိုးတို့၏ထုံးစံ သာမှု၊ နာမှုကိစ္စရှိလျှင် ပင့်ဖိတ်လာလျှင် လိုက်ပါ၍

ဆောက်ရွက်ပေးရသည်၊ ဥပမာ-အသုဘရှိလျှင် သရဏဂုံတင်ပေးရန် လိုက်ပါရသည်၊ ဆွမ်းစဉ်ပင့်လျှင် လိုက်ပါ၍ သပိတ်သွတ်ရေစက်ချပေးရသည်၊ ဆွမ်းကျွေးပင့်လျှင် လိုက်ရသည်၊ ပရိတ်ရွတ်ပင့်လျှင် ဥပုသ်သီလ ပေးရန် ပင့်လျှင် လိုက်ပါဆောင်ရွက်ပေးရသည်။

ဘုရားပွဲ, ကျောင်းပွဲ၊ သားရှင်ပြုအလှူပွဲ၊ အိမ်သစ်တက်ပရိတ်ရွတ်ပွဲ၊ မင်္ဂလာဆောင် အိမ်ထောင်ဦး သင်္ကန်းကပ်ပွဲ၊ သေသူအားရည်စူး၍ ရက်လည်ဆွမ်းလှူပွဲ၊လလည်သပိတ်သွတ်ပွဲ၊နှစ်လည်သပိတ်သွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးသင်္ကြန်တွင်း ဆွမ်းကျွေးပွဲ စသည်ဖြင့် အမျှင်တန်းနေကြရသည်၊ အနားမရှိကြရပါ။

ကြီးကျယ်သော အလုပ်ကိစ္စများ ဟူ၍ မဆိုသာသော်လည်း ပရိတ်ရွတ်- သီလပေး- ဆွမ်းကျွေး-သရဏဂုံ တင်အလှူခံလိုက်ရခြင်း စသည်တို့ဖြင့် များသော အလုပ်ကိစ္စတို့နှင့် နေ့စဉ် အမျှင်တန်းလျက် တစ်ရက်ပြီး နောက်တစ်ရက် ဆက်လျက် အချိန်ကုန်ရှာကြရလေသည်။

ကျောင်းထိုင်ဘုန်းကြီးများ၏ တပည့် ကျောင်းသား ကိုရင် သာမဏေ ဦးပဥ္စင်းတို့သည် အရံကေဒါများ ဖြစ်ကြ၍ ကျောင်းထိုင်ဘုန်းကြီး၏လုပ်ငန်းများ၌ ဝိုင်း၍-ဝိုင်း၍-သိုင်း၍ ကူညီလုပ်ဆောင်ပေးနေကြရမြဲဖြစ်သည်။ ဤကား မြန်မာပြည်၌ရှိသော တောရွာကျေးလက်ကျောင်းထိုင်ဘုန်းကြီး အားလုံးတို့၏ မပျက် ဆောင်ရွက် နေကြမြဲလုပ်ငန်းများပါတည်း။

စာရေး အကျင့်ကို ပါရမီဓာတ်ခံပါစေရန် အချိန်ကြီးကြား၌ ဆရာသမားတို့၏ ညွှန်ကြားချက် နည်းယူ၍ (ဗုဒ္ဓါနုဿတိ၊အာနာပါန) စသော ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ခြင်း ပြုလေ့ရှိကြသည်ကား များပါ၏။

အချို့ဆရာတော်တို့က ကျောင်းထိုင်ဘုန်းကြီးဘဝနှင့်နေထိုင်၍ အသက်အရွယ် အတန်ငယ် ကြီးရင့်လာကြသောအခါ တောရ ဆောက်တည်သွားတတ်ကြသည်၊ အချို့က မိမိတို့နှစ်သက်ရာ- ဆက်နွယ်ရာ ကမ္မဋ္ဌာန်းတိုက်သို့ အချိန်ပိုင်းနှင့်ဝင်ထိုင်၍ သူတို့၏ဘဝကို နိဂုံးချုပ်သွားလေ့ ရှိကြသည်လည်း ရှိပါ၏။

## စာသင်ခြင်းကိစ္စပြီးလျှင် လမ်းနှစ်သွယ်

မြန်မာပြည်ရဟန်းကျို၏ လုပ်ငန်းစဉ်ကိုပြောရလျှင် ရှေးဦးစွာ သာမဏေဘဝ၊ ရဟန်းငယ်ဘဝ၌ အခြခံသင်ရိုးစာပေ သင်ကြရသည်၊ အခြေခံရပြီးသောအခါ ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်ကိုပါ ပါဠိတော်နှင့် အဋ္ဌကထာ, ဋီကာတို့ကို တွဲဖက်၍ စာသင်တိုက်ကြီးများ၌ သင်ယူကြရသည်။

အချို့ဆရာတော်ကြီးများက ရပ်တစ်ပါးသို့ မသွားစေမူ၍ နေမြဲမိမိတို့ကျောင်း၌ နေစေပြီး ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ပေါက်ရောက်အောင် ကိုယ်တိုင် ချပို့သင်ကြားပေးခြင်း ပြုကြသည်။

စာသင်ပြီး၍ အလူးတတ်ပြောက်သော ပုဂ္ဂိုလ်ကိုက စာချဘုန်းကြီးအဖြစ် ဆက်ခံကြသည်၊ စာချဘုန်းကြီးမလုပ်နိုင်သော ပုဂ္ဂိုလ်တို့က ကျောင်းထိုင်ဘုန်းကြီးတာဝန် ယူကြရမြဲဖြစ်သည်။

## တောရကျောင်း၌ပျော်လိုသော ပုဂ္ဂိုလ်

စာပေပရိယတ္တိသင်ခြင်းကိစ္စ ပြီးလေလျှင် စာချဘုန်းကြီး မလုပ်လိုကြ၊ တောရွာ၌ ကျောင်းထိုင်ဘုန်းကြီးအဖြစ်နှင့် နေထိုင်ခြင်းကိုလည်း မနှစ်သက်ကြ၊ တောရကျောင်း၌ နေချင်စိတ်ရှိ၍ သီတင်းသုံးနေထိုင်ကာ တရားနှင့်သာပျော်မွေ့ပြီး အသက်ရှည်သမျှကာလပတ်လုံး တောရကျောင်း၌ နေထိုင်ကြသော တောရပျော် ပုဂ္ဂိုလ်များသည်း မြန်မာပြည်တွင် ဒေသအများ၌ ရှိတတ်ကြသည်။ တွေ့ကြုံရမြဲဖြစ်သည်။

အချို့က စာသင်ခြင်းကိစ္စ ပြီးလျှင် စာချဘုန်းကြီးအဖြစ်ကို မစွမ်းနိုင်၊ ကျောင်းထိုင်ဘုန်းကြီး ဘဝမျိုးကိုလည်း မနေလိုကြပါ။ အားကိုးပြုထိုက်သော ဆရာတော်ကြီးတစ်ပါးပါးထံ၌နေ၍ ဝတ်ကြီးဝတ်ငယ် ပြုစုရင်း ဆရာကောင်း၏နည်းနာခံယူကာ စွမ်းနိုင်သမျှ တရားအလုပ်နှင့် ပါရမီဖြည့်ရင်း အိုမင်းသွားကြသူတို့လည်း ရှိကြသည်။

အရွယ်လွန်မှ ရဟန်းပြုလာကြသော ဦးပဉ္စင်းကြီး အတော်များများတို့သည် အဆိုပါ ဆရာကောင်းထံပါး၌ မှီခိုနေထိုင်၍ ဝတ်ကြီး ဝတ်ငယ် ပြုစုလုပ်ကျွေး၍ ပါရမီဖြည့်ဆည်းရင်း ပျော်မွေ့ကာ နေလေ့ရှိကြသည်၊ ကံကောင်းအောင် ရိုးသားစွာ နေခြင်းဖြစ်၍ ကောင်းမြတ်ပါသည်။

ပျိုရွယ်စဉ် အိမ်ထောင်ကျပြီးနောက်မှ ရဟန်းဖြစ်လာကြသော နိကာယမဦးပဉ္စင်းကြီးများဖြစ်စေ၊ အရွယ်လွန်မှ ရဟန်းဘောင်ရောက်၍ စာသင်ယူနိုင်စွမ်းမရှိသော ဝုဍ္ဎပဗ္ဗဇိတ ဦးပဉ္စင်းကြီးများဖြစ်စေ ဆရာကောင်း မမှီဘဲ မနေသင့်ပါ။ ဆရာကောင်းထံမှ နည်းကောင်းယူ၍ ရဟန်းကျင့်ဝတ်နည်း၊ တရားနှလုံးသွင်းနည်းနာယူပြီးခါမှသာ ထိုက်သင့်ရာ ကျောင်း၌ တစ်ပါးတည်း နေလိုက နေသင့်သည်မှတ်ပါ၊ သို့မဟုတ်လျှင် ကောင်းကျိုးမရ၊ အပြစ်တွေ့ရနေတတ်ကြသည်။

အထူးသဖြင့် ကြီးဖြူနှင့်တောထွက်တို့သည် ကိုယ်အမူအရာ၊ နှုတ်အမူအရာကို ဣန္ဒြေရအောင်နေထိုင်နည်း အချိုးကျစေရသည်၊ ကုသိုလ်ရရန် အတွက်သာ ရဟန်းပြုလာခဲ့ခြင်းဖြစ်သောကြောင့် လာဘ်ရရန်မဟုတ်၊ လူသူအထင်ကြီးစေရန် မဟုတ်၊ ဟန်ပန်လုပ်ပြရန်မဟုတ်ပါ။

ရဟန်းကျင့်ဝတ်နှင့်အညီ နေ၍ ကုသိုလ်တိုးပွားမှုကိုသာ အမျိုးမျိုး ရှာ၍ ကြိုးစားနေရမည်၊ 'သာသနာ့ဗြဟ္မစရိယအလုပ်ကား ငါ၏ အလုပ်ဖြစ်တယ်၊ ကံကောင်း၍ ဤလူတို့ရွာမှ ထွက်ခွာနိုင်ခဲ့ပြီး ရဟန်းဘဝ ရောက်နေခြင်းဖြစ်တယ်၊ 'ငါသည် အတိတ်ဘဝတို့မှ ပါရမီနောက်ခံ ရှိနေသူမို့သာ အလွယ်နှင့် ရဟန်းပြုနိုင်ခြင်းဖြစ်တယ်' ဟူ၍ တွက်ဆကာ မိမိကိုယ်ကို ပြန်လည် ဝမ်းမြောက်နေတတ်ရမည်။

ရဟန်းဘဝ၌ ကုသိုလ်ယူတတ်လျှင် အလွယ်နှင့်ရနိုင်သော အလုပ်တွေ များစွာရှိသည်၊ ရသမျှပရိတ်ရွတ်ပါ၊ နေ့ရော, ညရော ဘုရားရှိခိုးပါ၊ ပန်းလှူပါ၊ ဆီမီးပူဇော်ပါ၊ ဘုရားရေလှူ၊ ကျောင်းပရိသတ်တို့အတွက် သောက်ရေတည်ထားပါ၊ သုံးရေခပ်၍ထားပါ၊ ကျောင်းပေါ်နှင့် ကျောင်းအောက်၌ တံမြက်လှည်း၍ ကျောင်းတလင်းပြင်၌ သန့်ရှင်းရေးလုပ်ပါ၊ တံမြက်လှည်းပါ။

မိမိထက်သက်ရွယ်ကြီး၊ ထေရ်ဝါကြီးပုဂ္ဂိုလ်များကို အရိုအသေပြုပါ၊ ရှိခိုးကန်တော့ပါ၊ ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို အခါအခွင့်သင့်တိုင်း ပြုစုလုပ်ကျွေးပါ၊ ဆုံးမဩဝါဒကို ခံယူပါ၊ တရားစကားကို နားထောင်ပါ၊ မိမိနေထိုင်သောကျောင်း၌ ကျောင်းဝေယျာဝစ္စ အလုပ်များကို မိမိလုပ်သင့်ရာ၌ နားလည်စွာဆောင်ရွက်ပါ၊ ဤသည်တို့ကား ကုသိုလ်ရစေသောအလုပ်များ ဖြစ်ကြသည်။

## ကိုယ့်ထက်ကြီးသူ မရှိသောကြောင့်

အမှန်ကိုပြောရလျှင် ဤစာရေးသူအရှင်သည် မိမိထက်အသက် သိက္ခာကြီးသူ၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ် စသည် ကြီးသော ပုဂ္ဂိုလ်တို့၌ ရိုသေလေးစားခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုစုလုပ်ကျွေးပေး ရခြင်းကို အထူး စိတ်ဝင်စားသော ပါရမီဓာတ်ခံကြီးသူ ဖြစ်သည်၊ ပြုစုလုပ်ကျွေးပေးရလျှင် အလွန် ဝမ်းမြောက်သည်၊ စိတ်အာရုံတွင် ကြည်နူးနေတတ်သည်။

## တောကြီးတောင်ကြီးပေါ်၌ အကျိုးပေး

ဤအရှင်သည် တောတောင်နယ်ခြားကန္တာရ၌သာ လှည့်လည်၍ သာသနာပြုခရီးသွားခြင်းအလုပ်ဖြင့် တစိုက်မတ်မတ် ဆောင်ရွက်နေ လာခဲ့ရာ မိမိ၏အသက် (၅၀) ပြည့်သောအချိန်တွင် ဂေါ်ရခါးဒကာ တို့၏ တောင်းပန်ခြင်း၊ အမြဲနေရာစီစဉ်ဖန်တီးပေးခြင်းတို့ကြောင့် ယခု အသက် ၈၀ ကျော် အရွယ်တိုင်အောင် နေထိုင်လျက်ရှိသော တောရ ကျောင်း၌ ပုံမှန်နေထိုင်သွားမည် ဆုံးဖြတ်ထားပြီး ဖြစ်သည်၊ (ဤ တော၊ ဤတောင်၊ ဤဒေသ၊ ဤတောရကျောင်း၌) နေထိုင်ရချိန်မှ စ၍ မိမိထက်ကြီးသော ပုဂ္ဂိုလ်တစ်ပါးမျှမရှိပါ၊ အသက်ရှည်ရာ အနာ ကင်းကြောင်း ကောင်းကျိုးချမ်းသာကို ရစေနိုင်သော အလုပ်၊ သက် တော်ဝါတော်ကြီး ပုဂ္ဂိုလ်အား အရိုအသေ ရှိခိုးကန်တော့ရခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးပေးရခြင်းကုသိုလ် မရရှိတော့ပါ။

အနီးပတ်ဝန်းကျင်၌ လည်းကောင်း၊ တစ်တောလုံး တစ်တောင် လုံး၌ လည်းကောင်း၊ မိမိကသာ ပုဂ္ဂိုလ်ကြီးဖြစ်နေသည်၊ ရဟန်းသံဃာ ဆိုတာ ဝေးရော၊ လူများပင် မိမိထက် အသက်ကြီးသူဟူ၍ မတွေ့ရ မမြင်ရတော့ပါ။

ရှေးအချိန်တို့၌ ဤကဲ့သို့ ပြုလုပ်မြဲဖြစ်သော ဝါဝင်၊ ဝါကျွတ်၊ နှစ်သစ်ကူးအချိန် စသော အခါကြီး ရက်ကြီးတို့၌ ရှိခိုးပူဇော်ရန် လှူဖွယ်ဝတ္ထု ရွေဝယ်ချ၍ ကန်တော့ရန်ပင် ထေရ်ဝါကြီး ရဟန်းပုဂ္ဂိုလ် မျိုး ရှာဖွေမရနိုင်တော့ပါ၊ ဤဒေသမျိုးအနေဖြင့် ဘယ်သောအခါမှ ရနိုင်ဖွယ်ရာ ရှိပါဦးမည်နည်း- ဟူ၍ ကြိမ်ဖန်များစွာ မျှော်မှန်းကာ တောင့်တခဲ့ဖူးပါသည်။

## သက်ရှယ်ကြီးသူအား ရိုသေလေးစားရခြင်းအကျိုး

ဤတွင် ယခုခေတ်လူငယ်များကို နည်းကောင်း ညွှန်ကြားပါမည်၊ မိမိကိုယ်ထက် ဂုဏ်၊ သိက္ခာ၊ ဝါကြီးသော ရဟန်းသံဃာ ပုဂ္ဂိုလ်ကြီးတို့အား ရိုသေမြတ်နိုးရခြင်း၊ ရှိခိုးပူဇော်ရခြင်း၊ (သာမိစိကမ္မ) ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေး ကူညီပေးရခြင်းသည် ငွေကြေး အရင်း မစိုက်ရဘဲနှင့် ရသော တန်ဖိုး မဖြတ်နိုင်သည့် ကုသိုလ်ထူးကြီး ဖြစ်သည်။

ကောင်းကျိုးတရားများကား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စသော အကျိုးထူး တရားအပေါင်းတို့ကို ဖြစ်ရမည့်ဘဝတိုင်း၌ လွယ်ကူစွာ ရနိုင်လေသည်၊ ဤအကျိုးထူး ကောင်းကျိုးတရားမျိုးကို ငွေကြေးပေးဝယ်၍ မရနိုင်ပါ၊ စေတနာကောင်းဖြင့် ကိုယ်တိုင် ကာယကံမြောက် ပြုလုပ်ခြင်းသည်သာ ရရှိနိုင်သော မှန်မြတ်လှသည့် ရှေးရှေးသူတော်ကောင်းတို့၏ ပြုလုပ်မြဲသာ ဟတ္ထိက ကုသိုလ်ထူး ဖြစ်သည်။

## ရဟန်းဘဝသည် ကုသိုလ်ပြုရန်လွယ်၏

ကောင်းကျိုးရအောင် အလှူဒါန တစ်စုံတစ်ခုပြုရန် ရဟန်းဘဝသည် လွယ်ကူသည်၊ ပြုလိုသော ဒါနကို သူတစ်ပါးအား တိုင်ပင်နေရန်၊ ခွင့်တောင်းနေရန် မလိုပါ၊ ကိုယ့်စိတ်ကိုယ်သာ ပိုင်နေသူ ဖြစ်သည်။

ထို့ပြင် သူတစ်ပါးတို့အား မိမိကိုယ်တိုင်က တရားစကား ဟောကြား ညွှန်ပြပေးနေခဲ့သူ ဖြစ်သောကြောင့် ဒါနပြုလုပ်ပုံ ပြုလုပ်နည်းကို တတ်ကျွမ်းနားလည်ပြီး ဖြစ်သည်၊ ဒါနကြောင့် နောင် ရရှိခံစားနိုင်သော အကျိုးတရားများကို သိထားပြီးဖြစ်သည်၊ လှူဒါန်းနိုင်သော ပုဂ္ဂိုလ် သတ္တဝါ၊ လှူဒါန်းနိုင်သောဌာန၊ လှူဒါန်းကောင်းသော ဝတ္ထုပစ္စည်းနှင့် အကျိုးကြီးပုံ၊ အကျိုးငယ်ပုံ၊ စေတနာ ထားတတ်ရပုံမှစ၍ အစီအစဉ်ပါ အလုံးစုံကို နားလည် ထားပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ ထို့ကြောင့် ရဟန်းဘဝက တစ်ပန်းသာသည်ဟု ဆိုနိုင်သည်၊ ပြောဆိုထိုက်သည်။

## ကုသိုလ်ယူတတ်ရသည်

စာရေးသူ ဤအရှင်သည် ချင်းတောင်မြောက်ပိုင်း ဖလမ်းမြို့၌

(၉) နှစ်ကြာ နေထိုင်ခဲ့စဉ် အချိန်မှာ ဟောင်ပေါ်သား ချင်း ဂေါ်ရခါး စသော ခရီးသည်တို့ မပြတ်သွားလာနေကြသော မိမိ၏ကျောင်း အနီးရှိ လမ်းမကြီးနံဘေး၌ ရေချမ်းစင်တစ်ခု တည်ထား၍ ရေကုသိုလ် ပြုခဲ့ဖူး၏၊ ခရီးသည်တို့က နှစ်သက်စွာ ရေသောက်ကြပုံကို မြင်ရတိုင်း ဝမ်းမြောက်ခြင်း၊ နှစ်သက်ကြည်နူးခြင်း ဖြစ်ရသည်၊ ရေဒါနကုသိုလ်၏ နောင်ရမည့် (၁၀) ပါးသော အကျိုးဆက်နှင့် မေ့ပန်းလာကြသော ခရီးသည်တို့အတွက် သောက်ရေ အဆင်သင့်ရကြ၍ ချမ်းသာကြသည်ကိုပါ သိမြင်လာသည်၊ သိမြင်လေတိုင်း နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်နေရပေသည်။

ကုသိုလ်ရရေးကို အလိုရှိသူအတွက် စေတီပုထိုး ဆင်းတုတော်များအား သက်တောင့်တင်းရှား မြတ်စွာဘုရားဂုဏ်ကို ရည်စူး၍ ပန်း ဆီမီး ရေချမ်း ဆွမ်း သစ်သီး စသည်ကို ကပ်လှူခြင်းတို့သည် အလွယ် ရနိုင်သော ကောင်းမှုမျိုးတွေ ဖြစ်ကြသည်၊ ထို့ပြင် စေတီရင်ပြင်, ဗောဓိရင်ပြင်, ရဟန်းတို့၏ ကျောင်းတာဝင်းမြေတို့၌ တံမြက်လှည်း ခြင်း စသည် ပြုနိုင်ကြသည်။

နေ့စဉ်နှင့်အမျှ 'ငါသည် ဘဝသံသရာ ရိက္ခာ ကောင်းကျိုး ချမ်းသာရရေးအတွက် အချိန်မရွေး ဆောင်ရွက် နေထိုင်စွမ်းရှိတယ်' ဟူ၍ အသိအမြင်ရှိလျှင် ပြုနိုင်ကြသည်၊ ထို့ကြောင့် ရသော ရဟန်း ဘဝသည် ပါရမီဖြည့်ရန် အကောင်းဆုံးဟူ၍ ဆိုခဲ့သည်။

## ဘဝသံသရာကား ရေတွက်၍မကုန်

သတ္တဝါအားလုံးတို့သည် နိဗ္ဗာန်သို့ မရောက်နိုင်သေးခင် ကာလ အတွင်း လူ၏ဘဝ, နတ်၏ဘဝ စသည်ဖြင့် မရေတွက်နိုင်အောင် ဘဝ ပေါင်းများစွာ ရှည်လျား ကြာမြင့်အောင် ရပ်နားခြင်းမရှိ မုချကေန် ဖြစ်နေကြရပေဦး၊ ကံအကျိုးပေး အဆင်မသင့်သောအခါ၊ အဟိတ် တိရစ္ဆာန် ဘဝမျိုး၌လည်း မလွဲသာ မရှောင်သာ ဖြစ်ကြရပေဦးမည် ဟူ၍ နားလည်ထားကြရာ၏။

မည်သို့သော ဘဝမျိုး၌ ရောက်နေရသည်ဖြစ်စေ ချမ်းမြေ့စွာ နေချင်ကြသည်၊ အစားအဝတ်အာရုံ၊ အိပ်ရာ၊ နေရာ၊ အိုးအိမ်၊ ခြွေရံ သင်းပင်း အလုပ်အကျွေး စသည် ပြည့်စုံစေခြင်း၊ ချမ်းမြေ့သာယာ သောဒေသ၊ ဘေးရန်အန္တရာယ်မရှိ၊ သာယာငြိမ်သက်သော ခေတ်

ကာလ၊ ယဥ်ကျေးသော မိတ်ဆွေအပေါင်းအသင်း၊ မြတ်သောမိဘ မျိုးရိုး၊ အယူဝါဒဖြောင့်မှန်သော ဆရာကောင်းကို မှီခိုလိုကြသည်၊ ဖြစ်ရာဘဝတိုင်း မိမိတို့အလိုရှိကြသော ကောင်းကျိုး ချမ်းသာတို့နှင့် အလွယ်ပြည့်စုံစေချင်ကြသည်။

မိမိတို့ အလိုရှိအပ်သော ချမ်းသာမျိုးစုံကို ဖြစ်ရာဘဝ၌အရန် သင့် ပြည့်စုံစေချင်ကြလျှင် ရနိုင်သောနည်းကောင်း ရှိသည်၊ အထက် ပါ ဒါန သီလနှင့် ဘာဝနာကုသိုလ်တို့ကို စုဆောင်းခြင်းနှင့်တကွ ယုံ ကြည်စွာ ပြုလုပ်ဆည်းပူးယူနေပါ၊ ကေန် ပြည့်စုံ၏မှတ်ပါ။

အလှူဒါနဟူသည် ကြီးသည်, ငယ်သည်အဓိကမဟုတ်၊ စေတနာ ထက်သန်လျှင် ကောင်းကျိုးထင်ရှားခြင်း ရှိသည်၊ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ရှေးအခါက သီဟိုဠ်ကျွန်း၌ သေးငယ်သော စွန့်ကြဲမှုတစ်ခု အကြောင်းပြု၍ ထင်ရှား ကျော်ကြားခဲ့သော အဘယမထေရ်ကြီး ဝတ္ထုအကြောင်းကို အားကျ အတုယူဖွယ် ကောင်းလှသဖြင့် ပါရမီ ဖြည့်နေကြသော ရဟန်းမြတ်တို့အတွက် နည်းယူကြရန် ဖော်ပြပါ မည်။

## ( ၁ ) အဘယမထေရ်ကြီး ဝတ္ထု

ရှေးအခါက လက်ဒီပအမည်ရှိသော သီဟိုဠ်ကျွန်း၌ နှလုံးမွေ့ ပျော်ဖွယ်ရှိသော(ကျောင်းအရပ်)ဆိုဘာ ရှိသည်၊ ထိုအရပ်ကို(ပုဗ္ဗဝါ သီ) ဟူ၍လည်း တွင်သေး၏၊ ထိုကျောင်းရပ်၏ အနီးအပါး၌ ဒေဝ တာ အမည်ရှိသော ရွာကြီးရှိသည်၊ ထိုရွာ၌ (ဒေဝ) အမည်ရှိသော အမတ်သည် ထိုရွာကိုအစိုးရကာ အပိုင်စားရလေသည်။

တစ်ရံရောအခါ ထိုအမတ်သည် တစ်ခုသောပြုဖွယ် ကိစ္စရှိသော ကြောင့် တောရွာများသို့ ခရီးထွက်လှည့်လည်ခဲ့ပြီးလျှင် မိမိ၏ အပိုင် စားရွာသို့ ပြန်လာခဲ့စဉ် အချိန်မှာ နေအတန်မြင့်နေပြီး အလွန် ထမင်းဆာလောင်မွတ်သိပ်လှသဖြင့် နောက်ပါ အလုပ်အကျွေးပြုသူ တပည့်လက်သားတို့အား 'ကျွန်ုပ်ထမင်းစားပါတော့မယ်၊ ပါခဲ့သော ထမင်းတောင်းမှ ထမင်းဟင်း ပြင်ကြပါ' ဟူ၍ စေခိုင်းလိုက်သည်။

အလုပ်အကျွေးပြုသူတို့က ထမင်းပွဲပြင်နေကြစဉ်မှ အလွန် ဆာ လောင် မွတ်သိပ်နေရှာသော ခွေးတစ်ကောင်သည် ရပ်တည်မနေနိုင်

လောက်အောင် ဆာလောင်မွတ်သိပ်လှသောကြောင့် တုန်တုန်ခိုက်ခိုက်နှင့် တစ်စုံတစ်ရာ စားရလေပြီလောဟု မျှော်ကျက် ဆောက်တည်ရာမရအောင် ဂနာမငြိမ်လှုပ်ရှားရင်း ဒေဝဒဟပက်၏အနီးသို့ ချဉ်းကပ်လာလေသည်။

ထိုအခါ အလုပ်အကျွေးပြု ယောကျ်ားတစ်ယောက်သည် ထိုခွေးကို ပြေးသွားစေရန် တုတ်လုံးတစ်ခု ကိုင်ကာ ခြောက်လှန့်သည်၊ ဒေဝတာအမတ် မြင်သောအခါ ဆာမွတ်နေရှာသော ခွေးကို သနားသောကြောင့် မပုတ်ခတ်ရန် လျှင်စွာတားမြစ်သည်။

ထို့နောက် သူကိုယ်တိုင် စားသည့်ဟဲသမှ ဟင်းမျိုးစုံနှင့် အရသာနှင့်ပြည့်စုံသော ထမင်းတစ်လုတ်ကို လုံးကာ နယ်ဖတ်၍ ခွေးရှေ့သို့ချ၍ ကျွေးလိုက်သည်၊ ခွေးသည် အားပါးဝမ်းသာ ချက်ချင်း ထိုးဟပ်၍ အလျင်အမြန် စားလေသည်။

ဆာလောင်နေသော ထိုခွေး အားရဝမ်းသာ စားနေပုံကို မြင်ရလေသော် သူစွန့်ကြဲလိုက်သော ထမင်းတစ်လုတ် အလှူဒါနနှင့် သဒ္ဓါကြည်ညို၍ ဝမ်းသာအားရခြင်း များစွာ ဖြစ်ပေါ်နေလေသည်။

ကုသိုလ်ကံတို့၏ သဘာဝသည် နည်း၏ဟူ၍ မထင်မှတ်ကောင်းပါ၊ ထိုဒေဝအမတ်သည် ခွေးတော်တစ်ကောင်အား တစ်ခါစားမျှသော ထမင်းလုတ်ကို စေတနာ ထက်သန်စွာနှင့် ကျွေးလိုက်ရသော ကုသိုလ်ကံကြောင့် ယင်းဘဝမှ သေလွန်ခဲ့ပြီးသောအခါ နောက်ဘဝတွင် ထိုဒေဝ၏ရွာခြံပင်လျှင် စိတ်ထားရိုးသားသည့် တစ်ဦးသော အမျိုးအိမ်၌ လူပြန်၍ဖြစ်လာလေသည်၊ ယင်းသူငယ်ကို သူ၏မိဘတို့က 'အဘယ' ဟူ၍ အမည်ပေးကြသည်၊ ဘေးရန်ကင်းရှင်းသူ (ဘေးရန်မရှိသူ)ဟူ၍ ဆိုလိုသည်။

ထိုသူငယ်အရွယ်သို့ ရောက်လေသော် ရပ်ဝေး ရွာသူရွာသားတို့၏ ထုံးစံ လူအများ၏ နည်းတူပင် ဇနီးမယား သိမ်းပိုက်၍ လူတို့စရိုက်အမူအကျင့်ကို ရိုးရာမပျက်၊ မယားကျွေးမှု အိမ်ထောင်မှုတို့နှင့် ရှုံးသားစွာ နေထိုင်လာခဲ့သည်။

ဒုတိယအရွယ် တစ်ချိန်လုံး မယား သားသမီးတွေနှင့် ပျော်ပိုက်ကာ နေလာခဲ့ပြီး၍ အသက် ၅၀ ကျော် တတိယအရွယ်သို့

ရောက်ခဲ့သောအခါ လူတို့ထုံးစံ၊ အိမ်ထောင်မယားနှင့် လုပ်ကိုင်ကျွေးမွေး စားသောက်နေထိုင်ရခြင်းကို ဝအီ၍ငြီးငွေ့လာခဲ့ပြီ၊ ထိုပုံထိုနည်းလည်းကောင်း မပြောင်းနိုင်ကြသော အများထုံးစံကို တမျှင်တန်းတန်း ခရီးမဆက်ချင်တော့၍ ရဟန်းဘဝ အရယူတော့မည်ဟု ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

သူ၏စိတ်ကို ပိုင်စွာဆုံးဖြတ်ပြီးသောအခါ ပုဗ္ဗဝါသီ ကျောင်းတိုက်သို့သွား၍ ရဟန်းသံဃာတော်တို့ထံ ချဉ်းကပ်ပြီး ဆရာတော်ကြီးများအား သူ့ကို ရဟန်းပြုပေးရန် ခွင့်တောင်းလေသည်၊ ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် အလဟဿ အချိန်မဖြုန်းပေ၊ ဆရာတော်ကြီးများ၏ သွန်သင်ဆုံးမ ညွှန်ကြားပေးကြသော ဩဝါဒအတိုင်း လိုက်နာကာ စာပေကျမ်းဂန် သင်ကြားခြင်း၊ ပရိယတ္တိလုပ်ငန်းကို စိတ်ပါဝင်စား တတ်မြောက်လာအောင် ကြိုးစားကာ အချိန်ပြည့် သင်ယူလေသည်။

ရဟန်းတို့လိုက်နာရမည့် ကျင့်ဝတ်ဟာရေးတို့ကိုလည်း မလစ်ဟင်းရအောင် လေးစားစွာ လိုက်နာကျင့်ဆောင်ခြင်းနှင့် ပြည့်စုံစေသည်၊ ထို့ကြောင့် လူဝတ်နှင့် သားမယားသိမ်းပိုက်၍နေခဲ့စဉ်တုန်းက မထင်ရှားပေ၊ သာမန်အိမ်ထောင်သည် လုပ်စားကိုင်စား လူတစ်ယောက်မျှသာ လူအချင်းချင်းက သိမြင်ခဲ့ကြသော်လည်း ရဟန်းဝတ်ပြီးနောက် အချိန်အတန်ငယ်ကြာလျှင် ထင်ရှားလာသည်၊ ထင်ရှားပုံမှာ 'မဟာအဘယထေရ်' ဟူ၍ လူသိများကာ ပတ်ဝန်းကျင်၌ ပေါ်လွင်ထင်ရှားလာပြီး တဖြည်းဖြည်းနှင့် သီဟိုဠ်တစ်ကျွန်းလုံး ကျော်ကြားလာလေသည်။

သနားကြင်နာစိတ် အခြေခံ၍ ထက်သန်သော သဒ္ဓါစေတနာ အဆာပြေစေရန် ကြည်လင်ညွတ်နူးခြင်း ကောင်းမှုဖြင့် ပေါင်းစု၍ ကာယကမြောက် တရစ္ဆာန်တစ်ကောင်အား တစ်ကြိမ်မျှ စွန့်ကြဲလိုက်သော ဒါနကုသိုလ်၏အကျိုးက အရင်းခံပေးခြင်းဖြစ်သည်၊ ထိုသေးဖွဲ့သော အရင်းခံသည် (ပင်မ) တည်၍ ကြီးမြတ်သောအကျိုးထူးတရား ဖြစ်ထွန်း ပေါ်ပေါက်လာပုံကို ဤသို့ ဒေသနာ လာလေသည်။

**ဒေသနာတော်မြန်မာပြန်**

(၁) အိုသူတော်ကောင်းတို့....ဤလူ့ပြည်၌ အကြင်သူသည် သဒ္ဓါ
ကြည်ညိုခြင်းကို ရှေ့ဆောင်လမ်းညွှန်ပြု၍ ပိုးရှိ,

ခြပုန်း ပုရွက်ဆိတ် စသော သေးငယ်သည့်တိရစ္ဆာန်တို့အား သေးသော်လည်း ထိုသတ္တဝါတို့နှင့် ထိုက်တန် လျော်ကပ်သော ပေးစွန့်ခြင်းဒါနကို ပြုပေ၏။

နွားကျွဲဖြစ်လျှင် နွားစာ ကျွဲစာမြက်၊ ကြက်ငှက်ဖြစ်လျှင် ကြက်ငှက်စာ၊ ခွေးဖြစ်လျှင် ခွေးစာကို ပေးကျွေးရမည်ဟု ဆိုလိုသည်။

(၂) ထိုသို့ ပေးလှူခြင်း, ပေးစွန့်ခြင်း ပြုသောသူအား အလှူ၏အကျိုးကို လူ့ပြည်, နတ်ပြည်၌ဖြစ်သော ချမ်းသာကို ပေးဦး၍ ဘဝ၏အဆုံး၌ နိဗ္ဗာန် ချမ်းသာကို ပေး၏။

အလှူဒါန၏ အမြင့်ဆုံးပေးသော ကောင်းကျိုးသည် နိဗ္ဗာန်ထိအောင် ပေးစွမ်းနိုင်ကြောင်း ဒါနရှင်တို့ သိမြင်ထားကြရာ၏။

## မင်း တရားမစောင့်၍ တိုင်းပြည် မိုးမရွာခြင်း

တစ်ရံရောအခါ သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ အမည်ခံသော သူခိုးဓားပြကြီးသည် တိုင်းပြည်ကို ပုန်ကန်တိုက်ခိုက်၍ သူနိုင်ပြီးလျှင် တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်လာသည်၊ ဗြာဟ္မဏတိဿ ခိုးသားကြီး မင်းပြုသောအခါ လူ့လောက၌ ဘေးဥပဒ္ဒဝေါတို့ ကြီးစွာဖြစ်ပေါ်လာကြသည်။ အလူးခြားဆုံးမှာ မိုးခေါင်ခြင်းဘေးဒုက္ခ ကြုံရခြင်း ဖြစ်သည်။

ခိုးသားမင်းစတင်၍ အုပ်ချုပ်ချိန်မှအစပြု၍ (၁၂) တစ်ဆယ့်နှစ်နှစ်တိုင်အောင်လုံး သီဟိုဠ်ကျွန်း၌ မိုးမရွာတော့ပါ၊ မိုးမရွာသောကြောင့် ရေကန်များ ခန်းခြောက်ကုန်ကြသည်၊ ချောင်းများ ခန်းခြောက်ကုန်ကြသည်၊ ထို့နောက် မြစ်တို့ပါ ခန်းခြောက်ကုန်ကြသည်၊ ထိုအခါ လူနှင့်တကွသော နွား, ကျွဲ, ဆင်, မြင်း, ကျေးငှက် စသည်တို့ တော်မွတ်ခြင်းဘေးကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

မိုးမရွာလျှင် လူတို့၏ ရပ်တည်၍နေထိုင်ရာဖြစ်သော ပထဝီမြေပြင် ဩကာသလောကကြီးမှာ ခြောက်သွေ့နေသောကြောင့် စိုပြည်လန်းဆန်းသော သစ်ပင်ပန်းမန် မရှိနိုင်တော့ပါ။ ကြည်နူးဖွယ်ရာရှုခင်းမရှိ၊ မြင်လေသမျှ ခြောက်သွေ့၍သာနေကြသည်၊ သယံဇာတ၏ ခြောက်သွေ့မှုကို လူတို့ မတတ်နိုင်ကြပါ။

ထိုအခါ ပုပ္ပဝါသီကျောင်းအရပ်၌ နေထိုင်ကြကုန်သော လူအားလုံး တို့သည် အသက်မွေးခြင်းငှာ မတတ်နိုင်သောကြောင့် တစ်ပါးသော အရပ်သို့ ပြောင်းရွှေ့သွားကြရန် အကြံပြု တိုင်ပင်ကြသည်၊ ကြံစည်ညီညွတ်ကြပြီးလျှင်အဘယမထေရ်ကြီးကိုလျှောက်ထားကြသည်။

'အရှင်ဘုရား၊ တပည့်ဒကာတို့ အားလုံးသည် ငတ်မွတ်ခြင်းဘေးအန္တရာယ်က ကြီးစွာဖြစ်နေကြပါသည်၊ ဤအရပ်၌ ဆက်လက်၍ နေသဖြင့် အသက်ရှည်ခြင်းငှာ မတတ်နိုင်အောင် ဖြစ်နေကြပါပြီ၊ အရှင်ဘုရားသည်လည်းပဲ တပည့်ဒကာတို့နှင့်အတူ လိုက်ပါ၍ကြွတော်မူပါရန် အားလုံး လျှောက်ထားကြပါကုန်၏ ဘုရား' တဲ့—။

'ဒါယကာတို့က မထေရ်မြတ်ကြီး သနားငဲ့ညှာ ကြည်ညိုသောအားဖြင့် လျှောက်ထားကြသော်လည်း အဘယမထေရ်ကြီးက လိုက်ပါမည်ဟူ၍ မပြောပါ၊ ဤသို့ ထူးခြားသောစကားကို မိန့်ဆိုလေသည်—

'ဒါယကာတို့၊ မြတ်စွာဘုရားသခင်၏ ဓာတ်တော်၊ မွေတော်တို့ကို ဌာပနာထားရာဖြစ်သော မဟာစေတီကြီးနှင့် ဗောဓိပင်ကို ငါ အသက်ရှည်၍ နေသေးသမျှကာလပတ်လုံး သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ မြတ်နိုးဝတ်ပြုကာ မပြတ်ပူဇော်လျက် အမြဲဆည်းကပ်နေသွားမယ်၊ ဤကဲ့သို့ မြတ်နိုးစွာ ဝတ်ကြီးဝတ်ငယ် ပြုလျက်ရှိနေသော ငါသည် မဟာစေတီကြီးနှင့် ဗောဓိပင်ကိုတော့ စွန့်ခွာ၍သွားအံ့သောငှာ မတတ်နိုင်ပါ' ဟူ၍ မိန့်ကြားလေသည်။

ဆက်၍မိန့်ကြားသည်မှာ 'ဤပုပ္ပဝါသီကျောင်းအရပ်၌သာလျှင် ငါသည် အသက်တစ်ဆုံးတိုင်အောင် ဘုရားရှိခိုးခြင်း၊ တံမြက်လှည်းခြင်း စသောဝတ်ကို ပြု၍ နေထိုင်သွားပါတော့မယ်၊ ငါ့ကိုလိုက်ပါစေရန် သင်တို့ ကြောင့်ကြခြင်းပြု၍ အားမထုတ်ကြပါနှင့်တော့' ဟူ၍ အပြတ်မိန့်တော်မူလိုက်သည်။

မထေရ်မြတ်ကြီး၏ မိန့်ဆိုချက်စကားကို ကြားသိကြလေလျှင် လူဒါယကာအားလုံးတို့သည် မထေရ်ကြီးကိုထားခဲ့၍ ရပ်တစ်ပါးသို့ ထွက်ခွာသွားကြလေသည်။

လူဒကာတွေ ရွာလုံးကျွတ် ရပ်တစ်ပါးသို့ထွက်ခွာသွားကြလျှင် အဘယမထေရ်မြတ်ကြီးသည် ဆွမ်းခံရန် ရွာမရှိတော့ပါ၊ ထိုသူတို့ သွားကြလေပြီးသော နောက်ရက်မှစ၍ ဆွမ်းပြတ်တော့သည်၊ ဆွမ်းအာဟာရ လုံးဝမစားသုံးရှာရတော့ပါ၊ သို့ရာတွင် အစဦးဖြစ်သော ပထမနေ့၌ မဟာစေတီကြီးနှင့် ဗောဓိရင်ပြင်ကို ပြုလုပ်မြဲ ဝတ်ကြီး ဝတ်ငယ်ကိုသာ အခြေအနေမပျက် ပြုလုပ်လျက်သာ တစ်နေ့ကုန်စေလေသည်။

နှစ်ရက်မြောက်သောနေ့၌လည်း ဆောင်ရွက်မြဲ မဟာစေတီကြီးနှင့် ဗောဓိပင်ရင်ပြင်၌ တံမြက်လှည်းခြင်းဝတ်ကို ပုံမှန်မပျက် ဆွမ်းလုံးဝမစားရဘဲလျက် ဆောင်ရွက်တော်မူရင်း တစ်နေ့ကုန်စေလေသည်။

သုံးရက်မြောက်သောနေ့၌လည်း လုပ်ဆောင်မြဲ စေတီရင်ပြင် ဗောဓိရင်ပြင်၌ တံမြက်လှည်းကျင်းသုတ်သင်ခြင်း စသည်ဖြင့် ပြုမြဲသော ဝတ်နိဗဒ်ကို ပြုလုပ်သည်၊ ကိုယ်ခန္ဓာမှာ အားအင်မရှိတော့ပါ၊ စိတ်ကတင်း၍ထားသော်လည်း အစာအာဟာရ မမှီရသည်မှာ သုံးရက် ရှိခဲ့ပြီမို့ အားအင် ကုန်ခန်းနေသော လူမမာကဲ့သို့ တုန်ယင်ချင်သောအသွင် ပေါ်နေသည်။

ပြုမြဲသောဝတ်ကိုဆောင်ရွက်ပြီး၍ပြန်လာခဲ့ပြီးလျှင် ဝိတက္ကမာဠ ခေါ်သော ကြံစည်တွေးတောရာ မဏ္ဍပ်တန်ဆောင်း၌ထိုင်သည်၊ လှုပ်လီလှုပ်လဲ့ထိုင်နေရင်း 'ငါသည် ဤပုံ ဤနည်းဖြင့် နေမြဲတိုင်းကျောင်း၌ နေ၍ လုပ်မြဲ စေတီယင်ရင်ပြင်, ဗောဓိရင်ပြင်၌ တံမြက်လှည်းကျင်းသော ဝတ်နိဗဒ်ကို မပြတ်မလပ် ဆောင်ရွက်နိုင်ပါမည်လော' ဟူ၍ တွေးဆနေလေသည်။

ထိုသို့ တွေးတော၍ နေတော်မူသောအချိန်ကာလတွင် မထေရ်မြတ်ကြီး၏ မြင့်မြတ်ထက်သန်သော စေတနာတော်, ကျေးဇူးတော် အစွမ်းကြောင့် ဝိတက္ကမာဠစောင်းတန်းဦး၌ရှိသော သစ်ပင်၌ရှိနေသော ရုက္ခစိုးနတ်သည် ညှိုးငယ်နွမ်းလျနေသော ကိုယ်ခန္ဓာရှိသော ထေရ်မြတ်ကို ကြည့်မြင်ရ၍ မနေသာတော့ပါ၊ သူ၏ဇနီးဖြစ်သော နတ်သမီးနှင့် တိုင်ပင်ခြင်းပြုသည်။

'အို ရှင်မ–အဘယ မထေရ်မြတ်ကြီးသည် မဟာစေတီတော်ကြီးနှင့် ဗောဓိပင်ကိုစွန့်ခွာ၍တစ်ပါးသောအရပ်သို့ငါမသွားပြီ ဟူသော ဝန်ခံခြင်းပြုကာ နေရှာတယ်၊ တော်မွတ်သော ဘေးကြီးနှင့် ကြုံတွေ့နေရပါလျက်နှင့် တစ်ပါးသော အရပ်သို့ ကြွမသွားဘဲ စေတီရင်ပြင်၊ ဗောဓိရင်ပြင်၌ တံမြက်လှည်းခြင်း ဝတ်ကို ပြုလျက် နေတော်မူရှာတယ်၊ ဤမထေရ်ကြီးသည် ငါတို့မှလွဲ၍ ဆွမ်းခံစရာ ရပ်ရွာမရှိတော့ပါ။

'အကယ်၍ မထေရ်မြတ်ကြီးသာ ဆွမ်း အာဟာရပြတ်၍ သေရခြင်း၊ ပျံလွန်ရခြင်း ဖြစ်ခဲ့သော် ငါတို့မှာ တာဝန်မကင်းပါ၊ သူတစ်ပါးကြားသိလျှင်လည်း မလျောက်ပတ်ပေဘူး၊ ဒါကြောင့် ယနေ့ပင် ဤမထေရ်မြတ်ကြီးကို ဆွမ်းလှူကြစို့ရဲ့' ဟူ၍ တိုင်ပင်သည်။

ထိုအခါ ဇနီးရုက္ခစိုးမသည်'ကောင်းပါပြီ၊ဆွမ်းလောင်းလှူကြမယ်' ဟူ၍ လွယ်လွယ် သဘောတူကြောင်း စကားမပြန်ပါ၊ ယခင်လူဖြစ်စဉ်တုန်းက စကားများကတ်သောဂေါရပ်ဂျီကုလားမဖြစ်ခဲ့ဖူး၍ပေလော– မေးခွန်းထုတ်ပြီး စကားများသည်၊ 'ရှေး ကောင်းမှုကံဟောင်း ဘာပြုလုပ်ခဲ့ဖူးသလဲ' ဟူ၍ စကားရှည်နေသည်။

'အမောင်နတ်သားဟ ဆွမ်းလှူကြစို့ရဲ့လို့ အကြံပြုတာကောင်းပါတယ်၊ သို့သော် ဤမထေရ်ကြီးမှာ ရှေးအတိတ်ဘဝတို့က ပြုလုပ်ခဲ့ဖူးသော ကံဟောင်းရှိလျှင်လဲ ကျွန်ုပ် သိခွင့်ပေးပါဦး၊ သိပါရစေ' ဟူ၍ဆိုသောကြောင့် ခင်ပွန်းလင်ဖြစ်သူ ရုက္ခစိုးနတ်က ထိုမေးခွန်းကို ကျေနပ်စွာနှင့် ဖြေကြားသည်။

'မထေရ်မြတ်ကြီးမှာ ပြုခဲ့ဖူးတဲ့ ကောင်းမှုကံတွေ ရှိပါတယ်၊ အနီးကပ်ဆုံး ဘဝမှ အကြောင်းကို ငါပြောမယ်။

'လွန်ခဲ့သော ယခင်ဘဝ၌ အမတ်ဖြစ်စဉ်က အစာ ဆာမွတ်လှ၍ တုန်တုန်ယင်ယင်နှင့်ရပ်နေရှာသောခွေးတော်တစ်ကောင်ကို မြင်၍ သနားစိတ်ဖြင့် ကိုယ်ချင်းစာကာ ပေးစွန့်ကျွေးခဲ့ဖူးသော ကုသိုလ်တစ်ခု၏ အကြောင်း' ကို ပြောပြလေသည်။

ပါဠိ ကျမ်းဂန်၌ ရုက္ခစိုးနတ်သားက ပြောပြသည်မှာ....

ဘဒ္ဒေ၊ အဘယ်နတ်သမီး။ ဒါနံ၊ အလှူ၏ စေတနာကံကို။ အပ္ပန္တိ၊ အနည်းငယ်သာဟူ၍။ န ဟိ စိန္တနီယံ၊ မကြံစည်အပ်၊ မအောက်မေ့ အပ်ပါ။

(ဥပမာ ပြောမယ်)

ပရိတ္တဗီဇေန၊ သေးငယ်လှစွာသော သစ်စေ့မျိုးစေ့ကြောင့်။ ဇာတော၊ ပေါက်ရောက်ဖြစ်ထွန်းလာခဲ့သော်။ ဝဋ္ဋော၊ ကြီးလှစွာသော ပညောင်ပင်သည်။ ဇာတော ဣဝ၊ ဖြစ်ထွန်းလာလေ့ရှိသကဲ့သို့ မှတ်ရမည်-တဲ့။

ဤသို့ ရက္ခစိုးမကို မထေရ်မြတ်၏ ရှေးဘဝ၌ ကောင်းမှုပြုခဲ့ဖူးသော ကြောင်းရာတစ်ခု ပြောပြ၍ သဘောတူကြလျှင် ဆွမ်းလှူရန် ပြင်ဆင်ကြသည်။

သင်းဝင်ပင် ရက္ခစိုးသည် နတ်သားအသွင် ကွယ်၍ လူ၏အသွင် ဖန်ဆင်းလိုက်ပြီး မထေရ်မြတ်ကြီး ထိုင်လျက် ရှိရာသို့ ချဉ်းကပ်သည်၊ သပိတ်ကို တောင်းယူကာ နတ်၌ဖြစ်သော သက်သတ်လွတ် နတ်ဆွမ်းကို ဆက်ကပ် လှူဒါန်းလေသည်။

သပိတ်ကပ်ပြီးလျှင် ဤသို့လည်း လျှောက်ပါသေး၏။

'လျှောက်ထားအပ်ပါသည်ဘုရား၊ အရှင်မြတ်တို့သည် အသက်တော် ရှည်၍ တည်နေသမျှ ကာလပတ်လုံး အရှင်မြတ်အတွက် ဆွမ်းကို တပည့်တော်တို့သည် သင်းဝင်ပင် ရက္ခစိုးက နေ့စဉ် အမြဲတမ်း လှူသွားပါမယ်ဘုရား၊ အရှင်မြတ်တို့မှာ ဆွမ်းကိစ္စ၌ ကြောင့်ကြမရှိမူ၍ မြတ်သော ရဟန်းကျင့်ဝတ်တရားကိုသာ မလျှော့သော ဇွဲဖြင့် သာသနာတော်မြတ်ကြီး မဟုတ်မလျှော့အောင်သာ အားထုတ်တော်မူပါ။

'ကရဥ္စရက္ခ- ဟူသော ဤသင်းဝင်ပင်သည် တပည့်တော်တို့ အမြဲနေရာ ဗိမာန်ဖြစ်ပါသည်၊ ဤသင်းဝင်ပင်၌သာလျှင် အရှင်မြတ်ဘုရားသည် နေ့စဉ် ကြွရောက်၍ ဆွမ်းရပ်တော်မူပါ' ဟူ၍ ကြည်ညို၍ လိုလားနှစ်သက်စွာနှင့် လျှောက်ထားလေသည်၊ ထို့နောက် သူ၏ သင်းဝင်ပင် ဗိမာန်သို့ ပြန်သွားကာ ပျောက်ကွယ်လေသည်။

## တော်မွတ်၍ လူသားကိုစားကြပုံ

ထိုအချိန်ကာလတွင် မိုးခေါင်လွန်းသောကြောင့် လူတို့သည် တော်မွတ်ခြင်း ဘေးကြီး ဆိုးဝါးစွာ ဆိုက်နေသည်။ လူတို့သည် တော်မွတ်ခြင်း ဒုက္ခကို မခံမရပ်နိုင်ကြသောကြောင့် တွေ့မြင်ရာ တိရစ္ဆာန်တို့ကို

သတ်၍ စားကြသည်။ နောက်ဆုံး၌ ဝတ်မွတ်ခြင်းဘေး အလွန်နှိပ်စက်သောကြောင့် လူအချင်းချင်းကိုလည်း တွေ့ရာမြင်ရာ၌ ဖမ်းယူ၍ ယော‌ကျာ်း, မိန်းမ တွေ့မြင်သမျှ သတ်၍စားနေကြသော လူတို့ ရှိလာကြသည်၊ လူသားစားဂိုဏ်းဟု ခေါ်ဆိုကြသည်။

## မထေရ်ကြီးအား သတ်စားရန် ကြိုးစားကြပုံ

တစ်ရံရောအခါ ပုဗ္ဗဝါသိကျောင်းအရပ်သို့တိုင်အောင် လူသားကို စားနေကြသော ဂိုဏ်းသား လူဆိုးလူမိုက်တို့ ရောက်လာကြသည်၊ ရုက္ခစိုး နတ်လှူသော ဆွမ်းကို စားနေရသောကြောင့် ဆူဖြိုးသော ကိုယ်ခန္ဓာ ရှိသော အဘယမထေရ်မြတ်ကြီးကို တွေ့ကြရလေသည်။

ထိုအခါ လူသားစားဂိုဏ်းဝင် လူမိုက်တို့သည် ‘ဤရဟန်းကြီးကို သတ်၍ စားကြကုန်အံ့’ ဟူ၍ အကြံပြုကာ သဘောတူ တိုင်ပင်ကြပြီး ဖမ်းယူကြရန် စောင့်နေကြသည်၊ စေတီတော်ကြီး ရင်ပြင်နှင့် ဗောဓိပင် ရင်ပြင်မှ တံမြက်လှည်း၍ စိတ်အေးချမ်းသာစွာနှင့် အမှတ်မထားပင် ပြန်၍ ထွက်ကြွလာသော မထေရ်မြတ်ကြီးကို ချောင်းမြောင်းလျက် စောင့်နေကြသည်။

လူသားစား လူမိုက်တို့သည် ဆူညံစွာ အော်ဟစ်ကြ၍ တုတ် ဓား လက်နက်များ ကိုယ်စီ ကိုင်ဆောင်ကြလျက် မထေရ်မြတ်ကြီး ဝင်ရောက်သွားသော ကျောင်းကို ပတ်ခြုံကာ ဖမ်းဆီးကြရန် ဝိုင်းရံကြလေသည်။ မထေရ်မြတ်ကြီးကား လူမိုက်တို့၏ ကြံရွယ်ချက်ကို သိဟန်မတူ၊ စိုးစဉ်းမျှ ကြောက်ရွံ့စိတ် မရှိ၊ အေးဆေးစွာ နေတော်မူသည်။

## ကံတရား၏ အကျိုးပေးချိန်

ဤတွင် ထူးခြားချက်ကို ပြောမည်၊ အဘယမထေရ်မြတ်ကြီးသည် ရှေးနှစ်ခုမြောက်သော ဘဝ၌ ဒေဝအမတ်ဖြစ်စဉ်တုန်းက သူနေ့စာထမင်းစားနေခိုက်တွင် ထမင်းဆာ၍ မျှော်နေသော ခွေးငတ် တစ်ကောင်ကို အလုပ်အကျွေးပြုသူတို့က ပုတ်ခတ် ချောက်လှန့်ရန် တုတ် လှံတံ ကိုင်ဆောင်လာကြစဉ် မပုတ်ခတ် မရိုက်နှက်ကြရန် ဆီး၍ တားမြစ်ဖူးသည်။

ထိုစေတနာ, ကရုဏာကံ၏ အကြောင်းသည် ယခုအခါ အကျိုးပေးရန် အချိန်ရောက်လာခြင်း ဖြစ်သည် ဆိုရပါမည်၊ လူမိုက်တို့က မထေရ်ကြီးကို ဝိုင်းဖမ်းကြရန် ကြိုးပမ်းနေကြစဉ်တွင် မထေရ်မြတ်ကြီး သီတင်းသုံးလျက်ရှိသော ကျောင်းရပ်၏ အလယ်၌ ကြီးစွာသော တောင်ကြီးတစ်လုံးသည် မြေမှ ဟစ်ခဏချင်း စုရုံးတက်၍ မထေရ်မြတ်ကို ကာကွယ်သောအားဖြင့် ဟက်ဝန်းကျင်မှ ဖုံးအုပ်ကားသော အနေဖြင့် ထူးဆန်းစွာ ပေါ်ထွက်လာသည်။

တောင်ကြီး ကာရံနေသောကြောင့် ခိုးသား လူမိုက်တို့သည် ထိုမှ ဤမှ ကြည့်ရှုကြသည်၊ မထေရ်မြတ်ကြီးကို မမြင်နိုင်ကြတော့ပါ၊ ထိုအခါမှ 'ဤမထေရ်မြတ်ကြီးကား ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်ပေလိမ့်မည်' ဟူ၍ တွက်ဆကြပြီး သူတို့အား ဘေးသင့်မည် ကြောက်ကြသောကြောင့် တစ်ခဏချင်း ထွက်ပြေးသွားကြလေသည်။

## ရဟန္တာဖြစ်ပြီးမှ ပရိနိဗ္ဗာန်ပြုခြင်း

သိဟိုဠ် သာသနာဝင်ညမိုင်းတွင် ယိုမထေရ်မြတ်ကြီးကား ထူးခြားသော ပုဂ္ဂိုလ်ဖြစ်သည် ဆိုရပါမည်။ သင်းဝင်ပင်၌ နေသော ရုက္ခစိုးနတ်က လောင်းလှူ၍ သန့်ရှင်းစွာသော သက်သတ်လွတ် နတ်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် (၁၂) နှစ် (တစ်ဆယ့်နှစ်နှစ်)တို့ ပတ်လုံး ပုထုဇဉ်ဘဝနှင့် ရဟန်းကျင့်ဝတ်တို့ကို မချွတ်စေဘဲ ကျင့်သုံးနေထိုင်ရင်း ဘုရား မရှိသည့်နောက်တွင် မဟာစေတီတော်ကြီးကို ဘုရားရှင်ကိုယ်စား အမှန်ထား၍ စေတီယင်္ဂဏဝတ်နှင့် ဗောဓိယင်္ဂဏဝတ်ကို နေ့စဉ် ဆောင်ရွက်လျက် နေတော်မူခဲ့သည်။

ထို့အပြင် ဘဝ၏နောက်ပိုင်းတွင် သမထဝိပဿနာ၊ ဘာဝနာ အလုပ်ကို ထိရောက်စွာ အားထုတ်လေရာ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားလေသည်၊ ပုထုဇဉ် ရဟန်းဘဝနှင့် (၁၂) နှစ်၊ ရဟန္တာဖြစ်ပြီးနောက်တွင် (၁၂) နှစ်ပြည့်၍ နှစ်ရှပ်ပေါင်း (၂၄) နှစ်တို့ပတ်လုံး ပုပ္ဖဝါသီ ကျောင်းအရပ်၌ပင် ရုက္ခစိုးနတ်လှူသော ဆွမ်းကို ချမ်းသာစွာ စားသုံး၍ စိတ်ကြည်လင် နှစ်သက်သော ပုပ္ဖဝါသီကျောင်း၌ ပျော်ပိုက်စွာ သီတင်းသုံးနေတော်မူသည်၊ နောက်ဆုံး နေမြဲသော ကျောင်းတိုက်၌ပင် ပရိနိဗ္ဗာန် ပြုတော်မူသွားလေသည်။

## မြတ်စွာဘုရား၏ ဒေသနာတော်

အဘယ မထေရ်ကြီးကို လူသားစား လူမိုက်တို့က ဖမ်းယူ သတ်ကြရန် ကြံစည် အားထုတ်ကြသော်လည်း ရှေးအတိတ်ကံကြောင့် အသက်မရှိသော အဝိဇ္ဇာဏက မြေပြင်မှ ကောင်ကြီး ပေါ်ထွက်လာပြီး ကာကွယ်ပေးပုံ သဘောကို မြတ်စွာဘုရားရှင်က ဟောကြားတော် မူခဲ့ခြင်း ဖြစ်သည်။

(က) အကြင်သူသည် ဒဏ်မပေးထိုက်သောသူအား ရိုက်နှက်ခြင်းစသော ဒဏ်ပေးခြင်းကို ပြုမိလေ၏၊ ထိုကဲ့သို့ ဒဏ်ပေးမိခဲ့ဖူးသောသူသည် ဖြစ်လေရာရာ ဘဝတိုင်းဘို၌ ရိုက်ခတ်ခြင်း အစရှိသော ဒဏ်ခံရခြင်းသို့ ရောက်တတ်သည်သာတည်း။

(ခ) အကြင်သူမြတ်, သူတော်ကောင်း ပုဂ္ဂိုလ်သည် သူတစ်ပါးက မိမိကိုလာ၍ ပုတ်ခတ်ခြင်းပြုသော်လည်း အမျက်ထွက်ခြင်း မပြု၊ ပြန်လည်၍ ရိုက်ခတ်ခြင်း ဒဏ်တို့ကိုလည်း ပေးလေ့မရှိပါ၊ ထိုကဲ့သို့ သည်းခံလေ့ရှိသော သူသော်မြတ်, သူတော်ကောင်း ပုဂ္ဂိုလ်ကို လူနှင့်တကွသော နတ်ကောင်း နတ်မြတ်တို့သည် စောင့်ရှောက်ကြကုန်၏-တဲ့။

ဆိုလိုသည်မှာ တကယ် စိတ်ထား မြင့်မြတ်နေကြသော သူတော်ကောင်း ပုဂ္ဂိုလ်တို့သည် 'သူကောင်းမှ ငါကောင်းမယ်' ဆိုတဲ့ စိတ်မျိုး မထားကြပါ၊ သူတကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိဘက်က ပုံမှန် ကောင်းသောစိတ်ကို တစ်သမက်တည်း ထား၍ နေသွားကြမဲ ဖြစ်သည်၊ ထို့ကြောင့် သည်းခံခြင်းနှင့် ပြည့်စုံနေသော သူတော်ကောင်းကို ပတ်ဝန်းကျင်မှ တွေ့မြင်ကြရသော လူကဖြစ်စေ၊ နတ်ကဖြစ်စေ သနားကြည်ညိုစိတ်ဖြင့် ရပ်ကြည့်၍ မနေသာကြပါ၊ ဒုက္ခမရောက်ပါစေနှင့်ဟူ၍ ကူညီခြင်း, စောင်မခြင်း ပြုပေးချင်စိတ် အလိုလိုဖြစ်ပေါ်လာတတ်ကြမဲ ဖြစ်သည် ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

## မင်းကျင့်တရားနှင့် မိုးသုံးပါး

ဗုဒ္ဓဘာသာပိဋကတ် ကျမ်းဂန်တို့၌ မိုးရွာခြင်း, မိုးခေါင်ခြင်း အကြောင်းသည် မင်းကျင့်တရားနှင့် သက်ဆိုင်ကြောင်း ဟောကြားချက် ပါသည်။

မည်သည့် တိုင်းနိုင်ငံဖြစ်စေ တိုင်းပြည်၌ အုပ်ချုပ်ကြသော မင်းတို့က မင်းကျင့်တရား ဆယ်ပါးနှင့်ညီစွာ ကျင့်နေကြလျှင် ထို တိုင်းပြည် နိုင်ငံ၌ (မိုးဦး, မိုးလယ်, မိုးနှောင်း) မိုးသုံးပါး ညီမျှစွာ ရွာသွန်းသည်၊ မိုးခေါင်ခြင်း မရှိ၊ မိုးများလွန်းခြင်း မရှိ ဟူ၍ ဆို၏။

မိုးသုံးပါး ညီညွတ်လျှင် ထိုတိုင်းပြည်နိုင်ငံ၌ ကောက်ပဲသီးနှံ ဖွံ့ဖြိုး၍ ထိုတိုင်းပြည်၌ သာယာဝပြောသည်၊ လူတို့အတွက် စားနပ် ရိက္ခာ ပြည့်စုံလုံလောက်၍ လူတို့သည် ပျော်ရွှင် ချမ်းမြေ့ကြသည်။ တိုင်းပြည်လူဟုက အုပ်ချုပ်သောမင်းကို ကျေးဇူးတင်ကြသည်၊ အသက် ရှည်ရန် မေတ္တာပို့ကြသည်၊ ဆုတောင်းကြသည်။

တိုင်းပြည်၌ အုပ်ချုပ်သော မင်းတို့က မင်းကျင့်တရား ဆယ်ပါး နှင့် ညီညွတ်ခြင်း မရှိလျှင် ထိုတိုင်းပြည်၌ မိုးသုံးပါးမညီ၊ မိုးရွာချိန်၌ မိုးခေါင်နေတတ်သည်၊ မိုးမလိုချိန်၌ မိုးကြီးစွာ ရွာချတတ်သည်၊ မင်းကျင့်တရားနှင့် ညီခြင်းသည် မိုးသုံးပါးနှင့် ညီ၍ ထိုမင်းတို့၏ တိုင်းပြည်၌ သာယာ ဝပြောစေသည်။

လွန်ခဲ့သော ရှေးတစ်ချိန်တွင် သီဟိုဠ်ကျွန်း၌ (ဗြာဟ္မဏတိဿ) အမည်ခံ ခိုးသား လူဆိုးလူကြမ်းကြီး ငြင်းပြုလုပ်နေသော အချိန်တွင် (၁၂) နှစ်– တစ်ဆယ့်နှစ်နှစ်တိုင်တိုင် မိုးလုံးဝမရွာ၊ မိုးခေါင်ခဲ့သော ကြောင့် လူတို့သည် ငတ်မွတ်ခေါင်းပါးသော ဒုက္ခ ကြီးစွာ ကြုံတွေ့ ကြရပုံ ရာဇဝင်သမိုင်းသည် ထင်ရှားသော သာဓက ဖြစ်သည်။

လူထုခေတ်ကာလ၌ လူထုက တရားစောင့်ကြလျှင် မိုးသုံးပါး ညီမည်၊ ကောက်ပဲသီးနှံ ဖြစ်ထွန်း၍ တိုင်းပြည် သာယာဝပြောမည်၊ လူထုက တရားမစောင့်ကြလျှင်– လောဘတွေ, ဒေါသတွေ, မာနတွေ ကြီးနေကြလျှင် ထိုတိုင်းပြည်၌ မိုးခေါင်မည်၊ မိုးသုံးပါးမညီ၍ စားနပ် ရိက္ခာ ရှားပါးခြင်း စသော ဘေးဒုက္ခနှင့် ကြုံတွေ့ကြရမည်၊ ဤကား လူတို့၏ စိတ်ထားဖြောင့်မတ်မှုပေါ် တည်ကြောင်း နားလည်ကြရမည်။

## ကိလေသာ ဆိုသည်မှာ

'ကိလေသာ'- ဆိုသည် ပူလောင်ခြင်း သဘောကို ဟောသည်၊ 'ကိလေသာ များတယ်'- ဟု ပြောလျှင် 'ပူလောင်ခြင်း များတယ်'-ဟူ၍ပြောခြင်းပင် ဖြစ်သည်။ 'ကိလေသာ အလိုကို လိုက်တယ်'- ဟူ၍ ပြောလျှင် 'ပူလောင်စိတ် အလိုကို လိုက်နေသူ'- ဟူ၍ ဆိုခြင်း ဖြစ်သည်။

လူအများ နားလည်နေကြသည်ကား- ဘုံဓလေ့၌ ပျော်မွေ့ခြင်းကို ကိလေသာစိတ် အားကြီးသူ ဟူ၍ ပြောကြသည်၊ အမှန်မှာ ပူလောင်တတ်သော- စိတ်၌ ဖြစ်ပေါ်လာသော အရာခပ်သိမ်း ကိလေသာဖြစ်သည်။

[တောင်တန်းဆရာတော်ကြီး—ဦးဥတ္တမသာရ]

# နဝမပိုင်း

၉။ ရဟန်းဟူသည် မိမိစိတ်ကို သန့်ရှင်းစေ၍ ချမ်းသာအောင် နေတတ်သော ပုဂ္ဂိုလ်မြတ် ဖြစ်သည်။

စိတ်ထားမြတ်သော-သူ, ငါစသော သူတော်ကောင်းတို့သည် စုတေခါနီးအချိန်၌ တရားနှင့် နေခြင်းကို မမေ့မလျော့စေသင့်ကြပါ။ မတွေ့မဝေ သေနိုင်ကြရန်ဖြစ်သည်၊ တရားဖြင့် ပျော်မွေ့ရင်း သေသွားကြရလျှင် ကောင်းရာ ဘုံဘဝ ရောက်ကြရမည် သေချာကြောင်း မှတ်သား နားလည်ထားကြရာသတည်း။

[တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရ]

## ၉။ ရဟန်းဟူသည် မိမိစိတ်ကို သန့်ရှင်းစေ၍ ချမ်းသာအောင် နေတတ်သော ပုဂ္ဂိုလ်မြတ် ဖြစ်သည်။

ရှေးခေတ်အခါ၌ စိတ်သာ မြတ်သော ရဟန်းတို့သည် မိမိတို့၏ စိတ်ကို သန့်ရှင်းစေ၍ ချမ်းသာအောင် နေတတ်ကြသည်။ ထို့ကြောင့် ရုပ်ခန္ဓာ ကိုယ်ရောချမ်းသာ၊ နာမ်ခန္ဓာ စိတ်ရော ချမ်းသာကြသည်။

များစွာသော လူသာမန်တို့သည် ရဟန်းအဖြစ်၌ ချမ်းသာနေတတ်ကြပုံကို သိကြမည် မဟုတ်ပါ၊ ဘဝနောက်ခံ ပါရမီရှိသောကြောင့် ပျော်နိုင်ကြသာ ဖြစ်မည် ဟူ၍သာ တွေးဆကာ ပြောဆိုလေ့ရှိကြကြောင်း ကြားသိရပေ၏။

အချို့သောလူတို့သည် ရှေးခေတ်၌ ရသေ့ရဟန်းတို့၏ ဘဝကို မြတ်နိုးကြကြောင်း ချမ်းသာအောင် နေတတ်ကြောင်းကို သိကြပါ၏၊ သို့ရာတွင် သူတို့၏ လက်ရှိလူ၏အဖြစ် နေမြဲကိုင်းသော ဘဝမှ မစွန့်လွှတ်နိုင်ကြသောကြောင့် ရသေ့ရဟန်းဘဝကို မယူနိုင်ကြပါ၊ ၎င်းတို့၏ လက်ရှိ အိမ်ထောင်သည် ဘဝကိုလည်း မခွဲခွာနိုင်ကြသောကြောင့် ဖြစ်သည်။

အကြောင်းရင်း အချုပ်အချာသည် ကာမဘောဂီနှင့် သာယာနေမှုသည် အဓိက၊ အိုးအိမ် သံယောဇဉ်, မယားသံယောဇဉ်, သားသမီး သံယောဇဉ်နှင့် တွယ်တာ အစွဲအလမ်း ကြီးနေမှုသည် ဒုတိယ တွဲဖက် အကြောင်းရင်း ဖြစ်သည်။

## အိမ်တည်းဟူသော ထောင်

လူလောက၌ ပြောဆိုနေကြသော စကားတို့တွင် 'အိမ်ထောင်ကျပြီလား' ဟူ၍ မေးမြန်းလေ့ ရှိကြသည်၊ ကျပြီဟူ၍လည်းကောင်း၊ မကျသေးဘူး ဟူ၍လည်းကောင်း ဖြေဆိုလေ့ရှိကြသည်၊ ထိုစကားသည် သွယ်ဝိုက်ခြင်း မရှိ၊ တိုက်ရိုက် ပွင့်လင်းစွာ မေးကြ, ဖြေကြသော စကားဖြစ်သည်၊ ရှေးလွန်လေပြီးသော ဘိုး, ဘေး, ဘီ, ဘင် တို့၏ ခေတ်ကာလ၌ လူတို့၏ ရိုးသားပွင့်လင်းစွာ ပြောဆိုလာခဲ့ကြသော ပင်ကို စကားရင်း ဖြစ်သည်။

ဆိုလိုသည်မှာ- 'မယားတည်းဟူသော အချုပ်အနှောင်၊ လင်တည်းဟူသော နှောင်ဖွဲ့သူ၊ ချုပ်ကိုင်နိုင်သော ပိုင်ဆိုင်သူ ရှိနေပြီလား'- ဟူ၍ မေးမြန်းခြင်း ဖြစ်သည်။

(ဥပမာ ပြောရလျှင်) အဘယ်သူသည် ဘာပြစ်မှုကြောင့် ထောင်ကျခံရရှာပြီတဲ့၊ သုံးနှစ်ကျခံရတယ်၊ ငါးနှစ်ကျခံရတယ်၊ဆယ်နှစ် ကျခံရတယ်- စသည်ဖြင့် ရုံးဘုရားသူကြီးက စီရင်ချက်ချမှတ်ခြင်း ခံရကြောင်းကို သတင်းစကားအဖြစ် ပြောဆိုတတ်ကြသည်၊ ဤရာဇဝတ်ပြစ်မှုကျူးလွန်မိသူတို့အား (အကျဉ်းထောင်) ၌ ချ၍ ပိတ်လှောင်ထားခြင်း ခံကြရပုံကို ထောင်အပြင်လောကမှ လူများက အချင်းချင်း ပြောဆိုကြသော စကားဖြစ်သည်။

## နှိုင်းယှဉ်ချက်

ဤတွင် မိမိတို့ကိုယ်တိုင် ထောင်သွင်း၍ အကျဉ်းချခြင်း ခံယူနေကြပုံကို ပြောမည်။

အဘယ်သူနှင့် ဘယ်သူမတို့ လက်ထပ်ပြီးကြပြီ-တဲ့၊ မင်္ဂလာဆောင်ပြီးသွားကြပြီ-တဲ့၊ ဘယ်သူခိုးယူရာ ဘယ်သူမ လိုက်ပါသွားကြပြီ-တဲ့၊ သူတို့အချင်းချင်း အလိုတူ ဆန္ဒတူကြလို့ လင်မယားဖြစ်နေကြပြီ-တဲ့၊ သူတို့ လူငယ်အချင်းချင်း စိတ်တူ, သဘောတူ ရုံး၌ လက်မှတ်ထိုးပြီး အိမ်ထောင်ပြုလိုက်ကြပြီ-တဲ့၊ သူတို့မှာ လက်ထပ်ပွဲတွေဘာတွေ ငွေကုန်ခံပြီး လုပ်မနေကြတော့ပါဘူး၊ လူကြီး မိဘတို့က ပေးစားကြလို့ အိမ်ထောင်ဘက် တရားဝင် လင်မယား ဖြစ်ခဲ့ကြတာပါ- စသည်ဖြင့် ကြားသိနေကြရသော **သတင်းစကား အားလုံး**

သည် အိမ်ထောင်ကျပြီးကြောင်း ပြောဆိုနေကြသော ကြေညာချက်များဖြစ်ကြသည်။

ဆိုလိုရင်းမှာ-မိမိတို့ကိုယ်တိုင်က တစ်ဦးနှင့်တစ်ဦး ချစ်ကြိုးချည်နှောင်ရစ်ပတ်၍(ကာမဘောဂ) ထောင်တွင်းသို့ ကျေနပ်စွာနှင့် အချုပ်ယူနေကြခြင်းဖြစ်သည်။

ထိုသဘာဝကို သူတော်ကောင်းတို့အမြင်ဖြင့် ပြောကြလျှင် အိမ်ထောင်ကျပြီဟူ၍ လူလောကသို့ အသိပေးပြီး ကြေညာခြင်းသည် 'တို့သူနှင့် ထိုသူမတို့ နှစ်ဦးဟာ လွတ်လပ်ခွင့်မရှိကြတော့ဘူး၊ အိမ်ထောင်အကျဉ်းသားတို့ ဖြစ်နေကြပြီ၊ ဒုက္ခရှာယူနေကြသူများပါတကား' ဟု သနားစရာအဖြစ် မြင်သည်။

ကာမဘောဂီသား အားလုံးကိုလည်း ထိုနည်းအတိုင်း သိကြ၍ 'ဒုက္ခရှာယူ နေကြသူတို့ချည်းပါ တကား' ဟူ၍ သနားတိုက်သော ပုထုဇဉ်လောက၏သဘာဝကို ဒုက္ခိတသတ္တဝါအဖြစ် လည်းကောင်း၊ သနားစရာ ကိလေသာဝဋ်ဒုက္ခမှ မလွတ်ကင်း ရှာကြသူများအဖြစ် လည်းကောင်း သိကြ,မြင်ကြသည်။

တရားသံပါသော စကားဖြင့် ပြောကြလျှင် ပုထုဇဉ် လူသားတို့သည် (အဝိဇ္ဇာ) မောဟ ဖုံးလွှမ်းနေမှုကြောင့် အမှန် သဘာဝကို မသိမြင်နိုင်ကြပါ၊ အဝိဇ္ဇာ အမှောင်က ဖုံးလွှမ်းခြင်း ခံနေကြရသည်။

ပါရမီစိတ်ဓာတ် ရင့်ကျက်ပြီးသော သူတော်ကောင်းတို့၏ မျက်စိဖြင့်ကြည့်၍ သူတော်ကောင်းစိတ်အမြင်ဖြင့်သိမြင်ရသောမြင်ကွင်းကား နှစ်သက်ဖွယ်ရာ မရှိပါ၊ တဏှာ၏ ကျေးကျွန်တော်ဖြစ်၍ ကာမဂုဏ်နှောင်၏ အကျဉ်းသားတွေ ဖြစ်နေရှာကြပုံကို ရှင်းရှင်းကြီး သိမြင်ကြရသည်။

ဘေးရန်ဝိုင်းနေသူအချို့

မျက်မှောက်ခေတ်လူလောက၏ အချို့သောလူတို့၏ ဖြစ်နေကြပုံကြားသိရချက်မှာ ရေအိုးအရည်အိုးထဲကျ၍ ရုန်းမထွက်သာ-သံရည်ပူထဲ၌ တလုံးလုံး ခံနေကြရရှာသော ငရဲသားတို့နှင့် တူပါတီလေခြင်းဟူ၍ ညည်းတွားလောက်သည်။

သူတို့ဘဝ၌ တွေ့ကြုံနေရပုံကား ပူပန်မှုဘေးရန်တွေ၊ စွဲလမ်းနေသော ဥပါဒါန် နှောင်ကြိုးတွေ၊ သူတို့ကိုယ်တိုင်က စကားပြောမဆင်ခြင်၊ စကားပြောဆိုပုံ ကြမ်းမှု-ရမ်းမှု တို့ကြောင့် ယုံကြည်မှုမရှိ၍ ထောက်လှမ်းမေးမြန်းခြင်း ခံယူနေရချက်တွေ-မာနစိတ်၊ မခံချင်စိတ်ထားတတ်မှုကြောင့် ထိုမှ ဤမှ ဖြစ်ပေါ်လာသော ရန်စွယ်တွေ-မရိုးဖြောင့်သော ဝိသမလောဘကြီးမိမှုကြောင့် စီးပွားရေးလုပ်ငန်းကိစ္စ၌ ဘေးရန် အန္တရာယ်တွေ ပတ်ချာဝိုင်းလျက် တွေ့နေကြုံနေကြရပုံ စသည်ဖြင့် လူ၏ဘဝသံသရာ ကျင်လည်နည်း မတတ်ကြပုံ ကြားသိရသည်၊ မလှပ်သာ၊ မရှားသာအောင် ခံနေကြရသည် ဆို၏၊ သတင်းစာများ၌ တွေ့ရချက် ဖြစ်သည်။

အကြောင်းရင်း တရားခံသည် သူတို့စိတ်က ချမ်းသာမှု ရှာမှီးယူနည်း မမှန်သောကြောင့် တစ်နည်းမှာ-ရှာမှီးယူပုံ ဟန်မကျသောကြောင့်-စိတ်ထားပုံ မရိုးဖြောင့်သောကြောင့် ချမ်းသာ ပျော်ရွှင်ဖွယ်ရာ စခန်းသို့ မရောက်ကြခြင်း ဖြစ်သည်။ စိတ်ချမ်းသာရန် ပျော်မွေ့ဖွယ်ရာ စခန်းအရောက်သွားနည်းကား-ရိုးသားရသည်၊ ဖြောင့်မတ်ရသည်၊ ဒေါသ၊ မာနစိတ် မကြီးစေရ၊ ပတ်ဝန်းကျင်လောကကို မေတ္တာစိတ် ပုံမှန် ဆက်ဆံရသည်၊ ချမ်းသာ ပျော်ရွှင်ဖွယ်ရာဘုံသို့ ဆိုက်ရောက်လိမ့်မည်။

## ကာမလောကီနယ်၏ သဘာဝ

လူလောက၌ ဒုက္ခမျိုးစုံ ကြုံတွေ့နေကြရပါတယ် ဆိုကြသောသူတို့ကို တရားလက်ကိုင် မြဲနေကြသော သူတော်ကောင်းတို့၏ သူတော်တရား မျက်စိဖြင့် ကြည့်လျှင် သူတို့စိတ်က ဒုက္ခနှင့် ကြုံရအောင်ဖန်တီးနေကြပုံ မြင်ရသည်၊ ဖန်တီးသောကြောင့် ဒုက္ခနှင့်ရင်ဆိုင်ပြီး ဆုံကြရခြင်းဖြစ်သည်။

ယင်းကဲ့သို့ စိတ်သောကများနေကြရခြင်း၊ ကိုယ်ဒုက္ခခံနေကြရခြင်းတို့၏ အကြောင်းကိုရှာသော် ကာမဂုဏ်နယ်၌ သူတို့၏ စိတ်အာရုံကဖြတ်မရနိုင်အောင် ဝဲ့ခံယူလိုသော ဇာတ်လမ်း၌ ဆက်လက်၍ ဇာတ်ထွက်နေချင်ကြကြောင်း ဖြစ်သည်၊ စိတ်အာရုံတောင့်တချက် ကြီးနေကြသောကြောင့် ဖြစ်သည်ဆိုရမည်။

## ကာမဂုဏ်နှင့်ကိလေသာ

တရားစကားဟောပြောရာ၌ ပြောဆိုနေကြသော လောကီအာရုံ ကာမဂုဏ်တရားသည် တစ်မျိုးတည်းမဟုတ်ပါ၊ အဆင်းရူပါရုံ၌ မြက်မောတွယ်တာစိတ် ဖြစ်ခြင်းတစ်မျိုး၊ အသံသဒ္ဒါရုံ၌ ပက်မောတွယ်တာစိတ် ဖြစ်နေခြင်းတစ်မျိုး၊ ရူပ–သဒ္ဒ–ဂန္ဓာရုံ သုံးမျိုးရှိပြီး ဂန္ဓာရုံ–အမွှေးအထုံ၌ စွဲမက်တွယ်တာစိတ်ဖြစ်နေခြင်းတစ်မျိုး ပေါင်း ရသာရုံ–စားသောက်ရေး ကိစ္စ၌ ရသတဏှာ ကြီးတတ်ကြသည်၊ အချို့သည် အသားဟင်း မပါလျှင် မဖြစ်သလို ငါးဈေးကြီးပေး၍ ရအောင်ရှာဖွေဝယ်စားတတ်ကြသည်။ အသားဟင်း တစ်မျိုးမျှမပါလျှင် ထမင်း မစားနိုင်ဆိုသူမျိုး ကြားရဖူး၏၊ ထိုကဲ့သို့ ရသတဏှာ၌ အာသာ ကြီးတတ်သူတို့သည် ယောကျာ်းဖြစ်စေ–မိန်းမဖြစ်စေ လူ၏ဘဝ ရနေသော်လည်း ကြိုးစားပမ်းစား လုပ်ဆောင်ရှာဖွေသမျှ မလောက်နိုင်အောင် ပြည့်စုံကြွယ်ဝလာသော အဆင့်သို့ ရောက်လာခြင်းမရှိတော့ပါ၊ စားမှုဆိုသည်မှာ တစ်ရက်နှင့်မပြီး—နေ့တိုင်းစားနေရသော ကိစ္စဆိုတာကို သဘာဝပေါက် နားလည်ထားဖို့ လိုသည်၊ အမှန်မှာ မော်တော်ကား၌ ဓာတ်ဆီထည့်၍ မောင်းနေရသကဲ့သို့ တစ်ရက်မှတစ်ရက်သို့ ခန္ဓာကိုယ်တွင်းမှ ဝမ်းမီးကိုအစာကျွေး၍ ခရီးဆက်နေကြရခြင်း ဖြစ်သည်။

အာရုံငါးပါးတွင် ဖောဋ္ဌဗ္ဗာရုံကို အဆုံးထား၍ မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်၊ ဖောဋ္ဌဗ္ဗာရုံကို ထမင်းမစားရလျှင် နေလို့ မဖြစ်သကဲ့သို့ အရေးကြီးသည် မဟုတ်ပါ။

သို့ရာတွင် ပုထုဇဉ် သတ္တဝါတို့လောက၌ ဖောဋ္ဌဗ္ဗာရုံကို စွဲမက်ကြသည်၊ ခင်တွယ်ကြသည်၊ ကာမ တစ်ဆယ့်တစ်ဘုံ၌ ကျင်လည်နေကြသော ပုထုဇဉ်ဖြစ်နေဆဲ လူနှင့်နတ်များ၊ အပါယ်လေးဘုံသား တိရစ္ဆာန်အားလုံး၊ ပြိတ္တာများ၊ အသူရာအမျိုးမျိုး တို့သည် ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်ကို ခုံမင်ကြမြဲ ဖြစ်သည်၊ ခုံမင်ကြသောကြောင့် ဖိုမဒွန်တွဲ၍ ပျော်ပါးနေတတ်ကြသည်၊ ထိုဓလေ့သည် ဘဝပေါင်း များစွာ၌ ဓလေ့ထုံးစံကြီး ဖြစ်နေခဲ့ကြသည်၊ ထုံးစံကြောင့် အထုံပါနေကြသည်၊ အထုံပါမှုကြောင့် ဘယ်ဆရာကမှ သင်ပြမပေးရ၊ ဘယ်ကျောင်း ဘယ်တက္ကသိုလ်ကမှ သင်ကြား ပို့ချပေးခြင်း မပြုကြရပါ။

## ဆရာမိဘတို့က သင်ကြားပေးရန်မလိုသော ပညာ

ပုထုဇဉ်လူသားတို့သည် အချိန်တန်၍ အရွယ်ရောက်လာလျှင် ဖောဋ္ဌဗ္ဗအာရုံကို ခံစားချင်သောစိတ် ဖြစ်ပေါ်လာကြသည်၊ သွေးကြွလာကြသည် ဟု ဆိုကြသည်၊ ဆေးဆရာတို့ သုံးသောစကားဖြင့် သွေးသား၏ တောင့်တမှု ဖြစ်ပေါ်လာကြသည်။ ကျမ်းဂန်စာပေ စကားပြောဆိုရိုးမှာ သံသရာတစ်ခွင် ကျင်လည်ကြရာ၌ ဘဝအဆက်ဆက်မှ ခံစားပျော်ပါးနေကျဖြစ်၍ ဝါသနာပါနေကြခြင်းသည် ဆိုကြ၏။

စိတ်သန္တာန်၌ အစွဲကြီးလာခဲ့ကြသော ဓလေ့အကျင့် ဟူ၍လည်း စသံပေသံနှင့် ပြောကြသည်လည်း ရှိ၏၊ ပြုလုပ်နေကျ၊ ခံစားနေကျ၊ ပျော်မွေ့နေကျ ဖြစ်သောကြောင့် အရွယ်ရောက်လာသော လူနှင့် တိရစ္ဆာန်တို့သည် (ပရိယုဋ္ဌာန) သဘောမျိုး နိုးကြွပြီး မခံစားရလျှင် မနေနိုင်သကဲ့သို့ ပုထုဇဉ်တို့၏ စိတ်တွင် ဖြစ်ပေါ်လာကြသည်၊ ထို့ကြောင့် ဘုံဓမ္မတာဟူ၍ ပြောဆိုကာ (ဘိုး၊ ဘေး၊ ဘီ၊ ဘင် အစဉ်အဆက်မှ သား၊ မြေး၊ မြစ် တို့သည်လည်း တစ်ဆက်တည်း) ဘုံဓလေ့ဖြင့် လူတိုင်းသိ၊ နတ်တိုင်းသိပြီး ဟူ၍ ရှက်စရာမရှိ ရှောင်ရှားရန်မဟုတ်ဟူသော သဘောထားလာကြသည်၊ ပွင့်လင်းစွာ အသိပေးနေလာကြသည်။

ထို့ကြောင့် လက်ထပ်ထိမ်းမြားပြုကြသည်၊ တရားဝင် လက်ထပ်ခြင်း မပြုကြသေးဘဲ အလိုတူကြ၍ သဘောတူ ပေါင်းသင်းနေကြသော လူမျိုးများလည်း ရှိကြသည်။ လူမျိုးတိုင်းက အလိုမတူလျှင် အပြစ်ရှိသည်၊ အလိုတူလျှင် အပြစ်မရှိဟူ၍ နားလည်ထားကြသည် ဆို၏။

အဆိုပါကဲ့သို့ ဘုံဓမ္မတာအလိုက် အကြိုက်တွေ့၍ ပျော်မွေ့နေလေ့ ရှိကြခြင်းသည်၊ အာရုံငါးပါးတွင် ဖောဋ္ဌဗ္ဗအာရုံ ဖြစ်သည်၊ အာရုံငါးပါးတွင် ဤဖောဋ္ဌဗ္ဗအာရုံ အတွေ့ခံစားခြင်းကို ကာမဂုဏ်ဟူသော စကားဖြင့် နားလည်ထားကြသည်၊ အမှန်တော့ အာရုံငါးပါးလုံး ကာမဂုဏ်တရားပင် ဖြစ်သည်၊ သို့သော် လူတို့က ဖောဋ္ဌဗ္ဗအာရုံကိုသာ အများသိသော ကာမဂုဏ်ဟူ၍ နားလည်ထားကြသည်။

အာရုံငါးပါးကို တပ်မက်လွန်ခြင်း မရှိစေရပါ၊ တစ်မျိုးမျိုး၌ စွဲမက်ခြင်း ကြီးသူများ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသည်၊ ရသာရုံ၌

တပ်မက်လွန်းသူသည် အစားအတွက်ကြောင့် ဆင်းရဲကြမြဲ ဖြစ်သည်။ ထိုနည်းတူပင် အတွေ့ဖောဋ္ဌဗ္ဗ အာရုံ၌ ခံစားမှုကြီးသူ၊ ပျော်မြူးခြင်း များသူ၊ အာရုံအပြတ်မခံနိုင်အောင် လွန်ကြသူတို့သည် ထိုအာသာကြောင့် ဒုက္ခကြုံကြရမြဲ ဖြစ်သည်၊ ကိုယ်ခန္ဓာကြုံလှီ၍ အားနည်းသော ရောဂါနှင့် ကြုံကြရမြဲ ဖြစ်သည်။

ထို့ကြောင့် အတွေ့အာရုံ ခံစားလိုစိတ် အားကြီးသူသည် ဘာလူမျိုးဖြစ်စေ အသက်မရှည်ကြပါ၊ အသက်တိုကြသည်ဟူ၍ သမိုင်းမှတ်တမ်းဆရာတို့က ရေးသားထားခဲ့ကြသည်။

ဤတွင် ကိလေသာ (၁၀) ပါးဟူသော စကားကို ပြောမည်၊ ပါဠိဘာသာဖြင့် ကိလေသာ ဟူသောစကားကို လူအများတို့ နားလည်နေကြသည်၊ ဘောဂမှိုဝဲလိုစိတ် ဖြစ်ပေါ်နေခြင်းကို ကိလေသာစိတ် တက်နေတယ်ဟူ၍ ပြောဆိုတတ်ကြသည်။

ဘုံဓမ္မတာဓလေ့၌ ထပ်ပြန်တလဲလဲ ပျော်မြူးခြင်း များတတ်သူကို ရာဂကြီးသူ ဟူ၍ အသိအမှတ် ပြုတတ်ကြသည်၊ (တစ်နည်းအားဖြင့်) ကိလေသာများသူ၊ ကိလေသာ မာတ်ကဲခြင်းများသူ ဟူ၍ ပြောဆိုလေ့ရှိကြသည်။

'ပုထုဇဉ် လောကသားပေမို့၊
ဘုံဓလေ့နှင့် ပျော်မွေ့လိုကြတယ်၊
ဘုံဓလေ့မို့ ကြုံတွေ့ရာကြတယ်'

ဟူ၍ သနားစရာအပြစ်မျိုးကဲ့သို့ ဇာတ်ပွဲတို့က သီချင်းဖွဲ့ဆိုတတ်ကြသည်၊ အမှန်ကား သနားစရာဟူ၍ ဆိုရန်မရှိပါ၊ ထိုအလိုကြီးသူ၏ ဘဝနောက်ခံ၌ ကာမဂုဏ်ဆန္ဒ၏စိတ်ကို ထိန်းကွပ်ခြင်း မပြုခဲ့သူ ဖြစ်သည်။

တစ်နည်းအားဖြင့် ထို အလိုရမ္မက် ကြီးတတ်သူတို့သည် လူဖြစ်သော ဘဝ၌ လည်းကောင်း၊ နတ်ဖြစ်သော ဘဝ၌ လည်းကောင်း၊ ဆိတ်၊ သိုး စသော တိရစ္ဆာန် ဖြစ်ခဲ့သော ဘဝတို့၌ လည်းကောင်း မေထုန်မှိုဝဲခြင်း အလုပ်ကို စိတ်ဆန္ဒရှိတိုင်း အကြိမ်များစွာ ပျော်မွေ့လာခဲ့ဖူးသူ ဖြစ်ခဲ့လို့သာ ဆန္ဒကြီးနေတာပဲ ဟူ၍ နားလည်ကြရသည်၊

ဘဝနောက်ခံ အလေ့အကျင့်ကြောင့် အထုံပါနေသူတွေပါဟူ၍ ပြော လျှင် ပုထုဇဉ်အားလုံးနှင့် သက်ဆိုင်သော စကား ဖြစ်သည်။

'ကိလေသာ' ဆိုသည် ပူလောင်ခြင်း သဘောကို ဟောသည်၊ ကိလေသာ များတယ်ဟူ၍ ပြောလျှင် ပူလောင်ခြင်း များတယ် ဟူ၍ ပြောခြင်းပင် ဖြစ်သည်၊ ကိလေသာအလိုကို လိုက်တယ်ဟူ၍ ပြောလျှင် ပူလောင်စိတ် အလိုကို လိုက်နေသူဟူ၍ ဆိုခြင်းဖြစ်သည်။

လူအများ နားလည်နေကြသည်ကား ဘုံဓလေ့၌ ပျော်မြူးခြင်း ကို ကိလေသာ စိတ်အားကြီးသူ ဟူ၍ ပြောကြသည်၊ အမှန်မှာ ပူလောင် တတ်သောစိတ်၌ ဖြစ်ပေါ်လာသော အရာခပ်သိမ်း ကိလေသာ ဖြစ် သည်။

— လိုချင် လောဘစိတ်ကြောင့် ပူလောင်ခြင်းရှိလျှင် လောဘ ကိလေသာ၊

— ဒေါသစိတ်ကြောင့် ပူလောင်ခြင်း ရှိလျှင် ဒေါသ ကိလေ သာ ဝင်နေသူ ဖြစ်သည်။

— ထိန့်သည်းအတူ မာနစိတ်ကြောင့် ပူလောင်ခြင်းရှိလျှင် မာန ကိလေသာ ဖြစ်ပွားနေသူ၊

— ရာဂစိတ်ကြောင့် ပူလောင်ခြင်းရှိလျှင် ရာဂ ကိလေသာ ဖြစ်ပွားနေသူဟူ၍ သိမြင်ကြရမည်။

လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟ ကိလေသာ၊ မာန ကိလေသာ၊ ဒိဋ္ဌိ ကိလေသာ၊ ဝိစိကိစ္ဆာ ကိလေသာ၊ ထိန ကိလေသာ၊ ဥဒ္ဓစ္စ ကိလေသာ၊ အဟိရိက ကိလေသာ၊ အနောတ္တပ္ပ ကိလေသာ ဟူ၍ ကိလေသာ (၁၀) ပါးရှိသည်။

ထို့ကြောင့် မကောင်းမှု၌ အရှက်မရှိခြင်း— ကိလေသာ၊ မကောင်းမှု ပြုလုပ်ရာ၌ အကြောက်အလန့် မရှိခြင်းသည် ကိလေသာ၊ အယူဝါဒကို အယူသည်းနေကြသူတို့သည်လည်း ကိလေသာသမား တို့သာ ဖြစ်ကြသည် မှတ်ပါ။

## ကိုယ်စိတ်ချမ်းသာ နေချင်ကြလျှင်

အဆိုပါ ကိလေသာဆယ်မျိုးတွင် တစ်မျိုးမျိုး၏ အလိုဆန္ဒကို လိုက်မှားနေတတ်သူသည် စိတ်ချမ်းသာမှု မရနိုင်ပါ၊ ပူလောင်စိတ်သာ အမြဲ ခံစားနေရမည် ဖြစ်သည်။

'ဘုံမမ္မတာ ထုံးတမ်းစဉ်လာပါ၊ လူ့လောက၏ ပုံမှန်ဓလေ့မို့ ပျော်မွေ့ချင်တာပါ၊ အပြစ်ဆိုရန် 'မရှိပါဘူး' ဟူ၍ သဘောထား နေတတ်သူတို့ကို ကာမဂုဏ်အာရုံ၌ ဝဋ်ဇာတ် ကြီးနေချင်သူ ဟူ၍ သူတော်ကောင်း ပုဂ္ဂိုလ်တို့က မြင်ကြသည်၊ အမှန်လည်း ဖောဋ္ဌဗ္ဗ အာရုံ၌ အလိုလိုက်နေသူ ဖြစ်ကြသည်၊ ထိုအာရုံအလို၌ လိုက်လွန်းနေကြ သူတို့သည် ဆင်းရဲခြင်းကို ချမ်းသာ အထင်ရှိကာ အပြစ်များ၌ ပျော်မွေ့နေလိုသူများ ဖြစ်ကြသည် ဆိုရပါမည်။

ကိုယ်စိတ်ချမ်းသာအောင် နေနည်း ပြောပြသည်၊ ဆုတ်ကပ်ခေတ် ကာလတွင် လူငယ်အများတို့က ပျော်စရာအကောင်းဆုံး ဟူ၍ အထင် အမြင် ယူဆကာ ဘုံမမ္မတာ အတွေ့ကိုသာ နေ့ဆက် ရက်ဆက် အလို တူသူတို့နှင့် ပျော်ပါးလေ့ ရှိကြသည် ဆို၏။

ခေတ်ပညာတတ် ဘွဲ့ရရှိပြီးသူ အသက်သုံးဆယ်ကျော် လခစား ဝန်ထမ်းဟောင်းတစ်ဦး ဘုန်းကြီးထံ ရောက်လာဖူးသည်၊ သူ၏စိတ် ကာမဂုဏ်အာရုံ၌ စွဲမက်ကြီးခဲ့ပုံ၊ နေ့ရော ညရော ပျော်မွေ့ခဲ့ပုံ၊ ဤ ခေတ်တွင် မြို့ကြီးတို့၌ အလိုတူတွေ၊ အမျိုးသမီးငယ်တွေ ကြည့်တတ် ကြလျှင် ပေါများပုံ၊ ထိုကြောင့် နေ့ညမလပ် လူငယ်တွေ အုပ်ထိန်းသူ မရှိ လွတ်လွတ်လပ်လပ် စိတ်ဆန္ဒရှိတိုင်း ပျော်နေကြပုံ၊ သူကိုယ်တိုင် ပါဝင်ခဲ့၍ အမျိုးစုံဆီရှိခဲ့ပြီး အားရအောင် နှစ်ကြာကြာကြီး ပျော်ခဲ့ဖူး ပုံကို ပွင့်လင်းစွာ ပြောပြသည်၊ ထိုအာရုံဇော်ကို ရပ်အောင်ဖြတ်နည်း သိချင်ကြောင်း လျှောက်သည်။

ထို့ကြောင့် ထိုသူအား စကားတိုတို လိုရင်း ပြောလိုက်သည်–

'ကာမဂုဏ်ကြီးချင်သူ၊ အပျော်ကြူးနေချင်သူ၊ အနောက်တိုင်း ဓလေ့ လိုက်နေကြသူများသည် မမ္မတာ ဇာတ်လမ်း ဝဋ်ကြီးနေသူများ ဖြစ်ကြသည်၊ ထိုကြူးချင်နေသော စိတ်ယုတ်ကို ဖြတ်သားသော (နိက္ခမစိတ်ဓာတ်) ဝင်စေရမယ်၊ စိတ်ဝင်စားစေပြီး ဖြတ်ရတယ်။

'စိတ်ဝင်စား၍ ပြတ်သားလာလျှင် အမြန်ဖြတ်နိုင်တယ်၊ အဓိက အချက်မှာ မိမိ၏စိတ်ဓာတ် ပြတ်သားမှု ဖြစ်တယ်၊ စိတ်ဓာတ် ပြတ်သားလျှင် အောင်ပြီ၊ နိုင်ပြီ မှတ်ပါ၊ ဟိုတစ်ချိန်တုန်းက ပျော်ကြူးခဲ့ဖူးတာတွေ နှစ်သက်ဖွယ် မမြင်တော့ပါ။ စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ်တွေ ဖြစ်နေပုံကို ရှင်းလင်းစွာ မြင်လာလိမ့်မယ်။

'အဆိုပါ အမြင်မှန်စိတ်သည် မျက်မှောက်ခေတ် လူငယ်များနှင့် မိန်းကလေးငယ်တို့၏ စိတ်အာရုံတွင် စည်းလွတ်ကမ်းလွတ် နေ့ညဉ့်မခြား ရှက်ရောဟူ၍ သဘောမထား- ကမ္ဘာသူ ကမ္ဘာသားအားလုံး သိထားကြပြီး၍ ပြုလုပ်နေကြမြဲ ထုံးစံပါ၊ လက်ရိုး မှုဟောင်းကြီးပါ ဟူ၍ ပြောဆိုချင်မှာ မဟုတ်တော့ပါ၊ အနာဂါရိက ရသေ့ရဟန်းတို့ကဲ့သို့ စိတ်သန့်ရှင်းလာကြမည်။

'စိတ်သန့်ရှင်းသော ပုဂ္ဂိုလ်စင် ပုဂ္ဂိုလ်မြတ်တို့၏ သဘာဝသည် ပူပန်စိတ်မရှိ၍ ချမ်းသာစွာ အိပ်ရသည်၊ ချမ်းသာစွာ နိုးရသည်၊ ချမ်းသာစွာ ရပ်ရသည်၊ ချမ်းသာစွာ ထိုင်ရသည်၊ ချမ်းသာစွာ သွားရသည်၊ ချမ်းသာစွာ စားသောက်ရသည်၊ ခပ်သိမ်းသော ဣရိယာပုတ်တို့၌ ချမ်းသာစွာ နေရကြောင်းကို မြတ်စွာဘုရားရှင်က အကြောင်း တိုက်ဆိုင်လာတိုင်း ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် အမြင်မှန် ရသူ သက်တွေ့ သိရှိရပါလိမ့်မယ်' ဟူ၍ ပြောလိုက်သည်။

## ချမ်းသာခြင်း (၂) မျိုး

လူ့ပြည်လောက၌ လူဟူသော ရုပ်နာမ်ခန္ဓာ ဇာတ်တူချင်းကို ကြည့်၍ ပြောလျှင် လူချမ်းသာ၊ ရဟန်းချမ်းသာဟူ၍ (၂) မျိုး ခြားနားချက်ရှိသည်ဟု ဆိုရပေမည်။

ထိုစကား မှန်၏။ ရွာသူရွာသား လူအများတို့၏ အိမ်ရာ တည်ထောင်၍ ပျော်မွေ့နေထိုင်ကြသူများကို လူချမ်းသာဟု ခေါ်ဆိုကြ၍ ရသေ့ရဟန်းပုဂ္ဂိုလ် အကျင့်သီလနှင့်၊ တရားဘာဝနာနှင့် ပျော်မွေ့၍ စိတ်ကြည်လင် ချမ်းသာအောင် နေတတ်ကြသူများကို ရဟန်း ချမ်းသာဟူ၍ ခေါ်ဆိုကြလေသည်။

ထို (၂) မျိုးသော ချမ်းသာတို့တွင် လူချမ်းသာဆိုသည်ကား- တကယ်ချမ်းသာစစ် မဟုတ်ပါ၊ လူ့လောကီ ဘုံခလေ့ကို ပုထုဇဉ်

တို့၏ ပျော်မွေ့နေကျမို့ အာရုံငါးသွယ် ကာမဂုဏ်နယ်၌ တသသယ်လယ် နှင့်ကာမထောင်တွင်း လှောင်သွင်းခြင်း ခံနေကြရသော သံယောဇဉ်ကြိုးတို့ဖြင့် တုပ်နှောင်ခြင်း ခံနေကြရရှာသော နှောင်ကြိုးဘန်းလန်းနှင့် အကျဉ်းသား သတ္တဝါ ဒုက္ခသည် မျိုးသာ ဖြစ်သည်။

မြတ်သော ရသေ့ရဟန်း ဘဝအဖြစ်၌ ရရှိခံစားကြရသော စိတ်ချမ်းသာခြင်း၊ ကိုယ် ချမ်းသာခြင်းဆိုတဲ့ သူဘော်ကောင်းတို့ ချမ်းသာမျိုးကား သံယောဇဉ် နှောင်ကြိုး ကင်းရှင်းကြသည်။ ထို့ကြောင့် နှစ်သက် လိုလားအပ်သော စစ်မှန်သည့် တကယ် ချမ်းသာမှု ဖြစ်သည်။

ဤတွင် ရသေ့ဆိုရာ၌ ရှေးရှေးသော ခေတ်အခါ၌ သာသနာပ ကာလမျိုးတွင် လူ၏ရုပ်ရှာမှုရှောင်ကာ တောတောင်သို့ ထွက်ခွာ၍ ပါရမီဖြည့်ဘုရားမြတ်နှင့်ပျော်မွေ့နေလေ့ရှိကြသောဘုရားအလောင်းတော် သုမေဓာရသေ့ကြီးကဲ့သို့သော ရသေ့မျိုးကိုဆိုလိုသည်၊ ယခု ခေတ်ကာလ အချို့သော ရုပ်ရှင်ဒေသ၌ တွေ့မြင်ရတတ်သော သားမယားသံယောဇဉ်တွဲလောင်းနှင့် မြို့ကြီးမြို့ငယ်ကျောင်းကန်ဇရပ်များ၌ ကပ်ခိုနေလေ့ ရှိကြသော (ရသေ့အချို့) မျိုးကား ချမ်းသာစစ် ရချင်မှရနိုင်ကြပါမည်၊ သိရာတွင် တရားနှင့်နေကြသော ယောဂီ ရသေ့ရိုးရိုးသည်း ရှိကြကြောင်း သိရ၏။

## ချမ်းသာချင်လျှင် တွယ်တာမှုပယ်ရ

လူလောက၌ တကယ် ချမ်းသာချင်စိတ် ရှိသောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ တွယ်တာမှုကင်းစေရမည်ဟူ၍ မှတ်ပါ၊ သို့ရာတွင် ကောင်းကျိုးချမ်းသာ ပေးသို့ ဆောင်ရွက်ပေးမည့် အကျိုးဆောင် တွယ်တာမှုမျိုးကိုကား ရှိထိုက်လျှင် ရှိကောင်းပါ၏။

(ဥပမာ) မိခိုရာ ဆရာကောင်းဖြစ်၍ တွယ်တာမှု၊ မိမိအတွက် လျောက်ပတ်သောဒေသဖြစ်၍ တွယ်တာမှု၊ ဝေယျာဝစ္စဆောင်ရွက် ပေးတတ်သော သူကောင်းဖြစ်၍ တွယ်တာမှုမျိုး စသည် ရှိထိုက်ပါ၏။

လူ၏ဘဝဟူသည် ချမ်းသာအောင် နေတတ်ကြလျှင် ထိုက်တန်သော ချမ်းသာမှုကို ရကြသည်၊ ချမ်းသာအောင် မနေတတ်ကြလျှင် လူသားတို့သာမဟုတ်ပါ၊ ရသေ့ ရဟန်း သာမဏေများပင် ဖြစ်ကြသော်လည်း ချမ်းသာမှုရကြလိမ့်မည် မဟုတ်ပါ။

## တွယ်တာမှု ကောင်းမကောင်း နှစ်မျိုး

စစ်မှန်သော ချမ်းသာမှုကို အလိုရှိလျှင် တွယ်တာမှုကင်းရမည် ဟူ၍ ဆိုရာတွင် ချမ်းသာမှုကိုဖြစ်စေတတ်သော တွယ်တာမှုကိုတော့ ထားရမည်။ မိမိ၏ချမ်းသာမှုကို ဖျက်ဆီးမည့် တွယ်တာမှုမျိုးဖြစ်လျှင် လူ့သံယောဇဉ် တွယ်တာမှုဖြစ်စေ၊ အရာဝတ္ထု တွယ်တာမှုဖြစ်စေ မထားသင့်ပါ၊ နေ့ညမဆိုင်း လွတ်ကင်းအောင် ရှောင်ရှားရာ၏၊ ဖယ်ထုတ်ရမည်မှတ်ပါ။

## စိတ်ကိုချမ်းသာအောင် ပြုပြင်နည်း

'ငါကား ကိုယ်၏အစွမ်း, ကိုယ်၏တကယ်ရှိသောသတိကို ဟုတ်မှန်တိုင်း သိထားပြီးသောသူ ဖြစ်တယ်' ဟူ၍ မိမိစိတ်ကို အားတင်းပေးရမည်၊ အားတင်းပြီးလျှင် ယုတ်ညံ့သော စိတ်အာရုံရှိတတ်လျှင် ဖယ်ထုတ်၍ သေးသိမ်ညံ့ဖျင်းသော စိတ်ရှိနေလျှင် ဖယ်ရှားပစ်ရမည်။

ဇွဲမရှိသောစိတ်၊ မကြာခဏပြောင်းလဲတတ်သော မငြိမ်မသက် စိတ်မျိုး ကိန်းအောင်းနေလျှင် ဖျောက်ဖျက်ပစ်ရမည်၊ ဤကဲ့သို့ ဖျောက်ဖန်များ, ပျက်ဖန်များလာသော် တဖြည်းဖြည်းနှင့် ပျောက်မှန်းမသိ ပျောက်ကွယ် သွားလိမ့်မည်။

ယုတ်ညံ့သောစိတ် လျော့ပါးသွားလျှင် တစ်ချိန်ထက်တစ်ချိန် ခေါင်းပါးသွားသောအခါ မြတ်သောစိတ်ထားသို့ ပြောင်းဝင်လာတတ်သည်၊ မြတ်သောစိတ် မြင့်မားသောစိတ် ထားတတ်နေစေရန် လေ့လာယူရမည်၊ တဖြည်းဖြည်းနှင့် မြတ်သော စိတ်ထား ပုံမှန်မွေးမြူနေတတ်သော သူတော်ကောင်း ဖြစ်တော့သည်။

ထိုအခါ စိတ်ထား မြင့်သောသူ၏ ခန္ဓာကိုယ်သည်လည်း ဘုရားရဟန္တာတို့၏ သရီရဓာတ်တော်မြတ် ကိန်းဝပ် စမ္ပာယ်နေသော စေတီလိုက်, စေတီတော်ကဲ့သို့ တန်ခိုးထက်မြက်၍လာလိမ့်မည်၊အကဲခတ်ကြည့်၍ သိနိုင်သောနည်းမှာ မိမိကို(ရဟန်းပုဂ္ဂိုလ်ဖြစ်လျှင်) ရဟန်းရှင်လူအများတို့က လေးစားကြခြင်း၊ မြတ်နိုးစွာအားကိုးလိုကြခြင်း၊ ပူဇော်လိုကြခြင်းကို ခံယူနေရသော အဖြစ်သို့ ရောက်လာမည်ဖြစ်သတည်း။

## ရဟန်းပြုချင်စိတ်ရှိ၍ ပြုလာကြလျှင်

ဤတွင် လိုရင်းကိုပြောမည်၊ သူတစ်ပါးက ကိုက်တွန်း၍မဟုတ်၊ မိမိ၏စိတ်ထဲက ရဟန်းပြုလိုသောစိတ် တကယ်အမှန် ရှိနေ၍ ရဟန်းပြုလာကြလျှင်, 'ငါရဟန်းဝတ်နှင့် ကောင်းကောင်းနေသွားမယ်' ဟူ၍ လေးနက်သောနှလုံးကို ဦးစွာမူချထားရမည်၊ ရဟန်းတို့၏ကျင့်ဝတ်ကို လေးစားစွာနှင့်(ချမ်းသာအောင်) ဟူ၍လည်း စိတ်ဓာတ်တက်သန်နေစေရမည်။ ထိုသို့ မူချထားချက် ကောင်းနေသူသည် အမြတ်ထွက်လာမြဲဖြစ်သည်။

## ချမ်းသာကောင်းလျက် မထိုက်တန်သူ

ရဟန်းဘဝ ရောက်ရှိပြီးခါမှ ကြံရွယ်ချက်တွေ ဝေဝေဆာဆာကြီးနှင့် သူတော်ကောင်းဘဝ၌ ပျော်ပျော်ကြီး နေသွားတော့မည်၊ နိဗ္ဗာန်သို့ ရှေးရှုခြင်း၊ လမ်းတစ်ကြောင်းတည်းသာ ဦးတည်သွားရန် အကြံကောင်းတွေ ရင်ဝယ်ပိုက်ထားပြီးလျှင် တွန့်ဆုတ်ခြင်းမရှိစေရ၊ 'ငါရဟန်းပြုလာခဲ့ပြီးပြီ၊ ရဟန်းကျင့်ဝတ်ကို လေးစားစွာနှင့် ချမ်းသာအောင်နေမယ်၊ နေကတ်အောင် ကြိုးစားမယ်' ဟူ၍ ခိုင်ခိုင်ဆုံးဖြတ်ထားပါ၊ ထိုသူ ရဟန်းဝတ်နှင့်နေသမျှ ရဟန်းကောင်း၊ ရဟန်းမြတ်သာ ဖြစ်နေပါမည်။

## မျက်စိ နား နှာ အင်္ဂါ ခြေလက် ကောင်းလျှင်

လူ၏ဘဝ၌ မျက်စိ နား နှာ အင်္ဂါ ခြေလက် ကောင်းနေသူဖြစ်လျှင် မိမိ၏ တစ်ဝမ်းတစ်ခါး အတွက် ခက်မည် မဟုတ်ပါ၊ သေးငယ်သော ပုရွက်ဆိတ်ကလေးများပင် သူ၏အစာကို ရှာကြံစားနိုင်ကြသေး၏၊ တောငှက်များပင် တော၌ရှိသော သစ်သီးကို ရှာဖွေ စား၍ အသက်မွေး နေနိုင်ကြသေး၏။

လူလောက၌ မနုဿလူသား တစ်ယောက်သည်၊ ကံ, ဉာဏ်, ဝီရိယစွမ်းဖြင့် သူများနည်းတူ နေနိုင်ရမည်၊ လူ၏ဘောင်၌ မကောင်းမှု ဒုစရိုက်ကို ရှောင်ပါ၊ သားမယား ကျွေးမှုအတွက်ဖြင့် သတ္တဝါ အသက်ကို မသတ်လျှင် အပြစ်ကင်းသည်ပင် မှတ်ပါ။

သားမယားကျွေးမှုကြောင့် ငရဲအကျမခံသင့်၊ ဒုစရိုက်အလုပ်မျိုး လုပ်၍ မိမိအသက်ကိုလည်း မမွေးသင့်၊ သားမယား ကျွေးမှုကြောင့်

မိမိကိုယ်ကျိုးကို အနစ်နာမခံသင့်ပါ၊ သတ္တဝါတို့၏ အသက်ကို သတ်ခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာ ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ ခါးပိုက်နှိုက်၍ အသက်မွေးခြင်း၊ လိမ်လည် ကောက်ကျစ်စဉ်းလဲ၍ သူတစ်ပါး၏ ပစ္စည်းကြေးငွေကိုယူခြင်း၊ တရားဆင်၍ အမွေမှုဖြစ်စေပြီး အနိုင်အထက် ရှေ့နေရှေ့ရပ် မတရားအမှုကို နိုင်စေခြင်း၊ တရားသူကြီးဘဝမှာ လာဘ်စားခြင်း၊ ပုလိပ်ဝန်ထမ်းများက ငွေညှစ်၍ ရသမျှ စားနေကြခြင်းတို့သည် မကောင်းမှု ဒုစရိုက်များ ဖြစ်ကြသည်။

ရှေ့နေရှေ့ရပ်များက ရသင့်သော အခကြေးငွေယူ၍ စားသုံးခြင်းသည် ဒုစရိုက် မဟုတ်ပါ၊ အမှုသည်ထံမှ မတရားသဖြင့် ထပ်ခါတောင်းခြင်း၊ ခြောက်လှန့်စွာ တောင်းခြင်း၊ အဆမတန်တောင်းခြင်းသည် မကောင်းမှု ဒုစရိုက်ဖြစ်သည်၊ တမလွန်ဘဝ၌ အပါယ်လားကြောင်း ဖြစ်၍ မိမိအတွက် နစ်နာစေသော ဒုစရိုက်ဖြစ်သည် ဟူ၍ မှတ်ပါ။

## ဆရာတော်ကြီး ဦးရာဇိန္ဒ၏ အမိန့်

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် ခေတ်ပြောင်းကာလတွင် ဤအရှင်၏ ခင်မင် ရင်းနှီးသော ဆရာတော်ကြီး ဦးရာဇိန္ဒ နှင့် ရန်ကုန်မြို့၊ ကမာရွတ်၊ လှိုင် မြစ်လမ်း အောင်ချမ်းသာကျောင်း၌ နေထိုင်စဉ် မကြာမကြာ တွေ့ဆုံကြ၍ စကားထွေရာ ဆွေးနွေးခဲ့ကြသည်၊ တစ်ခါတွင် အမိန့်ရှိသည်မှာ—

'ဘုန်းကြီးတော့ အနေအထိုင် မကောင်းသော ဦးပဉ္စင်းများကို လက်မခံပါဘူး၊ အားနာ၍ လက်ခံထားမိလျှင် သာသနာတော်ပါ ဝန်လေးနေလိမ့်မယ်' တဲ့။ သူ၏ တပည့်များကိုလည်း အနေအထိုင် မကောင်းလျှင် ပွင့်လင်းစွာ ပြောဆို၍ ဆုံးမသည်၊ ဆုံးမသော်လည်း မထူးခြားဟု မြင်ရလျှင် သင်္ကန်းဝတ်နှင့် ဆက်၍မနေရန် ဆုံးမဩဝါဒ ပေးမြဲဖြစ်ကြောင်း အမိန့်ရှိသည်။

## ဆရာတော်ကြီး ဦးဝိလာသ၏နည်း

ဤအရှင်၏ဇာတိရွာ၌ ကျေးဇူးရှင်ငယ်ဆရာတော်ကြီး ဦးဝိလာသ၏ နှလုံးသွင်းသည်လည်း ဆရာတော်ကြီး ဦးရာဇိန္ဒကဲ့သို့ပင် တူညီကြသည်၊ ဆရာတော်ကြီးထံသို့ ရဟန်းဝတ်၍ နေလိုကြောင်း ဆည်းကပ်

လာသူ တွေ့ရလျှင် အလွယ် ရဟန်းပြုပေးလေ့ မရှိပါ၊ ထိုသူ၏ စိတ်နေစိတ်ထား အမူအရာနှင့် ဝါသနာနောက်ခံ စရိုက်ကို စုံစမ်းလေ့လာသည်၊ ညာဉ်မကောင်းသူဟူ၍ ထင်ရလျှင် လက်ခံထားခြင်း မရှိ၊ ရဟန်း ပြုခွင့် မပေးပါ။

သက်န်းဝတ်နှင့် နေလိုကြောင်း တောင်းပန်ခြင်း များသူ ဖြစ်လျှင် ကိုရင်ဝတ်ဖြင့် အချိန်ကြာကြာ နေစေ၍ သာမဏေတို၏ ကျင့်ဝတ် စာများဖြစ်သော သေခိယ စသည်ကို ကြိုတင်ကာ သင်ကြားပေးသည်။

အသက် (၂၀) ပြည့်နေသူနှင့် ထိုထက် အသက်ကြီးနေသူ ဖြစ်သော်လည်း အလွယ ရဟန်းပြုပေးလေ့ မရှိပါ၊ ထိုသူ၏ နောက်ကြောင်း ဘဝကို မသိဖူးသော ရပ်ဘစ်ပါးမှ ရောက်လာသူဖြစ်လျှင် ရဟန်းပြုပေးရန် တောင်းပန်ခြင်းကို လက်ခံတော်မမူပါ၊ ဤကား ရှေးခေတ် ဆရာတော်ကြီးများ၏ ကောင်းမြတ်သောနည်း ဖြစ်သည်။

### မကောင်းမှုကံ၏ မကောင်းကျိုး (၃) မျိုး

မကောင်းမှုကို ပြုခဲ့လေသမျှ မကောင်းသောအကျိုးကို ပေးမြဲ ဖြစ်သည်၊ ပြုလုပ်သူအား ထို မိမိလုပ်ခဲ့ဖူးသကဲ့သို့ နောင်တစ်ချိန်တွင် မကောင်းကျိုး ပြန်၍ပေးခြင်း ခံယူရမည်ဆိုတာ ကေန် မှတ်ပါ၊ ဤကား ကိုယ်လက်လွန်သော ကာယကံကို ပြောခြင်း ဖြစ်သည်။

မကောင်းသောစိတ်ကို ထားရှိသူ ဖြစ်နေလျှင် ထိုသူသည် မနောကံဖြင့် မကောင်းမှုကို ပြုလုပ်နေခြင်း ဖြစ်ကြောင်း မိမိကိုယ်တိုင် နားလည်ရမည်၊ ဤကား စိတ်မှပြုမူနေသော မနောကံကို ပြောခြင်း ဖြစ်သည်။

မိမိ၏နှုတ်မှ မကောင်းသောစကားကို ပြောနေတတ်သူဖြစ်လျှင် ထိုသူသည် ဝစီကံဖြင့် သူ့ကိုယ်သူ မကောင်းကျိုးဖြစ်ပေါ်လာအောင် ဖန်တီးနေသူပဲ ဟူ၍ ပိုင်းခြား သိနားလည်ပါ၊ မိမိကိုယ်တိုင် မကောင်းသော စကားတွေကိုသာ ထပ်ခါ ပြောနေမိလျှင်လည်း ငါသည် ဝစီကံ ချွတ်ယွင်းနေပြီး နောင်တစ်ချိန်တွင် ငါ၏ ချွတ်ယွင်းသော ဝစီကံ၏ မကောင်းကျိုးတွေ ပေးပို့ခြင်း ခံယူရလိမ့်မည် ဟူ၍ နားလည်ကာ နှုတ်ထွက်စကားအထွက် ဆင်ခြင်ရမည်၊ ဤကား ဝစီကံကို သတိပြုတတ်ကြရန် ပြောခြင်း ဖြစ်သည်။

ကိုယ်လက်ခြေတို့ဖြင့် မကောင်းမှုကို ပြုနေတတ်သူ ဖြစ်ခဲ့လျှင်– ‘ငါသည် ကာယကံမြောက် ကိုယ်ထိလက်ရောက် မကောင်းမှုကို ယခုပင် ပြုလုပ်နေဆဲ ဖြစ်ပါကလား’ ဟူ၍ သိနားလည်ပါ၊ ‘ငါပြုမှားသော ကာယကံမှုဖြစ်သည်၊ ငါသာလျှင် ပြန်လည်ခံရမယ်’ ဟူ၍ သိနားလည်ပါ၊ သိနားလည်မှု ရှိနေသူသည် စိတ်ထဲက အလိုလို ရှောင်ချင်သော ဆန္ဒဖြစ်လာလိမ့်မည်၊ ထိုအခါ လူကောင်းဖြစ်ခဲ့ပြီ မှတ်ပါ။

အဆိုပါ ကြောင်းရာတို့သည် မကောင်းမှုဒုစရိုက်များ ဖြစ်ကြသည်၊ ဒုစရိုက် အလုပ်မျိုး မှန်သမျှ ပြုလုပ်ခဲ့သောသူကား နောင်တစ်ချိန်ချိန်တွင် မကောင်းကျိုးတရားတွေ ပြန်၍ ဆိုက်ရောက်လာခြင်း ခံယူရလိမ့်မည်။

ထို့ကြောင့် မကောင်းကျိုးပြန်လည်၍အပေးခံယူရမည့် မကောင်းမှု ဒုစရိုက် မှန်သမျှကို လွတ်အောင် ရှောင်ရှားကြပါ၊ မကောင်းမှုကံဆိုသည့် ရောဂါဆိုးတစ်ခုခု မိမိ၏ ကိုယ်ခန္ဓာတွင်း၌ ဝင်ရောက်နေသကဲ့သို့ ဖြစ်ကြောင်း နားလည်ပါ။

## ခေတ္တ ရောက်နေခိုက်တွင်

လူ၏ဘဝကို ခေတ္တ ရောက်နေရခိုက်ကာလတွင် အမြတ်ရအောင် စိတ်ကို ကောင်းအောင်ထားပါ၊ ဆရာကောင်းကို မှီခိုပါ၊ မိတ်ဆွေကောင်းကို ပေါင်းပါ၊ အမြတ်ထွက်အောင် ကောင်းမှုကိုသာ ရှာဖွေ၍ ပြုနေပါ၊ တံငါသည်တို့ကဲ့သို့ အသက်မသေမွေးနှင့်၊ ကြက်သတ်ရောင်းသူတို့ကဲ့သို့ ကြွက်မဟုတ်ဖွယ် အလုပ်ကို မလုပ်ခဲ့ပါနှင့်။

ရန်ကုန်မြို့တွင်း၌ ခရီးသွားတို့ထံမှ ခါးပိုက်နှိုက် စားနေကြသူတို့ကဲ့သို့ နေ့စဉ် မကောင်းမှု ဒုစရိုက်တွေနှင့် အချိန်ကုန်နေကြလျှင် လူဖြစ်ရကျိုးတွေ အရှုံးကြီးရှုံးကြရပေမည်၊ သေပြီးနောက် ဘဝများစွာ တွင် အပါယ်ငရဲ သံပူရေထဲ၌ ကျရောက်၍ ဒုက္ခကြီးကျယ် ကြောက်မက်ဖွယ်ကို တလုံတလဲလဲ ခံကြရလိမ့်မည်။

အကယ်၍ မကောင်းမှု အမျိုးမျိုးကို ပြုလုပ်နေမိသူ ဖြစ်ခဲ့သော် ‘ငါ လူဖြစ်ရှုံးနေပြီ’ ဟူ၍ သတိရကာ ချက်ချင်း ရပ်နားပစ်ပါ။

## သက်န်းဝတ်နှင့် အလုပ်မမှားစေရန်

သက်န်းဝတ်နှင့် နေချင်သော စိတ်ရှိနေလျှင် သက်န်းဝတ်၌

ပျော်မွေ့နေလေ့ ရှိကြသော သူတော်ကောင်းတို့ အနေမျိုး နေထိုင်ရမည်၊ သူတော်မြတ်တို့ ပြောဆိုပုံ၊ ပြောဆိုနည်းသာ ပြောဆိုရမည်၊ သူတော်ကောင်းတို့ စားသောက်နည်းဖြင့် စားသောက်နေထိုင်ရမည်၊ သူတော်ကောင်းတို့၏ အိပ်နည်းမျိုးဖြင့်အိပ်၍ သွားလာနည်းကိုလည်း သူတော်ကောင်းတို့၏ ဣန္ဒြေ သိက္ခာနှင့် သွားလာရမည်၊ အကယ်၍ ချွတ်ချော်သော နေထိုင်ချင်၊ စားသောက်ချင်၊ ပြောဆိုချင်စိတ် ဝင်နေလျှင် သက်နိုးဝတ်ကိုချွတ်ခွာ၍ဘာဘ ... ၊ ... နှင့်ဘာနှင့်ရှင်းရှင်း နေခြင်းက အပြစ်ကင်း၍ သေပြီးနောက် ... ဖြစ်ရခြင်းမှ ကင်းလွတ်ပါလိမ့်မည်။

### ဆရာတော်ကြီးဦးရာဇိန္ဒ၏ မှတ်ဖွယ်စကား

လွန်ခဲ့သော ရှေးတစ်ချိန်က ဤ်အရှင်ယည် နာဂသျှေတြ တောင်တန်းကြီး ပေါ်တွင် တက်ရောက်၍ သာသနာပြုရန် ခရီးထွက်စဉ်အထက် ချင်းတွင်းမြစ်ရိုးတစ်လျှောက်သို့ အကြိမ်ကြိမ် ရောက်ရသည်။ နာဂတောင်ကြီး၏ တောင်ပိုင်းနယ်အတွင်း သာသနာပြုရေးကိစ္စတွင် ဝံသာနုဘုန်းကြီးဟူ၍ နာမည်ကျော်ကြားခဲ့ဖူးသော ဆရာတော်ကြီး ဦးရာဇိန္ဒနှင့် အလာန် ဂုင်နိုးစွာ တိုင်ပင်စီခဉ်၍ သာသနာပြုခဲ့ကြသည်၊ မြန်မာပြည် လွတ်လပ်ရေးမရသေးခင် အချိန် (က ...) ခေတ် စပ်ကူး မတ်ကူးကာလ ဖြစ်သည်။

ထိုအချိန်တွင် ဆရာတော်ကြီး ဦးရာဇိန္ဒသည် ဟုမ္မလင်းမြို့နယ်၊ ကင်း (၁၃) ရွာ ...ကျောင်းချုပ် ဆရာတော်ကြီး၏ ညွှန်ကြားချက်ဖြင့် (ရေကျော်ရွာ) ကျောင်း၌ သီတင်းသုံးလျက် ရှိသည်၊ မှန်ပင် ...ကျောင်းချုပ် ဆရာတော်ကြီးကို ဆရာတော်အဖြစ် ကပ်ပြောက်၍ သံဃာတော်များကို စည်းရုံးအုပ်ချုပ် ကွပ်ကဲ၍ ထိန်းသိမ်းနေရသည်မှာ ဆရာတော် ဦးရာဇိန္ဒ ဖြစ်သည်။ ထို့ကြောင့် အခြေအနေအရ ရံခါ အခြားသောရွာ၊ အခြား ကျောင်းများသို့ လှည့်၍ ကျောင်းထိုင်ပေးရသည် ဆို၏။

အဆိုပါ ဆရာတော်ကြီး ဦးရာဇိန္ဒသည် သက်တော် (၈၆) နှစ်တွင် ပျံလွန်တော်မူသွားရာ အချိန်မကြာမီလှသေးပါ၊ မှတ်သားထိုက်သော အုပ်ချုပ်ပုံကို ပြောလို၍ ရေးပြခြင်း ဖြစ်သည်။ ဆရာတော်ကြီးသည် ဟုမ္မလင်းမြို့နယ် ရှမ်းရွာ ဘုန်းကြီးကျောင်း များစွာ၌ ကျောင်းထိုင် နေကြသော ကျောင်းထိုင်ဘုန်းကြီး အများကို စီမံအုပ်ချုပ် ထိန်းသိမ်း စောင့်ရှောက်ပေးကာ နေခဲ့ရသော နှစ်ပေါင်းတွေကြာခဲ့ပြီးဖြစ်သည် ဆို၏။

## ကျောင်းထိုင်ဘုန်းကြီး အုပ်ချုပ်ခဲ့ရပုံ

ညချမ်းအခါ အေးဆေးစွာ စကားဆွေးနွေးခဲ့ရာမှာ အရသာရှိပါသည်၊ ဆရာတော်ကြီး ဦးရာဇိန္ဒသည် ဗဟုသုတ ကြွယ်ဝပြီးသော ပုဂ္ဂိုလ်ကြီးဖြစ်၍ ရှေးဟောင်းရော၊ နှောင်းဖြစ်ရော သာသနာရေးရာ သမိုင်း ကိုယ်တွေ့ဖြစ်ရပ်အဖုံဖုံ ပြောပြတတ်သည်၊ သာသနာရေးနှင့် စပ်၍ သမိုင်းပုံပြင်တွေ ပြောပြသော အပိုင်းတွင် စိတ်ဝင်စားဖွယ်ကောင်း၍ အချိန်ကြာကြာကြီး စကားလက်ဆုံ ကျနေလေ့ ရှိကြသည်။

ဆရာတော်ကြီး အမိန့်ရှိသည်မှာ 'အချို့သော တပည့် ကျောင်းထိုင် ဘုန်းကြီးငယ်များက စကားပြောနည်း မတတ်ကြဘူး၊ စကားပြောဆိုပုံ မပြေလည်မှုကြောင့် ရပ်ရွာဒကာတို့နှင့် ရံခါ ဆက်ဆံရေး မပြေလည် ဖြစ်တတ်ကြတယ်၊ ဒီလိုကိစ္စကြုံလာတော့ ကိုယ်တိုင် သွားရောက်ပြီး ပြေလည်စေရတယ်၊ ထိုနယ်, သည်နယ်၌ ဘုန်းကြီးတော့ ရှိနေစေချင်ကြလို့ မပြေလည်မှု ကြုံရတိုင်း သည်းခံပြီး ပြေလည်စေခဲ့ရတာတွေက အကြိမ်ကြိမ် တွေ့ကြုံခဲ့ဖူးလှပြီ'

'အနေအထိုင် ချွတ်ယွင်းမှုကြောင့် ရွာဒကာတွေက တိုင်တန်းကြလို့ ကိုယ်တိုင် သွားရောက် ဆုံးမပေးရတယ်၊ အချို့ပုဂ္ဂိုလ်ငယ်တို့က စားသောက်မှု လော်လည်ကြလို့၊ ဒကာတို့ မကြည်ညိုကြပုံ သတင်းရလျှင် အခြေအနေကြည့်၍ ဆုံးမပေးရတယ်၊ သို့သော် အစားလော်လည်တဲ့ပုဂ္ဂိုလ် မများပါဘူး၊တွေ့ရဖူးတာကိုသာ ပြောပါတယ်။

'ရဟန်း သာမဏေ တပည့်များကို ထိန်းသိမ်းမွေးမြူ စောင့်ရှောက် ထားခဲ့ပုံအကြောင်းပြောရာတွင် 'သူ၏ထံပါးသို့ တပည့်ခံ၍ နေထိုင်လိုသူကို အနေအထိုင်ကောင်းမကောင်း၊စိတ်ထားနှလုံးထားကောင်း မကောင်းကို အကဲခတ်နိုင်ရန် ကိုရင်ဝတ်နှင့် အချိန်ကြာကြာ ထားကြည့်ကြောင်း အမိန့်ရှိသည်။

အနေအထိုင်မကောင်း, စိတ်သဘောထား ကောင်းပုံမရဟူ၍ ထင်ရလျှင် ရဟန်းပြုမပေးကြောင်း၊ ကိုရင်ဝတ်နေခြင်းကိုပါ ချွတ်လဲစေရန် လူဝတ်နှင့်သူ၏ မိဘဆရာထံသို့ ပြန်လွှတ်ခဲ့ကြောင်း၊ ထို့ပြင် (မျက်စိ နားနှင့်ခြေလက်) ကိုယ်ခန္ဓာချွတ်ယွင်းမှုကိုလည်း ရဟန်းပြုမပေးကြောင်း၊ အခြားရပ်ဒေသမှ ရဟန်းပြုခဲ့ပြီးသူကိုလည်း ကိုယ်

လက်အင်္ဂါ ချို့ယွင်းသူနှင့် နေထိုင်ပုံစရိုက်မကောင်းသူ၊ စိတ်သဘော ထား မကောင်းသူဖြစ်လျှင် မိမိတို့၏ရပ်နယ်အတွင်း၌ တပည့်ခံ၍ နေ ထိုင်ခွင့်မပေးခဲ့ကြောင်း မိန့်ကြားသည်။

အဆိုပါ ဟုမ္မလင်းဆရာတော်ကြီး၏မိန့်ကြားချက်သည် မြန်မာ ပြည်၌ သာသနာတော် သန့်ရှင်းရေး၊ ပြန့်ပွားရေး၊ တာရှည် တည်တံ့ရေးကို အကျုးကြီးစွာ ဆောင်ရွက်နေချိန်တွင် လိုက်နာကြ ရန် အရေးပါသော နည်းပေး လမ်းညွှန်ဖြစ်၍ ကျေးဇူးတင်ထိုက် ပါသည်။

ဆရာတော်ကြီး ဦးရာဇိန္ဒသည် ဇာတိ တောင်တွင်းကြီးသား ဖြစ်သည်။ သူ၏မိဘတို့က သစ်တောဖက် ဝန်ထမ်းဖြစ်၍ ဟုမ္မလင်းနယ် ၌ အခြေချနေထိုင်ကြသောကြောင့် အနေမြဲသွားကြသည်။ ထို့ကြောင့် ဆရာတော်ကြီးကို ရှမ်းဘုန်းကြီးဟူ၍ ပြောဆိုလေ့ ရှိကြသည်။

## ဆရာတော်ကြီး ဦးနရိန္ဒ၏ နေထိုင်နည်း

ရင်းနှီးစွာ ပေါင်းကြုံခဲ့ဖူးသော ဆရာတော် ဦးနရိန္ဒ ၂-ပါးကို ရဟန်းပုဂ္ဂိုလ်လောကတွင် ကြည်ညိုဖွယ် ထူးခြား၍ စင်ကြယ်သော သူတော်ကောင်းဟူ၍ နှစ်သက်မြတ်နိုးစွာ မှတ်ထားခဲ့ဖူးသည်။

ပထမတွေ့ရသော ဦးနရိန္ဒသည် ဤအချင် စာသင်သားဘဝ တုန်းက ပခုက္ကူမြို့ မဟာဝိသုတာရာမ စာသင်တိုက်ကြီး အတွင်း သာသနာလင်္ကာရကျောင်း၌ နေခဲ့စဉ်က စာသင်သား ရဟန်း ပျိုရွယ် သူ အချင်းချင်း တွေ့ခဲ့ရသော သထုံမြို့နယ်သား ကရင်အမျိုးသား ဦးနရိန္ဒဖြစ်သည်။

အဆိုပါ ဦးနရိန္ဒသည် ဥပဓိရုပ်ကောင်း၍ ကြည်လင်သည်၊ သထုံနယ် ကရင်အမျိုးသားတို့၏ မျက်နှာပုံစံ အချိုးအစား (သီဟ- ဟနု) ခေါ်သော မေးရိုးကားကားနှင့် ကြည့်၍ခန့်သည်၊ မျက်နှာကို မြင်ရလျှင် ရိုးသား၍ ယဉ်ကျေးသိမ်မွေ့သော သွင်ပြင် ပုံမှန်ရှိသည်၊ စာလက်သောအသွင်, ပျက်ချော်သော မျက်နှာ၊ စိတ်ဆိုးလှုပ်ရှား သော-မကျေနပ်သော ဒေါသရိပ် လုံးဝမသန်းပါ၊ ဒေါသ-မာနကင်း ရှင်းနေပြီးကဲ့သို့ အခါခပ်သိမ်း တွေ့မြင်ရသည်။

နေထိုင်ပုံ ကိုယ်အမူအရာ ယဉ်ကျေး၍ ဝိနည်းသိက္ခာပုဒ်ကို လေးစားစွာ လိုက်နာသည်၊ ဘုရားရှင်လက်ထက်တော်၌ သီတင်းသုံး နေထိုင်လေ့ရှိကြသော နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော အရိယာ ပုဂ္ဂိုလ်မြတ်တို့၏ နေထိုင်ကျင့်ကြံတော်မူကြသကဲ့သို့ မခြားနားဟူ၍ ဆိုနိုင်လောက်အောင် ကြည်ညိုဖွယ်ရှိသည်။ တမင် ဟန်ဆောင်နေသော အသွင်မဟုတ်ပါ၊ ဆွမ်းခံ၍ရနိုင်သမျှသော ဆွမ်းနှင့် တစ်မျိုး၊ နှစ်မျိုး သော ဆွမ်းဟင်းအနည်းငယ်ဖြင့် မျှတစွာ စားသောက်နေတတ် သည်။ ချမ်းအေးသောစိတ်နှလုံးဖြင့် တင်းတိမ်ရောင့်ရဲစွာ နေထိုင် လေ့ရှိပုံကို နေ့စဉ်မူမှန် မြင်နေရမြဲဖြစ်သည်။

ဤအရှင်နှင့် သာသနာလင်္ကာရ တိုက်ခံကျောင်း၏ အောက်ထပ်၌ အိပ်ရာနေရာနှင့် နီးကပ်စွာနေထိုင်ခွင့်ပြု၍ ချစ်ခင် ရင်းနှီးစွာ နေ ထိုင်ခဲ့ကြသည်။ ညချမ်းအခါတွင် နေ့ခင်းမှသင်ယူခဲ့ကြသော ကျမ်း ဂန်တို့မှ ကြောင်းရာအချို့ကို ဆွေးနွေးသင့်ရာ ကွက်၍ ပါဠိတော်ဆို ချက်နှင့် အဋ္ဌကထာဖွင့်ပြချက် အချက်အလက်အချို့ကို ကောက်နုတ် ဆွေးနွေးခဲ့ကြသည်၊ ဘဝနောက်ခံပါရမီ ရေစက်နီး၍ပေလော-အလွန် ချစ်ခင်ရင်းနှီးကြသည်၊ စာစကားကိုဆွေးနွေးရင်း အကြိမ်ကြိမ် စကား လက်ဆုံကျ၍ ပြောခဲ့ကြသည်။

စိတ်ထားစင်ကြယ်သော သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ ခင် မင်ခြင်းသည် လူသားအချင်းချင်း ခင်မင်ရင်းနှီးသကဲ့သို့ မဟုတ်ပါ၊ ဖြူစင်သောစိတ်ချင်း တူညီကြ၍ နှစ်သိမ့်မှု, ကျေနပ်မှု အားကောင်း သည်။ လူတို့ကဲ့သို့ ဘေးတွယ် သံယောဇဉ် မရှိ၍ တည်မြဲသည်၊ ထို သဘာဝကို 'မေတ္တာသံယောဇဉ်' ဟူ၍ ခေါ်ဆိုကြသည်။

'ဘုန်းတော် နောင်အသက်အရွယ် ကြီးရင့်လာသောအချိန် ပိုင်းကာလတွင် သင့်တော်ရာ တောရကျောင်း၌ ကမ္မဋ္ဌာန်းတရားနှင့် နေထိုင်ဖြစ်မယ်လို့ ထင်မြင်ပါတယ်' ဟူ၍ ပြောတတ်သည်။

ဆက်၍ပြောသည်မှာ 'အသက် ကြီးရင့်သော အချိန်တိုင်းမှာ ကမ္မဋ္ဌာန်းအလုပ်နှင့်သာ ခိုင်မြဲစွာ ပျော်မွေ့နေထိုင်သွားရန် ကြိုးစား မယ်လို့ စိတ်ထဲကကျိတ်ပြီးနှလုံးပိုက်ထားတယ်ဘုရား၊ ကြိုတင်မှချတော့ ထားတာပဲဘုရား၊ အောင်မြင်မှု မအောင်မြင်မှုဆိုတာ အချိန်ကာလ အခြေအနေက ဆုံးဖြတ်ချက်ပေးလိမ့်မယ်၊ ကောင်းမြတ်သော ကြံရွယ် ချက်ဆိုတာ ကြံရွယ်ချက်ရှိရမယ်' ဟူ၍ ပြောသွားဖူး၏။

ထို့ကြောင့် စာသင်သားဘဝတုန်းက ခင်မင်ရင်းနှီးမှု အားကောင်းခဲ့ကြသော မိတ်ဆွေကောင်းကြီး ဦးနရိန္ဒကို ရဲဖန်ရံခါ သတိရတယ်၊ သတိရမိတိုင်း ကြည်ညိုခဲ့ဖူးသည်ကို နှစ်သက် စိတ်ဝင်စား၍ နေမိတတ်သည်၊ ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်မြေပေါ်သို့ ကျရောက်လာသောအခါ စာသင်သားရဟန်းပုဂ္ဂိုလ်အားလုံး ဇာတိရပ်ဒေသသို့ ကိုယ်စီ ပြန်သွားကြသောကြောင့် ကွဲကွာသွားကြ၍ မတွေ့ကြရတော့ပါ၊ စိတ်အာရုံညွတ်၍ မေတ္တာသာပို့လို့နေရသည်။

ဘွဲ့အမည်တူသော အခြားဆရာတော်ကြီး ဦးနရိန္ဒ၏ နည်းယူဖွယ်ကောင်းချက်ကို ဤတွင် ဖော်ပြပါမည်။

ဤအရှင် ရဟန်းဘဝ ပါရှယ်စဉ်အချိန်က ကိုးတွေ့ခဲ့ရသော ဆရာတော်ကြီး ဦးနရိန္ဒသည် သက်ရှယ်တော်ကြီးဖြစ်၍ ဇာတိ ရွှေဘိုခရိုင်မှ ဒီပဲရင်းနယ်သား ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ဖြစ်သည်။ ရှေးလွန်လေပြီးသော အချိန့် ဝံသာနုခေတ်ကြီး အကူင်းဝယ် ဝံသာနုတရားပွဲကြီးတစ်ခုသို့ တရားဟောပြောရန် ကြွရောက်လာစဉ် ကိုးကြိုက်၍ ဤအရှင်၏ဇာတိ ငွေတွင်းကုန်းရွာကျောင်း၌ ဖူးတွေ့ရသည်။ ဝတ်ကြီးဝတ်ငယ် ခေတ္တပြုလိုက်ရဖူးသည်။

စိတ်ထား မြင့်မြတ်သော ပုဂ္ဂိုလ်ထူးတို့၏သဘာဝသည် နှုတ်ထွက်စကား ကောင်းကြသည်။ ကောင်းသောစကားကိုသာ ပြောဆိုတတ်မြဲဖြစ်ရာ မုတ်သားလောက်သောစကားထူး စကားကောင်းကိုလည်း မိန့်ဆိုတတ်ကြသည်။ သီတင်းသုံးဖော် ဘဝတူကျောင်းထိုင်ဘုန်းကြီး အချင်းချင်း စကားပြောဆိုနေကြပုံကို ဤအရှင် ရဟန်းငယ် အဖြစ်နှင့် ဝေယျာဝစ္စ ဆောင်ရင်း ကြားနာခွင့် ရခဲ့သည်။

'သာသနာတော် နောက်ပိုင်း ဆုတ်ကပ်ခေတ်မှာ ရဟန်းကျင့်ဝတ်ကို ပေါ့ဆစွာ နေတတ်ကြကြောင်း တစ်ဆင့်စကားကြားရတယ်ဘုရား၊ တပည့်တော်ကိုယ်တိုင် ဤသဘောကိုပြောရလျှင် သူတစ်ပါးအကြောင်း အပြစ်မြင်သံ ကြားသိရတိုင်း၊ ငါကိုယ်တိုင် အတွက်ဖြင့် အပြစ်ကင်းစင်စေရမယ်၊ ကောင်းအောင်နေသွားမယ်၊ သူတစ်ပါးတို့ကဲ့သို့ ကဲ့ရဲ့စရာမရှိ၊ အပြစ်ပြောစရာမရှိအောင် နေထိုင်သွားမှာပဲလို့ အမြဲ နှလုံးသွင်းထားတယ်ဘုရား'-တဲ့။

## နေနတ်သားနှင့် လေနတ်သား အားပြိုင်တဲ့ပုံပြင်လို

'ဒဏ္ဍာရီနေနတ်သား နှင့် လေနတ်သား အားစွမ်းပြိုင်ကြတယ် ဆိုတဲ့ ပုံပြင်စကားကို လေနတ်သားက လေပြင်းပြင်းကြီးတိုက်လေ၊ ခရီးသွားယောကျ်ားက သူ၏ခါးဝတ်ပုဆိုးကို မြဲမြဲကြီးဝတ်၍ ခရီးတွင် တွင်သွားပြနေတယ်' ဆိုတဲ့ ဥပမာပုံစံလို စိတ်ထားညံ့ ပုဂ္ဂိုလ်တို့က ကျင့်ဝတ် ပေါ့လျော့ကြောင်း ကြားသိရလေ ဆရာတော်တို့- တပည့် တော်တို့- မိမိတို့လိုက်နာရမည့် ရဟန်းကျင့်ဝတ်ကို မြဲမြံစွာ ကျင့်လေ၊ ကြိုးစားနေကြရမှာပေါ့ ဘုရား-တဲ့'၊ မှတ်သားထိုက်သော ဩဝါဒ ဖြစ်ပေသည်။

အဆိုပါဆရာတော်ကြီးသည် ရွှေဘိုနယ်သား လူထွားကြီးဖြစ် လေရာ အရပ်အမောင်းမြင့်မြင့်၊ ကိုယ်ခန္ဓာတောင့်တင်း၍ သန်စွမ်းသော ဥပဓိရုပ်ရှိပုံကို ရဟန်းပုဂ္ဂိုလ် အချင်းချင်းအား ဩဝါဒပေးတော်မူနေ စဉ်က ဖူးတွေ့ခဲ့ရသည်၊ မျက်မြင် ပုံဘန်ကိုပါ မြင်ယောင်လျက် ကြည်ညိုမိနေသည်။

၎င်းကား စိတ်သဘောထား ရိုးဖြောင့်စွာ အနေအထိုင်ကား ရိုးသားလျက် ရဟန်းတို့၏ကျင့်ဝတ်သိက္ခာကိုလည်း ရိုးသားဖြောင့်စဉ်း စွာနှင့် ဘဝတစ်သက်တာပတ်လုံး သီးတင်းသုံးနေထိုင်သွားကြသော ရှေးခေတ်ကာလ၌ အညာသား သူတော်ကောင်းစစ်စစ် ဆရာတော်ကြီး တို့၏ ကြည်ညိုဖွယ်ရာ နည်းကောင်း နည်းမွန်များကိုသာ နမူနာ ပေးသွားခြင်း ဖြစ်သည်။

## လူလောကအလယ်၌ ထည်ဝါစွာနေထိုင်နည်း

ရဟန်းမပြုနိုင်၍ လူသာမန်ဘဝဖြင့် တစ်သက်သာနေသွားလို သူသည် အပြစ်ကင်းအောင် နေသွားလျှင် မြတ်ပါသည်။ မြတ်သည် ဆိုရာမှာ လူ့ဘဝရောက်ပြီးခါမှ သေပြီးနောက် အပယ်လေးဘုံမကျ ရောက်ခြင်းနှင့် မသေခင် ထောင်ကျခြင်းမရှိသူကို ပြောခြင်း ဖြစ် သည်။

— လူသားတစ်ဦးအနေဖြင့်ထည်ဝါစွာနေနည်းကို ရိုးရိုးကလေးနှင့် ပြောမည်၊ ထူးထွေစွာ ကျင့်ရန် မဟုတ်ပါ၊ အပြစ်ကင်း အောင် နေခြင်း ဖြစ်သည်။

— မသေခင် လူလောကထဲရပ်တည်နေခိုက်မှာသူတစ်ပါးတို့၏ ကဲ့ရဲ့ ပြစ်တင်ခြင်း မခံရလျှင် အပြစ်ကင်းသူဖြစ်သည်။

— သူတစ်ပါးတို့အားထိခိုက်နစ်နာစေသောစကားကို မပြောလျှင်။

— သူတစ်ပါးမခံချင်အောင် သူတစ်ပါးအကြောင်း မကောင်း သော စကားကို မပြောလျှင် နှုတ်ဝစီဖြင့် အပြစ်ကင်းသူ ဖြစ်သည်၊ ပါးစပ်ကိုအမြဲပိတ်ပနေဘဲ သူတစ်ပါးတို့၏မကောင်း ကြောင်းတွေကိုသာ ကြားရသူ နားညီးအောင် ပြောဆိုနေ တတ်သူ ထက် မြင့်သူ ဖြစ်သည်၊ စိတ်ထားမြင့်သူသည် လူ၏ ဘဝ၌ မြတ်သူဖြစ်သည်။

ကာယကံဖြင့် ကိုယ်ထိလက်ရောက် သူတစ်ပါးအား နစ်နာ စေရန် ဒေါသမာနဖြင့် တစ်စုံတစ်ရာမပြုလုပ်လျှင် အပြစ်ကင်းသည်၊ သူ တစ်ပါးအားနစ်နာစေကြောင်း ကိုယ်ဖြင့် ထိပါးပုတ်ခတ် မပြုလုပ်လျှင် အပြစ်ကင်းသည်။ လူ့ဘဝကိုရခြင်းကြောင့် အရှုံးမရှိသူ ဖြစ်သည်။ ပတ်ဝန်းကျင်မှ မုန်းတီးခြင်းမခံရ၍ နှစ်သက်ဖွယ်သောသူ ဖြစ်သည်။

မိတ်ဖြင့် သူတစ်ပါးအား မနစ်နာစေလျှင် သူတစ်ပါးပျက် စီးရာပျက်စီးကြောင်းမကောင်းကျိုးဖြစ်ပေါ်စေရန်မကြံစည်လျှင်အပြစ် ကင်းသည်။ မိတ်ဖြင့် သူတစ်ပါးတို့၏အပေါ်၌ မကောင်းကျိုးရအောင်- နစ်နာအောင်- ဒုက္ခရောက်အောင် ဖြစ်စေလိုသော ဆန္ဒမထားလျှင် အပြစ်ကင်းသည်၊ ဤသို့စိတ်ထားရှိသူသည် လူဖြစ်ရကျိုးဖြစ်သည် မှတ်ပါ။

လူ့လောက၌ ထည်ဝါစွာ နေနည်းသိသည်မှာ ဤဖော်ပြပါ မနောကံ၊ ဝစီကံ၊ ကာယကံတို့ဖြင့် အပြစ်ကင်းအောင် နေသူသည် အခါခပ်သိမ်း လူလောက အလယ်၌ ထည်ဝါစွာနေနည်းကောင်း နေ ပြသူ ဖြစ်သည်။

## ကာမဘောဂီဖြင့် နေထိုင်နည်း

လူ၏ဘဝကို ရနေခိုက်ဖြစ်၍ အများနည်းတူ ကာမဘောဂီနှင့် နေလိုသူသည် လူတို့ထုံးစံ အိမ်ထောင်ဇနီးသိမ်းပိုက်၍ နေထိုင်နိုင်သည်၊ ပုထုဇဉ်တို့ဓမ္မတာဖြစ်၏။ အပြစ်မရှိပါ။

သို့ရာတွင် လူတို့ထုံးစံဖြင့် နေထိုင်စဉ်မှာ စိတ်အာရုံရှင်းရှင်းနေပါ၊ စိတ်ထားပုံဖြောင့်စဉ်းစွာထားပါ၊ ပုံမှန်ထားပါ၊ စိတ်ထား ရိုးသား၍ ပြောဆိုသော နှုတ်ထွက်စကားကို ရိုးသားပွင့်လင်းစွာ ပြောဆိုပါ၊ လူကြီးများကို ရိုသေလေးစားပါ၊ ကိုယ်အမူအရာဖြင့်လည်း ရိုးသားတည်ငြိမ်စွာ နေပါ၊ ဤမူအတိုင်း နေသွားလျှင် ရဟန်းမပြုနိုင်၍ ကာမဘောဂီသမား လူတစ်ဦးအဖြစ်နှင့် ကောင်းသော နေနည်း ဖြစ်သည်ဟူ၍ မှတ်ပါ၊ စိတ်ရှင်းစွာနှင့် ကျေနပ်နိုင်ပြီဟူ၍ မှတ်ပါ။

လောကရေးရာအားဖြင့် ထိုကဲ့သို့နေခြင်းကြောင့် လူနှင့်လူချင်း ကဲ့ရဲ့ပြစ်တင်မခံရ၊ ပုလိပ်,ရဲစသော လုံခြုံရေး မှုထမ်းတို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းမခံရ၊ သူတစ်ပါး၏ ပစ္စည်းခိုးယူခြင်း၊ လိမ်လည်ကောက်ကျစ်၍ ယူခြင်း၊ ခါးပိုက်နှိုက်စားနေခြင်း မဟုတ်၍ လူဆိုးစာရင်းတွင် အသွင်းမခံရပါ၊ အပြစ်ကင်းစင်၍ ထောင်တန်းကျခြင်းခံရဖွယ် မရှိ၊ လွတ်လပ်ချမ်းမြေ့စွာနေရ၏၊ ဤသည်ပင် ထည်ဝါစွာနေပြခြင်း ဖြစ်သည်။

သေပြီး နောက်ဘဝတွင် အပါယ်ကျဖွယ်မရှိ၍ စိုးရိမ်ပူပန်ရန် မရှိပါ၊ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါး အပြစ်ကင်းစင်အောင် နေ၍ ယခုဘဝရော၊ နောင်ဘဝရော ကြောက်ဖွယ်မရှိပါ၊ ဤကား လူ၏ဘဝကို သန့်ရှင်းစွာနေနည်းကောင်း ဖြစ်သည်၊ လူအားလုံး လိုက်နာကြရန် နည်းပါ။

## အနေရိုးရိုးနှင့် အမြတ်ထုတ်ယူနည်း

လူ၏ဘဝကို လက်ဝယ်ရရှိနေကြသော တို့သူငါအားလုံးတို့ကို ရိုးရိုးနှင့် အမြတ်ထုတ်ယူနည်းကို ပြောမည်။ ဒုစရိုက်မှုကို မပြုမှားသောကြောင့် သေပြီးနောက်ဘဝ၌ အပါယ်ဆင်းရဲသို့ မကျရောက်နိုင်ပါ၊ အပါယ်ဘေးမှလွတ်လျှင် သုဂတိဘုံဘဝများ၌သာ ကျင်လည်နေရမည်မှာ သေချာသည်။

သုဂတိဘုံဘဝဆိုသည်မှာ လူ၏ချမ်းသာသောဘဝမျိုးနှင့် နတ်ဘုံဘဝများ၏ ချမ်းသာကို ခံစား,စံစားကာ နေသွားရမည်ကို ဆိုသည်။

## ဘဝတစ်လျှောက် ချမ်းသာအောင် ခရီးသွားနည်း

ယခုလက်ရှိ လူ၏ဘဝ၌ ကာယဒုစရိုက်(၃)ပါးနှင့် ဝစီဒုစရိုက်(၄)ပါးကို လွတ်ကင်းအောင် ရှောင်ပါ၊ ငရဲကြီး (၈) ထပ်သို့ ကျရောက်ခြင်း မရှိ၊ ပြိတ္တာဘဝမရောက်၊ အသုရာဘဝမရောက်၊ တိရစ္ဆာန်မဖြစ်နိုင်ပါ၊ လူဖြစ်လျှင် ကိုယ်ခန္ဓာသန့်ရှင်း၍ သန့်ရှင်းသူဖြစ်ရမည်။ စားဝတ်နေရေး ပင်ပန်းခြင်းကင်းမည်၊ နတ်ဘုံဘဝ ရောက်ပြန်လျှင်လည်း ကိုယ်စိတ်ချမ်းသာစွာ ခံစား၍ ပျော်ရွှင်နေရမည်မှတ်ပါ။

ဤနည်းသည် လူ၏ဘဝ ရနေခိုက်အခါ၌ အမြတ်ထုတ်ယူတတ်သော နည်းဟူ၍မှတ်ပါ၊ ထိုထက်ပို၍ မိမိ၏ ရိုးသားစွာလုပ်ဆောင်၍ ရရှိသော ငွေနှင့်ဥစ္စာကို တတ်စွမ်းနိုင်သမျှ လှူဒါန်းပါ၊ ပေးကမ်းစွန့်ကြဲပါ၊ သံသရာဘဝခရီး ရိက္ခာစုဆောင်းခြင်း အလုပ်ဟူ၍လည်း နားလည်ပါ၊ ဝမ်းမြောက်ပါ။

ဒါနပြုရာတွင် နည်းသော များသောမဟူ စေတနာကို ထက်သန်စွာထားတတ်ရမည်၊ စေတနာထက်သန်မှုသည် အဓိကဖြစ်သည်မှတ်ပါ။

လှူဒါန်းပေးကမ်းသော ပစ္စည်းသည် ပန်းဖြစ်စေ၊ ရေချမ်းသုံးရေ, သောက်ရေ ဖြစ်စေ၊ သစ်သီး ကြီးငယ် ဖြစ်စေ၊ စား ဖွယ် သောက်ဖွယ် ထမင်း, ဟင်း, မုန့်ခဲဖွယ်ဖြစ်စေ၊ အဖျော်ယမကာဖြစ်စေ၊ အဝတ်သင်္ကန်း၊ အခြုံအရုံ အထည်အမျိုးမျိုး ဖြစ်စေ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း ပြုရမည်။

လှူရာဌာနသည် သက်ရှိရဟန်းသံဃာများဖြစ်စေ၊ စေတီပုထိုးများအား ပူဇော်ခြင်းဖြစ်စေ၊ လူကြီးများအား ကန်တော့ခြင်း ဖြစ်စေ၊ လူငယ်များအား ပေးကမ်းစွန့်ကြဲခြင်းဖြစ်စေ၊ အဟိတ်တိရစ္ဆာန်များ ကျွေးမွေးခြင်း ဖြစ်စေ ပြုနိုင်၏၊ အားလုံး ဒါနချည်းဖြစ်သည်။

ရေအလှူပြုရာတွင် ရေချမ်းစင်၊ ရေတွင်း ရေကန်တူး၍ လှူခြင်းစသည် သုံးရေသောက်ရေ အားလုံး (ဥဒကဒါန) ရေအလှူမြောက်၏မှတ်ပါ၊ အညာဒေသ တောရွာကျေးလက်များ၌ နွားကျွဲ တိရစ္ဆာန်များအတွက် နွားရေသောက်ကန်များတူး၍ လှူဒါန်းခြင်းသည် အလွန်ကျေးဇူးများသည်၊ ဤအရှင်သည် ထိုအချက်ကို သိမြင်၍ အညာ

တောရွာ ဒေသအများ၌ ရေကန် ကြီး,ငယ်တွေ အများကြီး တူးစေပြီး လှူဒါန်းထားပြီး အများကြီးရှိပါသည်၊ ဤကား လူ၏ဘဝရနေခိုက်တွင် ဒါနကုသိုလ်ပါရမီဖြည့်ရန် နည်းပေးခြင်း ဖြစ်သည်။

## သီလ ကုသိုလ် ပါရမီအထုံရစေနည်း

မြတ်သောလူ၏ဘဝကို အရတော်စွာ ရနေခိုက်တွင် သီလအကျင့်၌ ပါရမီကုသိုလ် အလေ့အကျင့် ရစေရန်နည်းကို ပြောမည်။

မြန်မာပြည်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် ဤမှာဘက်တွင် လူအတော်များများသည် ဥပုသ်သီလ ဆောက်တည်ခြင်း၌ ဆောက်တည်ကြသူအချို့သည် တစ်နေ့တာသီလ၌တည်၍ ဥပုသ်သီလ ပြည့်စုံအောင် တကယ်ကျင့်သုံးခြင်း မရှိကြတော့ပါဘူးဟု အပြောအဆိုများလာကြသည်။

လူငယ်လူရွယ်တွေ အတော်များများသည် သီလကို အလေးမထားကြပုံ တွေ့မြင်နေကြရသည်၊ တောနေသူ၊ မြို့နေသူ အားလုံး ပေါ့ဆနေကြပြီကို သတိပြုကြည့်သင့်ကြကြောင်း အကြံပေးလိုပါသည်။ နောင်ခါ တိုင်းပြည်အန္တရာယ်ဖြစ်လာနိုင်သည်အထိ အရေးကြီးကြောင်းကိုလည်း နားလည်ကြရပေမည်။

လူကြီးနှင့် လူလတ်ပိုင်းကို ပြောရလျှင် အထူးသဖြင့် လူဦးရေထူထပ်စွာ နေထိုင်ကြသော မြို့ကြီးများ၌ ဥပုသ်သီလ ဆောက်တည်၍ လေးလေးစားစား ဥပုသ်စောင့်သုံးသူ ရှားပါးနေကြပြီ ဟူ၍ လူပြောများနေပြီ၊ အစိုးရဝန်ထမ်းကို ကြည့်မြင်တိုင်း သတိထားမိရာ အခါကြီးရက်ကြီးနှင့် ဝါတွင်းကာလ ဥပုသ်နေ့များ၌ ဥပုသ်သီလယူခြင်း၊ဥပုသ်စောင့်ခြင်း မရှိကြတော့ပုံကို တွေ့မြင်နေရ၏။ သူတို့အတွက် သနားစရာဟူ၍ တွက်ဆရပေမည်။

## သီလကြောင့် ကြံရွယ်ရာ အောင်မြင်နိုင်

လူလောက၌ သီလအကျင့်ဆိုတာ မိမိတို့ ရလိုရာကိစ္စကို ပြီးမြောက်၍ ပြည့်စုံစေနိုင်သော အောင်မြင်ကြောင်း နည်းကောင်းဆိုတာ သိကြဟန်မတူပါ၊ ထို့ကြောင့် ဤတွင် တိုတိုနှင့်ရှင်းရှင်း ရေးပြမည်။

ပထမသိရန်အချက်မှာ သီလအကျင့်ဆိုတာ ခက်ခဲသော-ပင်ပန်းသော အလုပ်မဟုတ်ကြောင်း နားလည်ထားကြရပါမည်၊ သို့သော် မိမိတို့စိတ်ကို လွယ်ကြောင်း အကျင့်ရအောင်တော့ ကြိုးစားပေးကြရပေမည်။ စိတ်ကို အကျင့်ပါအောင် ပြုပြင်ပေးလျှင် အလွယ်သာရနိုင်သောအလုပ် ဖြစ်သည်။

(ဥပမာ) 'ဒီနှစ်ဟော့ ဥပုသ်သီလကို စောင့်ဖြစ်အောင် စောင့်မယ်' ဟူ၍ ပထမ ဆုံးဖြတ်ချက် ချပါ၊ ဆုံးဖြတ်ထားပြီးနောက် ကြိုးစားကြည့်ပါ။

ရှစ်ပါးသီလ ဥပုသ်ကို အမြဲမစောင့်နိုင်သေးခင်မှာ 'ငါးပါးသီလကိုတော့ဖြင့် ငါလုံအောင် ထိန်းမယ်' ဟူ၍ မိမိစိတ်ကို တိုက်တွန်းပေးပါ၊ တိုက်တွန်းနေစဉ် ဖြစ်အောင် လေ့ကျင့်ယူပါ၊ ဦးစွာ တစ်ကြိမ်ရပြီးလျှင် နောက် ထပ်ခါ အကျင့်ရလာပါမည်။

ထိုနောက် 'ငါသည် ငါးပါးသီလကို လုံအောင်ထိန်းမယ်' ဟူ၍ စောင့်ထိန်း၊ စမ်းကြည့်ပါ၊ စိတ်အာရုံ ပျော်လာပုံ လက်တွေ့ သိကြရပါလိမ့်မည်၊ စိတ်ပျော်လာလျှင် စိတ်ဝင်စားခဲ့ပြီး ထိုအခါ 'ငါသည် သီလပါရမီ၌ အထုံပါခဲ့ပြီးသူ ဖြစ်ဟန်ရှိသည်' ဟူ၍ အကဲခတ်နိုင်သည်။

(နောက်တစ်နည်း) အကယ်၍ ငါးပါးစုံကို လုံအောင်မထိန်းနိုင်ဟူ၍ ထင်မြင် ယူဆခဲ့သော် ငါးပါးထဲမှ မိမိစိတ်ကြိုက် (၃)ပါးကိုရွေးယူကောက်နုတ်၍ 'ဤ ၃-ပါးကို ငါ တစ်သက်လုံး စောင့်ထိန်းသွားမယ်' ဟူ၍ ရဲရင့်စွာ ဆုံးဖြတ်ပါ၊ ဆုံးဖြတ်ထားပြီးလျှင် ပိုင်ပိုင်နိုင်နိုင် (နိစ္စဓူဝ) အမြဲအစွဲ ခိုင်မြဲတည်တံ့အောင် ထိန်းသွားပါ၊ မိမိရလိုသော ဆန္ဒကိုလည်း မိဋ္ဌာန်ကြည့်ပါ၊ ပြည့်စုံလာပုံ ကြုံတွေ့ရပါမည်။

## လူဖြစ်ရကျိုးနပ်ပြီမှတ်

သီလသုံးပါး၌ တည်သောသူဖြစ်လျှင် လူဖြစ်ရကျိုး နပ်ပြီဟူ၍မှတ်ပါ။

(ဥပမာ) ငါးပါးသီလတွင် သတ္တဝါတို့၏အသက် မသတ်ခြင်းရှောင်လျှင် တစ်ပါးလုံပြီ, တစ်ပါးပိုင်ပြီ- နိုင်ပြီဟူ၍ မှတ်ပါ။

ကိုယ်တိုင်မသတ်ပါ၊သူတစ်ပါးကိုလည်း မသတ်စေပါ၊သူတစ်ပါးတို့ သတ်ဖြတ်နေကြခြင်းကို မနှစ်သက်ပါ၊ မလိုလားပါ၊ အသတ်ခံကြရ ရှာသော သတ္တဝါတွေကို သနားကြင်နာစိတ် ရှိနေပြီဆိုလျှင် သီလ တစ်ပါး တကယ်ပိုင်ပြီ မှတ်ပါ။

ဒုတိယ- သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ပိုင်ရှင်ကမပေးဘဲ မယူဘူး ဟူ၍ ရှောင်ကြဉ်ပါ၊ သီလ (၂)ပါး ထိန်းသူဖြစ်ပြီး၊သူတစ်ပါး တို့၏ ပစ္စည်းဥစ္စာဖြစ်လျှင် သေးဖွဲသော ဝါးခြမ်းတစ်စိတ်၊ မြက်ပင် တစ်ဆုပ်၊ ဟင်းရွက်တစ်ညွန့်ကို စ၍ ပိုင်ရှင်က မပေးဘဲ မယူဘူးဟူ၍ စိတ်ပြတ်လျှင် သီလ- (၂) ပါး တကယ်ပိုင်ပြီမှတ်ပါ၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မိမိကိုယ်တိုင်လည်း မယူပါ၊ မခိုးပါ၊ သူတစ်ပါးကို လည်း မခိုးမယူစေပါ၊ သူတစ်ပါးတို့၏ ခိုးအောင် ပြုလုပ်ခြင်းသည် မကောင်းဆုံး ဖြစ်တယ် ဟူ၍ စိတ်ထဲက ပိုင်ပိုင်သိမြင်ခဲ့လျှင် (အဒိန္နာ ဒါနကံ) သီလဘစ်ပါး ကောင်းစွာ ပိုင်နိုင်ခဲ့ပြီဟူ၍ မှတ်ပါ။

တတိယ- မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော အရက်သေစာ ထန်းရည်၊ အုန်းရည်၊ ခနိရည်၊ ကဇော်၊ လှော်စာ၊ ဆေးခြောက်၊ ဘိန်းမျိုး အားလုံးမှ ရှောင်မည်ဟူ၍ စိတ်ပြတ်သားစွာ ရှောင်ကွင်းလျှင် သီလ (၃) ပါး ထိန်းနေသော သူမြတ် ဖြစ်ခဲ့ပြီ။

(သုရာမေရယ) ယစ်မျိုးငါးပါးမှ ရှောင်ကြဉ် အောင်မြင်လျှင် အထက်ပါ နည်းအတိုင်း ကိုယ်တိုင်လည်း မသောက် မစားပါ၊ သူတစ်ပါးကိုလည်း မသောက်မစားစေပါ၊ အခြားသူတို့၏ သောက် စား မူးယစ်ကြသည်ကိုလည်း မနှစ်သက်၍ အားမပေးပါ၊ မကောင်း ကျိုး ဖြစ်စေသော ဒုစရိုက်မျိုးပဲဟူ၍ နားလည်စွာ ပိုင်ပိုင် လွတ်ကင်း ခဲ့လျှင် ငါးပါးသီလ သုံးပါး ဖြူစင်ခဲ့ပြီဟူ၍ ဝမ်းမြောက်ပါ။

သီလသုံးပါး လုံခြုံခဲ့လျှင် လူဖြစ်ရကျိုး နပ်ပြီဟူ၍ သိမြင်လာ သောအခါ မိမိ၏ကိုယ်၌ ပြန်လည်ကာ ကြည်ညိုနေမည်၊ စိတ်ပျော်လာ မည်၊ စိတ်သန့်ရှင်းနေခြင်း၏ ခံစားချက်အရသာ ပေါ်လွင်လာမည်၊ ထိုအခါ မိမိစိတ်မှ အလိုရှိရာကို အဓိဋ္ဌာန်ချက် ပြုစမ်းကြည့်ပါ။ အောင်မြင်လာပုံ သိရမည်၊ အကယ်၍ မအောင်မြင်သေးလျှင် ထပ်ခါ (၃) ကြိမ်မှ (၇) ကြိမ်တိုင်အောင် ဓိဋ္ဌာန်ချက် ပြုကြည့်ပါ၊ စိတ် သန့်ရှင်းနေခိုက်နှင့် တိုက်ဆိုင်လျှင် လိုအပ်ချက်- တောင့်တချက် အောင်မြင်လာပုံ သိရမည်။

သီလငါးပါးစုံ လုံခြုံပါမူကား- ကောင်းမြတ်ခြင်း ပြောဖွယ်မရှိပြီ၊ ဥတ္တရကုရု ကျွန်းခေါ်သော မြောက်ကျွန်းမှ လူများကဲ့သို့ ကံစင်ကြယ်နေ၍ သေပြီးနောက် တမလွန်ဘဝ၌ အထက်နတ်ဘုံသို့ ရောက်ရမည် သေချာနေပြီဟူ၍ မှတ်ပါ၊ ဤကား- သီလကုသိုလ် လေ့ကျင့်ယူနည်းပါတည်း။

## ဘာဝနာပါရမီအထုံ ပါစေနည်း

သီလ၌ လုံစေပြီးလျှင် ရုံခါ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းအလုပ်ကိုလည်း ပထမတွင် ပါရမီပြည့်သည့် သဘောမျိုးဖြင့် စတင်၍ ပွားများရသည်၊ ပွားများစတွင် စိတ်အာရုံ သမာဓိ မရသေး၍ စိတ်မဝင်စားသေးသော်လည်း အလေ့အကျင့် အခြေခံရလာအောင် ဆက်၍ ကြိုးစားကြည့်ပါ။

အလေ့အထမှ စိတ်အာရုံတွင် အထုံရလာလျှင် ပျော်မွေ့လာတတ်သည်၊ တဖြည်းဖြည်းချင်း အထုံရစပြုလာလျှင် ဘာဝနာအလုပ်၌ ပါရမီဆက် ဖြစ်အောင် အချိန်ယူပြီး ဆက်လက်၍ အားထုတ်နေပါ၊ အချိန်ပိုင်းမှ အရှိန်ရလာလျှင် ငါသည် ဤဘဝ၌၊ နောင်ဘဝပါ ငါ၏ ဘဝပါရမီအတွက် စိတ်ချရသော အဆင့်သို့ မြင့်တက်လာခဲ့ပြီဟူ၍ နားလည်ပါ။ ထိုအခါ စိတ်အာရုံ ဝမ်းမြောက်ကြည်သာ ဖြစ်ပေါ်လာလိမ့်မည်။

ဤကား-ရဟန်းဘဝနှင့် မနေနိုင်ကြသော လောကီလူသားများအတွက် လူဖြစ်ရကျိုးနပ်အောင်- အမြတ်ထွက်အောင် နေထိုင်နည်းသင်ပြပေးခြင်း ဖြစ်သည်။

## နိဗ္ဗာန်သွားနည်း လမ်း (၂) သွယ်

ထေရဝါဒ ဗုဒ္ဓဘာသာတို့ ကျင့်သုံးနေကြသော တရားတော်တွင် နိဗ္ဗာန် သွားရောက်နိုင်သော ကျင့်နည်း လမ်း (၂) သွယ်ရှိသည်၊ ထိုလမ်း (၂)သွယ်တွင် မိမိတို့ ကြိုက်နှစ်သက်ရာ, စိတ်ပါဝင်စားရာနည်းကို ရွေးချယ်နိုင်ကြသည်၊ ကြိုက်ရာလမ်း ၂ လိုက်နိုင်ကြသည်။

(၁) ပထမ နည်းလမ်းသည် သန့်ရှင်းသောရသေ့၊ စင်ကြယ်သော ရဟန်းသာမဏေပြု၍ တစ်ကိုယ်တည်း သံယောဇဉ် မထားသော

၁၇ [ပထမအကြိမ်]

နိဗ္ဗာန်သွားနည်း ဖြစ်သည်။ ရသေ့-ရဟန်း- သာမဏေပြု၍ သမထ သုခ တရားနှင့် ပျော်မွေ့စွာ နေထိုင်ရင်း နိဗ္ဗာန်ရောက်အောင် အားထုတ် ယူသောနည်း ဖြစ်သည်။

ဤနည်းကား- အထက်တန်းကျကျ မြတ်သောလမ်း ဖြစ်သည်၊ သူတော်သူမြတ်တို့၏ ကျင့်ဝတ် လမ်းစဉ်ပေါ် လျှောက်သွားနည်း ဖြစ်၏၊ အထက်တန်းကျကျဖြင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း၊ အကျင့်မြတ်၊ တရားမြတ်တို့ကို ကျင့်ကြံရင်း မိမိ၏ဘဝကိုလည်း ပေါ့ပါးစွာ အသက်မွေးမှုသည်၊ တစ်ဦးတည်းစီး၍ တစ်ယောက်တည်း ဖြောင့်တန်းစွာ လှော်ခတ်သော လှေသည် လိုရာခရီးသို့ လျင်စွာ ရောက်နိုင်သကဲ့သို့ နိဗ္ဗာန်သို့ အမြန် ရောက်စေနိုင်သော လမ်းစဉ် ဖြစ်သည်။ သံယောဇဉ် အလိုမရှိသူတို့၏ နှစ်သက် မြတ်နိုးသော နည်းလမ်း ဖြစ်သည်။

(၂) ဒုတိယနည်းလမ်းသည် လူဝတ်နှင့်နေ၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကို လျှောက်သွားခြင်း ဖြစ်သည်။

လွန်ခဲ့ပြီးသော ဘဝနောက်ခံအနေဖြင့် ပါရမီနုသေး၍ ရသေ့ သူတော်ကောင်းအဖြစ်၊ ရဟန်းမြတ်အဖြစ်၊ သာမဏေမြတ်အဖြစ်နှင့် နေနိုင်စွမ်း မရှိသေးသူဖြစ်လျှင် အများနည်းတူ လူဝတ်နှင့် နေနိုင်သည်။

လူသာမန်ဖြစ်သော်လည်း သန့်ရှင်းစွာ နေထိုင်လျှင် အိမ်ထောင် ဇနီး, သားသမီး မြေးများနှင့် ဆွေမျိုးသားချင်း ရောထွေးနေလိုလျှင် နေနိုင်သည်။

သို့ရာတွင် သန့်ရှင်းသော နေနည်းဖြင့် နေပါ၊ သန့်ရှင်းသော နေနည်းဟူသည်မှာ ရိုးသားသော တောင်သူလယ်ယာ ဥယျာဉ်ခြံမြေ လုပ်ကိုင်၍ သက်မွေး ဝမ်းကျောင်းခြင်း ဖြစ်စေ၊ ရိုးဖြောင့်သော ကုန်သွယ် ရောင်းဝယ်ခြင်း အလုပ်ဖြင့် သက်မွေး ဝမ်းကျောင်းခြင်း ဖြစ်စေ၊ ရိုးရိုး ဖြောင့်ဖြောင့် မင်းမှုထမ်း၊ စစ်မှုထမ်း၍ တာဝန်ကျေပွန်စွာ မင်းမှုနှင့် စစ်မှုကို ထမ်းဆောင်၍ အသက်မွေး ဝမ်းကျောင်းခြင်း ဖြစ်စေ၊ သူ၏ဘဝ၌ သန့်ရှင်းစွာ နေထိုင်သူဖြစ်သည်၊ သန့်ရှင်းလျှင် အပြစ်ကင်းသူ ဖြစ်၏၊ အပြစ်ကင်းသူဖြစ်လျှင် လူဖြစ် မရှုံးပါ။

လိုနေသောက် အမြတ်ထွက်အောင် လုပ်ယူရဦးမည်၊ မိမိတတ်စွမ်းနိုင်သမျှ ဒါနပြုရမည်၊ သီလထိန်းရမည်၊ ဘာဝနာကို ပါရမီပြည့်စေရန် ဆည်းပူးယူရမည် ဟူ၍ ပွားများခြင်း၊ အားထုတ်ခြင်းပြုလုပ်ပါ၊

ပရိယေသန အလုပ်ဖြင့် နေထိုင်ရင်း ဤမျှ ဆည်းပူးလျှင် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်းဖြင့် ပျော်မွေ့နေနိုင်သော အချိန်ပိုင်းသို့ ရောက်ရန် အခြေခံ ဖြစ်စေသော ပါရမီကို ဖြည့်သူ နေသည်ဟူ၍ နားလည်ပါ။

ဒုတိယနည်းလမ်းသည် သံသောဇဉ် ကွယ်တာမှုတွေနှင့် ထွေးသွားရသောကြောင့် နိဗ္ဗာန်သို့ ဆိုက်ရောက်ချိန်ကာလ နှေးလိမ့်မည်၊ အပြစ်ကင်းအောင် နေတတ်လျှင် မပင်ပန်းပါ၊ တဖြည်းဖြည်းတော့ အခွင့်အခါသင့်ချိန် ရောက်မည် ကေန်မလွဲဟူ၍ နားလည်စွာ ယုံကြည်ထားပါ။

## လူ၏ဘဝ၌ ချမ်းသာအောင် နေနည်း ဆိုသည်မှာ

လူ၏ဘဝကို ရရှိနေသောသူသည် အရှင်းမရှုံးအောင်- သန့်ရှင်းအောင် နေရမည်ဆိုသည်ကို သိခဲ့ကြပြီး ဤတွင် လူ၏ဘဝ၌ ချမ်းသာအောင် နေနည်းအကြောင်းကို ပြောမည်။

လူချမ်းသာဟူ၍ လူလောက၌ ပြောရိုးစကားရှိကြရာ ဘာကို ဆိုလိုသနည်း၊ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝနေသူတိုင်း ချမ်းသာနေကြသည် မဟုတ်ပါ၊ ပစ္စည်းဥစ္စာတွေ ပေါများကြွယ်ဝပါ၏၊ တိုက်တာကြီးတွေ ခမ်းနားစွာရှိကြ၏၊ လူ၏ကိုယ်ခန္ဓာ မကျန်းမာကြ၍ ချမ်းသာခြင်း သုခ မခံစားကြရသူတွေ မြို့တိုင်း၌ တွေ့ခဲ့ရဖူး၏၊ ထိုထက် ပစ္စည်းတွေ, ဥစ္စာကြေးငွေတွေ, တိုက်တာ အိမ်ကောင်းတွေ ပိုင်ရှင်ဖြစ်ကြသော်လည်း သောက၊ ဒုက္ခ ပူပန်ကြောင့်ကြမှုတွေကြောင့် ဖချမ်းသာကြသူတွေက ပို၍ များများ ရှိကြောင်း ကြားရဖူး၏။

ပစ္စည်းကြွယ်ဝတိုင်း ချမ်းသာမှုရသည်မဟုတ်ပါ၊ ရာထူး ဂုဏ်သိန် စည်းစိမ် ကြီးနေသူတိုင်း ချမ်းသာမှုရကြသည် မဟုတ်ပါ၊ ရှင်ဘုရင်ကြီး ဖြစ်၍ ရာထူးဂုဏ်သိန် အာဏာ စည်းစိမ် ကြီးမားစွာနှင့် တိုင်းပြည်နိုင်ငံတော်ကြီးကို စိုးမိုး အုပ်ချုပ်နေရသူ ဖြစ်သော်လည်း ချမ်းသာမှု ရနိုင်သည်မဟုတ်၊ စိုးရိမ်ကြောင့်ကြမှု တောင့်တမှု ဗျာပါဒတွေနှင့် ဗလပွေ ခံစားနေကြရသော အချိန်ပိုင်း တွေ့ကြုံကြရသည်၊ ချမ်းသာမှု အရသာကို ခံစားနေကြရသည် မဟုတ်ပါ၊ ရာဇဝင်တွေ ဖတ်ကြည့်လျှင် သိနိုင်ကြသည်။

ရာထူးမရှိ၊ အာဏာမရှိ၊ လူတို့အပေါ် အုပ်ချုပ်နိုင်စွမ်းလည်း မရှိ၊ ဥစ္စာစည်းစိမ်ဟူ၍လည်း ပြောပလောက်အောင်မရှိသော မြေ

ကွက်ငယ်တစ်ခုပေါ် ကိုယ်ပိုင်ဥယျာဉ်ခြံမြေငယ်အတွင်း တဲငယ် ကလေး တစ်လုံး၌ စိတ်လက် အေးဆေးစွာ ခြံစောင့်နေရသော တောင်သူ လူသာမန်ဘဝက ရှင်ဘုရင်ကြီးထက်ပို၍ စိတ်ချမ်းသာစွာ နေထိုင်နိုင်ခွင့်ရှိကြသည်ကို သူတော်ကောင်းတို့အမြင်ဖြင့် နှိုင်းယှဉ်မြင်နိုင်သည်။

ရွှေနှင့် အဖိုးတန်ကျောက်မျက်ရတနာတွေ ထည့်သိုထားသော သေတ္တာကြီးတို့၏အနီး၊ ငွေစာရင်းစာအုပ်ကြီးတွေ အထပ်များစွာပုံထားသည့်အကြား၌ ထိုင်၍ ငွေစက္ကူတွေကို တဖျပ်ဖျပ် ရေတွက်နေရသော ချစ်တီးသူဌေးကြီးသည် ရံခါ စိတ်မချမ်းသာမှုကြီးစွာ ကြုံတွေ့ခံစားရဖူးကြ၏၊ ပလွေတတီတီမှုတ်၍ သီချင်းတစာစာဆိုရင်း တုတ်တစ်ချောင်းနှင့် နွားအုပ်ကြီးကျောင်းနေရသော နွားကျောင်းသားသည် ရွှေငွေရတနာတွေ ပိုင်ဆိုင်ခြင်း မရှိပါ၊ သူဌေးကြီး မဟုတ်ပါ၊

သို့ရာတွင် စိတ်ပိုင်းဆိုင်ရာအားဖြင့် ချစ်တီးသူဌေးကြီးထက် နွားကျောင်းသားက ချမ်းသာသည်၊ ပူပန်သောကမှုမရှိ၊ စိတ်အာရုံလွတ်လပ် ချမ်းသာ၍ ပျော်ပိုက်စွာနှင့် သီချင်းတစာစာ ဆိုနေနိုင်ခြင်း ရှိသည်။ ကြွယ်ဝသော သူဌေးသူကြွယ်ကြီးတို့ကဲ့သို့ စိတ်နှောင်ဖွဲ့မှုမရှိသောကြောင့် သူ၏လူ့ဘဝက ချမ်းမြေ့သာယာမှုရှိခြင်း သာလွန်သည်။

လူတို့လောက၌ လူတို့၏ချမ်းသာ ဆိုသည်မှာ စိတ်ချမ်းသာမှုဖြစ်သည်၊ ချမ်းသာမှုအစစ်သည် စိတ်အာရုံ၌တည်သည်၊ စိတ်ချမ်းသာမှ ကိုယ်ချမ်းသာသည်၊ စိတ်မချမ်းသာလျှင် သာမှုမချမ်းသာပါ၊ ကိုယ်ပါရိနွမ်းသည်၊ စိတ်ချမ်းသာနေလျှင် အားလုံးချမ်းသာမှုရနေနိုင်သည် မှတ်ပါ၊ထို့ကြောင့် ချမ်းသာမှုအစစ်သည် စည်းစိမ်မဟုတ်၊ရာထူးအာဏာ အဆောင်အယောင်မဟုတ်၊ စိတ်ချမ်းသာမှုဖြစ်ကြောင်း မှတ်ကြကုန်ရာသတည်း၊ ဤကား လူ့လောက၌ နေထိုင်ကြသော လောကလူသားများအတွက် ညွှန်ကြားချက် နည်းလမ်းကောင်း ဖြစ်သည်။

## ကောင်းသောရည်ရွယ်ချက် မမေ့အပ်

မူလရည်ရွယ်ချက်သည် သံသရာတဝ်္ဋလည် ကျင်လည်ရာ၌ ကောင်းကျိုးချမ်းသာ ရစေရန်အတွက် ရဟန်းပြုခဲ့သည်၊ သက်နှံးဝတ်၍နေခြင်းဖြစ်သည်၊ ထိုမူလရည်ရွယ်ချက်ကို အမြဲ သတိထားနေရမည်။

'သက်န်းဝတ်ထားပြီးလျှင် လူ့လောက၌ ကောင်းကျိုး ရ အောင် နေထိုင်သွားမယ်၊ ငါသည် ကောင်းကျိုးရစေရန်အတွက် ရဟန်းပြုနေခြင်းဖြစ်ဟယ်၊ ဒါကြောင့် ရဟန်းတို့၏ကျင့်ဝတ်သိက္ခာကို မြတ်နိုးစွာထိန်းမယ်၊ ရှေးအခါက နေထိုင်သွားကြသော ရဟန်း ပုဂ္ဂိုလ်မြတ်ကြီးတို့ကဲ့သို့ ကျင့်ကြံမယ်၊ နေထိုင်မယ်၊ ငါနေနိုင်သမျှ ထက်ထက်မြက်မြက် နေသွားမယ်၊ သို့မှသာ ရဟန်းဝတ်နေခြင်း၏ အမြတ်တရား ကောင်းကျိုး ရနိုင်မယ်' ဟူ၍ မိမိ၏စိတ်မာန်ကို ထက် သန်နေစေရမည်။

## ဖွတ်ခါမှ ပိုညစ်ထေးမလာစေရန်

ဤတွင် မရှုံးစေရန် သတိပေးမည်၊ အရဟတ္တဓဇသင်္ကန်းကို ဝတ်ရုံနေပြီး အခြေကျနစွာ ရဟန်းပြုထားပြီးခါမှ စိတ်ဟာရုံဖောက် ပြား ခတ်လေးပါး ချောက်ချား၍ ဆိုပါတော့၊ ရဟန်းကောင်း တို့၏ နေနည်းမျိုးကို မနေချင်၊ ပေါ့ပေါ့ဆဆ တော်အောင် လျော် အောင်နေချင်သော စိတ်သာ အားကောင်းနေပြီဆိုလျှင် 'ကောင်း အောင် နေမယ်'ဟု မိမိ၏ညှို့ဖျင်းနေသောစိတ်ကို ကောင်းသောစိတ်ဖြင့် တိုက်တွန်းပေးပါ၊ အကြိမ်ကြိမ်တိုက်တွန်းသော်လည်း ထက်သန်လာ ခြင်းမရှိ၊ ယုတ်ညံ့သောစိတ်သာ အားကောင်းနေကြပြီဆိုလျှင် 'ပါရမီ ကုန်ခဲ့ပြီးဖြစ်လေသလား' ဟူ၍ တွက်ဆရပါမည်။

ထို့ထက်ပို၍ ရဟန်းကောင်းတို့၏ ကျင့်ကြံနေထိုင်နည်းကို မလိုက်နာချင်ရုံသာမက တော်အောင် လျော်အောင် နေချင်စိတ်ဝင် နေလျှင် လူသာမန်တို့၏ နေထိုင် စားသောက်နည်းကဲ့သို့ စိတ်အာရုံ ကျဆင်းစိတ် ဝင်နေတယ်ဆိုလျှင် ဣန္ဒြေကိုထိန်းကျောင်း၍ ရဟန်း ကျင့်ဝတ်ကို တကယ်မကျင့်တော့လျှင် ကောင်းကျိုးရမည်မဟုတ်တော့ ပါ။

'ဖွတ်ခါမှ ပို၍ညစ်ထေးလာသော အဝတ်ကဲ့သို့ ဖြစ်လိမ့်မည်၊ ဆက်လက်နေသွားလျှင် အပြစ်တွေသာကြီးလေးနေတော့မည်၊ ထို့ ကြောင့် အကောင်းဆုံးနည်းမှာ သင်္ကန်းဝတ်ကိုချွတ်ရှာပါ၊ လူဝတ်လဲ ပြီး လူ့လောက သူများနည်းတူ လူ၏ဘောင်သို့သာ မြန်မြန် ပြောင်း လိုက်ပါ။

## ဘာကြောင့်နည်းဆိုလျှင်

ရဟန်း ကျင့်ဝတ်ကို အလေးမထားဘဲ သင်္ကန်းဝတ်ကြီးနှင့် အနေအထိုင်မကောင်း၊ အပြောအဆိုမဆင်ခြင်၊ အစားအသောက်မဆင်ခြင်၊ နေချင်သလိုနေ၍ ဘာမှ မဆင်ခြင်တော့လျှင် (နေမြင့်လေ အရှုးရင့်လေ) ဆိုသကဲ့သို့ အချိန်ကြာလေ အကျိုးယုတ်လေ ဖြစ်လေတော့သည်။ ထို့ကြောင့် မြန်မြန် သင်္ကန်းကိုချွတ်လိုက်ခြင်းသာ နည်းကောင်းဖြစ်သည်။ လူ့၏ဘဝကိုရနေပါလျက် လူဖြစ်ရကျိုးမနပ် ဖြစ်သွားမည်ကို စိုးရိမ်ရဖွယ်ဖြစ်နေ၍ မေတ္တာစိတ်ဖြင့် ပွင့်လင်းစွာ သတိပေးရခြင်း ဖြစ်သတည်း။

## ကဿပဘုရားရှင်၏ သာသနာနောက်ပိုင်းတုန်းက

ဤတွင် ရှေးရှင်ဘုရင်လက်ထက်မှ ဖြစ်ရပ်အကြောင်းကို ပြောမည်၊ လူတို့၏ သက်တမ်း (၂) သောင်းတမ်း ကာလ၌ ပွင့်တော်မူကြသော ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော် နှောက်ပိုင်းကာလ၌ ကျင့်ဝတ်ချွတ်ယွင်းစွာ နေကြသော သင်္ကန်းဝတ်တို့၏ အကြောင်းကို ကျမ်းဂန်တို့၌ ပြဆိုထားသည်။

လူတို့သက်တမ်း (၂)သောင်းတမ်းကာလ၌ပင် စိတ်ဓာတ်ညံ့ဖျင်းသော ပုဂ္ဂိုလ်တွေ ရှိခဲ့ကြသည်။ ထိုစဉ်က ဖြစ်နေကြပုံမှာ ရဟန်းယောကျ်ား အတော်များများတို့က သင်္ကန်းကို ဝတ်ရုံထားကြသော်လည်း ရဟန်းကျင့်ဝတ်ကို မကျင့်ကြတော့ဘဲ အိမ်ထောင်ပြုကြသည်၊ မယားတွေ- သားမြေးတွေနှင့် ကျောင်းကန်ပေါ်မှမဆင်း၊ လူတို့ကဲ့သို့ ပေါ်ပေါ်ထင်ထင် လူမြင်ခံကာ ပြောင်ပြောင်ကြီး နေကြသည်။

ဘိက္ခုနီမ = ရဟန်းမိန်းမတို့ကလည်း ဘိက္ခုနီ ကျင့်ဝတ်ကို မကျင့်ကြတော့ဘဲ ဘိက္ခုနီကျောင်းများ၌နေလျက် လင်ယူကြသည်၊ သားသမီးတွေကိုယ်စီ မွေးဖွား၍ လူတို့နှင့်မခြား အရှက်မရှိ၊ ပေါ်ပေါ် လွှင်လွှင် နေကြသည်၊ထိုနည်းတူ သာမဏေယောကျ်ား သာမဏေရီခေါ် သာမဏေမိန်းမတို့နှင့် သိက္ခမာန်မတို့ကလည်း မိမိတို့ကျင့်ဆဲဖြစ်သော သာမဏေကျင့်ဝတ်- သိက္ခမာန်ကျင့်ဝတ်များကို မကျင့်ကြတော့ပါ။ သင်္ကန်းကိုလည်း မချွတ်ကြမူ၍ မယားကိုယ်စီ လင်ကိုယ်စီနှင့် မြို့သူမြို့သား ရွာသူရွာသား လူအများတို့ကဲ့သို့ ကာမဘောဂီ အနေဖြင့် ထင်ထင်ရှားရှားကြီး နေထိုင်ကြတော့သည်၊မည်သူ့ကိုမျှအလေးမထား

ရှက်ကြောက်စိတ်ပင် ဂရုမပြုကြသောကြောင့် အခြေအနေမှာ ကြည့်ညို ဖွယ် မရှိတော့ပါ။

## ဂိဏ္ဍကုန့်တောင်ပုံ ပြိတ္တာတွေ

ထိုအချိန်၌ သင်္ကန်းကို ဝတ်ရုံထားလျက် ကျင့်ဝတ် သိက္ခာကို အလေးမထား၊ တရားလက်လွတ် ငှက်တောင်ကျွတ် ဟူသော စကားကဲ့သို့ 'ဘယ်သူ့မှ ဂရုစိုက်စရာပလို။ ငါတို့နေချင်သလိုနေတယ်၊ ဘာဖြစ်သေးသလဲ' ဟူဘိသို့ ဘုရားရှင်၏ မျက်နှာတော်ကိုမထောက်မထား သာသနာတော်ကြီးကိုလည်း မလေးစားသူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း မမှု- နေခဲ့ကြဖူး၏။

ဤစာမူကို ဒုတိယအကြိမ် ပြုပြင် ရေးသားနေဆဲ ဖြစ်သော ၁၃၅၂-ခုနှစ်၏ တန်ဆောင်မုန်းကာလအတွင်း သတင်းစာနှင့် ရေဒီယိုမှ ကြားသိနေရသော မြန်မာပြည်တွင် အချို့သောဒေသ၊ အချို့သော မြို့ကြီးတို့၌ သင်္ကန်းဝတ်ရုံထားပြီး လုပ်ချင်ရာလုပ်နေကြပုံကို တိုင်ကြားကြ၍ မြို့ရွာသံဃနာယကအဖွဲ့ ဦးစီးဆရာတော်၊ သံဃာတော်များနှင့် သက်ဆိုင်ရာမြို့ရွာအဖွဲ့တို့က အရေးယူကာ သန့်ရှင်းရေးပြုလုပ်ပေးကြပုံ အကြောင်း ကြားသိရ၏၊ ထိုသို့ဆုံးလျှင် တော်ပါသေး၏၊ စောင့်ရှောက် ထိန်းသိမ်းပေးနိုင်ကြ၍ ဝမ်းမြောက်ကြရ- သာဓုခေါ်ကြရကာ ကျေးဇူးတင်ကြရ၏၊ ကဿပဘုရား သာသနာနောက်ပိုင်း၌ကား သံဃာအဖွဲ့များလည်းမရှိ၊ မင်းကလည်း ထိန်းကွပ်ပေးခြင်းမရှိ၍ ကောင်းကျိုးမရှိ၊ ဆိုးကျိုးတွေ ပေါ်ခဲ့ကြရသည်။

ထိုကဲ့သို့ တရားလက်လွတ် ငှက်တောင်ကျွတ်တွေ သင်္ကန်းဝတ်ကို မချွတ်ခွာဘဲ နေချင်သလို ရမ်းရမ်းကားကား နေသွားကြသော ရဟန်း ယောကျ်ားများ၊ ဘိက္ခုနီများ၊ သာမဏေယောကျ်ားနှင့် သာမဏေရီများ သိက္ခာကျင့်၍နေဆဲ သိက္ခမာန်မများပါ သင်္ကန်းဝတ်အားလုံးတို့သည် ထိုဘဝမှ သေလွန်ကြလျှင် ငရဲအိုးတွင်းသို့ ကျရောက်ပြီး ဆင်းရဲကြီးစွာ- ခံကြရရှာသည်။

ငရဲအိုး သမ်ပူထဲမှ ကျွတ်လွတ်ခဲ့ပြန်သော် ဂိဏ္ဍကုန့်တောင်ကြီး ပေါ်လာ၍ ပြိတ္တာတွေ ဖြစ်ကြရလေသည်။ ပြိတ္တာဖြစ်ကြရသောအခါ သူတို့ဝတ်ရုံထားသော သင်္ကန်းများက မီးတောက်မီးလျှံတွေ ဖြစ်ကာ အမြဲ မြိုက်၍လောင်ကျွမ်းနေကြ၍ ကယ်ပါယူပါ၊ တစာစာ အော်

မြည်တမ်းရင်း ကောင်းကင်၌ နေ့ညမနားတမ်း ပြေးလွှားနေကြရသည်။ ပြိတ္တာသက်တမ်းရှိသမျှ ထိုဒုက္ခကြီးကို ခံယူနေကြရလေသည်၊ သက်နှိုး ဝတ်ရုံ၍ ပေါ့ဆစွာနေကြခြင်းသည် ကြောက်ဖွယ် ကောင်းဘိ၏။

ထိုအကြောင်းကိုဝိနည်း ပိဋကတ် ပါရာဇိကဏ် ပါဠိတော်၌ စတုတ္ထ သိက္ခာပုဒ်- ဝိနီတဝတ္ထုများ အခန်းတွင် ပြည့်စုံ များပြားစွာ ဖော်ပြထားလေသည်၊ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ တောင်ပေါ်မှနေ၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံရန် ကြွလာကြစဉ် လမ်းခရီးအကြား၌ ခရီးသွားလာရင်း တွေ့မြင်ကြရ၍ အရှင်လက္ခဏက ပြောပြခြင်း ဖြစ်သည်။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်က မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်ခါမှ လျှောက်ဆိုပါဟု သတိပေးသောကြောင့် ဘုရားရှင်ထံမှောက် ရောက်ခါမှ တစ်ကြိမ်ထပ်၍ လျှောက်သည်၊ ထိုအခါ မြတ်စွာဘုရားရှင်က 'ငါကိုယ်တိုင်ပင် သိမြင်ပြီး ဖြစ်တယ်၊ သို့သော် သင်ချစ်သားတို့ကို လုံလောက်သော သက်သေအဖြစ်၌ ထားပြီးကာမှ ထုတ်ဖော်ဟောလို၍ ဆိတ်ဆိတ်နေခဲ့ခြင်း ဖြစ်တယ်၊ ယခုအခါ ငါ၏ ချစ်သား အဘိညာဉ်ရှင်တို့ သိမြင်နေကြပြီးသော တကယ်ဖြစ်ရပ်ဆိုး တွေကို ဟောကြားတော့မယ်' ဟူ၍ စကားချီကာ အကျယ် ဟောကြား တော်မူခဲ့လေသည်။

အဆိုပါ ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာတွေဖြစ်နေကြရသော ပြိတ္တာ အပေါင်း များစွာတို့တွင် ကြောက်မက်ဖွယ်ရာ မြင်ဝံ့စရာမရှိ ဒုက္ခ ကြီးစွာ ခံနေကြရရှာသော နွားသတ်သမားသေ၍ ဖြစ်လာသော ပြိတ္တာ၊ ဝက်သတ်သမားသေ၍ ဖြစ်လာသောပြိတ္တာ၊ ဆိတ်သတ်သမား သေ၍ ဖြစ်လာသော ပြိတ္တာ၊ ကြက်သတ်သမားသေ၍ ဖြစ်လာသော ပြိတ္တာ စသည်ဖြင့် တံငါသည်အပါအဝင် ပါဏာတိပါတကံ = သတ္တဝါ တွေကို ညှဉ်းဆဲ သတ်ဖြတ်ခဲ့သူတွေ အများကြီး ပြဆိုချက်ပါသည်။

ကဿပဘုရားရှင် သာသနာတော်နောက်ပိုင်း၌ ရဟန်းကျင့်ဝတ် မကျင့်ကြမူ၍ ထင်ရာလုပ်ခဲ့ကြသော သက်နှိုးဝတ်များ၏ ပြိတ္တာများ၊ လာဘ်စား၍ မတရားမှုတွေ စီရင်ခဲ့ကြသော ရာရားသူကြီး သေ၍ ဖြစ် လာသော ပြိတ္တာများ၊ ပြည့်တန်ဆာမ သေ၍ ဖြစ်လာသော ပြိတ္တာမ တွေ၊ နတ်ကတော်သေ၍ ဖြစ်နေကြရသော နတ်ကတော် လူထွက် ပြိတ္တာမတွေ စသည်ဖြင့် များစွာ ပါရှိသည်။

## ဘယ်သူ့ပပြု မိမိမှု

ထိုပြိတ္တာအမျိုးမျိုးတို့သည် 'ငရဲကျစေ၊ ပြိတ္တာဖြစ်ကြစေ' ဟူ၍ သူတစ်ပါးက လာရောက် ဒုက္ခပေးခြင်း မဟုတ်ပါ၊ သူတို့ကိုယ်တိုင် စိတ်ထားမိုက်ကြသည်၊ စိတ်မိုက်ကို ရင်ဝယ်ပိုက်၍ သူတို့စိတ်ရင်း, စေတနာက ခိုင်းစေချက်အတိုင်း မိုက်မှားစွာ ကာယကံမြောက်ထင်သလို နေထိုင်ခဲ့ကြသည်၊ ထင်ရာ ပြောဆိုခဲ့ကြသည်၊ 'ငါတို့ ပြုလုပ်သော မကောင်းသောဒုစရိုက်တို့သည် ငါတို့အား ကြီးစွာသော ဆင်းရဲခြင်းသို့ ပို့ဆောင်ခြင်း ခံကြရလိမ့်မည်' ဟူ၍ အသိဉာဏ် မရှိခဲ့ကြ- မမြင်ခဲ့ကြပါ။

သူတို့ မိုက်မှားခဲ့ကြသော ကံအားလျော်စွာ ကြောက်မက်ဖွယ်သော ငရဲတွင်း၌ ပြိတ္တာဘဝ လားရောက်ကြရခြင်း ဖြစ်သည်။ ငရဲတွင်းနှင့် ပြိတ္တာဘဝ ရောက်ကြခါမှ ကယ်ပါယူပါ တစာစာ အော်ဟစ်၍ ပြေးလွှား သွားလာငိုကြွေးရင်းနှင့် ပရိဒေဝ ကြာမြင့်စွာ ခံကြရရှာပုံကို ဝိနည်းပါဠိတော်ကြီး၌ ပြည့်စုံအောင် ဟောကြား ထားချက် ပါရှိလေသည်။ 'ဘယ်သူ့ပပြု မိမိမှု' ဟူသော ဆိုရိုးစကား သည် မှန်လှပေ၏-ဟူ၍ မှတ်သားကြရာ၏။

ထို့ကြောင့် ဤဘုရားသာသနာအတွင်းဖြစ်သော မျက်မှောက် ခေတ်ကာလ၌လည်း သာသနာ့ဘောင်ဝင်ရောက်၍ ရဟန်းသာမဏေ ပြုနေကြသူတို့သည် ရဟန်းဝတ်၍-သာမဏေဝတ်၍ ကောင်းစွာနေထိုင် ကြရာ၏။ အကယ်၍ ကျင့်ဝတ်နှင့်အညီ ကောင်းမွန်စွာမနေနိုင်ခဲ့သော် သင်္ကန်းဝတ်ကို မြန်မြန်သာ ချွတ်လဲပါ၊ လူဝတ်နှင့် သန့်ရှင်းလွတ်လပ် စွာ နေထိုင်ခြင်းက ကောင်းပါသည်။ သင်္ကန်းမချွတ်ဘဲ မိုက်မိုက်နှင့် ဇွတ်ပေ၍ နေခဲ့သော် သေလွန်ပြီးနောက် ငရဲကျခံရမည်။ ငရဲမှ ကျွတ် လွတ်ပြီးနောက် ဂိဇ္ဈကုဋ်တောင် ပြိတ္တာဘဝသို့ မရောက်ကြစေရန် အတွက် ကောင်းသောနည်းလမ်းကို ညွှန်ကြားခြင်း ဖြစ်သတည်း။

### ၆။ သာမဏသုခတရား ( ၈ )ပါး

ရဟန်းဘဝ၏ ချမ်းသာခြင်းကြောင့် ဖြစ်သော သာမဏသုခ တရားသည် အင်္ဂုတ္တိုရ်နိကာယ် အဋ္ဌကနိပါတ်၌ (၈) ပါး ပြဆို ထားလေသည်။

ငါတို့၏ ဂေါတမ ဘုရားအလောင်းတော် သုမေဓာလုလင်သည် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ပထဝီမြေပေါ်မှာ အလျားမှောက်၍ တံတားအမှတ်ပြုကာ လျှောက်တော်မူပါဟူ၍ တောင်းပန်ရာတွင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူရသော ဘဝဖြစ်သည်။

ဘုရားအလောင်းတော် သုမေဓာလုလင်သည် ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူသော ကပ်ကမ္ဘာအချိန်ကာလတွင် အမရဝတီပြည်ကြီး၌ ချမ်းသာကြွယ်ဝသော သူဌေးမျိုး၌ သူဌေးသားဖြစ်ခဲ့သည်။ မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် သူတစ်ယောက်တည်း ကျန်ရစ်သောအခါ မိဘ ဘိုး, ဘေး, ဘီ, ဘင်၊ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့မှ စုဆောင်းသိမ်းဆည်း၍ ထားခဲ့ကြသော ကုဋေအရာမက များပြားလှသော ပစ္စည်းဥစ္စာ ရတနာရွှေငွေ၊ ဘဏ္ဍာဥစ္စာနှစ်တွေကို ကြည့်၍ သံဝေဂစိတ် ဖြစ်ပေါ်လာသည်။

သတ္တဝါ သင်္ခါရ၊ ပစ္စည်းသင်္ခါရ၊ လူကမစွန့်ခင် ပစ္စည်းက စွန့်သွားတတ်သည်လည်း ရှိသည်၊ ပစ္စည်းတွေ ထားခဲ့ကြပြီး လူကစွန့်သွားကြသည်လည်း ရှိခဲ့ကြလေလည်။ ငါ၏မိဘ ဘိုးဘွားတို့သည် ပစ္စည်းသာရအောင်စုဆောင်း၍ ထားခဲ့တတ်ကြတယ်၊ ကိုယ့်နောက်သို့ပါအောင် ယူဆောင်မသွားတတ်ကြဘူး၊ သူတို့ဘဝမှာ ပစ္စည်းက မစွန့်ဘဲ လူတွေက စွန့်ခွာ၍ သွားကြကုန်လေပြီဟူ၍ သိမြင်သည်။

## သုမေဓာလုလင်၏ သတိသံဝေဂ

သို့ရာတွင် ဖြစ်သမျှအကြောင်း အကောင်းချည်းပင် ဟူသကဲ့သို့ ငါ့အား သင်ခန်းစာ ပေးသွားခြင်းဖြစ်ပေမည် ဟူ၍ အကောင်းဘက်မှ တွက်ဆကာ မြတ်သောဆုံးဖြတ်ချက်ကို ချလေသည်။

ငါ၏မိဘ ဘိုး, ဘေး, ဘီ, ဘင်၊ ဆွေ(၇)ဆက်တို့က စုဆောင်းထားခဲ့ကြသော ကုဋေအရာမကများပြားလှသောပစ္စည်းဘဏ္ဍာ ရတနာရွှေငွေ ဥစ္စာနှစ်တွေကို ငါ၏နောက်သို့ ပါအောင်ယူသွားမယ်၊ တိုင်းသူပြည်သား လူအများတို့အားလည်း ချမ်းသာမှုရစေမယ်ဟူ၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။

ပြတ်သားစွာ ဆုံးဖြတ်ပြီးနေလျှင် အလှူပွဲကြီး ပြုလုပ်မည့်အကြောင်း အမရဝတီပြည်ကြီး၏သခင် ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်၍ တိုင်းပြည်သို့ လှည့်လည်စေသည်။

စည်လည်ဖိတ်ကြွားချက်အရ အလှူခံလာရောက်ကြသော တိုင်းသူ ပြည်သား အလှူခံပုဂ္ဂိုလ်တို့အား ပစ္စည်းဘဏ္ဍာတိုက် တံခါးတွေ ဖွင့်၍ မိမိတို့ယူလိုရာယူစေသည်၊ အောက်သို့အဝည္စတ်ရှိ သွန်မှောက်အပ်သော ရေပြည့်အိုးကဲ့သို့ လွတ်လွတ်ကြီး စွန့်ကြဲကာ ပေးကမ်းလှူဒါန်းခြင်း ပြုလေသည်။ သူ့ထက်ငါဦး အလှူခံယူနေကြသူများကို ဝမ်းမြောက်စွာကြည့်နေရင်း ငွေခရားကိုကိုင်မှောက်ကာ ရေစက်သွန်းချ၍ ဆုတောင်းခြင်း ပြုလိုက်သည်။

'ငါ၏ ဤကောင်းမှုကြောင့် ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု၊ သဗ္ဗညုတဉာဏ်တော်၏ အကြောင်း ဖြစ်ပါစေသတည်း။

သဗ္ဗညုတဉာဏ် ရစေကြောင်း ဆုတောင်းခြင်းနှင့်တကွ ရှိသမျှ ပစ္စည်းဥစ္စာတွေ အားလုံး စွန့်ကြဲလှူဒါန်းခြင်း ပြီးလေလျှင် လူသူ ထူထပ်သော မြို့ရွာတွင်း၌ ဆက်လက်မနေလိုတော့၍ လူအများမနေထိုင်ကြသော မြို့ရွာမှ ဝေးကွာရာ ဟိမဝန္တာတောကြီးသို့ ထွက်ခွာလာခဲ့လေသည်။

ဟိမဝန္တာတောကြီးအတွင်း ဓမ္မိကတောင်ယံ သန့်ရှင်းသာယာသော မြေအပြင်ဝယ် သိကြားမင်းစေခိုင်းချက်ဖြင့် ဝိသကြုံနတ်သားလာရောက်၍ ဖန်ဆင်းပေးထားသော ကျောင်းသင်္ခမ်းငယ်၌ နှစ်သက်စွာနေထိုင်ကာ လူဝတ်ကိုပယ်ပြီး ရသေ့ရဟန်း ပြုလေသည်။

ဓမ္မိကတောင်ယံ ရသေ့ကျောင်းနှင့် စင်္ကြံကျောင်း၌ ရသေ့ရဟန်း ပြုပြီးလျှင် မြတ်နိုးလှစွာ ပြဟ္မဝိဟာရတရားဖြင့် စိတ်ဝင်တစား (လျောင်း၊ ထိုင်၊ ရပ်၊ သွား၊) လေးပါးဣရိယာပထနှင့် မျှတအောင် နေထိုင်လျက် မနေမနား ကြိုးစားအားထုတ်လေရာ မကြာခင်(၇)ရက်အတွင်း၌ မြေလျှိုး၍ မိုးပျံနိုင်အောင် ဈာန်အဘိညာဉ်ကို ပိုင်နိုင်စွာ ရရှိလေသည်၊ ဈာန်အဘိညာဉ်ကို ဖြစ်စေလေသည်။

ထိုအခါ အလောင်းတော် သုမေဓာရသေ့ကြီး၏ စိတ်တွင် ဆင်ခြင်ကြည့်မိသည်၊ လူ့လောကဘုံနှယ်၊ လူတို့ခံစားနေကြရသော ချမ်းသာတကာတို့တွင် ဤဘဝ၏ ချမ်းသာမှုသည် ချမ်းသာမှု အစစ်အမှန် ဖြစ်ပေသတည်း ဟူ၍ လက်တွေ့ သိမြင်လာသည်။

လူတို့ရပ်ရွာ၌ လူအများခံစား၍ ပျော်ပါးနေလေ့ရှိကြသော ပုထုဇဉ်ကြိုက် ကာမဂုဏ်အာရုံတို့ထက် သန့်ရှင်းသည်၊ စင်ကြယ်သည်၊ လွတ်လပ်သည်၊ ကိုယ်စိတ် ချမ်းမြေ့ခြင်း အရာခပ်သိမ်းတို့တွင် စစ်မှန်သော ကိုယ်စိတ် ချမ်းသာခြင်းကို လက်တွေ့ ခံစားရ၊ သိမြင်ရပုံကို သုမေဓာရှင်ရသေ့ကြီးက ဆင်ခြင်မိလေသည်။ ထိုချမ်းသာမှုကား-သမဏသုခတရား (၈) ပါး ဖြစ်သည်။

ဤမည်သော သမဏသုခတရား (၈) ပါးသည် ရသေ့ ရဟန်းသူတော်မြတ်တို့သာ ခံစားနိုင်ခွင့် ရှိကြပုံကို သိမြင်လေသည်။

### သမဏသုခတရား ဆောင်ပုဒ်သီတံ

ရဟန်းချမ်းသာ၊
ဥစ္စာမသိမ်း၊
ပြစ်ငြိမ်းဆွမ်းရှာ၊
အေးစွာစားရ၊
ရဋ္ဌမဟူ၊
ဆောက်ဦမငဲ့၊
ဘေးမဲ့သူခိုး၊
မင်းမျိုးမစပ်၊
လေးရပ်မတား၊
ဤရှစ်ပါးကား၊
တရားမဂ်ဖိုလ်ရကြောင်းတည်း။

### ပိဏ္ဍတ္ထအဓိပ္ပာယ်

သူတော်ကောင်း သူမြတ်လောင်း ဖြစ်ကြသော ရသေ့မြတ်၊ ရဟန်းမြတ်၊ သာမဏေမြတ်တို့၏ဘဝသည် ချမ်းမြေ့စွာ နေထိုင်နိုင်ခွင့် ရရှိကြသော ဘုံမြေသို့ ရောက်နေကြခြင်း ဖြစ်သည်။

အဘူးသဖြင့် စိတ်ကို ရှင်းရှင်းထား၍ နေထိုင်နိုင်သော ဘဝ ဖြစ်သည်။ ထို့ကြောင့် ကြောင့်ကြခြင်း ကင်းကြသည်၊ တောင့်တခြင်း ကင်းကြသည်၊ တောင့်တခြင်းဆိုသည်မှာ မိမိစိတ်ကို ထိန်းသိမ်း၍ ကင်းနိုင်သမျှကင်းအောင် နေတတ်ကြရသည်။ နေတတ်လျှင် အမှန်

တကယ် ချမ်းသာ အေးငြိမ်းသော ဘဝရိပ်သာဖြစ်ကြောင်း လက်တွေ့ ခံစားသိရှိကြရပေမည်။

(၁) အိမ်ထောင် ဇနီးမယား သမီးသား မြေးမြစ် ဆွေးမျိုး တို့နှင့် ရောယှက်ရှုပ်ထွေးစွာ နေထိုင်ကြသော ကာမ ဘောဂီ လူသားတို့ကဲ့သို့ ဥစ္စာများမြောင် သိုလှောင် သိမ်းဆည်းနေရန် ကိစ္စတာဝန်မရှိ၍ နေထိုင်ရာတွင် ပေါ့ပါးခြင်း အကျိုးတစ်ပါး။

(၂) အပြစ်ကင်းငြိမ်းသော ဆွမ်းကို ရှာကြံစားသောက်၍ သာနေလေ့ရှိသောကြောင့်ပေါ့ပါးစွာ အသက်မွေးခြင်း အကျိုးတစ်ပါး။

(၃) အပြစ်ကင်းငြိမ်းသော ဆွမ်းကိုရ၍ စိတ်အေးချမ်းမြေ့ စွာ စားသုံးရခြင်း အကျိုးတစ်ပါး။

အိမ်ထောင်မယား သားသမီးတို့နှင့် ရောထွေးနေကြ သူတို့ကဲ့သို့ ဟိုအကြောင်း၊ သည်အကြောင်း၊ အကြောင်း ပေါင်း သောင်းပြောင်း ကောင်းမကောင်း အပြင် လောကမှ အရေးကိစ္စတွေကို တွေးတောနေဖွယ်ရာမရှိ၊ အပြင်အာရုံ မဝင်စေရန် ငြိမ်သက် အေးချမ်းသော စိတ်နှလုံးဖြင့် အပြစ်ကင်းစင်သော ဆွမ်းကိုစား၍ နေခွင့် ရ၏ဟူ၍ ဆိုလိုသည်။

(၄) ရဋ္ဌမဟူ- ဟူသော စကားသည် တိုင်းပြည်အုပ်ချုပ် မင်း လုပ်နေကြရသူတို့ကဲ့သို့ စိတ်ပူပန်စရာ၊ ကြောင့်ကြစရာ မရှိသောကြောင့် စိတ်အေး ချမ်းမြေ့စွာ နေထိုင်ရခြင်း အကျိုးတစ်ပါး။

(၅) အဆောက်ဦမင့်- ဆိုသည်မှာ မိမိနေထိုင်လျက်ရှိသော ကျောင်းသင်္ခမ်းအတွက်ဖြင့် ငဲ့ကွက်သော သံယောဇဉ် စိတ်ဖြင့် တွယ်တာနေဖွယ်မရှိ၍ ပေါ့ပါးသော စိတ် ချမ်းသာမှု ရနေခြင်း အကျိုးတစ်ပါး။

ပါရမီရှင် ဖြစ်ကြသော ရသေ့, ရဟန်း ပုဂ္ဂိုလ်မြတ် ကြီးတို့သည် သင့်တင့်လျောက်ပတ်၍ အေးချမ်းမည်

ထင်ရသော နေရာအရပ်၌ စိတ်ကြိုက် ရွေးချယ်ကာ တောရဆောက်တည် နေထိုင်တတ်ကြသည်။ ရှေးရှေးခေတ်၌ သစ်ပင်ရင်း-ကျောင်း၊ သယံဇာတ ဂူလိုဏ်-ကျောင်း၊ တောင်ပေါ်-ကျောင်း၊ ချောက်ကမ်းပါး-ကျောင်း စသည်ဖြင့် လူသူတို့နှင့် လွတ်ကင်းရာ နေထိုင်လေ့ ရှိကြသည်။ ရသေ့၊ ရဟန်းတို့၏ နေထိုင်ရာဒေသသည်ပင် ကျောင်းသခ်မ်း ဖြစ်ကြတော့သည်။

ကာမဘောဂီဘည်းဟူသော နှောင်ကြိုး ကိုယ်စီနှင့် အပျော်မက်နေကြကုန်သော အိမ်ထောင်ရှင် လူသားတို့ကဲ့သို့ နေထိုင်ရန် အဆောက်အဦအတွက် ငဲ့ကွက်နေဖွယ်ရာ မရှိခြင်း။

တစ်နေရာသို့ သွားလိုလျှင်လည်း အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့- (သပက္ခ ဘာရော သကုဏော ဝိယ) နှင့် တူ၏။ နေရာဟောင်းကို စွန့်လွှတ် ထွက်ခွာ၍ ပေါ့ပါးစွာ သွားနိုင်ခြင်း အကျိုးရှိကြောင်း ချမ်းသာချက် တစ်ပါးဟူ၍ ပြောခြင်း ဖြစ်သည်။

(၆) ဘေးမဲ့ သူခိုး ဆိုသည်မှာ ခိုးသူ ဘေးရန် အတွက် ကြောင့်ကြမှု၊ ပူပန်မှုထားရန် မလို၍ စိတ်အေးချမ်းသာ ပေါ့ပါးစွာ နေထိုင်နိုင်ခြင်း အကျိုးတစ်ပါး။

(၇) (မင်းမျိုးမစပ်) ဆိုသည်မှာ မြို့ထဲရွာထဲ၌ အိမ်ရာတည်ထောင် နေထိုင်ကြသော ကာမဘောဂီ လူတို့ကဲ့သို့ မင်းတို့အုပ်ချုပ်ခြင်း ခံနေကြခြင်းမရှိ၍ လွတ်လပ်သည်-ချမ်းသာမှု ရရှိသည် ဟူ၍ အခွင့်သာသော အကျိုးထူးတစ်ပါးအားဖြင့် အလောင်းတော် သုမေဓာရသေ့ကြီးက သိမြင် သတ်မှတ်ခြင်း ဖြစ်သည်။

(၈) လေးရပ်မတား- ဆိုသည်မှာ အပြစ်ကင်းရှင်းစွာ နေထိုင်သော သူတော်ကောင်းဖြစ်၍ လွတ်လပ်စွာ သွားလာ နေထိုင်နိုင်ခြင်း၊ အခွင့်ရရှိခြင်း အကျိုး တစ်ပါးကို ပြောခြင်း ဖြစ်သည်။

လူလောကဌ် အိမ်ရာတည်ထောင် နေထိုင်ကြသော မြို့ရွာတွင်းမှ ကာမဘောဂီ လူတို့ကဲ့သို့ သံယောဇဉ်တွေ နှင့် ရောယှက်ခြင်း မရှိကြသောကြောင့် မင်းစိုးရာဇာတို့ ကလည်း အပြစ်မရှိ ပုဂ္ဂိုလ်မြတ်များ ဟူ၍ သိမှတ်ထား ကြသည်၊ လွတ်လပ်ခွင့် ရှိကြသည်၊ ဘယ်သို့မသွားရ- မလာရ ဟူ၍ အရပ်လေးမျက်နှာတို့၌ တားဆီးခြင်း၊ ပိတ်ပင်ခြင်း မရှိနိုင်ပါဟူ၍ ဆိုခြင်း ဖြစ်သည်။

ဤရှစ်ပါးကား တရားမင်္ဂဖိုလ် ရကြောင်းတည်း- ဆိုသည်မှာ အဆိုပါ သမဏသုခတရား ရှစ်ပါးနှင့် ပြည့်စုံနေသော ရဟန်းပုဂ္ဂိုလ်သည် တရားမဂ်ဖိုလ်ကို ရခြင်းအကြောင်း ဖြစ်သည်၊ သမဏသုခတရား (၈)ပါး နှင့် ပြည့်စုံအောင် နေကြရမည်၊နေတတ်အောင်ကြိုးစား ကြပါဟူ၍ ဆိုလိုသည်။

လူ၏ဘဝ၌ သံယောဇဉ်တွေနှင့် နေထိုင်ကြသူတို့သည် ပူပန်မှု တွေ ကြုံတတ်ကြသည်၊ ဒုက္ခအဖုံဖုံ တွေ့ဆုံတတ်ကြသောကြောင့် လူ၏ ပုဆိုးဝတ်ကြောင် ဘဝကို ငြီးငွေ့နေကြသော သူတို့သည် မိမိစိတ် ပြတ်သားလျှင် သာသနာပသောကာလ၌ ရသေ့ဘဝ၊ သာသနာတွင်း ကာလ၌ ရဟန်းဘဝသို့ တက်လှမ်းတတ်ကြသည်၊ မိမိတက်လှမ်းပြီးသော ရသေ့ဘဝ၊ ရဟန်းဘဝ၌ နှစ်သက်မြတ်နိုးလေ့ ရှိကြသည်မှာ ဤသို့ သော သမဏသုခတရား၏ ကောင်းကျိုး ကိုယ်တွေ့ခံစားကြရသော ကြောင့် ဖြစ်သည်။

### တစ်ကြိမ်တစ်ခါ ပါရမီမျိုးရအောင်

မနုဿတ္တဒုလ္လဘရယ်လို့ ရခဲသော လူ၏ဘဝကို လက်ရှိရနေကြ ခိုက် အခါတွင် အလွန် ရနိုင်ခဲသော ရဟန်း၏ဘဝကိုလည်း တစ်ကြိမ် တစ်ခါမျှ ပါရမီမျိုးစေ့ ပါစေရန် ရည်ရွယ်၍ ဖြစ်စေ၊ ရက်ပိုင်း လပိုင်း လောက် အရယူတတ်ကြရာသည်။

### မေတ္တာဘာဝနာမျိုးစေ့ ပါစေရန်

အကယ်၍ ရက်ပိုင်းလပိုင်းမျှ ဖြစ်စေ၊ ဒုလ္လဘ ရဟန်းဘဝကို ရနေဆဲဖြစ်လျှင် ပျော်နိုင်သမျှ နေသွားမည် ရည်ရွယ်ချက်ဖြင့် ရဟန်း

ဘောင်သို့ ရောက်နေပြီးသော ဦးပဥ္စင်း ဖြစ်နေလျှင် မေတ္တာ ဘာဝနာ ကို အရ ယူရမည်။

သက်န်းဝတ်နှင့် မိမိနေထိုင်ခိုက် ရက်ပိုင်း, လပိုင်းအတွင်း အချည်းအနှီး အချိန်မကုန်စေသင့်ပါ၊ မေတ္တာဘာဝနာကို ပွားများ နေရမည်၊ ကရုဏာဘာဝနာကို ပွားများနေရမည်၊ တစ်ရက်ဖြစ်စေ၊ မေတ္တာတရား, ကရုဏာတရားနှင့် ဘာဝနာကို ပွားများနေရမည်၊ တစ်ရက်ဖြစ်စေ မေတ္တာတရားနှင့် ပျော်မွေ့နေလိုက်ခြင်းသည် မြတ်၏။ ရဟန်းဝတ်ရကျိုးနပ်သည် မှတ်ပါ။

## သတိသံဝေဂ ရှိရမည်

'ငါသည် ကုသိုလ်ရချင်လို့ ရဟန်းဝတ်ခဲ့ခြင်း ဖြစ်တယ်၊ တစ်ဆင့်ထက်တစ်ဆင့်မြင့်ထက်မြင့်အောင်ငါကြိုးစားရပေမယ်၊မသေခင် တစ်ခဏ လူ၏ဘဝ၌ ရပ်တည်နေရခိုက်မှာ သူတော်ကောင်းတရားနှင့် ချမ်းသာအောင် နေမယ်၊ မြတ်သောရဟန်း၏ ချမ်းသာကို နေဖူးစေ ရမယ်၊ မေတ္တာ ဘာဝနာဖြင့် နေခြင်းသည် မြတ်သော ချမ်းမြေ့စွာ နေခြင်း ဖြစ်တယ်။

'အရှင်တော်စွာ ရက်ပိုင်း၊ လပိုင်း မေတ္တာဘာဝနာ နှလုံးသွင်း၍ မြတ်သော ချမ်းသာစွာ နေခြင်းကို စွမ်းနိုင်သမျှ အချိန်ယူပြီး ပွားများ နေထိုင်မယ်၊ မေတ္တာဘာဝနာနှင့် နေထိုင်ပြီးနောက် ဘဝဆုံးခါနီး တွင် မေတ္တာဘာဝနာ ပွားရင်း ဘဝ ကူးပြောင်းစေမယ်၊ နောင် ဖြစ်လတ္တံ့သော ဘဝတိုင်း မေတ္တာစိတ်ဖြင့် အစဉ်သဖြင့် ချမ်းသာ အောင် နေသွားတော့မယ်' ဟူ၍ လက်ရှိဘဝ၌ ဆုံးဖြတ်ချက်ချပြီး ကြိုးစားယူ၍ရသည်။ သံသရာတစ်လျှောက်လုံး ချမ်းသာသောဘဝသို့ ချည်းသာ ကျင်လည်သွားရမည် မှတ်ပါ။ ဤကား သူတော်ကောင်းတို့၏ ဘဝ ခရီးသွားနည်း ဖြစ်သည်။

## လာဘ်ချွန် ရဟန်းတို့လို
## နိဗ္ဗိန္ဒ စာချိုးများ

လာဘ်ချွန်သဏ္ဌာန် ရဟန်းတို့ကို၊
ဗာဟိရဉာဏ် တစ်ရံမျှမသန့်ရအောင်၊
ဖန်စွန်းကို စမ္ပာယ်တင်၍၊

တကယ်ပင် ဟေဝန်ဖျားဆီသို့၊
မယားပါ, သားပါ, များတကာ, အားနာဖို့တားချက်ကယ်နှင့်၊
မသွားသာ, သွားသာ- တရားရှာသွားပါသော်ကော၊
သွားရသူမို့ ကွယ်၊
သနားစရာ ထိုအကြောင်းကိုလ၊
တရားမရတဲ့ ကိုအပေါင်းတို့မှာလော့၊
(ကွယ်တို့ရယ်) တစ်ပါးဇနော်ဂဲ့ အလားဆလို့မို့၊
အားကျစရာဖြင့် အဖုံဖုံကောင်း။

(ရှေးခေတ်၌ ဆရာကြီး ဦး၁၀ ရေးသားသော မဟာဇနက မင်းကြီး၏ တောထွက်ခန်း သံဝေဂလေးချိုးကြီးမှ နောက်ဆုံးပိုဒ်)

## လူမသန်းတဲ့ဂူနန်းရိပ်မှာ

ထုံဂနိုင်ဝယ်၊
စုံမြိုင်ရှက်စိပ်၊
လူမသန်းတဲ့ ဂူနန်းရိပ်မှာ၊
စိတ်တဖြူဖြူ နိမိတ်ကယ်မူလို့မို့၊
နိဗ္ဗူပရမေ အမြန်တွေ့ရအောင်၊
ဈာန်မွေ့ကာ မနေစမ်းပါရ၊
ညစ်ညမ်းလှတဲ့ လောကီရှဲလူ့ဝသီကို၊
မကြည်ပြီ ကြာလေမုန်းလှပေါ့၊
ဘုံမွေတာရှဲ ထုံးအစဉ်တွေကြောင့်၊
သုံးခွင် ဘုံပြင်နယ်မှာ၊
သံသရာကျင်ဖွယ်က များပါဘိ။

(လယ်တီဆရာတော်ကြီး၏ နိဗ္ဗိန္ဒ လေးချိုးကြီးမှ)

## ရောင့်ရဲလွယ်စွာနေနည်း သန္တောသ တရားသုံးပါး မှတ်သားဖွယ် လိုက်နာဖွယ်ရာတရား

(၁) သဒ္ဓမ္မဂါရဝေါ၊ သူတော်ကောင်း တရား၌ ရိုသေလေစား အပ်သော ရဟန်းသည်။ အပ္ပေန၊ နည်းပါးသော ပံ့သုကူ သင်္ကန်း, ပိဏ္ဍိယလောပ ဘောဇဉ် ဆွမ်း၊ သစ်ပင်ရင်း တည်းဟူသော ကျောင်းသင်္ခမ်း ဂေါမုတ်ရည် ထုံအပ်သော

ပုတိမုတ္တဘေသဇ္ဇ၊ ဤ မည်သော ပစ္စည်းလေးပါးဖြင့်။ အနဝဇ္ဇေန၊ အပြစ်မရှိသောပံ့သုကူသင်္ကန်းစသည်ဖြင့်လည်းကောင်း။ သုလဘေနစ၊ ရလွယ်သောသင်္ကန်း၊ ရလွယ်သောဆွမ်း၊ ရလွယ်သောကျောင်း၊ရလွယ်သောဆေးဖြင့်လည်းကောင်း။သန္တုဋ္ဌော၊ သန္တောသ (၁၂) ပါးဖြင့်ရောင့်ရဲလွယ်သည်။ မတ္တညူ၊ရှာခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်း၊ စွန့်ခြင်း၌ အတိုင်းအရှည်ကို သိလေ့ရှိသည်။ သုဘရော၊ ဆိုးကောင်း-ယုတ်မြတ်၊ ရတတ်သမျှ ယာပနဖြင့် မိမိ အသက်ကို မွေးမြူလွယ်သော သူသည်။ ဟုတွာ၊ ဖြစ်၍။ စရေ-စရေယျ၊ ကျင့်၍ နေရာ၏။

(၂) အတီတံ၊ လွန်လေပြီးသော ပစ္စည်းဥစ္စာကို။ နာနုသော သန္တ၊ အဖန်တလဲလဲ မစိုးရိမ်မူ၍။ အနာဂတံ၊ နောင်အနာဂတ်ကာလ၏ ပစ္စည်းကို။ နပ္ပဇပ္ပံ- နပ္ပဇပ္ပန္တော၊ မတောင့်တမူ၍။ ပစ္စုပ္ပန္နေန၊ ရှိဆဲ, ရဆဲသော ပစ္စည်းဖြင့်။ ယာပေန္တော၊ မျှတစွာ နေချင်တတ်သော ရဟန်းကို။ သန္တုဋ္ဌောတိ၊ ရောင့်ရဲလွယ်စွာ ချမ်းသာအောင် နေတတ်, ကျင့်တတ်သော သူတော်ကောင်း ရဟန်းမြတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏-တဲ့။

(၃) **အနာဂတဇပ္ပာယ၊** အနာဂတ်ပစ္စည်းကို တောင့်တ၍နေခြင်း**ကြောင့်။ အတီတဿာနု သောစနာ၊ အတိတ်ကာလမှပစ္စည်း**ကို အဖန်ဖန် စိုးရိမ်၍ **နေမိခြင်းကြောင့်။** ပစ္စုပ္ပန္နဘာယာပနာ၊ ရဆဲဖြစ်သော ပစ္စည်းဖြင့် မမျှတနိုင်ခြင်းကြောင့်။ ဧတေန၊ ဤအကြောင်း (၃) ပါးဖြင့်။ ဗာလာ၊ ချမ်းသာအောင်နေထိုင်နည်းကို မသိတတ်၊ မလေ့လာ၊ မကျင့်တတ်လိမ္မာရေးခြားမရှိကြသော ရဟန်းတို့သည်။ သုဿန္တိ၊ ခြောက်သွေ့ခွေလိမ် ညှိုးမှိန်တတ်ကုန်၏။ (ရဟန်းဘဝ၏ချမ်းသာမှုကို မခံစားကြရသော ပုဂ္ဂိုလ်များ ဟူ၍ ဆိုလိုသည်။)

ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ လုတော၊ ရိတ်ဖြတ်အပ်သော။ ဟရိတော၊ စိမ်းညို့ရှင်လန်းသော။ နဠော၊ ကျူပြင်သည်။ သုဿတိဣဝ၊ သွေ့ခြောက်၍သွားသကဲ့သို့တည်း။

**မှတ်ချက်။** ။ဤသန္တောသတရား သုံးပါးသည် ချမ်းသာအောင်နေခြင်းငှာ အလိုရှိကြသော သူတော်ကောင်း ရသေ့,

ရဟန်းတို့၏ အတွက် လက်တွေ့ကျင့်သုံး၍နေထိုင်ရမည့် နည်းကောင်းကို ညွှန်ကြားပေးချက် ဖြစ်သည်။

သန္တော-ငြိမ်သက် အေးချမ်းသော အကျင့်ဟူ၍ ဆိုလိုသည်။ ဤညွှန်ကြားချက်အတိုင်းလိုက်နာကျင့်သုံးနေကြသော သူတော်ကောင်း၊ သူမြတ်လောင်း၊ ရသေ့ရဟန်းအားလုံးသည် ကိုယ်ရော စိတ်ရော ချမ်းမြေ့စွာ ရှိကြသည်။ ကိုယ်စိတ် ချမ်းမြေ့ကြ၍ ပျော်မွေ့ကြသည်၊ လက်ရှိဘဝမှ လွန်ပြီးသော နောင်ဘဝ၌လည်း ဘေးရန် မရှိသော သုဂတိ ဘုံဘဝသို့ လားရောက်ကြရမည်မှာ ကေန်ဖြစ်၏ မှတ်ပါ။

သန္တောသတရားသည် သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့၏ အမြဲနှလုံးပိုက်ကြသော တရားကျင့်ကြံ လိုက်နာကြသော ချမ်းသာကြောင်းတရား အဖြစ် ကျင့်သုံးနေထိုင်နည်းပေးသော ညွှန်ကြားချက် ဖြစ်လာတည်း။

## မိဋ္ဌာန်ချက်နှင့် ဝိရိယဇွဲသန်ကြသော ရဟန်းပုဂ္ဂိုလ်မြတ် (၇) ပါး ဝတ္ထု

**နိဗ္ဗာန်တည်း** ဟူသော သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရာလမ်းသို့ **မရောက်မနေသွားကြသော** သူတော်ကောင်းပုဂ္ဂိုလ်တို့တွင် ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းဝယ် သာသနာတော်ကုန်ဆုံးခါနီး နောက်ဖျား၌ ရဟန်းမြတ် (၇) ပါးတို့၏ ဇွဲသန်ကြပုံ၊ မိဋ္ဌာန်ချက် ကြီးကြပုံကို ကြည်ညိုအားရဖွယ် ကောင်းလှပါသည်။ ချီးကျူးဖွယ်လည်း ကောင်းပါသည်။ နှောင်းခေတ်သာသနာဝန်ထမ်းတို့အတွက် အားကျ၍ အထုယူဖွယ်ကောင်းသောကြောင့် ဤတွင် ထုတ်ပြပါသည်။

### ဘုရားသာသနာအတွက် တိတ်နိမိတ်ကြီးများ

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ၌ လွန်စွာထိတ်လန့်ဖွယ်ရာကောင်းသော အတိတ်ကြီးနိမိတ်ကြီးများ ဖြစ်ပေါ်ခဲ့လေသည်။

ဖြစ်ပေါ်ခဲ့ပုံမှာ-

— ကောင်းကင်ယံမှ သူညံ့လှစွာသောနတ်တို့၏ ငိုကြွေးသံကြားရခြင်း၊

- ပြင်းထန်လှစွာသော မြေငလျင်ကြီးတုန်လှုပ်ခြင်း၊
- အရပ်ရှစ်မျက်နှာမှ တော်လဲသံကြီးကြိမ်းဟိန်းဘိသို့ မြည်ဟည်းခြင်း၊
- နတ်စက်မိုးကြိုးကျခြင်း၊
- ကောင်းကင်ပြင်၌ ဥက္ကာပျံသန်းခြင်း၊
- ကောင်းကင်ပြင်မှ ကြိတ်ထွက်ခြင်း၊
- တိရစ္ဆာန်သားငှက်အပေါင်းတို့က တစ်ပြိုင်နက် ထိတ်လန့်ဖွယ်ရာ မြည်တွန် အော်ဟစ်ကြခြင်း၊
- သမုဒ္ဒရာပင်လယ်ရေပြင်တို့၌ ကြီးစွာသောလှိုင်းသမ်းပိုးထခြင်း၊ စသည်တို့ ဖြစ်ပေါ်လာကြသည်၊ ထူးခြားသော နိမိတ်ကြီး(၇) ပါး ဖြစ်သည်။

ထိုအခါ လူအများတို့သည် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း ဖြစ်ကြရသည်၊ ရဟန်း သံဃာတော်တို့သည်လည်း သာသနာတော် အရေးကို စိတ်မအေးကြပါ၊ သို့လော– သို့လော တွေးတောကြပြီး ပူပန်စိတ် ရှိလာကြသည်။

## မိစ္ဆာဒိဋ္ဌိဝါဒီတွေ စခန်းထကြခြင်း

ထိုနောက် အချိန်များများ မကြာပါ၊ မိစ္ဆာဒိဋ္ဌိ အယူဝါဒ လက်ကိုင်ရှိနေကြသော ဂိုဏ်းဆရာကြီးတို့က ဘုရားရှင်မရှိတော့ပြီ ဟူ၍ အကွက်ကောင်းယူကာ စခန်းထကြသည်။ ဝါဒတူအချင်းချင်းဂိုဏ်းဖွဲ့၍ လူ့လောကကြီးအတွင်း ပျံ့နှံ့အောင် လှုံ့ဆော်မှု အားကောင်း၍ လူအများ မိစ္ဆာဝါဒဖက် စိတ်ညွတ်ကြသူတွေ တစ်နေ့တခြား များလာကြသည် ဆို၏။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး ကွယ်ပသွားရန် အားထုတ်ကြသူတို့ ပေါ်ပေါက်လာကြပုံကို ရဟန်းတို့က သိကြမြင်ကြသည်။ ယုတ်မာသော အလိုဆိုးဖြင့် မိစ္ဆာဒိဋ္ဌိ မသူတော်တရား လွှမ်းမိုးအောင် ဟောပြောနေကြပုံမှာ တစ်နေ့တခြား အားကောင်းလာနေကြသည်။ စိတ်ထားနုကြသော လူအများတို့သည် မိစ္ဆာဒိဋ္ဌိဝါဒီ အယူဖက်သို့ ရောက်ကုန်ကြသည်။

အချိန်အနည်းငယ် ကြာလာသောအခါ စိတ်ထားနူးညံ့ကြသော ပုထုဇဉ် ရဟန်းတို့ပင်လျှင် မိစ္ဆာဒိဋ္ဌိဝါဒီဂိုဏ်းဘက်သို့ သက်ဝင်သွားကြသည်။

မိစ္ဆာဝါဒီဂိုဏ်းသို့ ဝင်ရောက်သွားကြသော ရဟန်းအတော်များများသည် ဝိနည်းတရား အကျင့်ကို လက်လွှတ်လိုက်ကြသည်။မသူတော်တို့ နေထိုင်နည်း အတိုင်း လူတို့ကဲ့သို့ စားကြပြီး လူကျင့်ဝတ်ရာဝါသတို့နှင့် စိတ်ထင်သလို နေကြသည်၊ သွားလာ လှည့်ပတ်ကြသည်။

ထိုအချိန်တွင် သာသနာတော် လုံးဝ မကွယ်သေးပါ၊ ရဟန်း သိက္ခာဖြင့် ပုံမှန် ကျင့်ကြံလျက် ရှိကြသော သူတော်မြတ်တို့ အထိုက်အလျောက် ရှိကြသေး၏။ သို့ရာတွင် မိစ္ဆာဝါဒဂိုဏ်းဘက် ပါနေကြသူတို့က သက်န်းကို မချွတ်ကြသော်လည်း လူတို့ကဲ့သို့ နေကြသည်၊ မထေရ်ကြီးတို့က ထိန်းသိမ်း၍ တားကြသော်လည်း မသူတော်တရား လွှမ်းမိုးခြင်း အားကောင်းသောကြောင့် မနိုင်တော့ဟု သိကြသည်၊ ကြားကြသည်၊ မြင်ကြသည်၊ ထင်တိုင်းသာ နေကြပေတော့ ဟူသော သဘောပိုက်ကာ ခွင့်ပြုလိုက်ရဘိသို့ သက်ရှယ်တော်ကြီး မထေရ်ကြီးတို့ အနေဖြင့် မထိန်းကျောင်းနိုင်သော အခြေသို့ ဆိုက်ရောက်သွားတော့သည် ဆို၏။

ဖြစ်နေကြပုံမှာ ရဟန်းယောကျ်ားတွေက ယောားယူကြသည်၊ ဘိက္ခုနီမတွေက လင်ယူကြသည်၊ သာမဏေ ယောကျ်ားတို့က မိန်းမတို့နှင့်- သာမဏေရီမတို့က ယောကျ်ားတို့နှင့်- သိက္ခမာန် မိန်းမပျိုတို့က လူပျိုကာလသားတွေနှင့် အတူအိပ်ကြသည်။ သူတို့ကို တားမြစ်နိုင်စွမ်းသောပုဂ္ဂိုလ် မရှိတော့ပါ၊ ဤပုံဤနည်း မနေကြရန် သက်ရှယ်တော်ကြီး ပုဂ္ဂိုလ်တို့က နိးစပ်ရာ, လက်လှမ်းမှီရာတို့ကို ဩဝါဒ ပေးကြသော်လည်း ဘယ်သူကမှ လိုက်နာခြင်း မရှိကြပါ။

ကဿပဘုရားရှင်သည် လူတို့အသက် နှစ်သောင်းတမ်းကာလ၌ ပွင့်တော်မူခြင်း ဖြစ်သည်၊ ယခုခေတ်နှင့်စာလျှင် သက်တမ်း အလွန်ကြီး ရှည်ကြာသောကာလ ဖြစ်၏၊ သို့ပါလျက် လူတို့၏ အဇ္ဈတ္တသန္တာန် ဖြစ်နေကြသော စိတ်သည် (ဆုတ်ကပ်ခေတ်၌ သက်တမ်း တိုလှသော) ရာတမ်းကာလနှင့် မခြားနား ဟူ၍ ဆိုရပါမည်။

ထိုအချိန်၌ ဘုရားသာသနာတော် ထင်ရှား ရှိဆဲ ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်မြတ်တို့ အတော် များများ ရှိနေကြဆဲ ဖြစ်သည်၊ သို့ရာတွင် ထိုအချိန်၌ သာသနာလောကကြီး၏ မြင်ကွင်းမှာ မကောင်းပါ၊ ရဟန်းယောကျ်ား၊ ဘိက္ခုနီမ၊ သာမဏေယောကျ်ား၊ သာမဏေရီမ၊ သိက္ခမာန်တည်းဟူသော သီတင်းသုံးဖော် ငါးဦးတို့သည် (လင်ကိုယ်စီ၊ မယားကိုယ်စီနှင့် ပွင့်လင်းစွာ) လူတို့နှင့် တစ်သားတည်း ပြောင်ပြောင်နေကြသည်၊ သားမြေးတွေ မွေးဖွားရှိနေကြရာ(သူလည်း အတူတူ၊ ငါလည်းအတူတူပါပဲ) ရှက်စရာဟူ၍ ဘယ်သူမှ သဘောမထားကြတော့ဟူ၍ ဆို၏။ သာသနာတော် မြတ်နိုးသော ပုဂ္ဂိုလ်အချို့မှလွဲ၍ ကျန်သက်နံးဝတ်အားလုံး လင်နှင့်မယားနှင့် အတူအိပ်၊ အတူစား နေထိုင်ကြသည်။ ကာမဘောဂီမြို့ရွာ၌ နေထိုင်ကြသော လူတို့ကဲ့သို့ တစ်သားတည်း ဖြစ်ကုန်ကြသည် ဆို၏။

## သာသနာတော် အားနည်းလာနေချိန်

ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသွားပြီးနောက် ရဟန္တာပုဂ္ဂိုလ်ကြီးများ အဆင့်ဆင့် ပရိနိဗ္ဗာန် ပြုသွားပြီးကြသော နောက်ကာလအချိန်တွင် ဗုဒ္ဓ၏သာသနာတော်သည် တစ်နေ့တခြား ဆုတ်ယုတ်လာနေသည်၊ သာသနာတော်ကို ချစ်မြတ်နိုးကြသော ရဟန်းပုဂ္ဂိုလ်တို့သည်လည်း အားကိုးအားထား မရှိတော့သလို ရေနည်းငါးကဲ့သို့ ဆောက်တည်ရာမမြင် ဖြစ်နေကြရသည်၊ သာသနာတော်ကြီးက အမှန်ပင် ဂယောင်ချောက်ချား ဖြစ်နေခိုက် ကာလကြီး ဖြစ်သည်။

## ရဟန်းပုဂ္ဂိုလ်မြတ် အာဇာနည်(၇) ပါး

ယင်းကဲ့သို့ သာသနာတော်ကြီးကွယ်တော့မည့်ဆဲဆဲ အခြေအနေ လှုပ်ရှားနေခိုက် အချိန်တွင်– ဗုဒ္ဓသာသနာတော် ပျက်စီးရာပျက်စီးကြောင်း အနှောင့်အယှက်တွေ များပြားရှုပ်ထွေး၍ လာနေချိန်တွင် သမိုင်းထူး ကျန်ခဲ့သည်မှာကား လဇ္ဇီသူတော်ကောင်း ဖြစ်တော်မူကြသော ရဟန်းခုနစ်ပါး ထူးခြားစွာ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်၊ ထိုအရှင်မြတ်တို့သည် အညီအညွတ် စိတ်တူကိုယ်မျှ မိမိတို့၏ဗုဒ္ဓသာသနာတော်ကြီး အနှောင့်အယှက်တွေ များလာနေပုံကို သိကြ၊ မြင်ကြသည်၊ လဆုတ်ပက္ခညအခါကဲ့သို့ မသူတော်တရားတွေက လွှမ်းမိုးလာပုံ၊မိစ္ဆာ

ဝါဒ ဖြန့်ပွားနေကြသော ဂိုဏ်းတွေက အားကောင်းနေကြပုံ ကြားသိနေကြရသည်။

ထိုကြောင့် စိတ်သဘောထား တူညီကြသောကြောင့် အချိန်ကြာကြာ ဆွေးနွေးနေကြရန် မလိုပါ၊ အားလုံးသိကြပြီး, မြင်ကြပြီး, ကြားနေကြရပြီးတို့ချည်းသာ ဖြစ်ကြ၍ စိတ်တူကိုယ်မျှ တစ်ခဏမျှဖြင့် အညီအညွတ် တိုင်ပင်ခြင်းကိစ္စ ပြီးကြသည်။

အဆိုပါ (၇) ပါးတို့တွင် ဤဘုရားသာသနာတော်အတွင်း၌ ထင်ရှားသော အရှင်ဒဗ္ဗထေရ်၏အလောင်းလျာ၊ အရှင်ကုမာရကဿပထေရ်၏ အလောင်းလျာနှင့် ပက္ကုသာတိမင်းကြီး၏ အလောင်းလျာတို့ ပါဝင်ကြသည်၊ ထို့ကြောင့် ရှေးဘုရားလက်ထက်မှ ကြုံတွေ့ခဲ့ကြရသော နောက်ကြောင်းသမိုင်းကို ပေါ်လွင်အောင် ပြန်လည် ဟောပြောထားနိုင်ခဲ့ကြခြင်း ဖြစ်သည်၊ အမြတ်ရသည် ဆိုရပါမည်။

### ခေါင်းဆောင်မထေရ်ကြီး၏ မိန့်ခွန်း

ထိုပရိသတ်တွင် အကြီးအမှူးဖြစ်သော မထေရ်ကြီးက ဤသို့ မိန့်ကြားမြွက်ဆိုလေသည်၊ စိတ်တူကိုယ်မျှ ရဟန်း ခြောက်ပါးတို့က ရိုသေလေးစားစွာဖြင့် ရှိခိုး၍ နာယူကြသည်—

'ငါ့ရှင်တို့၊ ယခုအခါ အရှင်ဘုရားတို့- တပည့်တော်တို့ အားထားရာ ဖြစ်သော ကဿပ မြတ်စွာဘုရားရှင်လည်း ပရိနိဗ္ဗာန် စံဝင်သွားပေပြီ၊ ထင်ရှားတဲ့ ရဟန္တာအရှင်မြတ်အကြီးအကဲတို့ကလည်း အဆင့်ဆင့် ပရိနိဗ္ဗာန် ကြွသွားတော်မူကြလေကုန်ပြီ၊ အယူဝါဒ မှားယွင်းကြတဲ့ မိစ္ဆာဒိဋ္ဌိဆရာတို့ကသာ အားများနေကြတယ်၊ သူတို့၏ အယူမှားတရားကို ထွန်းကားအောင် ကြံဆောင်၍ ယထကြွကြွ လုပ်ဆောင်နေကြတယ်၊ အဲဒါက တစ်မျိုးပါ ဘုရား။

'အရှင်ဘုရားတို့- တပည့်တော်တို့၏ သာသနာဝန်ထမ်းအတွင်းကို ကြည့်ပြန်တော့လဲ အရှက်မရှိကြသော အလဇ္ဇီရဟန်းတွေ များနေကြပြီ၊ ထို့ကြောင့် ဝိနည်း သိက္ခာ အကျင့်လုံးဝမရှိကြသော ဒုဿီလရဟန်းတို့က လွှမ်းမိုးပြီး များပြားကုန်ကြပြီ။

'ဒီအတိုင်းသာ ခရီးဆက်ကြလျှင် တပည့်တော်တို့၏ ဘုရားသာသနာတော်ကြီးဟာ တစ်နေ့တခြား ရေနည်းငါးကဲ့သို့ ဖြစ်ကြရပါတော့မယ်၊ ယခုပင်လျှင် ဘုရားရှင်၏ပညတ်တော် သိက္ခာပုဒ်တွေ ပယ်ရှားချကုန်ကြပါပြီ၊ မှန်မြတ်တဲ့တရားအကျင့်တွေကိုလည်း တစ်စတစ်စနှင့် ဆုတ်ယုတ်ပြီး မှေးမှိန်လာနေပြီ၊ သာသနဓမ္မစရိယဆိုတာတွေဟာ တိမ်မြုပ်စပြုနေပြီး၊ မိစ္ဆာဒိဋ္ဌိ အယူဝါဒတွေသာ လွှမ်းလာနေပြီ၊ အရှင်ဘုရားတို့ အသိအမြင် ဖြစ်ကြပါတယ်၊ ဝမ်းနည်းစကား မပြောလိုပါ၊ အခြေအနေအရ ပြောရလျှင် တပည့်တော်တို့ရဲ့ ဘုရားရှင်သာသနာတော်ကြီးတော့ တစ်နေ့တခြား ကွယ်ပျောက်၍ မကြာမီ ဆုံးရှုံးရတော့မည့်ကဲ့သို့ ဖြစ်နေကြရပါပြီဘုရား။

'လိုရင်းကို လျှောက်ပါမယ်၊ ဒီအတိုင်းသာ ရပ်ကြည့်နေကြလို့တော့ မဖြစ်တော့ပါ၊ အချိန်မကြာခင် တပည့်တော်တို့ပါ လူဖြစ်လာရကျိုး လုံးလုံးကြီး ဆုံးရှုံးပြီး အကျိုးမဲ့ပျက်စီးသူတို့ အထဲ ပါဝင်သွားကြလျှင် သေပြီးနောက် အပါယ်ငရဲသို့ ကျရောက်ကြရပါလိမ့်မယ်။

'ဒီတော့ သာသနာရောင် အတော်အသင့် ကျန်နေသေး၍ အမှောင်ထုကြီး လုံးဝ ကျရောက် မလာသေးခင် ရဟန်းတရားကျင့်စဉ် နည်းလမ်း အကုန် မကွယ်ပျောက်သေးခင် ဆိုကြစို့၊ ကိုယ်ရေးကိုယ်တာဖြစ်သော မဂ်ဖိုလ်ရောက်ကြောင်း ကြိုးစားကြပါစို့၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း လမ်းမှန်ရာသို့ ကိုယ်သွတ် ရှန်းကြမယ်၊ အချိန်မဆိုင်း ဆောဆော လျင်လျင် ကြိုးကုတ် ကျင့်ဆောင်ကြမယ်၊ လိုရင်းပြောရလျှင် အမြန်ဆုံး ထွက်ပေါက် ထွက်လမ်း ရှာကြံကြစို့ရဲ့ဘုရား၊ လိုရင်း ဒါပါပဲ'

ဟူ၍ ဩဝါဒစကား မိန့်ကြားသည်၊ ပြီးလျှင် စိတ်တူသဘောတူ ညှိနှိုင်း တိုင်ပင်ကြသည်။

## ဟိမဝန္တာသို့ ခရီးထွက်ကြပြီ

ထိုနောက် အချိန်ကြာကြာမဆိုင်းပါ၊ အားလုံး တက်ကြွစွာ စိတ်သဘော တူညီကြသောကြောင့် ခရီးထွက်ကြရန် ပြင်ဆင်ကြသည်၊

အလိုနည်းသော ရဟန်းတို့၏ထုံးစံ ယူသင့်သော သင်္ကန်း၊ သပိတ် ပရိက္ခရာအနည်းငယ်ကို မိမိတို့ကိုယ်တိုင် ပေါ့ပါးစွာ ယူဆောင်၍ အသင့်ရှိနေကြသည်၊ မည်သူ့ကိုမျှ အသိပေးခြင်း၊ နှုတ်ခွန်းဆက် ပန်ကြားခြင်း မရှိကြပါ၊ တိတ်ဆိတ်စွာ မိမိတို့ရည်မှန်းချက်အတိုင်းပင် ဟိမဝန္တာ တောနက်ရာသို့ ရှေးရှု ထွက်ကြွသွားကြလေသည်။

ထိုကဲ့သို့ စိတ်တူကိုယ်တူ တိုင်ပင်၍ စွန့်စားခြင်းသည် ထက်မြက်သော ယောဂါဝစရမြတ်တို့၏ ရင့်ကျက်သော စိတ်ဓာတ်ရှိခြင်း ဖြစ်သည်။

အခြားသောရဟန်းနှင့် လူတို့ကို မိမိတို့ဘက်သို့ ပါအောင် ဆွဲဆောင်၍မရ၊ ဟောပြောသော်လည်း ရနိုင်ဖွယ်ရာမမြင်သည်ကို သိထားကြသည်။ ထို့ကြောင့် သူတစ်ပါးတို့အား ဆွဲဆောင်မနေကြတော့ဘဲ မိမိတို့ကိုယ်ရေးအတွက်ကိုသာ အလွတ်ရုန်းထွက်ကြမှ ဖြစ်မည်ကို သိမြင်ထားကြသည်။

ရရှိထားသော မနုဿတ္တဒုလ္လဘကြီးကို မဆုံးရှုံးကြစေရန် ကြံစည်အားထုတ်ကြခြင်း ဖြစ်သည်၊ ထိုကဲ့သို့ စွန့်စားရဲခြင်းသည် ပါရမီရှင်သူတော်စင်တို့၏ ရှေးသို့တက်သော ကျင့်ထုံးဖြစ်သည်၊ နှောင်းခေတ်ပုဂ္ဂိုလ်ငယ်တို့အတွက် အားကျနည်းယူဖွယ် ဖြစ်သည်။

သွား၍ဖြစ်နိုင်ရာ မျှော်ကာကြည့်ကာဖြင့် အစဉ်တစ်စိုက် ခရီးထွက်လာခဲ့ကြရာ တဖြည်းဖြည်းနှင့် ဟိမဝန္တာတောနက်ကြီးအတွင်းသို့ ရောက်ရှိလာကြသည်၊ ထိုအခါ သူတို့၏ရှေ့တူရူ၌ အလွန် မြင့်မားသော တောင်ကြီးတစ်လုံးကို တွေ့မြင်ကြရသည်၊ ထိုတောင်ကြီးကား တက်ရန်ဆင်းရန် ခက်ခဲသော (တောင်ကလာပ်) ကြီး ဖြစ်သည်။

တောင်ကလာပ်ကြီး၏ အနီးကပ်သို့ ရောက်ကြသောအခါ ခေါင်းဆောင်ဖြစ်သော မထေရ်ကြီးက ရပ်တန့်၍ ဤသို့ အမိန့်ရှိလေသည်—

'ကိုင်း-ငါ့ရှင်တို့၊ ကြိုးစားပြီး လာခဲ့ကြတာကဖြင့် ဟိမဝန္တာတောကြီးအတွင်းသို့ ရောက်ခဲ့ကြပြီ၊ ငါ့ရှင်တို့ ယောဂါဝစရမြတ်တို့၏ ကြိုးစားခြင်းဆိုတာ အပြီးတိုင်ရောက်အောင် ကြိုးစားကြဖို့လိုတယ်၊ တစ်ဆင့်တိုး၍ ကြိုးစားကြရဦးမယ်။

'ဟိုရှေ့မှာ မြင်နေရတဲ့ တောင်ကြီးကဖြင့် ဆန်းကြယ်မြင့်မားသော တောတောင်ကြီးလဲ ဖြစ်တယ်၊ ကောင်းကင်ယံအတွင်း မိုးတိမ်လုကြီးများအတွင်း ရောက်နေအောင် မြင့်မားပါတယ်၊ သို့သော် ငါတို့အားလုံး ဤတောင်ကြီးသို့ တစ်သက်တွင်တစ်ခါ မကြုံဖူးသေးသော စွန့်စားခြင်းမျိုးဖြင့် ကြိုးစားပြီး တက်ကြရအောင်၊ ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ မကြောက်မရွံ့စတမ်း ကြိုးစားလိုက်ကြပါစို့'

ခေါင်းဆောင် မထေရ်ကြီး၏ မိန့်ဆိုတိုက်တွန်းချက်ကို ကျန်ရဟန်း (၆) ပါးတို့က လိုက်နာမှန် သဘောတူကြောင်း (ကောင်းပါပြီ) ဟူ၍ ဝန်ခံကြသည်။ ထိုကြောင့် ခြေဖြင့်သွားနိုင်ရာ တောင်ကြီးခြေရင်းရောက်အောင် အကြီးအမှူးဖြစ်သော မထေရ်ကြီးက ခေါင်းဆောင်၍ ခြေဖြင့် သွားကြသည်။

ခြေဖြင့်မတက်လောက်သောအမြင့်ပိုင်းအဆင့်သို့ရောက်ကြလျှင် တောင်ကြီးထိပ်ပေါ်သို့ တက်ရောက်နိုင်သော နည်းကို ကြံဆကြသည်။ လှေကားဖြင့်သာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း အများသဘောတူ တွက်ဆကြသည်။

သို့ဖြင့် လှေကားအဖြစ် အသုံးပြု၍ ဖြစ်နိုင်လောက်သော သစ်ပင်မတ်တတ်ရပ်ခြောက်ကြီး တစ်ခုကို တွေ့မြင်၍ ဝိုင်းယူ မ,ကာ သယ်ဆောင်ယူခဲ့ကြပြီး တောင်ကြီး၏နံရံ၌ ကပ်၍ လှေကား အဖြစ် ထောင်ကြသည်။ ထို့နောက် ခေါင်းဆောင်အကြီးမှစ၍ တစ်ပါးချင်း တောင်ထိပ်ရောက်အောင် တက်သွားကြသည်။

ရဟန်းမြတ် အာဇာနည် ခုနစ်ပါးအားလုံး တောင်ကြီး၏ ထိပ်ပေါ်သို့ ရောက်ရှိကြလေလျှင် မထေရ်ကြီးက ညှိနှိုင်းတိုင်ပင်သည့် သဘောဖြင့် ဤသို့ အမိန့်ရှိလေသည်—

'ငါတို့တောင်ကြီးထိပ်ပေါ်ရောက်ကြပြီ၊ဒီလှေကားကြီး ဒီအတိုင်းထား၍ မဖြစ်ပေဘူး ထင်တယ်၊ ဘာကြောင့်လဲဆိုလျှင် တရားအားထုတ်ရာတွင် စိတ်အားပျော့ခြင်း၊ ဝီရိယပေါ့လျော့ခြင်း ရှိချင်ရှိကြမယ်၊ ထိုအခါ သမာဓိပျက်သူက ဒီလှေကားမှ ဆင်းသက်သွားပြီး မြို့ရွာတွင်းသို့ ပြန်ချင်သော တွန့်စိတ် ဖြစ်နိုင်စရာ အကြောင်းရှိတယ်'

စိတ်အား ထက်သန်သော ရဟန်းမြတ်တို့ချည်း ဖြစ်ကြသောကြောင့် အားလုံး စိတ်ဆန္ဒတူညီစွာနှင့် လှေကားကြီးကို ဝိုင်း၍

တွန်းချလိုက်ကြသည်။ လှေကားကြီး လဲကျသွားသောအခါ ဝမ်းသာအားရစွာဖြင့် ရဟန်းမြတ်တို့အားလုံးက 'အောင်ပြီ- အောင်ပြီ' ဟူ၍ သံပြိုင်ကြွေးကြော်လိုက်ကြရာ တောင်စောင့်နတ်များပင် ကြက်သီးထ လောက်ခမန်း ရှိကြရသည်။ ဤကား ထိုအချိန်၌ ထိုရဟန်းမြတ်တို့၏ စွန့်စားပုံ သမိုင်းလူးပါတည်း။

## ခေါင်းဆောင်မထေရ်ကြီး၏ ကတိကဝတ်ပြုနေကြရန် ဩဝါဒထူး

လှေကားကြီး တွန်းချလိုက်ကြပြီးလေလျှင် ရဟန်းအာဇာနည် (၇)ပါးတို့ စိတ်သည် တူညီသော အားမာန်ရှိကြ၍၊ ကြည်လင်သန့်ရှင်းသော မျက်နှာပုံဟန်ကို မြင်ကြရသည်။ သံသယရှိစရာ တစ်ပါးမျှ မရှိ- အားရဖွယ်ချည်း မြင်ကြရသည်။ ထိုအခါ ခေါင်းဆောင် မထေရ်မြတ်ကြီးက ဤသို့ ဩဝါဒစကား မိန့်ခွန်း ပြောဆိုလိုက်သည်-

'ကိုင်း- ငါ့ရှင်တို့၊ ငါတို့မှာ ပြန်လမ်းမရှိပြီ၊ စိတ်အာရုံ၌ ဝန်လေးမည် ထင်ကြရသော လှေကားကြီး ဖြုတ်လိုက်ကြပြီ၊ ဤတောင်ကြီးပေါ်၌ မိမိတို့၏ ရုပ်နာမ်ခန္ဓာကို ငဲ့ကွက်ခြင်း မရှိမူဘဲ စွန့်ကြ၍ ကောင်းမြတ်စွာ တစ်ကြောင်းတည်းသော လမ်းသို့သာ ဖြောင့်ဖြောင့်မတ်မတ် သွားကြကုန်စို့၊ တရားအားထုတ်မှုအောင်မြင်၍ ဈာန်ရသူဖြစ်လျှင် ကောင်းကင်ခရီးဖြင့် ဈာန်ပျံနိုင်ကြပါမယ်၊ ဈာန်ရသူ မဟုတ်လျှင် သေဖို့သာ လမ်းရှိတော့တယ်၊ တရားအားထုတ်ကြရန်သာ တစ်ကြောင်းတည်းသောလမ်း အားကိုး ပြုကြရမယ်ဆိုတာ အားလုံး မြဲခိုင်စွာ စိတ်နှလုံး ပိုက်ထားကြပါ၊ လိုရင်း ဒါပါပဲ' ဟူ၍ ရင့်ကျက်သော အသံဖြင့် ဩဝါဒ ပေးလိုက်သည်။

ထိုနောက် ရဟန်းမြတ်(၇)ပါးတို့သည်အသက်ကိုလည်းကောင်း၊ ကိုယ်ခန္ဓာကိုလည်းကောင်း ငဲ့ကွက်စိတ် မထားကြတော့ဘဲ တကယ်ထက်သန်သော ဝီရိယဇွဲဖြင့် အားခဲကြိုးစားကြတော့မယ် ဟူသော နှလုံးသွင်းဖြင့် သင့်လျော်ရာ နေရာဌာနတို့၌ အသီးသီး နေရာ ရွေးချယ်ယူကာ နေရာ မနီးကပ်စေကြဘဲ တစ်ပါးစီ ခွဲခြားကာ တိတ်ဆိတ်စွာ တရားအားထုတ်လျက် ကြောင့်ကြမဲ့ နေတော်မူသွားကြလေသည်၊ ကျေးငှက်မြည်သံပင် မကြားရ၊ ပတ်ဝန်းကျင် အားလုံး တိတ်ဆိတ်နေကြသည် ဆို၏။

## ကတိကဝတ်ထားကြပုံ

အဆိုပါ အာဇာနည်ပုဂ္ဂိုလ်မြတ်တို့သည် နေရာခွဲ၍ တရားမထိုင်ကြခင် ဤသို့ ကတိကဝတ် ထားကြသေး၏။

'အရှင်ဘုရားတို့- တပည့်တော်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ပေါက် သံသရာဝဋ်မှ တကယ်ကျွတ်လွတ်ကြောင်းဖြစ်သော တရားထူးတရားမြတ်ကို ရအောင်အားထုတ်ကြမည့် ပုဂ္ဂိုလ်တို့ချည်းဖြစ်ကြပါတယ်၊ တရားထူးတရားမြတ်ကိုမရသမျှ အသက်ရှင်နေဖို့တော့ မျှော်လင့်စရာမရှိဘူး ဆိုတာ အားလုံး နားလည်ထားတော်မူကြပါ၊ ယနေ့မှစ၍ ဆွမ်းအာဟာရကိုမှီဝဲရလိမ့်မယ်ဟူ၍ တွေးကြံဖွယ်ရာမရှိပါ၊ မြတ်သောတရားပိုင်ရှင်ဖြစ်ဖို့ တစ်ခုတည်းသာလျှင် အားကိုးရာ ဖြစ်စေကြရမယ်ဟူ၍ မှတ်တော်မူကြရမှာပါ ဘုရား'—တဲ့။

ဆက်လက်၍ မထေရ်ကြီးက မိန့်ဆိုသည်မှာ—

'ဒါကြောင့် တစ်ပါးနှင့်တစ်ပါး စကားမပြောကြစတမ်း၊ တစ်ပါး၏နေထိုင်ရာသို့ တစ်ပါးက သွားလာ၍ မကူညီကြစတမ်း၊ အာဟာရပြတ်၍ မွတ်သိပ်ခြင်းဒဏ်ကို မခံနိုင်သောကြောင့် လဲနေပုံကို တွေ့ကြရစေကာမူ တစ်ဦးနှင့်တစ်ဦး မမေးမြန်းကြစတမ်း၊ ရုပ်ခန္ဓာ၏ဖောက်ပြန်မှု- စိတ်နာမ်ခန္ဓာ၏ ဖောက်ပြန်မှုအခြင်းအရာကိုတွေ့မြင်ကြရသော်လည်း တစ်ပါးက အခြားတစ်ပါးကို မေးမြန်းခြင်းသော်လည်းကောင်း လာရောက် ကူညီပေးခြင်းသော်လည်းကောင်း မပြုကြစတမ်း၊ ဒီ ကတိကဝတ်ကိုလည်း အားလုံး ညီညာစွာ လိုက်နာကြပါစို့။

'အထူးလျှောက်ထားပါရစေ၊ အကယ်၍ တစ်ပါးသောပုဂ္ဂိုလ်က ဘဝနောက်ခံပါရမီ အခြေခံပါခဲ့၍ ဈာန်မဂ်ဖိုလ်သို့ရောက်ခဲ့ပါသော်လည်း မိမိ၏အဘိညာဉ်တန်ခိုးစွမ်းကြောင့် ကောင်းကင်ခရီးက ပျံသန်းနိုင်သော်လဲပဲ- ထိုပုဂ္ဂိုလ်က အခြားသော ပုဂ္ဂိုလ်တို့အား ဆွမ်းခံ၍ ကျွေးခြင်းကိုပါ မပြုလုပ်ကြစတမ်း၊ ရှေးဦးစွာ တရားပေါက်မြောက်ပြီး၍ ကောင်းကင်ပြင် ပျံသန်းသွားနိုင်နေသော ပုဂ္ဂိုလ်သည် မိမိအလိုရှိရာသို့သာ စိတ်ချမ်းသာမည်ထင်ရသော အရပ်သို့ ကြွရောက်နိုင်ကြပါတယ်၊ အခြား ကျန်ရှိနေသော ပုဂ္ဂိုလ်များကို ငဲ့ကွက်နေရန် မလိုပါဘုရား'

'တရားထူး မရရှိသေး၊ ဈာန်အဘိညာဉ်မရရှိသော ကျန်ပုဂ္ဂိုလ်တို့ကလဲပဲ ငါ့ကိုယ်ငါသာလျှင် အားကိုးရာအစစ် ဖြစ်တယ် ဟူ၍ မိမိ၏စိတ်ကို တစ်သမတ်တည်း တရားထူးရအောင်သာ ကြိုးစား အားထုတ်ယူကြရမယ်'

ခေါင်းဆောင် မထေရ်ကြီး၏ လေးနက်သောမိန့်ခွန်းသြဝါဒစကားကို နောက်ပါရဟန်း (၆) ပါးအားလုံး တစ်စိတ်တည်းသဘောတူကြ၍ ကျေနပ်စွာ ကကိကဝတ်ပြုကြသည်၊ လေးနက်စွာကတိကဝတ်ပြုကြပြီးလျှင် ရဟန်းမြတ် (၇) ပါးအားလုံး စိတ်အားထက်ကြ၍ဇွဲရှိရှိ ပြင်းထန်စွာ တရား အားထုတ်တော်မူကြသည်၊ တစ်ပါးနှင့်တစ်ပါး မမြင်လောက်ရာ-သစ်ပင်တူရာ၌ခိုဝင်ကာ တရားထိုင်ကြသည်။

ကိုယ်စီသင့်တော်ရာ၌ နေရာယူ၍ တရားထိုင်နေကြသော ပုဂ္ဂိုလ်အသီးသီးတို့၏ စိတ်အာရုံတွင် 'ငါတို့သည် အနမတဂ္ဂသံသရာ၌ ဤခန္ဓာကိုယ်ရုပ်ကြီးကို (ဗဟိဒ္ဓ) အပြင်ပရန်သူတို့နှင့် အကြိမ်ကြိမ်တိုက်ခိုက်ဖူးခြင်းခံခဲ့ရကြသော်လည်း အတွင်းရန်သူ (အဇ္ဈတ္တ) ကိုယ်တွင်းရန်သူအစစ် (ကိလေသာသူပုန်) တို့ကိုဖြင့် တိုက်ခိုက်ခြင်းပြုချင်မှပြုကြရပေမည်၊ ယနေ့အချိန်၊ ယခုအချိန်ဖြင့် အမြဲကိန်းအောင်းလျက်ရှိနေသောထိုအတွင်းရန်သူပုန် အစစ်အမှန်ကို မကြောက်မရွံ့ နောက်မဆုတ်တမ်းရဲရင့်စွာနှင့် တိုက်ခိုက်တော့အံ့၊ အတွင်းရန်သူကိလေသာနှင့် တိုက်ခိုက်ရင်းပင် သေကြရသော်လည်း မြတ်၏၊ သူတို့ကို အရှုံးပေး၍ ငါတို့ကဖြင့် ထွက်ပြေးသွားကြမည့်သူများ မဟုတ်ကြပါ' ဟူ၍ အသီးသီးပြတ်သားစွာ ဆုံးဖြတ်ထားကြသည်။ ဆုံးဖြတ်ချက်ခိုင္ဓာန်ပြီးကြလျှင်စိတ်ဓာတ်အလွန်ပြင်းထန်သော သမ္မပ္ပဓာန်လုံ့လဖြင့် သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့ကို ကြိုးစားအားထုတ်၍ နေတော်မူကြလေသည်။

## ရဟန်းတစ်ပါး ရဟန္တာဖြစ်သွားခြင်း

အဆိုပါ သမ္မပ္ပဓာန်လုံ့လဖြင့် ပြင်းထန်စွာ တရားအားထုတ်၍နေတော်မူကြသော ယောဂီကျွားမြတ်အာဇာနည် ရဟန်း (၇) ပါးတို့တွင် (၅) ရက်မြောက်သောနေ့၌ ရဟန်းတစ်ပါးသည် ဈာန်အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်၊ ထိုပုဂ္ဂိုလ်ကား ပါရမီဓာတ်ခံရင့်သန်နေပြီးသော တရားအကျင့်၌ ဘဝနောက်ခံ

ပါခဲ့ပြီး၍ သံသရာဝဋ်ဆင်းရဲမှ တစ်ခါးတည်း အပြီးထွက်မြောက်သွားနိုင်ခြင်း ဖြစ်သည်။

ထိုအခါ ကောင်းကင်ခရီးဖြင့် ဥတ္တရကုရုကျွန်း ခေါ်ဆိုကြသောမြောက်ကျွန်းသို့ဆွမ်းခံကြွတော်မူသည်၊ ဆွမ်းခံ၍ရခဲ့ပြီးလျှင်သီတင်းသုံးဖော် ပုဂ္ဂိုလ်တို့နှင့် ကဘိကာဝတ်ပြုထားပြီးရှိကြောင်း သိသော်လည်း ကြီးမားသော သနားခြင်း ကရုဏာစိတ်ကြောင့် ဤသို့လျှောက်သည်—

'တပည့်တော်မှာ ရဟန်းကိစ္စပြီးမြောက်ခဲ့ပြီဖြစ်ပါ၍ မြောက်ကျွန်းမှ ဆွမ်းခံယူ၍လည်း ပြန်ရောက်ခဲ့ပါပြီ၊ အရှင်ဘုရားများ ဆွမ်းအာဟာရမှီဝဲတော်မူကြပါဦး၊ ဆွမ်းကိစ္စပြီးမှ အားအင်ပြည့်ဖြိုးစွာနှင့် ဆက်လက်၍ တရား အားထုတ်တော်မူကြပါကုန်ဘုရား' ဟူ၍ ရိုသေစွာ လျှောက်ထားလေသည်။

သို့ရာတွင် ကျန် (၆) ပါးသော ရဟန်းပုဂ္ဂိုလ်မြတ်တို့က ကြိုတင်ပြုထားပြီး ကတိကာဝတ်ကို မဖျက်ကြပါ။ 'အရှင်ဘုရားသာ ပါရမီပြည့်စုံပြီးပေမို့ ရဟန်းကိစ္စ ပြီးမြောက်နိုင်လေပြီ၊ ကပည့်တော်တို့မှာ မပြီးမြောက်သေးပါ၊ မအောင်မြင်သေးပါ၊ ငံ့နေတော်မမူပါလင့်၊ ချမ်းသာရာဒေသသို့သာ ကြွတော်မူပါဘုရား၊ တပည့်တော်တို့မှာ က ဉာဏ်ဝီရိယအတိုင်းသာ ရှိပါစေတော့' ဟူ၍ မြင့်မြတ်သည့် မလျှော့သောဇွဲ သတ္တိဖြင့်ပင် အားခဲနေကြသည်၊ ကပ်လှူသောဆွမ်းကို မစားကြပါ၊ ရည်မှန်းထားပြီးသော စိတ်ဓာတ်ကိုသာ တည်တံ့စေသည်၊ ကြည်လင်သောစိတ်နှင့် ထိုင်ရာမှ မထကြပါ၊ ခိုင်မြဲစွာ အားထုတ်လျက် ရှိကြသည်။

အမှန်မှာ ထိုအရှင်မြတ်တို့သည် အာဟာရကင်းပြတ်ကြသဖြင့် အားအင်ကုန်ခန်း၍ ရုပ်ခန္ဓာ ညှိုးနွမ်းလျက် ရှိနေကြပြီ ဖြစ်သည်။ သို့သော် ဓမ္မပီတိအရသာကို ခံစားလျက် အထက်ဘုံစံပြဟ္မာတို့ကဲ့သို့ မိမိတို့၏စိတ်ကို အားတင်းကာသာ ထိုင်မြဲသော ဣရိယာပုတ်ကိုပင် မပျက်စေကြပါ၊ နှလုံးသွင်းမြဲ တရားဘာဝနာ အာရုံကိုလည်း မလွှတ်စေကြပါ၊ ခိုင်မြဲသော သမာဓိဖြင့် ဆက်လက် နေသွားကြရန် အားထုတ်နေတော်မူကြဆဲ ဖြစ်ကြလေသည်။

## (၃) ရက်မြောက်နေ့တွင် ရဟန်းတစ်ပါး အနာဂါမိဖိုလ်ရောက်

စိတ်ထားမြင့်မြတ်သော ရဟန်းအာဇာနည် (၆) ပါးတို့သည် ဇွဲအားကောင်းကြ၏၊ လုံ့လကို မလျှော့ကြပါ၊ မူလဆုံးဖြတ်ချက်

အတိုင်း တစ်ဖြောင့်တည်းသာ တရားကိုသာ အားကိုးပြုကြသည်၊ဆွမ်း မစားရ၊ ရေမသောက်ကြရပါ၊ သေကာမှသေပါစေ၊ ယောကျ်ားမြတ် စိတ်ဓာတ် ခိုင်မာကြသည်။

သို့ရာတွင် အာဟာရကင်းပြတ်၍ နေကြသဖြင့် ငါးရက်မြောက် နေ့တွင် အားအင် ကုန်ခန်းနေကြသည်၊ ခြောက်ရက်မြောက်သော နေ့ တွင် ကိုယ်ခန္ဓာ ညှိုးနွမ်းကုန်ကြလေပြီ၊ အစာအာဟာရ မရှိသော ကြောင့် ပုံလျက်လဲ၍ နေကြလေကုန်ပြီ၊ သို့သော် ဓမ္မပီတိအရသာကို စိတ်အာရုံတွင် ခံစားလျက် နေကြသောကြောင့် ထိုင်ခြင်း ဣရိယာပုတ် ကို မပျက်စေကြရန် တောင့်ထားဆဲ ရှိကြသည်။

အချိန်ကာလ (၆) ရက် လွန်မြောက်၍ (၇) ရက်ကြာသော နေ့သို့ ရောက်ကြသောအခါ စိတ်ဓာတ်အားဖြင့် ခိုင်အောင် ထားကြ သော်လည်း ကိုယ်ရုပ်ခန္ဓာတို့ကား မခိုင်နိုင်တော့ပါ၊ အားလုံးယိုင်လဲ ကာ နုန်းခွေလျက် ဖြစ်ကုန်ကြတော့သည်။ ထိုသို့ ရုပ်ခန္ဓာ မပိုင်၍ ခွေယိုင်လဲကုန်ကြသော်လည်း တရားနှလုံးသွင်းခြင်း အလုပ်ကိုကား သတိမလစ်စေကြဟူ၍ ဆို၏၊ အခြေအနေမြင်ကွင်းမှာ သနားဖွယ်ရာ ဖြစ်ကြသည်၊ သံသရာဝဋ်မှ လွတ်မြောက်ရေးအလုပ်ဖြစ်၍ ချီးမွမ်းအပ် ပါသည်၊ ကြည်ညိုဖွယ်ရာ ကောင်းပါဘိသည်၊ ခိုင်မြဲ၍ နောက်မတွန့် သော ဇွဲ လုံ့လ ဆိုသည်မှာ ဤအရာမျိုး ဖြစ်ပေသည်၊ အားကျဖွယ် ပါတည်း။

ခုနစ်ရက်မြောက်သောနေ့တွင် ထမင်းအသက် (၇)ရက်ဆိုသော စကားအတိုင်း လူ၏ဘုံနေ လူသားတို့၏ ဓမ္မတာအရ ကိုယ်ခန္ဓာ ရုပ် တည်၍ နေခြင်းငှာ မတတ်နိုင်ကြတော့ပါ၊ ဘဝနောက်ဆုံး ပါရမီ အလျောက် တစ်ပါးသော ပုဂ္ဂိုလ်သည် (၇) ရက်မြောက်သောနေ့တွင် အနာဂါမိဖိုလ်သို့ ရောက်သွားသည်၊ အနာဂါမ်ဖြစ်ပြီး၍ အချိန်မကြာ ခင် စုတေ၍ သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာကြီး ဖြစ်၍ ရောက်သွားလေသည်။

ကျန်သော ရဟန်းပုဂ္ဂိုလ် ငါးပါးတို့ကား– ဘဝနောက်ခံပါရမီ နုကြသေးသောကြောင့် မဂ်ဖိုလ်တရား အဆင့်သို့ ပေါက်ရောက်ခြင်း မရှိကြပါ၊ (၇) ရက်မြောက်နေ့တွင် အားလုံး ပျံလွန်တော်မူကြသည်။ တရား အားထုတ်နေရင်း စုတေကြသောကြောင့် ရဟန်း (၅) ပါး

အားလုံး တာဝတိံသာ နတ်ဘုံသို့ ရောက်ကြသည်၊ တန်ခိုးကြီးသော နတ်သားကြီးများဖြစ်၍ အချိန်ကြာမြင့်စွာ ပျော်ပါး၍ နေကြရကြောင်း ထေရာပါဠိတော်၌ ဖွင့်ဆိုသည်။

## မြတ်သောနေနည်းနှင့် မြတ်သောသေနည်း

အဆိုပါ ရဟန်းမြတ်တို့သည် တောင်ကြီးပေါ်၌ (၇) ရက်မြောက်သောနေ့တွင် အားလုံး ပျံလွန်ကြသည်၊ တရားအားထုတ်ရင်း စုတေကြရသောကြောင့် အမြတ်ထွက်ကြသည်၊ မသေမီ တရားဖြင့် ပျော်မွေ့နေရခြင်းသည် မြတ်၏၊ သေသောအခါ တရားနှလုံးသွင်းရင်း သေရခြင်းသည်လည်း မြတ်၏၊ အနည်းဆုံးအကျိုးမှာ သေပြီးနောက် နတ်ဘုံသို့ ရောက်နိုင်ကြောင်းမှာ ခိုင်လုံသော သမိုင်းကြောင်း ဖြစ်သည်။

ထိုကြောင့် စိတ်ထားမြတ်သော သူငါစသော သူတော်ကောင်းတို့သည် စုတေခါနီး အချိန်၌ တရားနှင့်နေခြင်းကို မမေ့မလျော့စေသင့်ကြပါ၊ မတွေ့မဝေ သောနိုင်ကြရန် ဖြစ်သည်၊ တရားဖြင့် ပျော်မွေ့ရင်း သေသွားကြရလျှင် ကောင်းရာဘုံဘဝရောက်ကြရမည် သေချာကြောင်း မှတ်သား နားလည်ထားကြရာသတည်း။

**သတ္တမပိုင်းပြီး၏။**

* * *

# ဒသမပိုင်း

## ၁၀။ ရဟန်းပြုခြင်း၏ မျက်မှောက်ဘဝ၌ တွေ့မြင်ရသော အကျိုး။

မိမိကိုယ်ကို မိမိ၏ စိတ်နှလုံးအာရုံမှ သီလဖြင့် မစွပ်စွဲလျှင် နေ့ခင်းတမလွန်ဘဝသို့ လားရောက်ရေးအတွက် ပူပန်ဖွယ် မရှိနိုင်ပါ။

[တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ]

## ၁၀။ ရဟန်းပြုခြင်း၏ မျက်မှောက်ဘဝ၌ တွေ့မြင်ရသော အကျိုး။

### သုတ် သီလက္ခန်ပါဠိတော်၊ သာမညဖလသုတ်

ရဟန်းဘဝ ချမ်းသာကြောင်း စာအုပ်ကို ရေးခဲ့ပြီး ကျမ်းပြီးခါနီး အပိုင်း (၁၀) တွင် လူလောကတို့၌ လူတို့ကဲ့သို့ မနေကြမူ၍ ရဟန်းပြုကြသည်။ မျက်မှောက်ဘဝ၏ တွေ့မြင်ရသော ချမ်းသာရှိကြပါ၏လော-ဟူ၍ တွေးဆသူများ ရှိကြသည်။ ဤတွင် အဇာတသတ်မင်းက မေးလျှောက်၍ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဖြေဆိုဟောကြားထားပုံကို ဤတွင် သိမြင်ကြရပါမည်။

မျက်မှောက်ဖြစ်သော လက်ရှိဘဝ၌ ရဟန်းပြုရခြင်း၏ တွေ့မြင်ရသော အကျိုးကျေးဇူးကို အဇာတသတ္တုမင်းသားက မေးလျှောက်၍ ၎င်းအား မြတ်စွာဘုရားရှင်က ဖြေဆိုကာ ဟောကြားတော်မူခဲ့သည်။ အလွန် ကြည်ညိုအားတက်၍ နှစ်သက်ဖွယ်ကောင်းသော သုတ္တန် တရားတော်ကြီး ဖြစ်သည်။ ဆိုလိုရင်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

### စိတ်ကြည်လင်စေလို၍ ပုဂ္ဂိုလ်ထူးရှာချင်သူ

အခါတစ်ပါး မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်အဘယမင်းသည် ကောက်ယူ၍ မွေးမြူအပ်သော ဆရာဇီဝက၏ သရက်ဥယျာဉ်အတွင်း၌ (တစ်ထောင့်နှစ်ရာ ငါးကျိပ်ကုန်သော) ရဟန်းသံဃာတော်များ ခြံရံလျက် သီတင်းသုံး နေတော်မူသည်။

ထိုအခါ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရားကြီး၏သား အဇာတသတ္တုမင်းသည် ကုမုဒြာကြာတို့၏ ပွင့်ဆဲ အခါဖြစ်သော

မိုးလေးလမြောက် တန်ဆောင်မုန်းလပြည့် တစ်ဆယ့်ငါးရက် (ဥပုသ်နေ့) ညဉ့်အခါဝယ် မင်း၏ အမတ်အပေါင်း ခြံရံလျက် မြတ်သော ပြာသာဒ်ထက်၌ နေစဉ် ကြည်လင်ဖြူဖွေးသော လရောင်ကိုမြင်၍ ဥဒါန်းစကား မြွက်ကြား ကျူးရင့်လေသည်။

'အို အချင်းတို့၊ အပြစ်မှကင်းစင်သော ညဉ့်သည် မွေ့လျော်ဖွယ် ကောင်းလေစွတကား၊ အို အချင်းတို့၊ ညစ်ညူးခြင်း အပြစ်မှကင်းစင်သော ညဉ့်သည် ရှုချင်စဖွယ် ရှိလေစွတကား၊ အို အချင်းတို့၊ ညစ်ညူးခြင်း အပြစ်မှကင်းစင်သော ညဉ့်သည် ကြည်ညိုစဖွယ် ရှိလေစွတကား၊ အိုအချင်းတို့၊ ညစ်ညူးခြင်းအပြစ်မှ ကင်းစင်သော ညဉ့်သည် မှတ်သားလောက်ဖွယ် ရှိလေစွတကား။

'အို အမတ်တို့၊ယနေ့သည်ကား အကြင်ရဟန်းသို့လည်းကောင်း၊ ပုဏ္ဏားသို့လည်းကောင်း ဆည်းကပ်ကြကုန်သော ငါတို့သည် စိတ်ကြည်လင်စေကုန်ရာ၏။ အဘယ်မည်သော ရဟန်းသို့လည်းကောင်း၊ပုဏ္ဏားသို့လည်းကောင်း ဆည်းကပ်ကြရပါကုန်အံ့နည်း ဟူ၍ ဥဒါန်းစကား မြွက်ကြား ကျူးရင့်လေသည်။

ထိုအခါ တစ်ယောက်သောမင်း၏ အမတ်ကြီးသည်– 'အရှင်မင်းမြတ်၊ ကဿပအမျိုးဖြစ်သော ဣါပုရာဏသည် သံဃာနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်းပြည့်စုံ၏၊ ဂိုဏ်းဆရာကြီးလည်းဖြစ်၏၊ ကျော်စော ထင်ရှား၏၊ အခြံအရံများ၏၊ အယူဝါဒကို ပြုတတ်၏၊ များစွာသော လူအပေါင်းတို့သည် သူတော်ကောင်းဟူ၍ သမုတ်အပ်ပါ၏။ ရဟန်းပြုသည်မှစ၍ လွန်ပြီးသောညဉ့်တို့ကို သိပါ၏။ ကြာမြင့်သော ရဟန်းပြုခြင်းလည်း ရှိပါ၏။ ရှည်မြင့်စွာသော အဒ္ဓန့်ကာလသို့လည်း ရောက်ပါ၏၊ နောက်ဆုံး ပစ္ဆိမအရွယ်သို့လည်း ရောက်ပါ၏။

'အရှင်မင်းကြီးသည် ထိုကဿပအမျိုးဖြစ်သော ပုရာဏသို့ ဆည်းကပ်တော် မူစေချင်ပါ၏၊ ပုရာဏကဿပသို့ ဆည်းကပ်တော်မူသော အရှင်မင်းကြီး၏စိတ်သည် ကြည်ကောင်း ကြည်ပါလိမ့်မည်ဘုရား' ဟူ၍ လျှောက်ကြားလေသည်။ မင်းသည်ကား မည်သို့မျှ စကားမဆိုဘဲ ဆိတ်ဆိတ်နေလေသည်။

**မက္ခလိ– အဇိတ– ပကုဓ– ဗေလဋ္ဌ– သဉ္စယ– နိဂဏ္ဌ**

ထို့နောက် တစ်ယောက်သော အမတ်ကြီးသည် မက္ခလိဂေါသာလထံသို့ လည်းကောင်း၊ တစ်ယောက်သောအမတ်သည် လူဆံပင်

ဖြင့် ရက်လုပ်အပ်သော ကမ္ဗလာကို ဝတ်ရုံသော အဇိတထံသို့ လည်းကောင်း၊ တစ်ယောက်သော အမတ်သည် ကစ္စာယန အနွယ်ဖြစ်သော ပကုဓထံသို့လည်းကောင်း၊ တစ်ယောက်သောအမတ်သည် ဗေလဋ္ဌ၏ သားဖြစ်သော သဉ္စယထံသို့ လည်းကောင်း၊ တစ်ယောက်သော အမတ်သည် နာဋ၏ သားဖြစ်သော နိဂဏ္ဌထံသို့ လည်းကောင်း အသီးသီး မိမိတို့သိကျွမ်းရာ ဆည်းကပ်ဖူးရာ ဆရာတက္ကတွန်းတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျက် ညွှန်ကြားကာ တင်လျှောက်ကြသည်။

## ဆရာဇီဝက၏ လျှောက်ဆိုချက်

နောက်ဆုံးတွင် မင်းသား၏ မနီးမဝေး၌ ဆိတ်ဆိတ်နေသော ဆရာဇီဝကကို 'အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်း' ဟူ၍ မင်းက မိန့်ဆိုသည်။ ထိုအခါမှ ဆရာဇီဝကသည် ဤသို့ လျှောက်ထားလေသည်။

'လောကသုံးပါး၌ ကျော်စောသတင်း ပျံ့နှံ့၍တက်သော ဘုရားရှင်၏ ဂုဏ်တော် (၉) ပါးကို ချီးကျူးလျက် ထိုဘုန်းတော်ကြီးသော မြတ်စွာဘုရားကို အရှင်မင်းကြီး ဆည်းကပ်တော်မူစေချင်ပါသည်၊ ထိုသို့ဆည်းကပ်ရပါလျှင် အရှင်မင်းကြီး၏စိတ်တော်သည် ကြည်ကောင်း ကြည်ပါလိမ့်မည်ဘုရား' ဟူ၍ လျှောက်ကြားလေသည်။

## ဘုရားရှိရာ ဇီဝက၏ သရက်ဥယျာဉ်သို့

ထိုအခါ အဇာတသတ်မင်းသည် ဆရာဇီဝက၏ အကြံပေးလျှောက်ထားချက်ကို နှစ်သက်အားရလှသည်ဖြစ်၍ ထွက်ကြွရန် အစီအမံကို ပြုစေသည်။ ဆရာဇီဝက ဦးဆောင်၍ အစီအစဉ်ပြီးလေလျှင် ငါးရာသော ဆင်မယဉ်သာတို့ကို မိဖုရားများနှင့် မောင်းမတို့စီးစေ၍ မင်းကြီးက မိမိနှင့် လျောက်ပတ်သော ဆင်တော်ကို စီးလျက် မီးရှူးမီးတိုင်တို့ကို ညှိထွန်း၍ ကြီးကျယ်စွာသော မင်း၏ အခမ်းအနား အစီအမံဖြင့် ရာဇဂြိုဟ်မြို့မှ ထွက်ကြသည်၊ မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ဇီဝက၏ သရက်ဥယျာဉ်သို့ ရှေးရှုသွားကြလေသည်။

သရက်ဥယျာဉ်၏ အနီးအပါးသို့ ရောက်ကြလေလျှင် အဇာတသတ်မင်းသည် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ဖြစ်ပေါ်နေသည်။ ထိုအခါ ဇီဝကကို ဤသို့ ပြောကြားလေသည်။

'အချင်းဇီဝက-သင်သည် အဘယ်ကဲ့သို့မျှ ငါ့ကို မလှည့်ပတ် မဖျားယောင်းပါလင့်၊ ငါ့ကို ရန်သူလက်သို့ မပေးဆပ်ပါလင့်၊ အဘယ်ကြောင့် ထိုမျှလောက် များကုန်သော (တစ်ထောင့်နှစ်ရာ့ငါးကျိပ်မျှ) သော ရဟန်းသံဃာတော်တို့ ရှိနေကြပါလျက် ချေဆတ်သောအသံ၊ ချောင်းဟန့်သော အသံကိုမျှလည်း မကြားရ၊ အုတ်အုတ်ကျက်ကျက်သော အသံမရှိလေသနည်း' ဟူ၍ မိန့်ဆိုလေသည်။

ထိုအခါ ဆရာဇီဝကသည် ပြန်ကြားလျှောက်သည်—

'မင်းကြီး၊ စိုးရိမ်ကြောက်ရွံ့သော် မမူပါလင့်၊ အကျွန်ုပ်သည် မလှည့်ပတ် မဖျားယောင်းပါ၊ ရန်သူလက်သို့လည်း မအပ်ပါ၊ ရဲရင့်စွာ ကြွသွားတော်မူပါ၊ ရဟန်းတို့၏ စည်းဝေးရာဖြစ်သောမဏ္ဍပ်အပြင်၌ ဆီမီးတိုင်တို့သည် ထွန်းလင်းတောက်ပလျက် ရှိကြပါကုန်၏ဘုရား' ဟူ၍ လျှောက်သောအခါမှ ရဲဝံ့စွာ ဆက်လက်၍ ကြွသွားလေသည်။

## ငြိမ်သက်သော ဣန္ဒြေရှိကြသော ရဟန်းသံဃာတော်များ

မြတ်စွာဘုရားရှင်၏တပည့်သားသံဃာတော်တို့သည် ဆရာကောင်း၏ တပည့် ပီသကြသည်၊ ကျစ်လျစ်သောဣန္ဒြေရှိကြသည်၊ ငြိမ်သက်စွာနေထိုင်ကြသည်၊ ထို့ကြောင့် လေငြိမ်ရာ၌ ညှိထွန်းအပ်သော ဆီမီးတိုင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်ခြင်း ရှိကြပုံကို တွေ့မြင်ကြရသည်။

မြတ်စွာဘုရားရှင်သည် ပဒုမ္မာကြာတောအလယ်၌ ရွှေလှေကြီးကဲ့သို့လည်းကောင်း၊ ကြယ်တာရာနက္ခတ်တို့အလယ်၌ လပြည့်ဝန်းကြီးကဲ့သို့လည်းကောင်း တင့်တယ်စွာ စံနေတော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရသောအခါ အဇာတသတ်သည် လျှောက်ပတ်သောအရပ်၌ ဆင်တော်ပေါ်မှဆင်းသက်၍ ဆရာဇီဝက၏ အကူအညီဖြင့် ချဉ်းကပ်ရလေသည်။

ချဉ်းကပ်၍ ထိုင်ကြရပြီးလေလျှင် ဆိတ်ငြိမ်စွာနေထိုင်လျက်ရှိကြကုန်သော ရဟန်းသံဃာတော်အပေါင်းကို ထိုမှဤမှ လှည့်လည်ကာ ကြည့်ရှု၍ မြင်ကွင်းမှာ ကြည်လင်၍သန့်ရှင်းသော ရေအိုင်ကဲ့သို့ ကြည်လင်သော ဣန္ဒြေရှိသော အဖြစ်ကို ဖူးမြင်ရလေသော် ဤသို့ ဥဒါန်းစကား မြွက်ကြားကျူးရင့်လေသည်။

## မြင့်ရာမှ နိမ့်ရာစီးဆင်းသော ရေကဲ့သို့

ယခုလက်ရှိ ရဟန်းသံဃာတော်တို့သည် ငြိမ်သက်ခြင်းဖြင့် ပြည့်စုံတော်မူကြပါပေ၏။ ထိုကဲ့သို့သော ငြိမ်သက်ခြင်းနှင့် ငါ၏သား ဥဒယဘဒ္ဒ သတို့သားသည် ပြည့်စုံသည်ဖြစ်ပါမူကား ကောင်းလေစွတကား ဟူ၍ ဥဒါန်းကျူးရင့်လိုက်လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က မိန့်ဆိုသည်မှာ 'အို မြတ်သော မင်းကြီး၊ ဥပမာအားဖြင့် မြင့်ရာအရပ်၌ ရှာသောမိုးရေသည် နိမ့်ရာအရပ်သို့ စီးဆင်းဘိသကဲ့သို့၊ ထို့အတူပင် သင်သည် ရဟန်းသံဃာတော်များကို ကြည့်မြင်ရပြီးလျှင် ချစ်အပ်သောသူဆီသို့ စိတ်ရောက်၍ နေဘိသည်တကား' ဟူ၍ မိန့်မြွက်တော်မူလေသည်။

မြတ်စွာဘုရားရှင်က မိန့်ရာတွင် 'မြတ်သောမင်းကြီး' ဟူသော စကားသည် လေးနက်သော တရားစကားကို ပဟာမြွက်လိုရင်းဖြစ်၍ ပြောရိုးစဉ်လာ လေးနက်သော စကားဖြင့် 'အာလုပ်' ခေါ်ဆိုခြင်း ဖြစ်သည်။ အမှန်မှာ အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင်၏ တူအရွယ်၊ သားအရွယ်မျှသာ ဖြစ်သည်။

အဇာတသတ်မင်းက ထပ်၍ လျှောက်ဆိုပြန်သည်—

'မြတ်စွာဘုရား— အကျွန်ုပ်သည် သားတော် ဥဒယဘဒ္ဒ မင်းသားကို ချစ်ခင်မြတ်နိုးအပ်ပါသည်၊ အရှင်မြတ်ဘုရား၊ ယခုအခါ၌ ရဟန်းသံဃာတော် အပေါင်းသည် ငြိမ်သက်ခြင်းနှင့် ပြည့်စုံကြသကဲ့သို့ ဥဒယဘဒ္ဒမင်းသားသည် ငြိမ်သက်ခြင်း သဘောဖြင့် ပြည့်စုံသည် ဖြစ်ပါစေသတည်း' ဟူ၍ တောင့်တခြင်းနှင့်တကွ လျှောက်ပြန်လေသည်။

ထိုနောက် အဇာတသတ္တုမင်းသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ ရဟန်းသံဃာတော်တို့အားလည်း လက်အုပ်ချီကာ ရိုသေလေးစားစွာ ကိုင်းညွတ်ပြီးလျှင် သင့်လျော်သောအရပ်၌ ထိုင်နေလေသည်။

## ပစ္စုပ္ပန်ဘဝ၌ မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်းအကျိုး

ထိုနောက် မြတ်စွာ ဘုရားရှင်အား မေးမြန်း၍ သိလိုရာ မေးပါရစေခြင်းငှာခွင့်ပြုတော်မူပါလျှင် အမြွက်စကားကို မေးလျှောက်ထားလိုပါကြောင်း ခွင့်တောင်းလေသည်။ မြတ်စွာဘုရားရှင်က 'သင်

အလိုရှိရာစကားကို မေးလျှောက်နိုင်ကြောင်း’ ခွင့်ပြုလိုက်သောအခါ အောက်ပါပစ္စုပ္ပန်ဘဝ၌ မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏ အကျိုးတရားကို ဥပမာနှင့်တကွ လျှောက်ထားလေသည်။

## မျက်မှောက်ဘဝအကျိုး အတတ်ပညာအမျိုးမျိုး

‘လျှောက်ထားပါသည် မြတ်စွာဘုရား၊ ဤလောက၌ များစွာကုန်သော ဤအတတ်ပညာမျိုးတို့သည် ရှိကြပါကုန်၏။ ဆင်စီးသူရဲအတတ်၊ မြင်းစီးသူရဲ အတတ်၊ ရထားစီးသူရဲ အတတ်၊ လေးသမားအတတ်၊ အလံကိုင် စစ်ဗိုလ်အတတ်၊ စစ်ကြပ်ဗိုလ် အတတ်၊ တစ်ဖက်သော စစ်သည်၏ ဦးခေါင်းကို ထန်းသီးခိုင်ချိုင်သကဲ့သို့ ယူနိုင်စွမ်းသော စစ်သည်တော် သူရဲကောင်း အတတ်၊ ထင်ရှားကျော်စောသော မင်းသား၊ ထင်ရှား၍ကျော်စောသော စစ်ဗိုလ်ကြီး၊ ကောင်းကင်သို့ပျံ၍ စစ်ထိုးနိုင်စွမ်းသော စစ်ဗိုလ်၊ ဆင်ပြောင်ကြီးအားနှင့်တူသော အားရှိသော သူရဲကောင်း၊ ရဲရင့်စွမ်းသောသူရဲ၊ သံချပ်ဝတ်ဆင်ရသောသူရဲ၊ ကျွန်မ၏သားဖြစ်သော သူရဲ၊ ထမင်းချက်သမား၊ ဆတ္တာသည်၊ ရေချိုးပေးရသူ၊ စားဖိုသည်၊ ပန်းသည်၊ ခဝါသည်၊ ရက်ကန်းသည်၊ ကျူထရံသည်၊ အိုးထိန်းသည်၊ ဂဏန်းသင်္ချာအတတ်ကို တတ်သောသူ၊ လက်ဆစ်ချိုး၍ ရေတွက်ရသောသူ၊ ထိုမှတစ်ပါးလည်း ဖြစ်ကုန်သော အကြင် များစွာကုန်သော အတတ်ပညာတို့သည် ရှိကြပါကုန်၏။ ထိုထိုအတတ်ပညာ အမျိုးမျိုးတို့သည် မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ မျက်မှောက်ထင်ထင် တွေ့မြင်ရသော အတတ်ပညာ၏ အကျိုးကိုမှီ၍ အသက်မွေးမှုကြပါကုန်၏။ ထိုသူတို့သည် ထိုအတတ်ပညာဖြင့် မိမိ၏ကိုယ်ကို ချမ်းသာစေကြပါကုန်သည် ဘုရား၊ ဝဖြိုးစေကြပါကုန်သည်၊ အားရှိစေကြပါကုန်သည် ဘုရား။

‘ထိုနည်းတူအမိအဖတို့ကို ချမ်းသာစေကြပါကုန်၏။ ဝဖြိုးစေကြ၊ အားရှိစေကြပါကုန်၏။ ထိုကျေးဇူးကို ပြုကြပါကုန်၏။ ထိုနည်းတူ သားမယားကိုလည်းကောင်း၊ ချစ်ခင်သော မိတ်ဆွေ, ချစ်ခင်သော ဆွေမျိုး ဉာတကာတို့ကို လည်းကောင်း ချမ်းသာစေကြပါ ကုန်၏ ဘုရား’

‘အထက်နတ်ဘုံ၌ဖြစ်သော မြတ်သော ချမ်းသာစေခြင်းအကျိုးကို ဖြစ်စေတတ်သော အလှူပေးခြင်းကို ရဟန်းပုဏ္ဏားတို့၌ ဖြစ်စေကြပါကုန်၏။ မြတ်စွာဘုရား— ဤသို့သော အတတ်မျိုးတို့နှင့် အလားတူ

ပစ္စုပ္ပန်ဘဝ၌ မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏ အကျိုးကို ပညတ် ဟောကြားခြင်းငှာ တတ်ကောင်းပါအံ့လော’ ဟူ၍ လျှောက်ထားလေသည်။

## မြတ်စွာဘုရားရှင်က ပြန်မေးပုံ

ထိုအခါ မြတ်စွာဘုရားရှင်က ပြန်လည်မေးသည်၊ ‘အို မြတ်သောမင်းကြီး၊ သင်သည် အောက်မေ့စမ်းပါလော၊ ဤသို့သော မေးခွန်းပုစ္ဆာ ပြဿနာကို တစ်ပါးကုန်သော ရဟန်းပုဏ္ဏားတို့အား မေးမြန်းအပ်ဖူးပါသလော’ ဟူ၍ မိန့်တော်မူ၏။

အဇာတသတ်မင်းက ‘မေးမြန်းဖူးပါ၏၊ သို့ရာတွင် ထိုသူတို့၏ ဖြေဆိုချက်များသည် အမေးနှင့်အဖြေ တလွဲတခြား ဖြစ်ကြပါသည်၊ ဥပမာအားဖြင့် သရက်ပင်ကို မေးရာမှာ တောင်ပိန္နဲပင်ကို ဖြေဆိုကြသကဲ့သို့ လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးရာမှာ သရက်ပင်ကို ဖြေဆိုကြသကဲ့သို့လည်းကောင်း တူနေပါသည်။

‘တပည့်တော်ဒကာက မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏ အကျိုးကို မေးပါလျက် ဖြေကြားပုံကား- သူတို့၏ ဖောက်ပြန် မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူဝါဒများကိုသာ ဖြေကြားလိုက်ကြပါသည်ဘုရား၊ သူတို့၏စကားကို မနှစ်သက်ခဲ့ပါ၊ မနှစ်သက်ကြောင်းကိုတော့ ထုတ်ဖော် မပြောခဲ့ပါ။

‘သို့သော် ဖောက်ပြန်မှားယွင်းသော အယူဝါဒတွေကို မနှစ်သက်ခြင်း ရှိသော်လည်းပဲ အကျွန်ုပ်ကဲ့သို့သောမင်းသည် နိုင်ငံတော်အတွင်း၌ နေထိုင်ကြသော ရဟန်းကိုလည်းကောင်း၊ ပုဏ္ဏားကိုလည်းကောင်း ညှဉ်းဆဲအပ်၏ ဟူ၍ မအောက်မေ့ပါကြောင်း နှုတ်မမြွက်သော်လည်း သိကြားနိုင်သော အမူအရာကို ပြပေးပါသည်။

ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ကစ္စာယန၊ ပကုဓ၊ နာဋပုတ္တ၊ နိဂဏ္ဌ၊ ဗေလဋ္ဌ၊ သဉ္စယတို့က ပြောဆိုကြသော စကားကို နှစ်သက်ခြင်းလည်း မရှိပါ၊ မပြောကြရန် တားမြစ်ခြင်းလည်း မပြုလုပ်ပါ၊ မနှစ်သက်ပါဘဲလျက် မတားမြစ်မူ၍ စိတ်တွင် နှလုံးမသာယာခြင်းဖြစ်လျက် နှလုံးမသာယာသောစကားကို လူကြား

အောင် ထုတ်ဆို၍ မမြွက်ခဲ့ပါ၊ ထိုသူတို့၏ ပြောဆိုလိုက်ကြသော စကားများကို စိတ်အာရုံတွင် မှတ်သားခြင်း၊ နှလုံးသွင်းခြင်း မပြုဘဲ သာလျှင် ထိုင်နေရာမှထ၍ ဖဲခွာခဲ့ပါကြောင်း' အလုံးစုံကို အဇာတသတ် က ပြန်ကြား လျှောက်ထားလေသည်။

မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်းအကျိုး

မြတ်စွာဘုရားရှင်က ဤသို့ မေး၍ ဖြေကြားစေသည်—

'မြတ်သောမင်းကြီး....ပြည့်ကိုဟောကြားခြင်းငှာ တတ်ကောင်း ပါ၏။ မြတ်သောမင်းကြီးတို့ အကျိုးကိုသိလိုပါမူကား ဤအရာ၌ သင့် ကိုသာလျှင် ပြန်၍မေးအံ့၊ သင်၏စိတ်သည် နှစ်သက်သည်အတိုင်း ဖြေ ကြားလော' ဟူ၍ အောက်ပါအတိုင်း မေးခြင်းနှင့် ဖြေခြင်းပါ ပြု လေသည်။

'မြတ်သောမင်းကြီး၊ ထို ငါမေးလတ္တံ့အကြောင်းကို သင် အဘယ်သို့ အောက်မေ့ဘိသနည်း၊ ဤလောက၌ သင်မင်းကြီးအား အမှုကြီးငယ်ကို ပြုတတ်သော အလုပ်အကျွေးပြုသူ လူယောကျ်ား တစ်ဦး ရှိသည်ဆိုကြပါစို့။

ထိုအလုပ်အကျွေးပြုသူ ကျွန်ယုံတော်သည် နံနက်တွင် အရှင် သခင်၏ ရှေးဦးစွာ အိပ်ရာမှထလေ့ရှိသည်၊ ညဉ့်အခါ အရှင်သခင်၏ နောက်ကျမှ အိပ်ရာဝင်လေ့ရှိသည်၊ ''အို....အရှင်၊ အဘယ်ကိစ္စကို ပြု လုပ်ဆောင်ရွက်ရပါအံ့'' ဟူ၍ အမိန့်စကားကို နာခံလေ့ရှိသည်။ အရှင်သခင်၏ စိတ်ကြိုက်ကိုလိုက်၍ လုပ်ဆောင်ပေးတတ်သော-ချစ်ဖွယ် သော စကားကို ပြောကြားလေ့ရှိသော- အရှင်သခင်၏ မျက်နှာရိပ် အကဲကို ကြည့်နေလေ့ရှိသော ကျွန်ယောကျ်ားသည် ရှိသည်ဖြစ်ရာ၏။

ကျွန်လုပ်သား ရဟန်းပြုသွားခဲ့သော်

'ထိုကျွန်ယောကျ်ား အလုပ်အကျွေးပြုသူက ရဟန်းပြုတော့ မည်ဟူသော အကြံသည် ဖြစ်ရာ၏။

'အိုအချင်းတို့၊ကောင်းမှုတို့၏ဖြစ်ခြင်းသည် အံ့ဩဖွယ်ရာကောင်း လှပေ၏၊ ကောင်းမှုတို့၏အကျိုးသည် မဖြစ်စဖူး ထူးလှပေ၏၊ထိုစကား သည် မှန်၏။

'မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရားကြီး၏ သားဖြစ်သော ဤ အဇာတသတ္တုမင်းသည်လည်း လူဖြစ်၏၊ ငါသည်လည်း လူဖြစ်၏၊ သို့ရာတွင် သူ့မှာကား ငါးမျိုးသော လောကီကာမဂုဏ်တို့ဖြင့် ခံစားပျော်ပါးနိုင်ရန် ပြည့်စုံအောင် စုံရံလျက်ရှိ၍ နတ်သားကဲ့သို့ ခံစား၍-စံစား၍ နေနိုင်ပေသည်၊

'ငါမူကား....ထိုမင်း၏ ကျေးကျွန်အမှုကိုစွဲ၍ လုပ်ဆောင်ပေးနေရသူသာ ဖြစ်၏၊ နံနက်တွင် ရှေးဦးစွာ အိပ်ရာမှထရသည်၊ ညဉ့်အခါ နောက်ကျမှ အိပ်ရာဝင်ရသည်၊ အိုအရှင်သခင် အဘယ်အမှုကိုဖွဲ့ကိုပြုရအံ့နည်းဟူ၍ စေခိုင်းချက် အမိန့်သံကို နာခံရသည်၊ အရှင်သခင်၏ အကြိုက်ကိုလိုက်၍ ကျင့်ရသည်၊ ပြုလုပ်ဆောင်ရွက်ပေးရသည်၊ ချစ်ဖွယ်နှစ်သက်ဖွယ်စကားကို ပြောရသည်၊ အရှင်သခင်၏မျက်နှာကို တမော့မော့ကြည့်၍ နေရပါသည်။

'ထို့ကြောင့် ကောင်းမှု၏အကျိုးသည် မဖြစ်မှုမြဲ အံ့ဖွယ်သရဲ ရှိပါပေသည်။ ငါသည် ကောင်းမှုကိုပြုလုပ်ခဲ့ဖူးသူ ဖြစ်ပါမူကား ထိုမင်းကဲ့သို့ပင် ဖြစ်နိုင်ရာပါ၏။

## တစ်မျိုးမှုပြောင်း၍ အကြံပြုပုံ

'ငါသည် ဖန်ရည်စွန်းကုန်သော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ ဆံမြိတ်ကိုရိတ်၍ လူ၏ဘောင်မှ အိမ်ရာမထောင်သော ရဟန်းတို့၏ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုရမူ ကောင်းလေရာ၏' ဟူ၍ ကြံစည်လေသည်။

## လူဖြစ်သော်လည်း ရဟန်းပြုသွားလျှင်

ထိုကျွန်အမှုလုပ်သူသည် တစ်ပါးသောအခါ၌ ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသောအဝတ်သင်္ကန်းကို ဝတ်ရုံပြီးလျှင် အိမ်ရာထောင်သော လူတို့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းတို့ဘောင်၌ ရဟန်းပြုလေရာ၏။

'ရဟန်းပြုချင်စိတ်ဖြင့် ထိုကျွန်အမှုလုပ်သူ ရဟန်းပြုသွားသည်ရှိသော် ကိုယ် နှုတ် စိတ် (ကံသုံးပါး)ဖြင့် စောင့်စည်းသည်ဖြစ်၍ ကောင်းမွန်စွာ နေရာ၏။ မအပ်သော ရှာမှီးခြင်းကိုပယ်၍ ရသမျှ

စင်ကြယ်မွန်မြတ်သော ပစ္စည်းရိက္ခာအစားအဝတ်ဖြင့် တင်းတိမ်ရောင့်ရဲသည်ဖြစ်၍ နေရာ၏။ နေရာအားဖြင့် လူသံသူသံ ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်သည်ဖြစ်၍ နေရာ၏။

'ထိုအကြောင်းကို သင်မင်းကြီး၏ မင်းချင်းယောကျ်ားတို့က ကြားလျှောက်ကြကုန်ရာ၏။ သင်မင်းကြီးသည် 'အိုအချင်းတို့၊ ထိုယောကျ်ားကို လာစေလော့၊ ရှေးယခင်ကဲ့သို့ ကျွန်ဝတ်ငါးပါးနှင့်အညီ ကျွန်အမှုလုပ်သူပင် တစ်ဖန်ပြန်၍ ဖြစ်စေလော'' ဟူ၍ ဆိုရာအံ့လော' ဟု မေးတော်မူသည်။

ထိုအခါ အဇာတသတ်မင်းက 'မြတ်စွာဘုရား၊ ဤသို့သော စကားကိုဆိုခြင်းငှာ မသင့်လျော်တော့ပါဘုရား၊ စင်စစ်သော်ကား ဘုရားတပည့်တော် အကျွန်ုပ်ကပင် ထိုကျွန်ဖြစ်ဖူးသော ယောကျ်ားကို အရိုအသေပြုရတော့မည် ဖြစ်ပါ၏၊ ခရီးဦး ကြိုဆိုခြင်းကိုလည်း ပြုရပါမည်၊ ဒီမှာကြွပါ–ဒီမှာထိုင်ပါဟူ၍ နေရာဖြင့် ဖိတ်ကြားရပါမည်ဘုရား၊ သင်္ကန်း–ဆွမ်း–ကျောင်း–အိပ်ရာနေရာ၊ သူနာ၏ အထောက်အပံ့–အသက်၏ အရံအတားဖြစ်သော ဆေးဝါးပစ္စည်း ဤလေးပါးသော ရဟန်းသုံးပစ္စည်းတို့ဖြင့် ဖိတ်ကြားရပါမည်ဘုရား။

'တရားနှင့်လျော်သော ဘေးဆီးရန်ကာ အစောင့်အရှောက်ကိုမူလည်း လိုအပ်လျှင် စီရင်ကုန်ရာပါမည်ဘုရား' ဟူ၍ လျှောက်လေသည်။

## ရဟန်းဘဝ၏ မျက်မှောက်ထင်ထင် အကျိုးမြင်ပါပြီ

မြတ်စွာဘုရားရှင်က ဆက်လက်၍ မိန့်တော်မူသည်မှာ သင်မင်းကြီး၊ ငါမေးလတ္တံ့သော အကြောင်းကို အဘယ်သို့ အောက်မေ့ဘိသနည်း၊ သင်လျှောက်သည့်အတိုင်း ကျွန်အမှုလုပ်သူသည်ပင် သင်မင်းကြီးတို့၏ အလေးဂရုပြုလောက်သောသူ အကယ်၍ ဖြစ်ပါမူကား ရဟန်းဖြစ်သောအခါ၌ မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏အကျိုးသည် ဖြစ်သလော၊ မဖြစ်သလော ဟူ၍ မေးမြန်းတော်မူလေသည်။

အဇာတသတ်မင်းက 'မြတ်စွာဘုရား၊ မချွတ်လျှင် မျက်မှောက်ထင်ထင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏အကျိုးသည် ဖြစ်ပါ၏ဘုရား' ဟူ၍ လျှောက်လေသည်။

'အို မြတ်သောမင်းကြီး၊ ဤသည့်လျှင် ငါဘုရားက သစ်သီးလို သူအား ရှေးဦးစွာသော ပစ္စုပ္ပန် ယခုဘဝ၌ မျက်မှောက်ထင်ဆင် တွေ့မြင်ရသော ရဟန်းပြုခြင်း၏ အကျိုးကို ထင်စွာပြခြင်းပေတည်း' ဟူ၍ မိန့်တော်မူလေသည်။

ထိုနောက် ပုံပမာအမျိုးမျိုး ထပ်၍ထပ်၍ ရဟန်းပြုခြင်း၏ မျက်မှောက်ထင်ထင် တွေ့မြင်ရသော အကျိုးတရားတို့ကို သံသရာဝဋ် ဆင်းရဲမှ ကျွတ်လွတ်အောင်- တွက်မြောက်သွားနိုင်သည်တိုင်အောင် မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်၊ သုတ္တန်ပိဋကတ် သုတ် သီလက္ခန်ပါဠိတော် သာမညဖလသုတ်တော်ကြီး တစ်ခုဖြစ်၍ တည်ရှိ လေသည်။

အဆိုပါသုတ္တန်ဒေသနာတော်၌ မြတ်စွာဘုရားရှင် ဟောကြား ချက်ကို သိမြင်ကြရသောအခါ သူငါစသော ရဟန်းဘဝ၌ ပျော်မွေ့ နေလျက်ရှိကြသော သူတော်ကောင်းပုဂ္ဂိုလ်မြတ် အားလုံး ဝမ်းမြောက် ကြည်သာ၍ မဆုံး ဖြစ်ကြရပါသတည်း။

## ဘုရားလောင်းတို့ ရဟန်းပြုပုံပြုနည်း လမ်းစဉ်

### မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဃဋိကာရသုတ်၏ အဖွင့်

နိယတဗျာဒိပ် ရတော်မူပြီးဖြစ်ကြသော ဘုရားအလောင်းတော် ကြီးတို့သည် ဘုရားရှင်တို့၏ ရှေ့လက်ထက်၌ ကြုံကြိုက်ကြသောအခါ မြတ်စွာဘုရားရှင်၏ သာသနာတော်တွင်းသို့ဝင်၍ ရဟန်းပြုကြသည်။

ရဟန်းပြုကြပြီးလျှင် အခြား ဘုရားလောင်းမဟုတ်သော ပုဂ္ဂိုလ် တို့ကဲ့သို့ အမှတ်မဲ့နေထိုင်ခြင်း မရှိကြပါ၊ ပါရမီရှင်ဖြစ်ကြသောကြောင့် အခွင့်သင့်၍ ဘုရားရှင်တို့ လက်တက်တော်ကြုံကြိုက်ခိုက်တွင် ပါရမီပြည့် ကြောင်းကိုသာ တစ်သမတ်တည်း ဦးတည်၍ ဖြည့်ကျင့်ကာ ပျော်မွေ့ နေလေ့ရှိကြသည်။

အရတော်စွာ ရဟန်းအဖြစ်သို့ ဝင်ရောက်ပြီးလျှင် စတုပါရိ သုဒ္ဓိသီလ၌ ကောင်းစွာ တည်ထောင်နေကြသည်။ စတုပါရိသုဒ္ဓိသီလ အကျင့်၌ တည်စေပြီးလျှင် အချိန်ရှိသမျှ မြတ်စွာဘုရားရှင်၏ နှုတ်တော် မြွက် စကားတော် ဖြစ်သော ပိဋကတ်သုံးပုံကို ကောင်းစွာတတ်မြောက် စေကြသည်။

ကောင်းစွာတတ်မြောက်စေပြီးလေလျှင် တစ်ဆယ့်သုံးပါး(၁၃) ပါးသောဓုတင် အကျင့်တို့ကို ကျင့်ဖွဲ့ပြီး ဖြစ်စေရန် ကောင်းစွာ ကျင့်သုံးကြသည်။ (တစ်မျိုးကျင့်ပြီးခါမှ နောက်တစ်မျိုးကို ဆက်၍ ကျင့်ခြင်းမျိုး ဖြစ်ချင်ဖြစ်ပါမည်။)

ထိုနောက် လူသံဆိတ်သော–ကလေးငိုသံ၊ ခွေးဟောင်သံစသော– ကာမဘောဂီသံယောဇဉ် အနှောင်အဖွဲ့နှင့် နေကြသော လူတို့နေထိုင်ကြရာ မြို့ရွာမှ ရှောင်၍ တောသို့ ဝင်ကြသည်၊ တောထွက်၍ပြုကျင့်အပ်သော ကျင့်ဖွယ်ရာ ဝတ်ကြီးဝတ်ငယ်ဖြည့်၍– ကျင့်၍ ပြည့်စုံစေကြသည်၊ ပြုကျင့်သင့်သောရဟန်း တရားတို့ကို အခါမလင့် အားထုတ်လျက် နေတော်မူကြသည်။

## အနုလောမဉာဏ်တိုင်အောင်

ထူးခြားသော အချက်ကိုပြောမည်။ တောတောင်၌ ခိုမှီးကာ နှစ်ကြာကြာနေ၍ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများအားထုတ်ကြသည်။ သမထဘာဝနာကိုလည်းကောင်း၊ ဝိပဿနာဘာဝနာကိုလည်းကောင်း၊ သာသနာပကာလတွင် ရသေ့ရဟန်း အဖြစ်နှင့်နေ၍ တရားကျင့်ကြသည်။ မြတ်စွာဘုရားထင်ရှားရှိနေသော ခေတ်ကာလနှင့်ကြုံကြိုက်သော အခါ သာသနာတွင်း ရဟန်းပြု၍ တရားကျင့်ကြသည်။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရာတွင် အနုလောမဉာဏ်သို့တိုင်အောင် တည်၍ ရပ်တန့်ထားကြသည်။ မဂ်ပေါက်ဖိုလ်ပေါက် ထိရောက်အောင် အားထုတ်ခြင်းမပြုကြပါ။ အကြောင်းမှာ နောက်ဆုံးဘဝ၌ သဗ္ဗညုတဉာဏ်ပေါက်ပြီးမှ နိဗ္ဗာန်ဝင်ကြမည် ဖြစ်သောကြောင့်တည်း။

အဆိုပါစကားစဉ်တို့ကား မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဃဋိကာရသုတ်၏ အဖွင့်၌ အောက်ပါအတိုင်း ပြဆိုထားသည်။

'အထခေါ အာနန္ဒ (ပ) ပဗ္ဗဇ္ဇံ အလတ္ထ ဥပသမ္ပဒန္တိ– ပဗ္ဗဇိတွာ ကိံ အကာသိ၊ ယံ ဗောဓိသတ္တေဟိ ကတ္တဗ္ဗံ၊ ဗောဓိသတ္တာဟိ ဗုဒ္ဓါနံသမ္မုခေ ပဗ္ဗဇန္တိ။ ပဗ္ဗဇိတွာစပန၊ ဣတရသတ္တာဝိယ ပတိတသင်္ဂါန ဟောန္တိ၊ စတုပါရိသုဒ္ဓိသီလေပန သုပ္ပတိဋ္ဌာယ တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဟိတွာ တေရသဓုတင်္ဂါနိ သမာဒါယ အရည့ံ ပဝိ

သိတွာ ဂတပစ္စာ– ဂတဝတ္တံ ပူရယမာနာ သမဏာဓမ္မံ ကရောန္တော ဝိပဿနံ ဝဍ္ဎေတွာ ယာဝအနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ။ မဂ္ဂဖလဣ္ဆ ဝါယာမံ န ကရောန္တိ၊ ဇောတိပါလောပိ တထေဝ အကာသိ။

[မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (ဃဋိကာရသုတ်) အဖွင့်]

## နည်းကောင်းကို အတုလိုက်ကျင့်သောရဟန်းများ

ဤဘုရား၏ သာသနာတော်တွင်း၌ ကဿပဘုရားရှင်၏ သက်တော်ထင်ရှားရှိစဉ် သာသနာတော် တွန်းလင်းတောက်ပနေစဉ်အခါ ငါတို့ဂေါတမဘုရား၏ အလောင်းတော်ဖြစ်သော (ဇောတိပါလ)သည် ရှေးလွန်လေပြီးသော ဘုရားလောင်းလျာ အဆက်ဆက်တို့သည် ရဟန်းပြု၍ ကျင့်ကြံနည်းကဲ့သို့ ထပ်တူပင် လိုက်နာကျင့်ယူသွားလေသည်။ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဃဋိကာရသုတ်၏ အဖွင့်၌—

ဇောတိပါလောပိ၊ ဇောတိပါလရဟန်းသည်လည်း။ တထေဝ၊ ထိုရှေးရှေးသော ဘုရားအလောင်းတို့သည် ဘုရားရှင်သာသနာတွင်းဝင်၍ ရဟန်းပြုကြသကဲ့သို့နည်းတူ– ထပ်တူပင်။ အကာသိ၊ ပြုကျင့်သွားခဲ့ပါသတည်း။

ဟူ၍ ဆိုထားလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော် မူပြီးသော နောက်ကာလ မျက်မှောက်ခေတ် သာသနာတွင်းကာလ၌လည်း အဆိုပါဘုရားလောင်းလျာ ဇောတိပါလရဟန်းကဲ့သို့ ထပ်တူ ကျင့်ကြံ နေထိုင်ကြသော ရဟန်းမျိုးရှိကြပါသည်။

ပုဂ္ဂိုလ်အရေအတွက် မများသော်လည်း ဤအရှင် ပျို့ရွယ်စဉ် စာသင်သားဘဝတုန်းကပင် ထိုမှဤမှကြားရှိကြောင်း ကြားသိရဖူး၏၊ ကြားသိရဖူးသော ရဟန်းပုဂ္ဂိုလ်တို့သည် ဘုရားလောင်း ရဟန်းပြုစဉ်ကာလတွင် နေထိုင်သွားပုံသွားနည်းနှင့် တစ်ထေရာတည်းပင် ဓတွေ့မြင်ရကြောင်း ချီးမွမ်းစကား ပြောကြသည်။ ရဟန်းပုဂ္ဂိုလ်အချင်းချင်းကပင် အထူးကြည်ညို မြတ်နိုးကြကြောင်းကိုလည်း ကြားရဖူး၏။

အချို့ပုဂ္ဂိုလ်တို့ကား– ဘုရားလောင်းဇောတိပါလ ရဟန်းကဲ့သို့ နေသည်၊ ကျင့်သည်၊ ပါရမီဖြည့်သည်၊ မြတ်သောအကျင့်ဖြင့် နေခြင်းကို သာလျှင် စိတ်အာရုံစူးစိုက်နေကြောင်း၊ ပတ်ဝန်းကျင်လူလောကကို

အလေးမထားကြောင်း၊ ရပ်ဓလေ့၊ မြို့ဓလေ့ ဂိုဏ်းဓလေ့ ထုံးတမ်းစဉ်လာတို့၏ အလိုသို့ မလိုက်ကြောင်း၊ တရားကျင့်၍ ပါရမီရင့်ကျက်စေခြင်း အလုပ်သာ အဓိက ထားကြောင်း လေ့လာသူတို့က ပြောကြသည်။

ဆရာတော်ကြီးတစ်ပါး အမိန့်ရှိဖူးသည်မှာ ရဟန်းပြု၍ကျင့်ကြံကြိုးကုတ်အားထုတ်ပို ကောင်းမွန်ကြောင်း၊ နေထိုင်ပုံသန့်ရှင်း၍ ကျင့်ဝတ်သိက္ခာသန့်ရှင်းကြောင်း၊ လူကြည်ညို များတတ်၍ နေရာမြဲမြဲမနေကြောင်း၊ အချို့ပုဂ္ဂိုလ်သည် သာသနာတော်မှ ရှောင်ထွက်ပြီးလူလောက၌လည်း ဘယ်နေရာ၌ရှိကြောင်း မသိရ မကြားရအောင်ပျောက်ကွယ်သွားတတ်ကြောင်း မိန့်ကြားဖူးလေသည်။

## အရှင်ပုဏ္ဏမထေရ်ကြီး နှင့် ရဟန်းငါးရာ

ဂေါတမဘုရားရှင် လက်ထက်တော်အခါ၌ နာမည်ကျော်ကြားသော အရှင်ပုဏ္ဏမထေရ်မြတ်ကြီးသည် သူ၏ ရဟန်းတပည့်ငါးရာတို့အား ကထာဝတ္ထုဆယ်ပါးဖြင့် မကြာမကြာ ဆိုဆုံးမ၍ ဩဝါဒပေးတော်မူလေ့ ရှိခဲ့ဖူးလေသည်။

ထိုကြောင့် အရှင်ပုဏ္ဏမထေရ်ကြီး၏ တပည့်ရဟန်း သံဃာတော်တို့သည် သိမ်မွေ့နူးညံ့သော စကား ပြောဆိုခြင်း ရှိကြသည်။

ယခုခေတ်တွင် အနောက်တိုင်းတို့၌ (ဂျင်တလမင်း) လူကြီးလူကောင်း ဆိုသူတို့သည် သိမ်မွေ့သောစကား (ညင်သာသောစကား) ပြောလေ့ရှိကြသည်ဆို၏။ ထို့ကြောင့် လူအများက လေးစားခြင်းခံယူကြရသော (ဂျင်တလမင်း) လူကြီးလူကောင်း ဟူ၍ အသိအမှတ်ပြုထားကြသည်။

လွန်လေပြီးသော နှစ်ပေါင်း(၂၅၀၀)နှစ်ကထောင်ငါးရာကျော်သော ခေတ်ကာလ၌ မြတ်စွာဘုရားရှင်၏ တပည့်ကြီးဖြစ်သူ အရှင်ပုဏ္ဏမထေရ်ကြီးတို့၏ မျက်မှောက်ကာလ၌ပင် သိမ်မွေ့သော-ညင်သာသောစကားကို မြောက်ကြားစေခဲ့ကြပြီး ဖြစ်သည်။

မထေရ်မြတ်ကြီး၏ တပည့်ရဟန်းငါးရာတို့သည် စကားပြောဆိုကြလေသောခါတိုင်း ကထာဝတ္ထုဆယ်ပါးအတွင်းမှ လွတ်ကင်း၍ ပြောဆိုခြင်း မပြုကြဟူ၍ဆို၏။

## ကထာဝတ္ထု ဆယ်ပါး

(၁) အပ္ပိစ္ဆ ကထာ၊ အလိုနည်းပါးကြောင်းနှင့် စပ်ဆိုင်သော စကား။

(၂) သန္တုဋ္ဌိ ကထာ၊ တင်းတိမ်ရောင့်ရဲမှုနှင့် စပ်ဆိုင်သောစကား။

(၃) ပဝိဝေက ကထာ၊ ဆိတ်ငြိမ်အေးချမ်းမှုနှင့် စပ်ဆိုင်သော စကား။

(၄) အသံသဂ္ဂ ကထာ၊ မရောမပြွမ်း မရှုပ်မထွေးမှုနှင့် စပ်ဆိုင် သောစကား။

(၅) ဝီရိယာရမ္ဘ ကထာ၊ ပဓာနအလုပ်ကိုသာ အားထုတ်မှုနှင့် စပ်ဆိုင်သောစကား။

(၆) သီလ ကထာ၊ အကျင့်သီလပြည့်စုံဖြူစင်မှုနှင့် စပ်ဆိုင်သော စကား။

(၇) သမာဓိ ကထာ၊ ကုသိုလ်သမာဓိ ဂုဏ် ပြည့်စုံမှုနှင့် စပ်ဆိုင် သော စကား။

(၈) ပညာ ကထာ၊ ပညာဂုဏ်ပြည့်စုံမှုနှင့် စပ်ဆိုင်သောစကား။

(၉) ဝိမုတ္တိ ကထာ၊ ကိလေသာဝဋ်၊ သံသရာဝဋ်တို့မှ ကျွတ်လွတ် ရေး ဂုဏ်အရေးပြည့်စုံမှုနှင့် စပ်ဆိုင်သောစကား။

(၁၀) ဝိမုတ္တိဉာဏဒဿန ကထာ၊ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရေးကို မြင်နိုင်သော ဉာဏ်ပညာ ပြည့်စုံမှုနှင့် စပ်ဆိုင်သောစကား—

တို့ ဖြစ်ကြလေသည်။

ဤ ကထာဆယ်ပါးကို ပြောဆိုသံ ကြားရသောအခါ ရဟန်း ရှင်လူအားလုံးတို့သည် နားချမ်းသာ၍ စိတ်နှလုံးကြည်လင် ချမ်းမြေ့ ခြင်း ဖြစ်ကြသည်။ သူတော်ကောင်းဖြစ်ကြသော ရသေ့ရဟန်းတို့ သည် ဝဋ်ဆင်းရဲကင်းရာနိဗ္ဗာန်သို့ ရှေးရှုဆောင်မှုကြသော ပုဂ္ဂိုလ်မွန်တို့ ဖြစ်ကြသောကြောင့် ကဏ္ဏသုခ-နားချမ်းသာစေသော စကားကိုသာ အစဉ်သဖြင့် ပြောဆိုနေထိုင်လေ့ရှိကြပုံကို နားလည်ကာ အတုယူကြရ သတည်း။

## ရဟန်းဘ၀ဖြင့် ချမ်းသာအောင်နေနည်း

ရဟန်းဘ၀ဖြင့် နေချင်စိတ်ကြောင့် ရဟန်းပြုလာသောသူသည် ငြိမ်းချမ်းစွာ နေလို၍ဖြစ်သည်။ လက်ရှိ မျက်မှောက်ဘ၀၌ စင်စစ်ဧ္ဈာအေးချမ်းသာအောင် နေနည်းမှာ မေတ္တာတရားနှင့် နေခြင်းသာ မှုမှန်ဖြစ်သည်။

အလွယ်ဆုံးနည်းကို ညွှန်ပြမည်။ ပရိတ်ကြီး မေတ္တသုတ်ပါဠိ၌ ဘုရားရှင် ဟောကြားတော်မူထားချက်ကို လိုက်နာလျှင် ကေန်မုချ ချမ်းသာမှုကို ခံစားရမည် ဖြစ်သည်။

## ရိုးသားသော နေနည်း (၁၅)ပါး

အဆိုပါ မေတ္တသုတ်၌ လိုက်နာရန်ကျင့်စဉ် (တစ်ဆယ့်ငါး) ညွှန်ကြားတော်မူထားသည်။ ဤတွင် ပရိတ်ကြီးပါဠိနိဿယ ရိုးရိုးကို ဦးစွာဖော်ပြမည်။

(က) သန္တံ၊ ငြိမ်သက်စွာထသော။ ယံ ပဒံ၊ အကြင်တရားအနေပါင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုတရားအပေါင်းသို့။ အဘိသမေစ္စ၊ ရှေးရှုကပ်၍။ အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသောသူသည်။ ကရဏီယံ၊ ကျင့်အပ်၏။ (ဤကား အမှာ စကားပိုဒ်ဖြစ်သည်။)

(၁) သက္ကော စ၊ တောင့်တခြင်း, ကြောင့်ကြခြင်းတို့၌ ငဲ့ကွက်ခြင်း မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၂) ဥဇု စ၊ ဖြောင့်မတ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၃) သုဟုဇု စ၊ ကောင်းစွာဖြောင့်မတ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၄) သုဝစော စ၊ ပညာရှိတို့ ဆိုဆုံးမ၍ လွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၅) မုဒု စ၊ နူးညံ့သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေ စိတ်ထားရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၆) အနတိမာနီ စ၊ မာန်မာန မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၇) သန္တုဿကော စ၊ အသုံးအဆောင် ပစ္စည်းလေးပါးတို့၌ ရောင့်ရဲမှုလွယ်ကူသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၈) သုဘရော စ၊ မွေးမြူ လွယ်ကူသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၉) အပ္ပကိစ္စော စ၊ နည်းသော အမှုကိစ္စရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၁၀) သလ္လဟုကဝုတ္တိ စ၊ ပေါ့ပါးသော အသက်မွေးမှုခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၁၁) သန္တိန္ဒြိယော စ၊ ငြိမ်သက်သော ဣန္ဒြေ ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၁၂) နိပကော စ၊ ရင့်ကျက်သော ဉာဏ်ပညာ ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၁၃) အပ္ပဂဗ္ဘော စ၊ ကိုယ်, နှုတ်, အမူအရာမကြမ်းတမ်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၁၄) ကုလေသ၀၊ ပစ္စည်းလေးပါး ဒါယကာ နှင့် ဆွေမျိုး မိတ်သင်္ဂဟတို့၌။ အနနုဂိဒ္ဓေါ၊ မမက်မော, မတွယ်တာ သံယောဇဉ်စိတ် မကြီးသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၈ (၁၅) ယော၊ အကြင်တစ်ဆယ့်ငါးပါးသော အကျင့်မြတ်တို့ကို မကျင့် သည်ဖြစ်၍။ ဝိညူ၊ ဘုရားအစရှိကုန်သော ပညာရှိ သူမြတ် သူတော်ကောင်းတို့သည်။ ပရေ၊ သူတစ်ပါးတို့ကို။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကြကုန်ရာ၏။ တံ၊ ထိုသို့ ပညာရှိတို့ကဲ့ရဲ့အပ်သော အမှုမျိုးကို။ ကိဉ္စိ၊ တစ်စုံတစ်ခုမျှ။ ခုဒ္ဒံ၊ အနည်းငယ်မျှ သော်လည်း။ န စ သမာစရေ၊ မကျင့်ရာပါ။ သဗ္ဗသတ္တာ၊ ခပ် သိမ်းကုန်သော သတ္တဝါတို့သည်။ သုခိနော ဝါ၊ ကိုယ်စိတ် နှစ်ဖြာချမ်းသာခြင်းရှိကြကုန်သည်လည်းကောင်း။ ခေမိနော ဝါ၊ ကိုယ်တွင်းကိုယ်ပ ဘေးရန် မရှိကြကုန်သည် လည်း ကောင်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ်နှစ်ပါး ရှိကုန်သည်။ ဘဝန္တု။ ဖြစ်ကြပါစေကုန်သည်။

## ချမ်းသာကြောင်းလမ်းစဉ် ကျင့်ဝတ်ပါ

အဆိုပါ မေတ္တသုတ်လာ လိုက်နာကျင့်သုံးရန် ဤဒေသနာ (၁၅) ပါးကျင့်စဉ်သည် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုကိုရရှိခံစား

လိုကြသော သူတော်ကောင်း ရသေ့ ရဟန်း ပုဂ္ဂိုလ်မြတ်တို့အတွက် ကျင့်စဉ် ဖြစ်သည်။

ထိုထိုချမ်းသာစေကြောင်း လမ်းစဉ်ကျင့်ဝတ် ပဋိပတ်ကို နေ့ ညဉ့်အခါမလင့် ကျင့်သုံး၍ နေကြပါလျှင် ကိုယ်စိတ်နှစ်ပါး ချမ်းသာ ပုံ လက်တွေ့ သိမြင်ကြရပါမည်။

ထို့ကြောင့် တကယ် ကာယသုခ၊ စိတ္တသုခကိုလိုလားစွာ ရှာမှီး နေကြသော (သမဏနှင့်တာပသ) ရဟန်းပုဂ္ဂိုလ်မြတ် ရသေ့ပါရမီရှင် သူတော်စင်တို့သည် မေတ္တာသုတ်၌လာသော ဒေသနာကျင့်စဉ် ရိုးရိုးဖြင့် ချမ်းမြေ့စွာ ဘဝကို ရပ်တည်နေနိုင်ကြပြီ ဖြစ်သည်။

**တမလွန်သို့ ချမ်းသာအောင် ဘဝ နိဂုံးချုပ်နည်း**
**ဝဂ္ဂုလိမထေရ်ကို ဘုရား နည်းပေးပုံ**

လူ၏ဘဝ ဆိုသည်ကား နေနည်းလည်း တတ်ရသည်၊ သေနည်း လည်း တတ်ရသည်။ မသေခင်ကာလ၌ ကိုယ်စိတ် ချမ်းသာအောင် နေနည်းကိုမေတ္တာဖြင့် နေထိုင်နည်းနားလည်ကြရပြီး၊ ဘဝ၏နောက်ဆုံး၌ သတ္တဝါအားလုံး သေကြရမြဲ ဖြစ်သောကြောင့် သေနည်းပါ တတ်ကျွမ်းနားလည်ပြီး ဖြစ်ကြရမည်။ ထိုကြောင့် ဤတွင် သေနည်း ကောင်း ညွှန်ကြားပါမည်။

လူအားလုံးတို့သည် မိမိ၏ လက်ရှိဘဝ ကုန်ဆုံးချိန်ရောက်သော အခါ နောင်တမလွန်ဘဝသို့ ပြောင်းသွားရမြဲ ဖြစ်သည်။ ထိုအချိန်ပိုင်း တွင် သေနည်းနားမလည်ကြသူတို့သည် ဘာပြုလုပ်ရမှန်းမသိ၊ ယောင် ချာချာ ဖြစ်နေတတ်ကြသည်၊ အချို့သည် ဆရာတော်ထံ၌ မှီခိုဖူးခြင်း မရှိသောကြောင့် စိုးရိမ်ကြောင့်ကြ ကြီးကြသည်။ ဗျာများပြီး သံ ယောဇဉ်တို့အတွက် ပူပန် သောကတွေ မထိန်းနိုင်ဘဲ သေသွားတတ်ကြ သည်။

ထိုကဲ့သို့ စိတ်အာရုံ မရှင်းတတ်ဘဲ သေသွားကြရသူတို့သည် သေပြီးနောက် တမလွန်ဘဝ၌ ချမ်းသာသောဘုံ၊ ချမ်းသာသောဘဝ မျိုးသို့ ရောက်ကြမည် မဟုတ်ပါ၊ ဤတွင် သေပြီးနောက် ကိုယ်ချမ်း သာ စိတ်ချမ်းသာနှင့် ပြည့်စုံသောဘုံဘဝသို့တစ်ဖြောင့်တည်း ရောက်နိုင် သောနည်း ပေးမည်။

လက်ရှိဘဝ ကုန်ဆုံး၍ နောင်တမလွန်ဘဝသို့ ပြောင်းသွားရတော့မည့်ဆဲဆဲ အချိန်ပိုင်း၌ မိမိစိတ်အာရုံတွင် ပူပန်မှု သံသယတစ်စုံတစ်ရာဝင်၍နေခဲ့သော် ထိုသံသယ မည်သို့ ဖျောက်လွှင့်မည်နည်း။

အဖြေကား—ဤသို့ ဖြေရမည်၊ မှတ်သားထားပါ၊ မမေ့အောင် မှတ်သားပါ။

## ဝက္ကလိမထေရ် ပျံလွန်ခါနီးတွင်

မြတ်စွာဘုရားရှင် လက်ထက်တော်၌ အရှင်ဝက္ကလိမထေရ် ကျန်းမာရေး မကောင်း ရောဂါဖိစီး၍ ညှောင်စောင်း၌ လျောင်းနေစဉ် အခါ မြတ်စွာဘုရားရှင်က ဝက္ကလိမထေရ်၏အနီးသို့ ကြွသွား၍ ဤသို့ မေးတော်မူသည်။

ကစ္စိ ပန တံ့ ဝက္ကလိ အတ္တာ သီလတော န ဥပဝဒတီတိ။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ကစ္စိ ပန၊ အသို့နည်း။ တံ့၊ သင်သည်။ သီလတော၊ သီလအားဖြင့်။ အတ္တာ၊ မိမိကိုယ်ကို။ န ဥပဝဒတိ၊ ပြန်၍ မစွပ်စွဲဘူး မဟုတ်လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူဖူး၏။

'အသို့ရှိဘနည်း ချစ်သားဝက္ကလိ၊ မိမိသီလအကျင့်ဖြင့် မိမိကိုယ်ကို ပြန်၍စွပ်စွဲခြင်း မရှိဘူး မဟုတ်လော'—တဲ့။

ထိုအခါ ဝက္ကလိမထေရ်က အိပ်ရာပေါ် လဲလျောင်းရာမှ 'သီလဖြင့် မိမိကိုယ်ကို ပြန်၍စွပ်စွဲစရာ မရှိပါဘုရား' ဟူ၍ ဖြေဆိုလေသည်။

'ယင်းသို့ဖြစ်လျှင် ဘာမှစိုးရိမ်ဖွယ်ရာမရှိ-စိတ်ရှင်းရှင်းသာထားတော့' ဟူ၍ မိန့်တော်မူလေသည်။

သူတော်ကောင်း အကျင့်မြတ်နှင့် ပျော်မွေ့စွာ နေတော်မူကြသော သူတော်မြတ်တို့၏ထုံးစံ အချင်းချင်း သတိပေးလေ့ရှိကြသော ဩဝါဒစကားမြတ် ရှိသည်မှာ—

- မိမိကိုယ်ကို သီလဖြင့်မစွပ်စွဲနှင့်ဟူ၍ ဖြစ်သည်၊ သေခါနီးကာလ၌ အရေးကြီးသော စကားဖြစ်ကြောင်း ရှေးဆရာတော်ကြီးတို့က မိန့်ဆိုခဲ့ကြသည်။

ဆိုလိုရင်းမှာ မိမိကိုယ်ကို မိမိ၏စိတ်နှလုံးအာရုံမှ သီလဖြင့်မစွပ်စွဲလျှင် နောင်တမလွန်ဘဝသို့ လားရောက်ရေးအတွက် ပူပန်ဖွယ်ရာ

မရှိနိုင်ပါ၊ ကောင်းမြတ်သောဘဝ၊ ချမ်းမြေ့ ကြည်နူးဖွယ်သော ဘုံဘဝသို့ ရောက်နိုင်မည် အမှန်ဖြစ်ပြီ ဟူ၍ သံသယရှင်းကြောင်း စကားဖြစ်သည်။

အဆိုပါ ဩဝါဒမှတ်ဖွယ်စကားကို ထောက်၍ အကယ်၍ သူတစ်ပါးတို့မှ တစ်စုံတစ်ရာ စွပ်စွဲခြင်းသည် အဓိကလိုရင်းမဟုတ်၊ မိမိကိုယ်ကို မိမိ၏စိတ်က အပြစ်ဖြင့် စွပ်စွဲခြင်းမရှိလျှင် စင်ကြယ်တော့သည်ဟု ဆိုလိုသည်။

'ငါ၏ ကိုယ်ရေးကိစ္စ၌ ဘာမှသံသယရှိဖွယ်မလို' ဟူ၍ စိတ်သန့်ရှင်းလျှင် ရဟန်းပြုနေရကျိုး နပ်ပြီး ကောင်းသော လားရာဂတိ ရှိတော့သည်သာ ဖြစ်၏ မှတ်ပါ။ မိမိပြုသောအပြစ်သည် မိမိသာအသိဆုံး ဖြစ်သည်။ မိမိ၏ ဘဝခရီးကို မိမိ၏မြတ်သောစိတ်ထားဖြင့် ဖြူစင်အောင် နေကြရာသတည်း။

ဤမျှသော စကား အစဉ်ဖြင့် (ရဟန်းဘဝချမ်းသာ) ဟူသော သမဏသုခကျမ်းကို ပြီးဆုံး၍ နိဂုံးချုပ်လိုက်ပါသတည်း။

* * *

နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ကြီး

ဦးဥတ္တမသာရ၏

# လက်သုံးပြုသော
# အရိုးဆုံး ရေစက်ချ

ဘုန်းကြီး၏ နယ်ခြားတောင်ပေါ် တောရကျောင်း၌ အလုပ်အကျွေးပြု၍ နေထိုင်လျက်ရှိသော တိုက်အုပ် ဘုန်းကြီး ဦးတိက္ခဉာဏ၏ တောင်းပန်ချက်အရ လိုရာ အားလုံးအတွက် သုံးနိုင်သော ရေစက်ချတစ်ပုဒ် ကို စာအုပ်တွင်ရေးထည့်လိုက်ပါသည်၊ အခြားသော ရဟန်း ပုဂ္ဂိုလ်တို့က နယ်ခြား သာသနာပြု ဆရာတော်ကြီး လက်သုံးပြုသော ရေစက်ချနည်း ဟူ၍ ပြောဆိုလာ ရှိကြသည်၊ ထို့ကြောင့် အထက်ပါ ခေါင်းစဉ်ထည့်ခြင်း ဖြစ်သည်။

ရေစက်ချပေးရခြင်း၏ လိုရင်းမှာ ဆုတောင်း၏ အမျှဝေခြင်းဖြစ်သည်။ ဘုန်းကြီးက ရွတ်ဆိုပေးသည်ကို ကောင်းမှုပြုသူ လူအများက လိုက်ဆိုကြသည်။

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ဘန္တေ၊ အရှင်ဘုရား။ မေ-အမှာကံ၊ အကျွန်ုပ်တို့အား။ ဣဒံ ပုညံ၊ ဤသို့ ယနေ့ယခု ပြုစု လှူဒါန်းရသော ကုသိုလ်ကံ၏ စေတနာ သည်။ အာသဝက္ခယာ၊ ကာမဂုဏ်ငါးပါးတို့၌ တပ်နှစ်သက်တတ်သော

တဏှာဟုဆိုအပ်သော ကာမာသဝ၊ ဘုံသုံးပါးတို့၌ မွေ့လျော် ပျော် ပိုက်တတ်သော လောဘဟု ဆိုအပ်သော ဘဝါသဝ၊ သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော ဒိဋ္ဌာသဝ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး တရားမြတ်တို့ကို မသိအောင်, မမြင်အောင် ဖုံးလွှမ်းတတ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာသဝ။ ဤအာသဝေါတရား လေးပါးတို့၏ ကင်းရာ, ကုန်ရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဘန္တေ၊ အရှင်ဘုရား။ မေ- အကျွန်ုပ်တို့၏။ ဣဒံ ပုညံ၊ ဤသို့ ယနေ့ယခု ပြုစုလှူဒါန်းရသော ကုသိုလ်ကံ အားလုံးတို့နှင့်တကွ ရှေး ရှေးသော အခါကာလတို့၌ ပြုကျင့်ဆည်းပူးအပ်ခဲ့ပြီးသော ကုသိုလ်ကံ အားလုံးတို့၏ စေတနာသည်။ နိဗ္ဗာနဿ၊ ရာဂမီး, လောဘမီး, ဒေါသ မီး, မောဟမီး, မာနမီး အစရှိသော မီးတစ်ဆယ့်တစ်ပါးတို့၏ ကင်း ရာ, ကုန်ရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ အာဝဟံ၊ ရွက်ဆောင် နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့၏ ကိုယ်ကို စောင့် သော ကိုယ်စောင့်နတ်၊ အိမ်ကိုစောင့်သော အိမ်စောင့်နတ်၊ ကျောင်း ကို စောင့်သော ကျောင်းစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့် နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ဝဋ္ဋာဟာကနတ်၊ ပဇ္ဇုန် နတ်၊ စတုလောကပါလနတ်၊ ရေမြေသနင်း ပြည့်ရှင်မင်း၊ နတ်တို့သနင်း သိကြားမင်း၊ ငရဲသနင်း ယမမင်းမှ စ၍ အထက်ဘဝဂ်၊ အောက်အဝီစိ ရှိရှိသမျှ ရေနေဆယ်ကုဋေ၊ ကုန်းနေ ကိုးကုဋေ၊ သဗ္ဗေသတ္တာ သတ္တဝါ အနန္တတို့အား အမျှ-အမျှ-အမျှ- ပေးဝေပါကုန်၏။ အားလုံးကုန် အမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေကုန် သော်။

မှတ်ချက်။ ဤရေစက်ချနည်းသည် ရှေးရှေးခေတ်၌ ဆရာတော်ဘုရား ကြီးတို့၏ အဆက်ဆက်ရွတ်ဆို၍ အသုံးပြုတော်မူလေ့ရှိကြ သည်၊ ဤအရှင် ပျို့ရှယ်စဉ် စာသင်သား ဘဝတုန်းက ရွှေကျင်ဆရာတော်ကြီး တစ်ပါးထံမှ ရရှိခဲ့ပါသည်။

အလှူဒါန ပြုလေသမျှ အသုံးပြုသော အရိုးခံ အတို ရေစက်ချနည်း ဖြစ်သည်။ (ကွယ်လွန်သူအတွက် ရည်စူး၍ သပိတ်သွတ်ပွဲ ဖြစ်လျှင် အခြားတစ်မျိုးကို သုံးသည်၊ အသုဘ သရဏဂုံတင် ဖြစ်လျှင် သံဝေဂ ရေစက်ချဆိုရိုးကို သုံးသည်။

ဘုန်းကြီးသည် ရှေးခေတ် လူကြီးစိတ် ရှိသူဖြစ်၍ အလှူဒကာတို့၏ နာမည်တွေ ဖော်ထုတ် ရွတ်ဆိုပေးလေ့ မရှိပါ၊ ရိုးရိုးရှင်းရှင်း ဆိုထုံး ပြုသည်။

# ကျမ်းပြီးနိဂုံး

ဤကျမ်းစာအုပ်ကို ဒုတိယအကြိမ် ပြန်လည် ပြုပြင် ရေးသားရာ ၁၃၅၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက် ဗုဒ္ဓဟူးနေ့ ညနေ (၅) နာရီကျော် အချိန် ရေးပြီးသည်။ ပထမအကြိမ် ရေးသားပြီးခြင်းသည် လွန်ခဲ့သော ၁၃၁၅- ခုနှစ်၊ ပဉ္စမဝါဆိုလပြည့်ကျော် (၁၄) ရက် သောကြာနေ့တွင် ရေးပြီးသည်။

မူလ ရေးစဉ်က အကြောင်းကို ပြောရလျှင် ဤစာအုပ်ကို ရေးရသည်မှာ တစ်နေရာတည်း၌ တည်ငြိမ်စွာ ထိုင်၍ ရေးနိုင်ခွင့်မရှိပါ၊ တောင်တန်းနယ်ခြား အရပ်ရပ်သို့ ဆောင်းရာသီ နှင့် နွေရာသီကာလ ပတ်လုံး သာသနာပြု ခရီးထွက်၍ မိုးဦးကာလ ဝါဆိုရန် ချင်းတောင် ဖလမ်းမြို့သို့ ပြန်လည် ရောက်ပြီးမှ ရေးနိုင်သည်။

မြောက်ပိုင်းချင်းတောင် ဖလမ်းမြို့ မိမိ ဝါဆိုရာကျောင်းသို့ ပြန်လည် ရောက်သောအခါမှ ရေးသားခွင့်ရသည်၊ သို့ရာတွင် ဩဝါဒ သည် ရှုပ်ခြင်း၊ စာသင်ကျောင်းများ၌ အချိန်ပိုင်း ယူကာ သွားရောက်၍ စာသင်ပြပေးရသော အလုပ်တွေ ရှိပြန်သောကြောင့် အချိန် ကြုံးကြား ယူ၍သာ ရေးနိုင်သည်။

မူလ ရေးစဉ်က အဆုံးကဏ္ဍ၌ ရဟန်းပြုခြင်း၏ မျက်မှောက် ထင်ထင် တွေ့မြင်ရသော အကျိုးကို လိုရင်းတိုတို ရေးထည့်ရန် ကြံ ရွယ်လျက် အချိန်မရ၍ မပါနိုင်ပါ၊ ယခု ဒုတိယ အကြိမ် ပြုပြင် ဖြည့်စွက်၍ ရိုက်သော ဤစာအုပ်တွင် သုတ်သီလက္ခန်မှ သာမညဖလ သုတ်၏ ဆိုလိုချက် ရေးပါနိုင်သည်။

သို့ရာတွင် ယခင် ပထမအကြိမ်ရိုက်သော စာအုပ်၌ သမထသုခ၏ နည်းလမ်း အဖုံဖုံကို အတော် စုံလင်အောင် ပါသောကြောင့် ရဟန်းဘဝ၌ ချမ်းမြေ့စွာနေရန် မှီငြမ်းပြုနိုင်လောက်ကြပါသည်။

ထိုအချိန်၌ မိမိရေးသော စာအုပ်တို့တွင် ရဟန်းဘဝချမ်းသာ ဤစာအုပ်ကို ပထမဦးစွာ ရေးခြင်း ဖြစ်သော်လည်း အပြီး မရေးနိုင်သောကြောင့် (ချင်းရာဇဝင်)၊ တောင်တန်း ဗုဒ္ဓဘာသာသင်ခန်းစာ၊ မြန်မာစာနှင့် ချင်းစာပါ (၂) အုပ်၊ ချင်းမြန်မာဖတ်စာ စာအုပ်၊ တောင်တန်းတရား စသော စာအုပ်တို့ကို ဦးစွာ ထွက်ပြီးကြသည်။

သမဏာသုခခေါ်သောရဟန်းဘဝချမ်းသာကျမ်းစာအုပ်ကိုပထမအကြိမ်တွင် ဤ အရှင်သာသနာ့ပြုဖက် ဒါယကာကြီး ဟသ်ာတ ဦးမြကစာအုပ်ခ ဒကာခံ၍ ရန်ကုန်မြို့ဟံသာဝတီပိဋကတ်ပုံနှိပ်၌ ရိုက်နှိပ်သည်၊ ဟသ်ာတဦးမြသည် အုပ်ရေသုံးထောင် ရိုက်နှိပ်ပြီး သံဃာတော်များအားလှူဒါန်းသည်၊ ဟံသာဝတီတိုက်မှလည်း တပေါင်းတည်း အပိုရိုက်နှိပ်၍ ကြော်ငြာပြီး စာအုပ်တန်ဖိုးနှင့် ရောင်းချကြောင်း သိရသည်။ အဆိုပါစာအုပ်တို့ကို ဆင္ဗသင်္ဂါယနာခေတ် အတွင်း၌ပင် လက်ကျန်မရှိကုန်သွားကြောင်း ကြားသိရ၏။

## ဒုတိယအကြိမ်၌ ပြုပြင်တိုးချဲ့၍ ထုတ်သည်

ယခု ဒုတိယအကြိမ် ထုတ်ရန် တောင်းဆိုကြသည်၊ ရဟန်းပုဂ္ဂိုလ်များရော-လူပုဂ္ဂိုလ်ဒကာတို့ကပါ (ရဟန်းဘဝချမ်းသာ) စာအုပ် ပြန်လည်၍ထုတ်ရန်နှင့် တိုးချဲ့ပြုပြင်၍ ရိုက်နှိပ် ထုတ်ဝေရန်ကိုပါ အကြံပေးကြသည်၊ ထို့ကြောင့် ရဟန်းရှင်လူအများတို့၏ တောင်းဆိုချက် ဆန္ဒအတိုင်း ပြည့်စုံအောင်ကြိုးစားပြီး ဖြစ်မြောက်စေရပါသည်။

အလုပ်များပြီး ခရီးထွက်ရသောလမ်းစဉ်က ရှည်သည်ဝေးသည်၊ ပြည်တွင်းခရီး တစ်ကြိမ်ထွက်ရလျှင် ၆ လ ကြာသည်၊ ၇-လ ကြာသည်၊ ၁၁-လကြာသော နှစ်လည်းပါသည်၊ တိုင်း ၇-တိုင်းနှင့် ပြည်နယ် ၅-နယ်သို့ ထွက်ရသည်။

နိုင်ငံခြားခရီးထွက်ရသောအခါ ထိုင်းနိုင်ငံ၊ ဆွစ်ဇာလန်၊ ဂျာမဏီ၊ အင်္ဂလန်၊ ရုရှား စသော ဥရောပနိုင်ငံများသို့ ခရီးရှည်ကြီးတွေ ထွက်သွားနေရတတ်သည်၊ ထို့ကြောင့် ဤစာအုပ်အတွက် စာမူရေးနေရင်း ကြားဖြတ် ခရီးတို့က အချိန်ကုန်နေ၍ ၃-နှစ်ကြာပြီးမှ ကြိုးစားပြီး ဖြစ်အောင် ရေးယူရခြင်း ဖြစ်သည်။

## ကျေးဇူးရှင်ဆရာတော်ကြီးများကို ကန်တော့ပါ၏

ဘုန်းကြီးရေးသား၍ ရန်ကုန်မြို့ စာအုပ်ထုတ်ဝေသူတို့က ပုံနှိပ်ပြီး ထုတ်ဝေပြီး စာအုပ်တွေ အတော်များနေပါပြီ၊ လူတို့အတွက် 'ချမ်းမြေ့စွာဘဝနေနည်း' စာအုပ်ကို ဖတ်ဖူးသူ များကြသည်၊လူရှင်ရဟန်း ဒကာလုံးတို့အတွက် 'မေတ္တာစွမ်းအား လက်တွေ့အကျိုးများ' စာအုပ်ကိုလည်း ဖတ်ဖူးသူ များပါမည်၊ အကြိမ်များများ ထုတ်ပြီးကြောင်း သိရသည်။

ထိုနည်းတူ 'ကိုယ်တွေ့မှတ်တမ်းများ' စာအုပ်ကို အမှတ်စဉ် (၁-၂-၃) စသည် ထုတ်ဝေပြီး ဖြစ်သည်၊ ထိုနောက် 'သံသရာဝဋ်ကို လွတ်အောင်ရုန်းကြစို့ရဲ့' စာအုပ်ကိုလည်း လူကြိုက်များလှကြောင်း၊ 'ဘဝအောင်မြင်ရေးလမ်းညွှန် ဒေသနာ' ဆောင်းပါးချုပ်၊ 'နွားမေတ္တာစာ' ကျမ်းနှင့် 'ပရိတ်မေတ္တာ တန်ခိုးထက်စေသောနည်း' စာအုပ်တို့ကိုလည်း ဖတ်ဖူးသူတို့ကြိုက်ကြ၍ အကြိမ်ကြိမ် ထပ်ခါ ထုတ်ရကြောင်း သိရ၏။

ယခု ပြုပြင်တိုးချဲ့၍ ရေးလိုက်သော (သမဏသုခ) ခေါ် (ရဟန်းဘဝချမ်းသာ) ကျမ်းစာအုပ်သည် ရဟန်းပုဂ္ဂိုလ်တို့အတွက် ရည်မှန်း၍ ရေးသော စာအုပ်ဖြစ်သည်၊ ချမ်းမြေ့စွာ ဘဝနေနည်း စာအုပ်ကို လူအများက လက်မလွှတ်ချင်အောင် စွဲမြဲ ဖတ်ရှုနေကြကြောင်း သိရသကဲ့သို့ (ရဟန်းဘဝချမ်းသာ) စာအုပ်ကိုလည်း ရဟန်းပုဂ္ဂိုလ်အများက လက်မချချင်အောင် စွဲစွာ ဖတ်ရှု လေ့လာကြလိမ့်မည် ဟူ၍ ယုံကြည်ပါသည်။

— အဆိုပါ ဤကျမ်းစာအုပ် ကြီးငယ် အမျိုးမျိုးကို ရေးသားရခြင်းဖြင့် ကျေးဇူးရှင် ဖြစ်တော်မူကြသော ဆရာတော်ဘုရားကြီးတို့အား ကျေးဇူးဆပ်ပါ၏၊ ပူဇော်ကန်တော့လိုက်ပါ၏ ဘုရား။

— ကျေးဇူးရှင် ဖြစ်တော်မူသော ရွှေဘိုခရိုင် (ဒီပဲရင်းတောင်လက်) တောင်ပို့သွေးသောကြီး တစ်ဆယ့်သုံးရွာ အပါအဝင် ငွေတွင်းကုန်းရွာ ကျောင်း၌ တစ်သက်ပန် သီတင်းသုံး နေထိုင်သွားတော်မူသော ကန့်ကူလက်လှည့်

ငယ်ဆရာရင်းလည်း ဖြစ်၊ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်တော်မူသော ဆရာတော်ကြီး ဦးဝိလာသကိုလည်းကောင်း။

— မုံရွာမြို့ ရွှေသိမ်တော်ကြီးကျောင်းတိုက် ဆရာတော်ဘုရားကြီး ဦးကုမာရနှင့် စာချဆရာတော် အများကိုလည်းကောင်း။

— မုံရွာမြို့ မဟာလယ်တီတိုက်ကြီးမှ မိမိအားစာပေပညာ သင်ကြား ပို့ချပေးခဲ့ကြသော ကျေးဇူးရှင် ဆရာတော်တို့အားလည်းကောင်း။

— စစ်ကိုင်းတောင်ရိုး မဟာသမယချောင်၊ အောင်ချမ်းသာကျောင်းတိုက်၌ အိုမင်းသည်အထိ သီတင်းသုံးနေထိုင်သွားတော်မူသော ပရိယတ်နှင့် ကမ္မဋ္ဌာန်းလုပ်ငန်းကို သင်ကြားနည်းပြ၍ ပေးခဲ့ဖူးသော ကျေးဇူးကြီးမား ဆရာတော်ဘုရားကြီး ဦးဉာဏိန္ဒကိုလည်းကောင်း။

— မိမိ သာမဏေဘဝ၊ ရဟန်းငယ်ဘဝ၌ အခြေခံသင်ပြပို့ချပေး၍ ရှိခဲ့ဖူးသောကျေးဇူးကို အထူး တင်ဆပ်လိုက်ပါသည်။

— ထို့ပြင် သဒ္ဒါ, ဝိနည်း, အဘိဓမ္မာ, အဘိဓာန်, ဆန်း, အလင်္ကာကျမ်း, အခြေပြုကျမ်းငယ်များနှင့် နေ့ဝါ ညဝါ ကျမ်းကြီးများနှင့် ပိဋကတ်ပါဠိတော်၊အဋ္ဌကထာ အခြေခံ ရရှိအောင် သင်ကြားပို့ချပေးတော်မူခဲ့ကြသော မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးမြောက်တိုက်၊ ဆရာတော်ကြီး ဦးလက္ခဏနှင့် ဒုတိယစာချဆရာတော် ဦးမာဃိန္ဒတို့ကိုလည်းကောင်း ကျေးဇူးဆပ်ပါ၏။

— ၎င်းပြင် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၊ ခင်မကန်တိုက်၊ စကုတိုက်၊ မေဃဝတီ တောင်သမန်တိုက်၊ ဆင်တဲတိုက်တို့မှ စာချဆရာတော်ကြီးများကို လည်းကောင်း။

— ထို့နောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ နှစ်ကြာကြာ နေထိုင်၍ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်လုံးကို ပါဠိတော်,

အဋ္ဌကထာ, ဋီကာများနှင့်တကွ၍ အဆင့်ဆင့်အားဖြင့် သင်ကြား ပို့ချ၍ ပေးတော်မူသွားကြသော ပထမ ဆရာတော်ဘုရားကြီး ဦးပညာ၊ ဒုတိယ ဆရာကော်ကြီး ဦးသုန္ဒရနှင့် တိုက်အုပ်နှင့် စာချဆရာတော်များ ဖြစ်ကြသော ဆရာတော် ဦးဂန္ဓမာ၊ ဆရာတော် ဦးနန္ဒဝံသ၊ ဆရာတော် ဦးမာဃိန္ဒ၊ ဆရာတော် ဦးနန္ဒိယ စသည်တို့ကိုလည်းကောင်း။

[ရှေးခေတ်၌ မြန်မာ ရဟန်းသံဃာတို့၏ ပြည့်စုံစွာ စာတတ်မြောက်အောင် သင်ကြားရိုးလမ်းစဉ်မှာ မုံရွာမြို့၌ အခြေခံသဒ္ဒါ တတ်အောင်သင်၊ ပန္နသေးမြို့၌ သင်္ဂြိုဟ်, ဝိနည်း, ဆန်း, အလင်္ကာ စသော အခြေခံများနှင့် ပိဋကတ်ကိုနက်နဲစွာ အခြေခံပေးသော အဋ္ဌကထာနှင့် ဋီကာကျော်စသောကျမ်းတို့ကို အနုစိပ် သင်ယူကြမြဲဖြစ်သည်။

ထိုနောက် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ကို ပေါက်မြောက်အောင် သင်ကြားပို့ချလေ့ရှိကြသော ပခုက္ကူမြို့ စာသင်တိုက်ကြီးတို့၌ ကျမ်းပေါက်အောင် သင်ယူကြရသည်၊ စာသင်သားဘဝကို နောက်ဆုံး အပြီးသတ်သဘောဖြင့် တောင်မြို့ခေါ်ကြသော အမရပူရမြို့၌ ရှိကြသော အဘိဓမ္မာညဝါကျမ်းတို့ကို ပုံမှန် ပို့ချပေးနေကြသော စာသင်တိုက်ကြီး ၃-တိုက်တို့၌ အနည်းဆုံး တစ်နှစ်ကျော် နေထိုင်၍သင်ယူကြမြဲ ဖြစ်သည်]။

— ဤအရှင်သည်လည်း အဆိုပါလမ်းစဉ်အတိုင်း လိုက်၍ စာသင်ယူခြင်း နိဂုံး အနေဖြင့် အမရပူရမြို့ကူမောင်းတိုက်၌ နေ၍ ယမိုက်, ပဋ္ဌာန်းကျမ်းကြီးတို့ကို ညဝါဆိုရိုး သင်ရိုးဖြင့် သင်ယူခဲ့သည်။ မင်္ဂလာ တိုက်ဟောင်း ဆရာတော်ကြီး ဦးဝိမလနှင့် မင်္ဂလာတိုက်သစ်၌ ဆရာတော်ကြီး နှစ်ပါးတို့ထံ၌ လည်းကောင်း၊ တူမောင်းတိုက် ဆရာတော်ကြီး ဦးနန္ဒိယထံ၌လည်းကောင်း သင်ယူခဲ့သည်၊ ထိုထို ကျေးဇူးရှင် တို့ကို လေးစားစွာ ပူဇော်ကန်တော့ပါ၏ဘုရား။

— ဒုတိယကမ္ဘာစစ်ကြီး ကာလအတွင်း ရန်ကုန်မြို့ ကမာရွတ်၌ (၆)နှစ်ကြာ နေထိုင်ခဲ့စဉ် အချိန် အားလုံး တိုင်ပင်ဖော်

တိုင်ပင်ဖက်အဖြစ် ဆုံးမသြဝါဒ နည်းနာကောင်းတို့ကို အကြောင်းအားလျော်စွာ သင်ပြပေး၍ ကျေးဇူးပြုသွားဖူးသော ရန်ကုန်မြို့ ကမာရွတ်၊ ရွာမကျောင်း ဝိနည်းငါးကျမ်း အာဂုံပြန် ဆရာတော်ဘုရားကြီး ဦးအာဒိစ္စကိုလည်းကောင်း၊ ရှိခဲ့ဖူးသော ကျေးဇူးဂုဏ်တို့ကို အထူးအောက်မေ့လျက် ဤကျမ်းစာအုပ် ပုလဲပန်းဖြင့် ကာယ-ဝစီ-မနောချီလျက် သုံးလီစေတနာ ထက်သန်စွာနှင့် ပူဇော်ကန်တော့ခြင်း ပြုပါသတည်း၊ ကျေးဇူးဆပ်ခွင့်ရ၍ အားရခြင်း ဖြစ်ရပါပြီ၊ဆက်လက်၍ ကျေးဇူးဆပ်သွားပါဦးမည်။

## ဆုတောင်း

ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။

မေ၊ ငါ၏။ ဣဒံ ပုညံ၊ ဤကျမ်းစာကို ရေးပြုရခြင်း၊မေတ္တာဖြန့်ပွားခြင်း၊ ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်၍ အန္တရာယ် ကင်းစေရခြင်း၊ ရသမျှ ပစ္စည်းကြီးငယ်ကို လှူဒါန်း ပေးကမ်းခြင်း၊ ရေတွင်းရေကန်တူး၍ ရေလှူခြင်း၊ ကျောင်းကန် ပြုပြင်ခြင်း၊ ဘုရားတည်ခြင်း၊ ရဟန္တာဓာတ်ပေါင်းစေတီများကို ပြန်လည်ပြုပြင်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ တံတားဆောက်ခြင်း၊ သစ်ပင်အများ စိုက်ပျိုးပြုခြင်း စသည့် ကုသိုလ် အားလုံးတို့၏ စေတနာသည်။ သဗ္ဗညုတဉာဏဿ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီပြည့်ရသော ပညာဓိက ဘုရားဆု၊ သဗ္ဗညုတ ဉာဏ်တော်၏ အကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤကောင်းမှုတို့ကြောင့် ယခုဘဝ ယနေ့မှ အစပြု၍ နိဗ္ဗာန်ရောက်သောဘဝ၊ နိဗ္ဗာန်ဝင်စံသောနေ့ တိုင်အောင် နတ်လူပြဟ္မာ သတ္တဝါတို့အား မိမိ၏သီလ, သမာဓိ,ပညာစွမ်း-မေတ္တာကရုဏာစွမ်းတို့ဖြင့် မိမိမှာ မပင်မပန်းရဘဲ ချမ်းမြေ့ လွယ်ကူစွာနှင့် ကောင်းကျိုးချမ်းသာကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်စွမ်းနှင့် ပြည့်စုံရပါစေသတည်း။

ယခုဘဝမှ စုတေပြီးသောအခါ တာဝတိံသာ နတ်ပြည်၌ သူတော်ကောင်း-တရား အားထုတ်နိုင်သော နတ်သားကောင်းဖြစ်၍ လူ့ဘုံလောက၌ သာသနာကွယ်ပသောအခါ အထက်အထက်နတ်ဘုံတို့၌ ဘုံစဉ် စံရပါလို၏၊ ယခုဘဝမှစ၍ဖြစ်လေရာဘဝတိုင်း၌ ဘုရားဖြစ်ကြောင်းကောင်းမြတ်သော ပါရမီကိုသာ ချမ်းမြေ့ ပျော်ပိုက်စွာနှင့် မရပ်မနား ကြိုးစားအားထုတ်၍ နေသွားနိုင်ရပါစေသတည်း။

ဤကောင်းမှုအားလုံးတို့၏ အဖိုဘာဂကို (ဘုန်းကြီးသာသနာပြု ခရီးထွက်၍) ကချင်တောင်တန်း (ဟူးကောင်းတောင်ကြား၌ ရောက်နေစဉ်) ၁၃၁၄-ခုနှစ်၊ တပို့တွဲလအတွင်း ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့တောင်လက် ငွေတွင်းကုန်းရွာ၌ အသက် ၇၀-နှစ်ရှိ ဘဝတစ်ပါးသို့ ပြောင်းသွားလေပြီးသော တစ်ဘဝ၏ ကျေးဇူးရှင်မယ်တော်ကြီး- ဒေါ်သေးတာအား အမျှ ပေးဝေပါ၏။

ဤ စာအုပ်စာမူကို ၁၃၁၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉-ရက်၊ ဗုဒ္ဓဟူးနေ့ ညဉ့် ၈-နာရီခွဲ အချိန်တွင် မြောက်ပိုင်း ချင်းတောင် ဖလမ်းမြို့ ထိုဘ်က တိုင်းမင်းကြီးဦးသိမ်းမောင်၏ ကောင်းမှုဖြစ်သော (၆နောက်ဆုံးဘုရင်ခံမှ လှူခဲ့သော မူလ သာသနာပြုကျောင်း) အောင်ချမ်းသာကျောင်းတိုက်၌ (ပထမအကြိမ် ထုတ်သောစာမူ) ကိုအောင်မြင်စွာ ရေးသား၍ ပြီးစီးခဲ့သည်။

ယခု ဒုတိယအကြိမ် ဖြည့်စွက် ပြုပြင်၍ ရေးသားသောစာမူကို ဆောင်းရာသီနှင့် နွေရာသီ ပြည်တွင်းခရီး တိုင်း ၇-တိုင်းနှင့် ပြည်နယ် ၅ နယ်သို့ ၅ လကျော် ခရီးထွက်ခဲ့ပြီးနောက် နိုင်ငံခြား ဂျပန်ပြည်နှင့် အမေရိကန်ပြည်သို့ ခရီးမထွက်သေးခင် ခေတ္တကာလ အချိန်ယူ၍ ရေးရသည်။

ယခင် ၃ နှစ်ကျော် ကာလမှ စတင်ရေးလာခဲ့ရာ ပြည်တွင်း ခရီးနှင့် ဆွစ်ဇာလန်၊ အင်္ဂလန်၊ ဂျာမဏီ စသောနိုင်ငံခြားခရီး ထွက်နေရသောကြောင့် မပြီးသေးသောစာမူကြီး ဖြစ်သည်။

ကြိုးစားက ဘုရားဖြစ်နိုင်၏ ဟူသော ဝီရိယဇွဲစိတ်ထား၍ အချိန်ကြိုးကြားယူကာ မနေမနား နည်းနည်းချင်း ရေး၍လာခဲ့ရာ ယခု ၁၃၅၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊သောကြာနေ့နံနက် ၈ နာရီအချိန်တွင်(မြောက်ပိုင်းချင်းတောင်၊ ဖလမ်းမြို့နယ်) ခန္တီနံ နယ်ခြားတောင် မိမိ အမြဲနေထိုင်လျက် ရှိသော(တောရကျောင်းတိုက်)ကျောင်း၌ ကြည်လင် ချမ်းမြေ့စွာဖြင့် ရေးသားပြုစု၍ ပြီးပါသတည်း။

နတ် လူ သတ္တဝါ အားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဆရာတော်ကြီး ဦးဥတ္တမသာရ
နယ်ခြားတောင်

# ပြင်ဆင်ဖတ်ပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄ | ၁၀/၁၁ | ဝါးပင်ကြူးတို့တ | ဝါးပင်ကြီးတို့က |
| ၅ | ၁၄ | ခိုဂကြ | ခိုဝင်ကြ |
| ၅ | ၂၁ | လုလှငလင် | လုလင် |
| ၆ | ၁၈ | မျှဟ | မျှတ |
| ၆ | ၂၁ | အဘိညာဉ်ရသေ. | အဘိညာဉ်ရရသေ. |
| ၇ | ၃ | ကိုတ်တိုင် | ကိုယ်တိုင် |
| ၇ | ၆ | သိတင်း | သီတင်း |
| ၇ | ၂၁ | အသိညဏ် | အသိဉာဏ် |
| ၈ | ၂၁ | ပုဂ်ုလ် | ပုဂ္ဂိုလ် |
| ၉ | ၄ | လည်းတောင်း | လည်းကောင်း |
| ၉ | ၁၁ | သတ္တဂါ | သတ္တဝါ |
| ၁၀ | ၁၇ | ကြားသပတေး | ကြာသပတေး |
| ၁၄ | ၁၆ | စီဝရေနှ၊ | စီဝရေနှ၊ |
| ၁၆ | ၆ | သင်္ကန်းပြင့် | သင်္ကန်းဖြင့် |
| ၂၀ | ၁၈ | စရိတိ | စရတိ |
| ၂၀ | ၂၄ | စားကား- | စားကာ |
| ၂၇ | ၁၁ | ကောထွက် | တောထွက် |
| ၂၉ | ၂၆ | သိမ်ထား | သိမ်းထား |
| ၃၄ | ၆ | နိဂမာဝါသီ | နိဂမဝါသီ |
| ၄၃ | ၁၂/၁၃ | မရှိကြထော့ | မရှိကြတော့ |
| ၄၃ | ၂၁ | ရွှေတိုင် | ရွှေတွင် |
| ၅၀ | ၂၂ | လျှောက်ပတ် | လျှောက်ပတ် |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅၁ | ၁၅ | ဆရာကြီး အမြေ | ဆရာကြီးကမြေ |
| ၅၂ | ၈ | ဩ်.... | ဪ.... |
| ၅၇ | ၂၈ | ဖြစ်စေ | ဖြစ်စေ |
| ၆၁ | ၈ | တို၍ | တို့၌ |
| ၆၄ | ၂၂ | ပြုလုပ် | ပြုလုပ် |
| ၆၆ | ၁၈ | မကြာကြာ | မကြာမကြာ |
| ၆၉ | ၅ | နောင်သဝ | နောင်ဘဝ |
| ၇၀ | ၁ | ပညဒပေး | ပညာပေး |
| ၇၃ | ၂၅ | ဘာဝပါရမီ | ဘာဝနာပါရမီ |
| ၇၄ | ၅ | တိကြောင့်။ | ထို့ကြောင့်။ |
| ၇၆ | ၁၈ | ရှိသည် | ရှိသည်၊ |
| ၇၉ | ၃ | ဘူးခါးသိ | ဘူးခါးသီး |
| ၈၁ | ၁၈ | အရယတ္တ | အရဟတ္တ |
| ၈၂ | ၁၉ | ဒိဗ္ဗစက္ခု | ဒိဗ္ဗစက္ခု |
| ၉၀ | ၁၀/၁၁ | သိမြင်လာပသော | သိမြင်လာသော |
| ၉၅ | ၁၅ | စရေယျ- စရေယျ၊ | စရေ- စရေယျ၊ |
| ၉၅ | ၁၈ | ပစ္စုပ္ပန္နေ၊ | စ္စုပ္ပန္နေ၊ |
| ၉၅ | ၂၇ | အစိတဿ နုသောစနာ၊ | အတီတဿ နုံသောစနာ၊ |
| ၉၉ | ၉ | တွန်းလှစ် | တွန်းလှန် |
| ၁၀၀ | ၂၉ | ယထာကမ္မုပဂတိ | ယထာကမ္မုပဂ |
| ၁၀၂ | ၄ | နေ့ကြသော် | နေကြသော |
| ၁၀၉ | ၁ | ကျုပ်းဂန် | ကျမ်းဂန် |
| ၁၀၉ | ၆ | ကြည်ညိုပွယ် | ကြည်ညိုဖွယ် |
| ၁၀၉ | ၂၉ | ပရိယတ္တိ | ပဋိပတ္တိ |
| ၁၁၁ | ၇ | ကင်္ခါရဝိတရဏီ | ကင်္ခါဝိတရဏီ |
| ၁၁၄ | ၄ | မမီဘဲ | မမှီဘဲ |

# ပြင်ဆင်ဖတ်ပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၁၄ | ၁၃ | သာသနာ့ | သာသနံ |
| ၁၁၆ | ၁၄ | ပြုလုပ်မြဲသာ ဟတ္ထိက | ပြုလုပ်မြဲ သာဟတ္ထိက |
| ၁၁၉ | ၂၀ | ဒေဝ၏ရွာ | ဒေဝရွာ |
| ၁၂၃ | ၃ | လည်းကောင်း | ၄င်း |
| ၁၄၅ | ၂၄ | တစ်ယောက်သည်၊ | တစ်ယောက်သည် |
| ၁၅၀ | ၇ | စကးး | စကား |
| ၁ ၁ | ၉ | ဦးရာဇိန္ဒာ | ဦးရာဇိန္ဒ |
| ၁၅၂ | ၂၈ | ကြိုတင်မှုချ | ကြိုတင် မှုချ |
| ၁၅၄ | ၂၄ | အပယ် | အပါယ် |
| ၁၆၀ | ၁၂ | အဒိန္နာ | အဒိန္နာ |
| ၀၆၉ | ၂၇ | သာမဏ | သမဏ |
| ၁၆၉ | ၂၈ | အဋ္ဌသာလိနိ | အဋ္ဌသာလိနီ |
| ၁၇၁ | ၄ | အိုးကဲသို | အိုးကဲ့သို့ |
| ၁၇၃ | ၂၄ | အဆောက်ဦမင့် | ဆောက်ဦမင့် |
| ၁၇၇ | ၂၆ | လေစား | လေးစား |
| ၁၇၈ | ၅ | မတ္တာည॥ | မတ္တာည॥၊ |
| ၁၇၈ | ၁၀ | နာနုသောသန္တာ၊ | နာနုသာစန္တော၊ |
| ၁၇၈ | ၁၈ | အတိ ဘဿာနု | အတီတဿာနု |
| ၁၇၈ | ၂၇ | နဋ္ဌာ | နဋ္ဌော |
| ၁၇၉ | ၂၂ | အထုယူ | အတုယူ |
| ၁၈၅ | ၂၇ | ကြိုးစားကြဖို | ကြိုးစားကြဖို့ |
| ၁၉၂ | ၁၇ | သတ္တမပိုင်း ပြီး၏။ | နဝမပိုင်း ပြီး၏။ |
| ၂၀၁ | ၂၄ | အဇိတက္ကတွန်း | အဇိတ တက္ကတွန်း |

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ရ

တောင်တန်းသာသနာပြု

ဆရာတော်ကြီး

## ဦးဥတ္တမသာရ ၏ စာအုပ်ကောင်းများ•••

- မေတ္တာစွမ်းအားလက်တွေ့အကျိုးများ၊
- ပရိတ်မေတ္တာတန်ခိုးထက်စေသောနည်း၊
- သံသရာဝဋ်ကိုလွတ်အောင်ရုန်းကြစို့ရဲ့၊
- ဘဝအောင်မြင်ရေးလမ်းညွှန်ဒေသနာ၊
- ဗုဒ္ဓဓမ္မလောကတရားပဒေသာ၊
- ရဟန်းဘဝချမ်းသာ [ပထမတွဲ၊ ဒုတိယတွဲ]၊

ယခင်က ထုတ်ဝေခဲ့ဖူးသော စာအုပ်အဟောင်းကို ပယ်ဖျက်၍
အသစ်တစ်ဖန် ပြန်လည်ရေးသားထားသော စာအုပ်ကောင်းကြီးဖြစ်ပါသည်။

◆ ရွှေလဝင်းစာပေ-၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်။ ဖုန်း•၉၁၂၁၃

## စိန်တောင်

# အစာကြေကွမ်းရွက်ဆေးလျက်ဆားလုံး

- ကွမ်းရွက်အပါအဝင် အဖိုးတန်ဆေးဖက်များဖြင့် ဖော်စပ်ထားပါ၍ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေထိုးလေအောင့်၊ ကျောအောင့် ရင်ပတ်အောင့်၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ ပျို့အန်ခြင်းနှင့် မစားချင်၊ မသောက်ချင်၊ အသံဝင်၊ ချောင်းဆိုး၊ သလိပ်ကပ် ဖြစ်ခြင်းတို့ကို လက်တွေ့ပျောက်ကင်းစေပါသည်။

စိန်တောင်ဆေးတိုက်၊ ၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်။ ဖုန်း▸ ၉၁၂၁၃